# ဝိပဿနုဋ္ဌပကာသနီကျမ်း

မန္တလေးမြို့-စစ်ကိုင်း မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၊
မန္တလေးမြို့-ပဌမစာချ-တံဆိပ်တော်ရ၊ဦးပညာ ဆရာတော်
ဘုရားကြီး၊ရွှေဘိုမြို့-ရဇင် ဆရာတော်ဘုရားကြီး၊ရွှေမော်
ဓောဘုရားကြီး၏အနီး ဆံတော်တွင်းကျောင်းတိုက်၌၊
သီတင်းသုံးတော်မူသော၊၎င်းထိုဆရာတော်ဘုရား
ကြီး၊ကျိုက္ကစံဆရာတော်ဘုရားကြီး၊မြို့လှ-ယော
ဂီကမ္မဋ္ဌာန်းဆရာကြီးတို့၏၊အန္တေဝါသိက
ဖြစ်ပေသော၊ဒိုက်ဦးမြို့နေ၊

# ယောဂီပုဂ္ဂိုလ်ကြီး၊

# ဆရာလှဲ့

သည်၊ပါဠိအဋ္ဌကထာဋီကာတို့နှင့်၊ တသားတည်းညီမျှစေလျက်၊

## သတိပဋ္ဌာနနယ၊

သုဒ္ဓဝိပဿနာ၊ယာဂ်နည်းအစုံ၊နှစ်ပါးကာနန်ဖေသါနည်းအရဖြင့်၊အသင်
တမှန်။ပြည့်နိဗ္ဗာန်ကို၊အလျင်အမြန်-အပြီးတိုင်ရောက်၊မျက်မှောက်
ပြုကြနိုင်ရန်၊အားထုတ်နည်းနှင့်တကွ စီစီရေးသားအပ်သော၊

# ဝိပဿနုဋ္ဌပကာသနီကျမ်း။

၁၂၈၈-ခု တပို့တွဲလအတွင်း။စက်တင်ပုံနှိပ်၍-ဦးစီးအောင်
မြင်ပါသည်။ စာအုပ်ရေ-၅၀၀၊

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။

ကြည့်ကြပ်ပြင်ဆင်သူ၊
မူပိုင်ရှင်၊ ဦးစိန်ဘိုး။
ဒိုက်ဦးမြို့၊သုဓမ္မစာရီစာပုံနှိပ်တိုက်၊ဆိုင်ရှင် ဆရာလှဲ ။
Rs 2-8, Per copy. ရိုက်ခွင့်မူပိုင်ပြုလုပ်ပြီး။ အဘိုး-၂-၈၊

# (သတိပြုတော်မူကြရန်။)

နိမိတ်ရှိအလိုရှိရာ။စာအမျိုးမျိုးတို့ကို။အလွယ်တကူသိစေခြင်းအကျိုးငှာ။ကဏ္ဍအခန်း-ဂဏန်းစဉ်နှင့်၊ မျက်နှာနံပါတ်။ အရပ်ရပ်တို့ကို၊ တိုက်ဆိုင်ရာဘတ်ကြည့်ပါက။ အမြန်သိတို့ရာ။ အောက်၌-မာတိကာ ထည့်လိုက်ပါသည်။ ။

ရင်းပြင်-ဘတ်ကြည့်သောအခါ။အက္ခရာစာလုံးများမှာ။ အမှားပါသောကြောင့်၊အမှန်ကိုရစေရန်၊ထပ်မံ၍။အမှား-အသုံး၌၊ စိကုန်းကာရေးထားပါကြောင်း၊ ။

[က] မာတိကာစဉ်။


| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| | ကမ္ဘဋ္ဌာန်းဆရာ၏အဋ္ဌုပ္ပတ္တိ။ | |
| | နိဒါန်း။ | |
| | ပဏာမအဘိယာစကကိုပြခြင်း၊ | |
| ၁ | ရတနာသုံးပါးကိုရှိခိုးသောကဏ္ဍနှင့်တရားအချီး။ | ၆ |
| ၂ | မြတ်စွာဘုရားက။ အာသီသထားသော။ တရားတော်ကို၊ပြဆိုသောကဏ္ဍ၊ ...... ...... ...... | ၇ |
| ၃ | ဗုဒ္ဓေါဝါဒသာသနအခြေကို။ ဟောပြသောကဏ္ဍ။ | ၈ |
| ၄ | ယခုဘဝမှာ- သောတာပတ္တိမဂ် ရကြောင်းအင်္ဂါနှင့်။ ပေါင်း၍ပြခြင်းကဏ္ဍ၊ ...... ...... ...... | ၁၀ |
| ၅ | မြတ်စွာဘုရားက။ဟောပြရုံသာ-ဟောပြသောကဏ္ဍ။ | ၁၂ |
| ၆ | ဗလိဗောဓကြီးဆယ်ပါးကို၊ ထင်ရှားအောင် ပြခြင်းကဏ္ဍ၊ ...... ...... ...... ...... | ၁၃ |
| ၇ | ဗလိဗောဓငယ်ငါးပါး။ထင်ရှားအောင်ပြခြင်းကဏ္ဍ၊ | ၁၆ |
| ၈ | ၁၈-ရပ်။အပြစ်နှင့်စပ်သောကျောင်းကိုပြခြင်းကဏ္ဍ။ | ၁၇ |
| ၉ | အသပ္ပါယ ၇ပါးကို။အဓိပ္ပါယ်သွားနှင့်။ထင်ရှားအောင်ပြခြင်းကဏ္ဍ။ ...... ...... ...... | ၁၈ |
| ၁၀ | သပ္ပါယ-၇။ပါးကို။ဂါထာနှင့်ထင်ရှားစွာပြခြင်းကဏ္ဍ။ | ၂၀ |
| ၁၁ | ကထာဝတ္ထု။ဆယ်ခု။ရ၍ပြသောကဏ္ဍ။ ...... | ၂၂ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
| --- | --- | --- |
| ၁၂ | ကျောင်းဘင်္ဂါ-၅-ပါး။ ထင်ရှားအောင်ပြခြင်းကဏ္ဍ။ | ၂၃ |
| ၁၃ | ကမ္မဋ္ဌာန်းတောင်းနည်းအချက်ကို။အမြွက်မျှပြဆိုသော ကဏ္ဍ။ ........ ........ ........ ........ | ၂၅ |
| ၁၄ | သတိပညာအရုံ။ရှုမှတ်ပုံကိုပြခြင်းကဏ္ဍ။ ........ | ၂၈ |
| ၁၅ | ဥဘတ်လေးပါးအရကို။ပြဆိုသောကဏ္ဍ။ ........ | ၃၃ |
| ၁၆ | အာနာပါန။ရှုနည်းနယကို။ပြဆိုသောကဏ္ဍ။ ........ | ၃၅ |
| ၁၇ | ဥဒါန်းဗါဟိယသုတ်တော်ကို။ ထုတ်ဆောင်၍ပြသော ကဏ္ဍ။ ........ ........ ........ ........ | ၃၉ |
| ၁၈ | သတိပဋ္ဌာန်အခါ။ဆုရိယာပထပဗ္ဗကို။ရှုမှတ်နည်းနှင့်တ ကွပြဆိုသောကဏ္ဍ။ ........ ........ ........ | ၄၁ |
| ၁၉ | ဝေဒနာနုပဿနာရှုမှတ်ပုံကို။ နည်းရုံအောင်ပြခြင်း ကဏ္ဍ။ ........ ........ ........ ........ | ၄၅ |
| ၂၀ | စိတ္တာနုပဿနာသတိပဋ္ဌာန်ရှုမှတ်ပုံကို။ နည်းရုံအောင် ပြခြင်းကဏ္ဍ။ ........ ........ ........ | ၄၆ |
| ၂၁ | ဓမ္မာနုပဿနာသတိပဋ္ဌာန်။ ရှုမှတ်ပုံကို။နည်းရုံအောင် ပြခြင်းကဏ္ဍ။ ........ ........ ........ | ၅၈ |
| ၂၂ | ပါဠိမပါသက်သက်။ရှုမှတ်ပုံအချက်တို့ကို။ အဓိပ္ပါယ် နက်နက်နှင့်ပြခြင်းကဏ္ဍ။ ........ ........ | ၅၀ |
| ၂၃ | ရှုမှတ်နည်းအရာကို။မျောက်ဥပမာနှင့်ပြသောကဏ္ဍ။ | ၅၄ |
| ၂၄ | အတိတ်ကိုမလိုက်၊ အနာဂတ်ကိုမလို။ ပစ္စုပ္ပန်အခိုက် ကိုသာ၊လိုက်၍ရှုမှတ်ရသောကဏ္ဍ။ ........ | ၅၈ |
| ၂၅ | ရုပ်ကိုအဘန်ဘန်မြင်က။နာမ်ထင်သောကဏ္ဍ။ | ၅၉ |
| ၂၆ | ရုပ်နာမ်နှစ်ဖြာအခိုက်ကို။မှန်ပွတ်တိုက်သောဥပမါနှင့် ပြခြင်းကဏ္ဍ။ ........ ........ ........ | ၆၀ |
| ၂၇ | ရုပ်တရားကို၊သုံးပါးသောအချင်းအရာနှင့်တကွ။ ထင် လင်းစွာပြသောကဏ္ဍ။ ........ ........ | ၆၁ |
| ၂၈ | နာမ်တရားကို။ သုံးပါးသော အချင်းအရာနှင့် တကွ။ ထင်လင်းစွာပြခြင်းကဏ္ဍ။ ........ ........ | ၆၂ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၂၉ | ရုပ်မှတပါးနာမ်တရားအရင်းစတင်၍အားထုတ်မှုကို မပြုလုပ်အပ်သောကဏ္ဍ။ ........ ........ | ၆၃ |
| ၃၀ | နာမ်ကိုသာထင်အောင်အားထုတ်က။ကမ္မဋ္ဌာန်းလျော ကျသောကဏ္ဍ။ ........ ........ ........ | ၆၄ |
| ၃၁ | ရုပ်တရားကို။ သိမ်းဆည်းဘန်များက၊ ကမ္မဋ္ဌာန်းကြီး ပွါးရသောကဏ္ဍ။ ........ ........ | ၆၄ |
| ၃၂ | ရုပ်သက်သက်တံခိုးမရှိခြင်းကို၊ ထင်လင်းစွာဆိုသော ကဏ္ဍ။ ........ ........ ........ ........ | ၆၅ |
| ၃၃ | နာမ်သက်သက်တံခိုးမရှိခြင်းကို။ထင်လင်းစွာဆိုသော ကဏ္ဍ၊ ........ ........ ........ ........ | ၆၆ |
| ၃၄ | ရုပ်နာမ်နှစ်ပါး၊ပေါင်းဆုံမိမှ၊တံခိုးရှိကြပုံကို။ပြဆိုသော ကဏ္ဍ။ ........ ........ ........ | ၆၆ |
| ၃၅ | ရုပ်နာမ်တို့၏ကြပုံကို၊သိသာရုံပြခြင်း။ ........ | ၆၇ |
| ၃၆ | ယထာဘူတအရကို။ထုတ်ပြဆိုသောကဏ္ဍ၊ ........ | ၆၇ |
| ၃၇ | ငကာန်းနှင့်ငဆွံ့တို့အား။ဥပမာထား၍။ပြသောကဏ္ဍ။ | ၆၈ |
| ၃၈ | နာမရူပအဆုံးကို။ပြဆိုသောနိဂုံးကဏ္ဍ။ ........ | ၇၁ |
| ၃၉ | ပစ္စယပရိဂ္ဂဟဉာဏ်အရ၊ ထင်ရှားစွာပြသောကဏ္ဍ၊ | ၇၂ |
| ၄၀ | ရှေးအတိတ်အကြောင်း။ ၅-ပါးကိုထင်ရှားအောင်ပြ ခြင်းကဏ္ဍ။ ........ ........ ........ | ၇၃ |
| ၄၁ | ပစ္စုပ္ပန်အကျိုး။ ၅-ပါးကိုထင်ရှားအောင်တမျိုးပြခြင်း၊ ကဏ္ဍ။ ........ ........ ........ ........ | ၇၄ |
| ၄၂ | ပစ္စုပ္ပန်အကြောင်း၊ ၅-ပါးကို။ထင်ရှားအောင်ပြခြင်း။ ကဏ္ဍ။ ........ ........ ........ ........ | ၇၅ |
| ၄၃ | ၁၆-ပါးသောယုံမှားခြင်းကို။ ထင်လင်းအောင်ပြခြင်း။ ကဏ္ဍ ........ ........ ........ ........ | ၇၆ |
| ၄၄ | ပစ္စုပ္ပန် အဓိပ္ပါယ်သွားကို။ ထင်ရှားအောင်ပြခြင်း၊ ကဏ္ဍ၊ ........ ........ ........ ........ | ၇၉ |

| ဦးရေ၊ | အကြောင်းအရာ၊ | မျက်နှာနံပါတ်၊ |
| --- | --- | --- |
| ၄၅ | ရှစ်ပါးသော ယုံမှားခြင်းကို၊ ထင်လင်းအောင်ပြခြင်းကဏ္ဍ၊ ....... ....... -- | ၇၉ |
| ၄၆ | ရူလသောတာပန်ဖြစ်ရာကို။အင္ဂကထာနှင့်၊ပြဆိုသောကဏ္ဍ။ ....... ....... ....... | ၈၄ |
| ၄၇ | ပရိညာသုံးပါး။ထင်ရှားစွာပြခြင်းကဏ္ဍ။ ....... | ၈၈ |
| ၄၈ | သမ္မသနဉာဏ်အရကို။ သုံးသပ်နည်းနှင့်၊ ပြဆိုခြင်းကဏ္ဍ။ ....... ....... ....... ....... | ၉၂ |
| ၄၉ | ခန္ဓာ-၅ပါး၊သုံးသပ်ပုံအသားကို၊ထင်ရှားအောင်ပြခြင်းကဏ္ဍ၊ ....... ....... ....... ....... | ၉၂ |
| ၅၀ | နွါရအကြည်-၆ ပါး၊သုံးသပ်ပုံများကို၊ထင်ရှားအောင်ပြခြင်းကဏ္ဍ၊ ....... ....... ....... | ၉၅ |
| ၅၁ | အာရုံ-၆ ပါး။သုံးသပ်ပုံများကို၊ ထင်ရှားအောင်ပြခြင်းကဏ္ဍ၊ ....... ....... ....... ....... | ၉၇ |
| ၅၂ | ဝိညဉ်-၆ ပါး။သုံးသပ်ပုံများကို၊ထင်ရှားအောင်ပြခြင်းကဏ္ဍ။ | ၉၉ |
| ၅၃ | ဖဿ-၆ ပါး။သုံးသပ်ပုံများကို၊ထင်ရှားအောင်ပြခြင်းကဏ္ဍ။ ....... ....... ....... ....... | ၁၀၁ |
| ၅၄ | ဝေဒနာ-၆ ပါး၊ သုံးသပ်ပုံများကို၊ ထင်ရှားအောင်ပြခြင်းကဏ္ဍ။ ....... ....... ....... | ၁၀၄ |
| ၅၅ | ၆-ပါးသောခဏတို့၌၊ အချင်းအရာ-၅ ပါး၊ ထင်ရှားအောင်ပြခြင်း ကဏ္ဍ၊ ....... ....... ....... | ၁၀၇ |
| ၅၆ | ကောဋ္ဌာသအပြားကို။ပိုင်းခြား၍ပြခြင်းကဏ္ဍ၊ | ၁၁၀ |
| ၅၇ | သက္ကာယာသုံးပါးသဘာဝကို။ကျနအောင်ပြခြင်းကဏ္ဍ၊ | ၁၁၃ |
| ၅၈ | ဖြစ်ရာဌာနဥ္စရုပ်များသည်၊တပါးသောဌာနသို့၊မသွားခြင်းကို။ထင်လင်းစွာပြခြင်းကဏ္ဍ။ ....... ....... | ၁၁၄ |
| ၅၉ | ဥဒယဗ္ဗယဉာဏ်အရကို၊ရှုမှတ်နည်းနှင့်ပြခြင်းကဏ္ဍ၊ | ၁၁၆ |
| ၆၀ | အတ္တရေယ်ဆယ်ပါးကို၊ချားနားအောင်ပြခြင်းကဏ္ဍ၊ | ၁၂၅ |
| ၆၁ | ဘင်ဉာဏ်၏အရကို။ရှုမှတ်နည်းနှင့်ပြခြင်းကဏ္ဍ။ | ၁၃၀ |

| ဦးရေ၊ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၆၂ | ဘင်္ဂဉာဏ်၌။ပယ်သောအချင်းအရာ-၇-ပါးကို၊ ခြားနားအောင်ပြခြင်းကထာ။ ....... ....... | ၃၁၃ |
| ၆၃ | ဘယဉာဏ်နှင့်အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်အရကို၊ ကျနအောင်ပြခြင်းကထာ၊ ....... | ၁၃၅ |
| ၆၄ | မုဉ္စိတုကမျတာဉါဏ်။ ပဋိသင်္ခါဉာဏ်နှင့်။ သင်္ခါရုပေက္ခါဉါဏ်၃ပါးတို့အရကို၊ထင်ရှားစွာပြခြင်းယထ္ထာ၊ | ၁၄၈ |
| ၆၅ | ဝိမောက္ခ-၃ ပါး၊ထင်ရှားအောင်ပြခြင်းကထာ။ | ၁၅၈ |
| ၆၆ | သုက္ခဝိပဿကပုဂ္ဂိုလ်သည်။ ဈာန်ကင်း၍မဂ်မရခြင်းကို။ပြသောကထာ။ ....... ....... ....... | ၁၆၄ |
| ၆၇ | ပဋိပဒါလေးပါးကို။ထင်ရှားစွာဆိုသောကထာ။ | ၁၆၆ |
| ၆၈ | အနုလောမဉာဏ်အရာကို။ဥပမာနှင့်ပြခြင်းကထာ။ | ၁၇၀ |
| ၆၉ | ဂေါတြဘုဉာဏ်အရာကို။ဥပမာနှင့်ပြခြင်းကထာ၊ | ၁၇၅ |
| ၇၀ | မဂ်ဉာဏ်အရာကို။ဥပမာနှင့်ပြခြင်းကထာ၊ ....... | ၁၇၉ |
| ၇၁ | မဂ်အဝင်ကို၊ထင်မြင်အောင်ပြခြင်းကထာ၊ | ၁၈၁ |
| ၇၂ | ပစ္စဝေက္ခဏာဉာဏ်အရကို။တဘန်ပြခြင်းကထာ။ | ၁၈၅ |
| ၇၃ | ဥဒယဗ္ဗယဉာဏ်သို့ပြန်၍ဖြစ်ပြီးမှ၊ ဒုတိယမဂ်ဉာဏ်ကို။ထပ်မံ၍ပြခြင်းကထာ။ ....... | ၁၈၈ |
| ၇၄ | တတိယမဂ်ဉာဏ်အရကို။ထပ်မံ၍ပြခြင်းကထာ။ | ၁၉၁ |
| ၇၅ | စတုတ္ထမဂ်ဉာဏ်အရကို၊ထပ်မံ၍ပြခြင်းကထာ၊ | ၁၉၃ |
| ၇၆ | ဈာန်ကင်း၍အပ၊မဂ်ဖိုလ်ဇောမကျခြင်းကို။ ထင်လင်းအောင်ပြခြင်းကထာ။ ....... | ၁၉၇ |
| ၇၇ | မဂ်ဖိုလ်နိဗ္ဗာန်ရသောပုဂ္ဂိုလ်နှင့်။မရသောပုဂ္ဂိုလ်ကို၊ ပြဆိုသောကထာ။ ....... ....... ....... | ၁၉၉ |

ဗုံ။ ဓံ။ သံ။ နမာမိ။

## နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

## ကမ္ဗဈာန်းဆရာ၏အတ္ထုပ္ပတ္တိကား။

၁၂၃၃ခုနှစ်။ဝါခေါင်လဆန်း- ၃ရက်- နံက်တချက်တီးအချိန်။ ကြာသပတေးနေ့တွင်။ သာရာဝတီဒိစတြိတ်။ ကြို့ပင်ကောက်မြို့အပိုင်။ ကြို့ကုန်းရွာ၌မျက်နှာသန့်စင်ဘွားမြင်သည့်နေ့ကစ၍၊လကားကြာမြင့်နှစ်ချင့်ရွေးကောက်။တဆဲ့လေးနှစ်အရွယ်သို့ရောက်သောအခါ။ လက်မှုပညာအဖြာဖြာကို၊ခြာခြာပတ်ခေါက်၊ တတ်မြောက်ပြီးခါ။ အဘိဓမ္မာဋီကာမက၊ အဉ္ဇကထာ၊ သဒ္ဒါတဝ။ နည်းအရဖြင့်၊ဝါကျကာရန်။ ဈာန်ကရိုဏ်းပုဒ်မန္တလေးဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး။ ကျေးဇူးရှင်ဦးပညာထံ၌။ အားထုတ်ခါသင်ကြားပြီးလျှင်။ရွှေဘိုမြို့ဆရာတော်ဘုရားကြီး။ဦးဓမ္မစာရီထံ၌တဘန်သင်ကြားပြီးမှ။အတ္တဟိတ။ပရဟိတဟုဆိုအပ်သော။ ။

ဘောဇ္ဇော။ ဝဇ္ဇောမေဝဇ္ဇော၊ မနုသိကတွာရောဂါနံ။ ပဝတ္တိဇာနေတွာဘောသဇ္ဇံဒေထ၊ ဟု။ကျမ်းဂန်လာစကားအရကို၊ နာလိုမှတ်သားဉာဏ်သွားထွင်းဖေါက်၊ တောင်သာဆရာကြီးဦးမှံ့ထံသို့ ရောက်လေသတည်း။ ရောက်ပြီးသောအခါ၊ ပညာသိပ္ပံခနံနာမဟောတိ၊ အသိပညာတည်းဟူသောအတတ်သည်၊ ဉစ္စာမည့်ကြောင်းကို၊ကျမ်းအပေါင်းတို့ကဆိုသည်နှင့်အညီ။နည်းမှီနိသျ။ ကျနသေချာ။ဓါတ်နေဓါတ်သွား၊ ထင်ရှားမြင်တို့၊ ပညာ၏ရင်နို့ကို၊စို့ပြီးသောကာလ။ ဈာနသို့ပြန်ရောက်လေသတည်း။ထို့နောက်တဘန်၊ဂန္ထန္တရ၊ မှုမှုမွှေနှောက်၊ အာဂုမ်ပေါက်သည့်။ သုံးဆယ်မြို့ဆရာကြီး- ဦးပန်းသာ ထံသို့။ ရောက်ပြန်သောအခါ။ အဘိဓမ္မာလမ်းကြောင်း။ ရုပ်အပေါင်းတို့နှင့် တကွ။ ပိဏ္ဍာဗဒ္ဓ နည်းအဝယဝဋ္ဋနည်းအမျိုးမျိုးတို့မှစ၍။ တိုးပွါးအောင်သင်ကြားပြီးနောက်။ ထက်အောက်ကြေငြာ၊သိလိမ္မာသော၊ အဘိဓမ္မာကျမ်းပြုဆရာကြီးဦးအိုးမင်း၏၊ဉာဏ်စွမ်းသတ္တိ။ဗျတ္တိဂုဏ်ရှိန်၊ ထိန်ထိန်ထွန်းတောက်၊ ကျမ်းတကာမွှေနှောက်၍။ ကောက်ယူပြီးမှ၊ ထုတ်ပြတော်မူပေသောကြောင့်၊ စိတ်မနှောင့်ဝိဝါဒ၊ကင်းစင်ပလျှက်၊ဟဒယနှလုံး။ယူကျုံးမိုက်ထား၊မှတ်သားပြီး

ခါ၊ ကျွန်ုပ်မှာမူ (ဆရာလဲ့) ဟု၊ ထင်ရှားထမြောက်၊ အသက် (၃၄) နှစ်ကရပြီး သည့်နောက်၊ အသက် (၅၀) သို့ရောက်လေသတည်း။ ရောက်သည့်နှစ်မှာ၊ ပညာလိုလားသည့်၊ ဆရာပေါင်းများစွာတို့က၊ မှတ်သားလိုကြောင်းနှင့်၊ တောင်းပန်အပ်သည်ဖြစ်၍၊ မြန်မာနွယ်ရိုးအမျိုးစဉ်လာ၊ ဝံသာနုရက္ခိ၊ သိရှိတော်မူကြစေခြင်းအကျိုးငှာရင်း၊ လောကုတ်-လောကီ၊ နှစ်လီဖြောင့်တန်း နိဗ္ဗာန်လမ်းသို့၊ စခန်းအရောက်၊ အထောက်အပံ့ရလိုခြင်းအကျိုးငှာ၊ မဟာဘူဘရုပ်၊ သရုပ်အသွား၊ ကလာပ်အားဖြင့်၊ ပိုင်းခြားထင်ထင်၊ ကွင်းကွင်းမြင်သိ၊ ဓာတ်၏ခြင်းရာ၊ လက္ခဏာအမှန်၊ ပင်္ဂသန်အားလုံး၊ ကုထုံးမလပ်၊ မှီးယပ်သူငယ်နာ၊ အနာရောဂါဆေးဖော်ပုံနှင့်မလွဲစေဘဲ၊ ဓာတုစက္ခုသင်္ဂဟာ ကုထုံးကျမ်းပဌမတွဲကိုရေးထုတ်ရလေသတည်း။

၎င်းကျမ်းကို၊ ထုတ်ပြီးသည့်နှစ်၊ ဒုတိယတွဲတဘန်ဖြစ်ဘို့၊ အမြို့မြို့ အရွာရွာ၊ ညာဘကာအပေါင်း၊ ဆရာကောင်း-ဆရာမွန်၊ ဉာဏ်ချွန်အုံ့ လောက်၊ တတ်မြောက်နည်းနာသိရှိကြပါသောဆရာအများတို့က၊ နောက် ထပ်တဘန်တောင်းပန်ပြန်သည်ဖြစ်၍၊ လက်တွေ့-ငါတွေ့-ကိုယ်တိုင်တွေ့ ဟုဆိုအပ်သော၊ မှတ်ထုံး၊ ကုထုံးဆေးသုံးမလပ်၊ အရပ်ရပ်သောနည်းနာ၊ နက္ခတ်ပါဥတု၊ ယှဉ်မှုအလို၊ ဂြိုဟ်ရာသီသွား၊ သွားအင်္ဂါငါးဖြာပေါင်းရ၊ သူနာမှုမှာ၊ ငါးခုအင်္ဂါ-ယာမကာအဖျော်၊ ဖော်သည်နည်းမျိုး၊ အားကိုးအား ထားလောက်သော ဒုတိယတွဲကို၊ ရေးထုတ်ရပြန်လေသတည်း။

ထို့နောက်တဘန်၊ စစ်ကိုင်းမြို့၊ မင်းကွန်းဂူကလေးချောင်၊ ဇေတဝန် ကျောင်းဖူးရှင်ဆရာတော်ဘုရားကြီးအထံသို့ရောက်သောအခါ၊ လေးဖြာအ ပါယ်၊ မတွယ်မကပ်၊ ကင်းပြတ်ရာအမှန်၊ ပြည်နိဗ္ဗာန်၌၊ တရားဆေးတော် ကြီးကိုတိုက်ကျွေးပြီးနောက်၊ သထုံဆရာတော်၊ ကျိုက္ကစံဆရာတော်ကြီး တို့၏အဆုံးအမနာခံမှတ်သားရပြီးမှ၊ မြို့လှ-ကမ္ဘဋ္ဌာန်းဆရာကြီး၊ ဦးစံဒွန်း ထံသို့ရောက်ပြန်သောအခါ၊ ကိလေသာဝေးအမြိုက်ဆေးကို၊ တိုက်ကျွေး တော်မူသည်မှဲ့စ၍၊ ဓမ္မကထိကယောဂီပုဂ္ဂိုလ်ကြီး (ဆရာလဲ့) သည်၊ ယခု တဘန်အများတောင်းပန်ကြ၍၊ မြတ်စွာဘုရားဟောပြောပြသဆုံးမတော် မူသည့်အတိုင်း၊ မဆိုင်းမဆုတ်သရုပ်အလာ၊ (မဟာသတိပဋ္ဌာန်) ဒေသနာ သဘောအရကို၊ တလောကလုံးသိရှိကြစေခြင်းငှာ၊ ဤကျမ်းကြီးကိုကြည့် ရှုမှတ်သား၊ အားထုတ်ကြသော၊ ပုဂ္ဂိုလ်များတို့သည်၊ သုတမယဉာဏ်၊ စိန္တာမယဉာဏ်၏နောက်၊ ဘာဝနာမယဉာဏ်သို့၊ အဆင့်ဆင့်၊ ရောက်ကြပြီးလျှင်၊ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး၊ ထင်ထင်၊ ရှားရှားမြင်

လာငြားအံ့။ ယထာဘူတဉာဏ်အားဖြင့်၊ ယုံမှားမရှိဝိဋ္ဌကင်းကွာ၍ ယခုဘဝနှင့်ပေါက်နိုင်သောကြောင့်။ အဖြောင့်မကွေ့။ ဉာဏ်စဉ့်ရေ့က။ အပါယဒုက္ခမကပ်။ ကင်းပြတ်သမုဋ္ဌဒ။ မဂ်ဖမ္မကို။ ဇော်မရွေ့။ ကိုယ်တိုင်တွေ့ကြရန်။ ထပ်မံ၍ရေးထုတ်ရပြန်သတည်း။ ၊

(နိဒါန်း။)

အနန္တဉာဏ်။ နှိုင်းမစံသုံးဘန်ဘုံတွင်း။ လူနှင့်နတ်မာရ်၊ ဘက်မတန်။ ဘဝကျထန်အကုန်နှင်း၍၊ သတင်းတော်ဟုန်။ ထက်အော်တုန်စသုံမိုးမိုး။ အိုးထိမ်းမိုးစက်၊ လှည်းပုခက်ကဲ့သို့၊ သွက်သွက်ခါဟီးရသော၊ စောထီးလူ့ဘ။ ဇေတုလဟု၊ သုကတဟိတ်လင်း။ တွဲ့ထိဝ်နင်းသည်။ ပင်မင်းဗေါဓိ၊ အပရာဇိတ်၍၊ ပါဝိမာရ်ယုတ်။ ရန်ခသုတ်ကို၊ ဒါးဒုတ်မကိုး၊ ပထဗျာစက်နှိုး၊ ဉာလက်ညှိုး–ဖျက်ချိုးတော်မူပြီးမှ။ လောင်မီးမကး။ ပြောင်ညီးပ။ တောင်ကြီးမျှပမာ။ သခုပ္ပါဒ်လှိုင်း၊ ရုပ်ကြပ်ဆိုင်း။ ရုပ်ခတ်ပိုင်းသံသရာကို၊ မဂ္ဂါရှိန်တောက် စိန်အမြောက်ဖြင့်၊ ချိန်မြှောက်ပစ်ချိမ်း။ ပဲ့တင်ဟိန်းမျှ၊ နန်းသိမ်းအောင်ပွဲ၊ သဘင်စဲလျှင်။ ကျင့်မြဲမှန်ထုံး။ ဇော်းစံနှုန်းဖြင့်။ လက်သုံးကိုယ်ညှိုး၊ တိုက်လုံးကျိုးကို၊ သည့်ပိုးဆောင်ထိမ်း၊ အရေးငြိမ်းက၊ သိန်းခေါဘဏ်၊ ဗိုလ်စစ်သည်တို့ကို၊ ရုံးရှည်ပေါင်းယှက်။ အောင်မောင်းနှက်၍။ အချက်သံပြ။ နန်းနဂရသို့။ မြန်းကြွတော်မူသည်နောက်၊ အထောက်ရှည့်လှ၊ သုညသတ္တဇောဒ္ဒရောက်ကြိမ်၊ သာသနာအာဏာရှိန်ကို၊ မှုတိမ်မသန်း၊ ဇာနန္ဒနန်းသို့၊ လျှမ်းလျှမ်းရောင်ကြွ။ ခါသမယနှင့်။ ဒုလ္လဘရှိ၊ ကြုံကြဘိ၍။ ဝိမုတ္တိစစ်၊ ဓမ္မနှစ်ကို၊ အားသစ်လိုသူ၊ အများလူတို့၊ ကြည်ဖြူဝင်စင်း၊ တောင်းပန်ခြင်းကို၊ မယွင်းစေမှု၊ အရေးပြု၍၊ တွေးရှုမြှင်ကူး။ မြို့ဒိုက်ဦးနိုက်၊ အထူးမည်မှန်၊ ရုပ်နာမ်ပခမတ်၊ နှစ်ရပ်အမြင်၊ အထင်မလွဲမမြဲအနိစ္စဒုက္ခအနတ္တာလက္ခဏာကို၊ သေခြာအောင်ပ။ သဘာဝနှင့်။ မုချဉာဏ်မွေ။ ဂန္ထေတဲ့တဲ့၊ (ဆရာလှဲ့)က၊ မငဲ့မပိုထိုထိုပါဋ္ဌိ။ ကျမ်းအရှိအလာ၊ ယောဇနာမှ။ တရတရုံး။ ယူသိမ်းကျုံးခါ။ ရေးထုတ်ပါသည်၊ နောင်လာလူများဌတ်သားစေခလို့။ ၊

**ဆရာလှဲ့။**

ဝိပဿနာရောဂါဆရာကြီး။

**ဒိုက်ဦးမြို့။**

နတွာဗုဒ္ဓံမဟာဝီရံ။ သရဏံသဗ္ဗပါဏိနံ၊သဒ္ဓမ္မံတေနဒေသိတံ၊ သံဃအဋ္ဌယျမုတ္တမံ။ ၊

မာဘာဒယောဗိပဿနံ။သုခေကဇ္ဇံပကာသယံ။နာမရူပံဝိပရိနံ။ အာစရိယံနမသာမိ၊ ။

ပုဗ္ဗစေရာနုဘာဝံပိ၊နိဿာယနုယအဥ္ဇယာ။ယာစိတောဟံကရိဿာ မိ။ပဿနုဂ္ဂပကာသနိ ၊ ၊ပဌမာဝဇ္ဇာ၊-၃-ဂါထာ။

အနက်။

သဗ္ဗပါဏိနံ၊ခပ်သိမ်းသောသတ္တဝါအပေါင်းတို့၏။သရဏံ၊ကိုး ကွယ်ရာဖြစ်တော်မူသော၊ မဟာဝီရံ။ အထူးသဖြင့်ခက်ခဲနက်နဲလှစွာဝိ ပဿနာဆရာကြီးဖြစ်တော်မူသောမြတ်စွာဘုရားကိုငင်း၊တေန။ထိုမြတ် စွာဘုရားသည်။ဒေသိတံ၊ဂေါစရဘာဝနာအားဖြင့်မိန့်ဟောအပ်သော၊ သဗ္ဗ ပါဏိနံ၊ ခပ်သိမ်းသောသတ္တဝါအပေါင်းတို့၏။ သရဏံ။ကိုးကွယ်ရာဖြစ် တော်မူသော။သဒ္ဓမ္မံ။မဂ်လေးတန်-ဖိုလ်လေးတန်၊နိဗ္ဗာန်ပရိယတ်ဟူသော။ ထင်းရှားရှိသောသူတော်ကောင်းတရားဆယ်ပါးကိုငင်း။ ဥတ္တမံ။ကောင်း မှုတည်းဟူသောမျိုးကို၊ ဝိုက်ပျိုးရာ လယ်ဘာမြေမြတ် ဖြစ်တော်မူပေ သော၊အဋ္ဌယံသံဃံ။ ရှစ်ပါးသောအရိယာသံဃာတော်မြတ်အပေါင်းတို့ ကိုငင်း၊နတွာနမာမိ။ကာယဝစီမနောချိ၍။သုံးလီဒွါရပဏာမဖြင့်။ ကြည် ညွှသဒ္ဒါစေတနာရိုကျိုး။ လက်စုံမိုးခါရှိခိုးပါ၍၊နတွာ။ရှိခို ပြီး၍။ မာတာဒ ယော၊စ။မွေးသည့်မိခင်ဘခင်ကျေးဇူးရှင်နှစ်ပါးတို့ကိုငင်း။ ဝိပဿနံ။သမ ထဝိပဿနာယာဂနန္တာအစုံ။ နှစ်ပါးကုန်သောတရားတော်မြတ်ကို၊သုခေ ကဇ္ဇံ။ လိမ္မာကျွမ်းကျင်သိမြင်တတ်မြောက်။ ထဘက်ကမ်းရောက်စေ ခြင်းအကျိုးငှာ။ နာမရူပံ။ ရုပ်နာမ်နှစ်ဖြာခန္ဓာငါးပါး။ ပရမတ္ထတရားဖြစ် သော။ဝိပရိနံ၊ဘောက်လွဲဘောက်ပြန်။ပျက်စီးဟံကို။ပကာသယံ။ အကျွရာ ပဒ။ပုဒ်ဝါကျတို့နှင့်တကွ၊ ပယတ်လေးလီ။ဗွာန်မည်ချနှစ်၊ တစ်တစ်ခွခွ၊ ကျနကရိဏ်း၊ မဆိုင်းမဆုတ်။နာမ်ရုပ်နှစ်ပါးတို့ကို၊ ချုပ်ငြိမ်းရာအမှန်။ နိဗ္ဗာန်ချမ်းသာကြီးကို။ ထင်လာမြင်လာအောင်ပြနိုင်ပေသော၊ အာစရိ ယဥ္စ။မင်းကွန်းတောင်။ဂူကလေးချောင်။ဇေတဝန်ဆရာတော်ဘုရားကြီးကို ငင်း။ဝါ၊လက်ပေါ်တင်ထား။ပတ္တမြားသို့။ပိုင်းချားထင်ထင်။ကွင်းကွင်းမြင် အောင်၊သွန်သင်ဆုမ္မ ပြသ တော်မူပေနိုင်သော။အာစရိယဥ္စ။မဏ္ဍလေးမြို့။

(ဦးပညာ)ရွှေဘိုမြို့(ဦးခမ္မစာရီ)ဆရာတော်ဘုရားကြီး။ နှစ်ပါးတို့ကိုရင်း၊ ။ဝါ။ မောဟာအဝိဇ္ဇာဖုံးကွယ်ကာ၍။နာမရူပါ။ ဘယ်ဟာမသိ။ ထင်းရှားရှိကြောင်း၊နာမ်ရုပ်အပေါင်းကို၊ထောင်းထောင်းထင်ဘိ။ဉာဏ်အသိကို။ပကတိမြင်ဘိသကဲ့သို့၊ ပြနိုင်တော်မူပေးသော။အာစရိယဥ္စ၊ သတုံဘုန်းတော်ကြီး(ဦးကေလာ)ဆရာတော်ဘုရားကြီးကိုရင်း၊ ဝါ၊အပါယ်လေးတံဝေးလံကင်းပျောက်။ချမ်းသာရောက်၍။မျက်မှောက်နိဗ္ဗူ။ယူလေအပြီး။မဂ်ခရီးသဘောကို။ ဟောပြတော်မူပေနိုင်သော။ အာစရိယဥ္စ၊မြို့လှဘုဘာမြောက်ရွှန်းကျေးဖူးရှင် (ဦးစံဒွန်း)ကမ္မဋ္ဌာန်းဆရာကြီးကိုရင်း။ ဝါ။ ဂန္ထိရဋ္ဌပကာသနီ၊ နက်နဲသောကျမ်အဆီကို၊ အလီလီထုတ်ပြတော်မူပေနိုင်သော။အာစရိယဥ္စ။ဘန်ကောက်-ပြင်သစ်စသည်မချွတ်၊အမြို့မြို့မှာ၊သာသနာပြုပေရှာသော။ကျိုက္ကစံ(ဦးပဏ္ဍိမ္မ)ဆရာတော်ဘုရားကြီးကိုရင်း၊ နမဿာဒိ။သတိရှေ့ပြေး။မှတ်ရေးမဆုတ်။အားထုတ်ခါရိုကျိုး။လက်စုံးမိုး၍ရှိခိုးပါ၏၊ နတ္ထာ၊ရှိခိုးပြီး၍၊ ပုဗ္ဗစေရာနုဘာဝံပိ။ ရှေးဆရာတော်မြတ်၏။ဉာဏ်ပွမ်းတောဇော်။ အာနုဘော်ကို။နှိုးသာယပိ။ အမှိတကဲ။သဟဲပြုပြီး၍သည်း။နယအဌ္ဌယာ၊နောင်လာနောက်သားအများပုထုဇဥ္။ ဉာဏ်ယှဉ်မှန်စွာ။နည်းနာနယ။မဂ်လမ်းပြကို။ယူကြစေခြင်းအကျိုးငှာ။ ယာစိတော၊တောင်တွင်းကြီးမြို့အပိုင်၊လက်ပကွေ့ရွာနေ၊ဆရာကျော်၊ပဲခူးဒိစတြိတ်၊ပဲနွယ်ကုန်မြို့နေ- ကုန်သည်ကြီး- ကိုပေါ။ ဒိုက်ဦးမြို့- စက်ပြင်ဆရာ။ကိုချစ်ဘော။ကိုသုရ။ဟံသာဝတီကျောက်တန်းမြို့။ကုန်သည်ကြီး၊ဦးဘိုးလူအိမ်မဲမြို့၊အာဘယဆေးကုန်သည်၊မောင်လှကြည်၊ဒိုက်ဦးမြို့အပိုင်-လက်ပံသုံးခွရွာနေ။ဆရာချစ်။ကိုဘိုးခိုင်။စစ်တွေဒိစတြိတ်။ရသေ့တောင်မြို့၊မြို့အုပ်ကြီး။ အငြိမ်းပင်စဉ်ရ၊ဦးခင်-အစရှိသော။ပုဂ္ဂိုလ်အများတို့က၊တောင်းပန်အပ်သည်ဖြစ်၍။ ပဿနဋ္ဌပကာသနီ၊ဝိပဿနာ၏အနက်၊အခက်အခဲ။ခွဲကာဘော်ထုတ်။ လောကုတ္တရာမဂ်ပညာဖြင့်၊ဘွင့်ပြရာဖြစ်သော၊ ။

(ဝိပဿနဋ္ဌပကာသနီ)ကျမ်းကို။အဘာ၊ ခန္တာအာရတန။ခေတ်ပမှုနှင့်နာမကာယံရုပ်နာမ်နှစ်ပါး၊ ပညတ်ထားဟဲ့။ဒိုက်ဦးမြို့၌။ နေထိုင်ရာဖြစ်သော၊(ဆရာလှဲ့)သည်၊ ကရိသာသမိ၊စီကာရေးထုတ်၊ကျမ်းစာအုပ်ကို၊ပြုလုပ်ပါအံ့သတည်း၊ ။

## (၁) (ရတနာသုံးပါးရှိခိုးသောကဏ္ဍ။)

### တရားအချီး။

အဟောဗုဒ္ဓေါအဟောဓမ္မော၊အဟောသံဃောတိဒုလ္လဘံ။တံပဋိပန္နဥဿာ
ဒိဒ္ဓဂ္ဂံ။သန္တိလက္ခဏာပါဒဘံ။ ၊

ဗုဒ္ဓေါ။ သိဗ္ဗာရှိသမျှတို့ကို၊ အကြွင်းအကျန်မရှိ။ ဟုတ်တိုင်းမှန်တိုင်း။လိုတိုင်းပြည့်ရ ၊ ကမ်းကုန်သမ်းကုန်သိပုံအခြင်း။ ဟဲ့လာပင်းထိုးထွင်းကျိုတ်ချေ၊မှောက်မှေ့ကုန်စင်။တမြင်တဲမြင်၊တထင်တဲထင်ကင်နှုပြီးသိကြီးသိရပေသောကြောင့်၊ တလင်းထဲလင်း တရှင်းတဲရှင်း။ တစဉ်တဲစဉ်။တကြည်တဲကြည်၊ တဇေတဲကိဋ္ဌပြီး။ ဇကြီးဇရပေသောမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊အဟော။ဩဩအံ့ချီးမသုံးလောကလုံးတွင်အမြတ်ဆုံး။အလွန်ဆုံးဖြစ်ပေသော၊ပုဂ္ဂိုလ်ထူးကြီးပါပေတကား၊ဓမ္မော။အဝိဇ္ဇာတည်းဟူသောမောဟကြောင့်၊ တမိုက်တဲမိုက်၊ တမှောင်တဲမှောင်၊တရှုပ်တဲရှုပ်။တနှောက်တဲနှောက်၊တပူတဲပူ၍နေကြသော။ သတ္တဝါအပေါင်းတို့ကို။ဘလင်းတဲလင်း။တရှင်းတဲရှင်း။ဘစဉ်တဲစဉ်၊တကြည်တဲကြည်၊တဇေတဲကိဋ္ဌပြီး။ဇကြီးဇေတတ်ပေသော။မဂ်လေးတန်- ဖိုလ်လေးတန်။နိဗ္ဗာန်ပရိယတ်ဟုဆိုအပ်သော။ ဆယ်ပါးသောတရားတော်မြတ်အပေါင်းတို့သည်။အဟော။ဩဩအံ့ချီးမသုံးလောကလုံးတွင်၊ အမြတ်ဆုံးအလွန်ဆုံးဖြစ်ပေသော။ တရားတော်မြတ်ကြီးပါပေတကား။ သံဃော။မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဆုံးမဟောပြတော်မူသည့်အတိုင်း၊ကျကျ။နနှ၊လွတ်လွတ်ချွန်ချွန်၊မှန်မှန်မြတ်မြတ်၊ကြိုးကြိုးစါးစါး၊အားထုတ်တော်မူကြ၍။ မဂ်လေးတန်၊ ဖိုလ်လေးတန်။ နိဗ္ဗာန်ဟုဆိုအပ်သော။ ကိုးပါးသော။ သောကုတ္တရာ။ဘရားတော်မြတ်ကို။ လက်ရှိကိုယ်တိုင်။ ရကြတော်မူ၍။ တလင်းတဲလင်း၊တရှင်းတဲရှင်း တစဉ်တဲစဉ်။တကြည်တဲကြည်၊တဇေတဲကိဋ္ဌပြီး။ဇကြီးဇရပေသော။အရိယာသံဃာတော်မြတ်အပေါင်းတို့သည်။ အဟော။ ဩဩအံ့ချီးမသုံးလောကလုံးတွင်။ အမြတ်ဆုံး။အလွန်ဆုံးဖြစ်ပေသော၊သံဃာတော်မြတ်ကြီးတို့ပါပေတကား။ ဣတိအသံ။ ဤသို့ဆိုအပ်။ သုံးပါးသောရတနာမြတ်တို့သည်၊ လောကေ၊ ယခုရှိနေကြသောလောလကြီးထဲ၌။ အဟောအတိဒုလ္လဘံ၊ ဩဩအလွန်

တွေ့ရခဲ၊မြင်ရခဲပေသော။ ရတနာတော်မြတ်ကြီးသုံးပါးတို့ပါပေတကား၊ ဥဿာဘဒ္ဒဂ္ဂ၊ပသာဒမှိမျက်ဖိအကြည်ညို့ဖြစ်သော။ စက္ခုဝိညာဉ်စိတ်ဖြင့်၊ မမြင်နိုင်။ နက်နက်နဲနဲ၊ ထင်လင်း၊ ထုံးထွင်းခြင်းစသော၊ ပညာစက္ခုဖြင့် သာသျှင်မြင်နိုင်ထသော။သန္တိ၊နူးညံ့ သိမ်မွေ့ဖွာထသော၊လက္ခဏာပါဒကံ။ အနိစ္စလက္ခဏာ၊ဒုက္ခလက္ခဏာ။အနတ္တလက္ခဏာ။ဟုဆိုအပ်သော။ လက္ခဏာရေးသုံးပါးတို့၏။ အခြေဖြစ်သသော၊ယံ။သိုက်ကံကောင်းထော်မယူခုဘဝဘွင်။ တွေ့ရ၊ ကြုံရ၊သိရ၊မြင်ရပေသော။ရတနာတော်မြတ်ကြီးသုံးပါးအပေါင်းကို၊ အာဘံ၊ အကျုံးနှံသည်။ စန္ဒောနန္ဒမိ။ ကာယဝစီ။စိတ်ကတည်၍။ အညီနှာဘ်ရှု၊ သုံးသိသောဒွါရတို့နှင့်၊ ပဏာမပြုသဖြင့်၊ကြည်ဆွသဒ္ဒါ၊ စေတနာရှိကြုံး၊လက်စုံမိုးခါရှိခိုးပါ၏၊ အရှင်ဘုရား။ ။

## (၂) မြတ်စွာဘုရားကအာသီသတရားတော်ကိုပြဆိုသောကဏ္ဍ။

ဤသို့ရှိခိုးပူဇော်ရာဖြစ်သော၊ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ တလင်းတဲလင်း၊တရှင်းတဲရှင်း။တစဉ်တဲစဉ်။တကြည်တဲကြည်။တဇေတဲ ကိစ္စပြီး။ဇေကြီးဇေကြသော၊အရိယာသူတော်ကောင်းအပေါင်းတို့လို။သဒ္ဒါဝါသ-၅-တုံကျင်သော-၂၆ ဘုံအတွင်း၌။ နေရခြင်းဖြစ်ကြသောသတ္တဝါအများတို့အား။သနားကရုဏာ၊မေတ္တာအရ၊ဒေသနာပဗ္ဗတရားမိုယ်းတော်ကြီးကို။ဇြေးစကြောင်းဆန္ဒနှင့်၊သွန်းလောင်းရွာချတော်မူမည်ဟုအခါ သိသထားတော်မူခြင်းမှာ၊ဥပမာဆိုသည့်ရှိသော်၊သစ်ပင်စိမ့်စမ်းရေချမ်း ကင်းကွာ၍နေသော ဂန္တာ၊ရိုးခဲ၌။နွေကြီးခေါင်ခေါင်၊သဲသောင်ဖုတ်ထူ၊ လေနေပူတို့ကြောင့်၊သီးညှုပင်ပန်း၊ညှိုးနွမ်း-မောဟိုက်၍နေသော၊ အားနည်းချည့်တွာ.တဲ့။ ခရီးသွားကို၊ အမွှန်ကြိုရအေ၀ထင်ရှား၊ မိုးယံနတ်သားသည်။ အထပ်တရာမကသောသော၊မိုးယံတိမ်လွှာ၊တိမ်လိပ်၊တိမ်ထပ်တို့ကို၊ လှုပ်ရှားဆန့်တက်၊ မြူရက်ပြန့်မြန်း။ ကျူးသန်းထကြွစေသျက်၊မိုးယံသက်လည့်ှင်း၊လေသင်းလေနှင့်တကွ၊ သည်းထံလှစွာသော၊ မိုးယံဖြူကြီးကို၊ ရွှင်လန်းအားရဇြေးစကြောင်း၊ သွန်းသောင်းရွာချဘိသကဲ့သို့၊ဤအတူ၊ရာဂဒေါသစသည်လူလူနွေနေပူထဲ၌နေရတာနှင့်ဘူသေါ၊သတ္တဝါအပေါင်းတွေဘာ။ ညီးသူ ပင်ပန်းညှိုးနွမ်းမောဟိုက်၊ အပြင်းတိုက်လျက်နှိပ်စက်အပ်သော၊သံသရာလမ်း-ခရီးပန်း၍၊ဝေသန်းပူဆာသူငါကဲစအလုံးစုံသောသတ္တဝါဟူသချတို့ကို၊ တရားတည်းဟူသော မိုးယံဖြင့်၊

သွန်းဖြိုးရွာချတော်မူလေ့ရှိသော၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။လူနတ်နိဗ္ဗာန်၊သုံးတန်သုခ၊ လေပြေလညှင်း၊ လေသင်းလေနှင့်တကွဒေသနာပဗ္ဗတည်းဟူသော။ တရားမိုးတော်ကြီးကို၊ (၄၅) ဝါ၊ ရှည်မြင့်ကြာအောင်၊ ပူလောင်ငြိမ်းကြောင်း၊ သတ္တဝါအပေါင်းတွေကို။ သွန်းလောင်းရွာချတော်မူမည်ဟုပြဆိုသောတရားမှာ။ ၊

ဂိမှာသန္တာပခေဒိတံ။ ဝါတဝုဋ္ဌိမုဋ္ဌိပယံ။ ဓမ္မဝဿံဝဿာပေသိ၊ ရာဂဒေါသာဒိပိဠိတံ။ ။

ဂိမှာသန္တာပခေဒိတံ၊ သစ်ပင်စိမ့်စမ်း။ ရေချမ်းကင်းကွာ။ ဂန္ဓာခရီးနွေကြီးခေါင်ခေါင်။ သဲသောင်ဖုတ်ထူ။လေနေပူတို့ကြောင့်။ ညည်းညူပင်ပန်း၊ ညှိုးနွမ်းမောဟိုက်၍နေသော။ ဂမိကံ။ အားနည်းချည့်တွားခရီးသွားကို။ မေဃဒေါ၊အမ္ဗုဓရဒေဝထင်ရှား၊ မိုးနတ်သားသည်။ မေဃပဋလံ၊ အထပ်တရာမကသားသော။မိုးတိမ်လွှာတိမ်လိပ်တိမ်ထပ်ကို၊ဥဋ္ဌာပယံဥဋ္ဌာပယ်တော၊ လျှပ်ရှားသန်တက်။ မြူးရှက်ပြန်မြန်း၊ ကျူးသန်းထကြွစေချက်၊ ဝါတဝုဋ္ဌိ။ မိုးသက်လေညှင်း။ လေသင်းလေနှင့်တကွသည်းထန်သဲစွာသောမိုးဖြိုးကြီးကို၊ဝဿာပေသိယထာ။ ရွှင်လမ်းအားရ။မြေစေကြောင်း၊ သွန်းလောင်းရွာချဘိသကဲ့သို့။ ဧဝံ။ ဤအတူ။ ရာဂဒေါသာဒိပိဠိတံ။ ရာဂဒေါသစသည်လူလူနွေနေပူတို့ဖြင့်၊ ညည်းညူပင်ပန်း။ ညှိုးနွမ်းမောဟိုက်၊ အပြင်းတိုက်ချက်၊ နှိပ်စက်အပ်သော၊ဂမိကံ၊သံသရာလမ်း။ ခရီးပန်း၍၊ ဝေသန်းပူဆာ။ သူငါကစ။အလုံးစုံသောသတ္တဝါဟူသမျှတို့ကို။ ဓမ္မမေဃဒေါ၊ တရားမိုးကိုသွန်းဖြိုးရွာချတော်မူလေ့ရှိသော။ ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဓမ္မဝဿံ၊လူနတ်နိဗ္ဗာန်။သုံးတန်သုခ။လေပြေလညှင်း၊ လေသင်းလေနှင့်တကွ၊ဒေသနာပဗ္ဗတည်းဟူသောတရားမိုးတော်ကြီးကို။ ဝဿာပေသိ၊ (၄၅)ဝါ။ ရှည်မြင့်ကြာအောင်ပူလောင်ငြိမ်းကြောင်း၊သွန်းလောင်းရွာချတော်မူလေပြီ၊ ။

## (၃) ဗုဒ္ဓေါဝါဒ။သာသနအခြေကို။ဟောပြပေသောကဏ္ဍ။

တရားမိုးတော်ကြီးကို။သွန်းလောင်းရွာချတော်မူသောအဓိပ္ပါယ်မှာ၊ သတ္တဝါတို့အား။ သံသရာစက်ဝဲဂရက်မှ၊ ဖဲထွက်လွတ်မြောက်စေခြင်းအကျိုးငှာ၊ဟောပြဆုံးမတော်မူခြင်းဖြစ်ပေသည်၊ ။အဋ္ဌကထာ၌။

ဗုဒ္ဓသာသနန္တိဗုဒ္ဓါနံဝဋ္ဋဒုက္ခတောနိယျာနတ္ထာယဩဝါဒဝစနံ။ ၊

ဗုဒ္ဓသာသနန္တိ၊မြတ်စွာဘုရားတို့၏၊ ဆုံးမအာဏာသာသနာဟူသည်

ကာ။ ဗုဒ္ဓါနံ။ ဘုရားရှင်တို့၏။ ဝဋ္ဋဒုက္ခတော ။ ဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ။ သတ္တာနံ။ သတ္တဝါတို့အား။ နိယျာနတ္ထာယ။ သံသရာစက်။ ဝဲသရက်မှ။ဘဲ ထွက်လွှတ်မြောက်ကြစေခြင်းအကျိုးငှာ။ ဩဝါဒဝစနံ၊ ဟောပြဆုံးမ တော်မူခြင်းပေတည်း။ ။ဤသို့အဋ္ဌကထာ။ကျမ်းဂန်လာသောကြောင့် သမ္ဗုဒ္ဓဉာဏသခင်။ ဘုရားရှင်တို့ဟောပြဆုံးမတော်မူရာ၊ သာသနာ၌။ ဝေနေယျသတ္တဝါတို့၏။ဆုံမြဲနုရင့်ကို။ ထောက်ချင့်သည့်အလိုက်၊ စရိုက် နှင့်လျော်အောင်။ ဟောပြဆုံးမဩဝါဒပေးတော်မူသော။ စကားတော်ဖြစ် ခြေသည်။သာသနာတော်တည်း၏ဟူသည်။ အခြားမဟုတ်ပါ။မြတ်စွာဘု ရားသည်၊ ဟောကြားပြသဆုံးမတော်မူသည့်အတိုင်း။ ကိုင်းညွတ်ရိုသေ စွာလိုက်နာ၍၊ကျင့်ဆောင်ခယုဘ်။ အားထုတ်ကြခြင်းတည်း။ဟောကြား ပြသဆုံးမတော်မူသော၊ ဒေသနာပဗ္ဗဇ္ဇပုဒ်-ပဒပုဒ်ပါဠိတော်တို့ကို။ဝါရကြ မှုန့်ဘတ်တက်ရအောင်။လေ့ကျက်ဆောင်ရွက်ခါမျှမတ္တကို၊မြတ်စွာဘုရား ကြီးအား။ဩဝါဒသာသနာအာဏာတည်သည်မဟုတ်ခြေ ဒေသနာစကား တော်၏အစဉ်မျှကို။ မှတ်သား၍ဟောပြောဆောင်ရွက်။ လေ့ကျက်ရုံမျှ သာဖြစ်ခြေသည် အာဂုမ်ဆောင်ရွက်။ မလေ့ကျက်နိုင်သော်လည်း။ ဒေ သနာတော်။တရား၏အဓိပ္ပါယ်သဘောသွားကို။ပိုင်းခြားတိတိ။မှတ်သားမိ ၍။ သတိသမ္ပဇဉ်ဖြင့်။ အုပ်ထိမ်းလျက်။ မတိမ်းမယိမ်းရအောင်။ ကျင့် ဆောင်လုလ္လ။ ဥဿာဟဖြင့်။နေ့ညည့်မကင်း။မပြင်းမပေါ့။မမေ့မလျော့ရ အောင်၊နှလုံးသွင်း၍မှတ်သားခြင်း။ပုဂ္ဂိုလ်သန္တာန်၌သာ။ဩဝါဒအာဏာ သာသနာတော်သည် အမြဲနိစ္စတည်သည်ဟုမှတ်။ ။ထို့ကြောင့်။ မိမိကိုယ်ခန္ဓာကို၊ အပါယ်ငရဲ၌မလွဲခံရမည်ကို။ စိုးရိမ်သည့်အတိုင်း။နေ့ ရက်မဆိုင်းဘဲ။ဆင်းရဲခပ်သိမ်းတို့၏လွတ်ငြိမ်းရာအမှန်။ နိဗ္ဗာန်ချမ်းသာ ကြီးသို့၊အပြီးတိုင်လျှင်မြန်စွာ။ရောက်လိုကြကုန်သောကလျာဏပုဂ္ဂိုလ်တို့ သည်။ထိုမူလရင်းအစပဌမသောသောတာပတ္တိမဂ်ရခြင်း၏အကြောင်းတရား လေးပါးတို့ကို။သိသာခြားနား၊ထင်ရှားစွာအားထုတ်လုလ္လဥဿာဟပြုကုန် ရာသည်။ ။လေးပါးတို့ဟူသည်ကား။

(၁) ဘုရားအစရှိသောကလျာဏအပေါင်း၊ သူတော်ကောင်းတို့၏အ ထံ၌။ နိယံမပြတ်ဆည်းကပ်မှီဝဲခြင်း။

(၂) အစီးအပွါးကိုဖြစ်စေတတ်သော။ မိမိတို့စရိုက်အားလျော်သော တရားစကားတော်ကိုနာခံမှတ်သားကြားနာခြင်း။

(၃) အနိစ္စအစရှိသော၊လက္ခဏာရေးသုံးပါးတို့ကို၊ ဟုဘ်တိုင်းအမှန်၊

မဘောက်မပြန်သော၊ အခြင်းအရာဖြင့်၊ အသင့်ယူကြံ၍နှလုံးသွင်းခြင်း၊

(၄) လောကုတ္တရာတရား၊ ကိုးပါးအားလျော်သဖြင့်၊မဂ်ဖိုလ်တို့၏ရှေ့အတ္တိဋ္ဌဖြစ်သော၊တရားအကျင့်ကိုကျင့်ခြင်း။

ဤလေးပါးသော၊အကြောင်းတရားတို့ကို။ ပြည့်စုံအောင်သုတ္တမယုဘ်အားထုတ်ခြင်းကိုပြုနိုင်မှ၊သောတာပတ္တိမဂ်တရားကော်၊ အမှန်ရနိုင်ခြေသည်၊

## (၄) ယခုဘာဝနာသောဘာသပတ္တိမဂ်ရကြောင်းအင်္ဂါနှင့်ပေါင်း၍ပြခြင်းကထား။

ပဏ္ဏာရိမာနိဘက္ခဝေသောတာပတ္တိယင်္ဂါနိ၊ ကတမာနိပဏ္ဏာရိ သပ္ပုရိသသံသေဝေါသဒ္ဓမ္မသဝနံယောနိသောမနသိကာရောဓမ္မာနုဓမ္မပဋိပတ္တိဣမာနိခေါဘိက္ခဝေပဏ္ဏာရိသောတာပတ္တိယင်္ဂါနိ၊ ၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ၊ ဘိက္ခဝေ၊သံသရာဝဋ်တဲ့ဘေးညွတ်မှ၊ ကင်းလွတ်လွန်မြောက်၊ နိဗ္ဗါန်ရောက်လိုသောသူတော်ကောင်းတို့။ သောတာပတ္တိယင်္ဂါနိ။ သောတာပတ္တိမဂ်ကိုရခြင်း၏အကြောင်းအင်္ဂါတို့သည်။ဣမာနိပဏ္ဏာရိ။ဤလေးပါးတို့တည်း၊ ကတမာနိပဏ္ဏာရိ။ အဘယ်၄ပါးတို့နည်း၊သပ္ပုရိသသံသေဝေါ။ဘုရားအစရှိသော။ အရိယာသူတော်ကောင်းအပေါင်းတို့နှင့်တကွ၊ သတ္တိဗျတ္တိနှင့်ပြည့်စုံသောပုဂ္ဂိုလ်အားမှီဝဲဆီးကပ်ခြင်း။သဒ္ဓမ္မသဝဏံ၊ချောက်ပတ်သောပိဋကတ်တရားတော်ကို။နာခံမှတ်သားခြင်း။ ယောနိသောမနသိကာရော၊ အနိစ္စအစရှိသည်ကို၊ နှလုံးသွင်းခြင်း။ဓမ္မာနုဓမ္မပဋိပတ္တိ၊ လောကုတ္တရာမဂ်ဖိုလ်တရားအားလျော်သော။ ဝိပဿနာကိုပွါးများအားထုတ်ခြင်း ဘိက္ခဝေ။သံသရာဝဋ်တဲ့ဘေးညွတ်မှ၊ကင်းလွတ်လွန်မြောက်နိဗ္ဗါန်ရောက်လိုသောသူတော်ကောင်းတို့၊ သောတာပတ္တိယင်္ဂါနိ၊သောတာပတ္တိမဂ်ကိုရခြင်း၏၊ အကြောင်းအင်္ဂါတို့သည်၊ဣမာနိခေါပဏ္ဏာရိ။ဤလေးပါးတို့တည်း။၊ အဓိပ္ပါယ်ကား၊

(၁) သပ္ပုရိသသံသေဝ၊သဒ္ဓမ္မသာဝဏ၊ယောနိသောမနသိကာရ။ဓမ္မာနုဓမ္မပဋိပတ္တိ၊ဟူသောသောတာပတ္တိသို့ရောက်ခြင်း၏အကြောင်းအင်္ဂါ ၄ ပါးတို့တွင်၊ သပ္ပုရိသသံသေဝဆိုသည်ကား။ ဘုရားလက်ထက်ကဖြစ်လျှင်။ဘုရားက၀၍၊ ရှင်သာရိပုတ္တရာ-ရှင်မောဂ္ဂလာန်စသော၊သာဝကတ

ပည့်သါးသူတော်ကောင်းများကိုမှီဝဲဆည်းကပ်ခြင်း။ရဟန္တာမတွေ့သော်
အနာဂါမ်။သကဒါဂါမ်။သောတာပန်မှီဝဲဆီးကပ်ခြင်း၊သိက္ခါကါမ၊လဇ္ဇီ
ပေသလဖြစ်၍၊ ရုပ်နာမ်ခန္ဓာပဉ္စသမုပ္ပါဒ်။အနိစ္စလက္ခဏာပသည်ကိုထင်
မြင်အောင်ဟောနိုင်၍သတ္တိဗျတ္တိရှိသောပုဂ္ဂိုလ်ကိုမှီဝဲဆီးကပ်ခြင်းကို၊သပ္ပု
ရိသသံသေဝဆိုအင်၏။(၂) သဒ္ဓမ္မသဝနဆိုသည်ကား၊မိမိနှစ်သက်အပ်
လျှောက်ပတ်သော၊ရုပ်နာမ်အဖြစ်အပျက် ဝိပဿနာတရားကိုသော်၎င်း၊
သစ္စာလေးပါး-တရားများကိုသော်၎င်း၊ နာခံမှတ်သားကြားနာခြင်းကိုပင်၊
သဒ္ဓမ္မသဝနဆိုအင်၏၊ (၃) ယောနိသောမနသိကာရဆိုသည်ကား။
ရုပ်-နာမ်နှစ်ပါးတို့၌။သတ္တဝါတို့သည်။ ပုဂ္ဂိုလ်-ငါ-သူ လူ-နတ်-ဗြဟ္မာ။
မှတ်ထင်လျက်နေခြင်း။ပုဂ္ဂိုလ်-ငါ-သူ-ထင်မှတ်ပြီးလျှင်၊၎င်းပုဂ္ဂိုလ်ငါသူ
သည်။သေမည်ပျက်စီးမည်ကို၊ မသိမထင်မြင်ဘဲ။ မြဲသောနိစ္စဟုမှတ်ထင်
ခြင်း၊ပုဂ္ဂိုလ်-ငါ-သူ-ဖြစ်ရခြင်းသည် ကောင်းသည်ချမ်းသာသည်ဟုသုခ
ထင်မှတ်ခြင်း။အစိုးရသည်၊အလိုရှိတိုင်းပြီးနိုင်သည်။အနှစ်သာရရှိသည်၊
ဟု၊အတ္တမှတ်ထင်ခြင်း။ တင့်တယ်သည်။လှပယဉ်ကျေးသည်။ရှုခြင်ဘွယ်
ရှိသည်ဟု။ သုဘမှတ်ထင်ခြင်း။ ဤအမှားကြီး(၄ပါး)မှပယ်လွှဲ၍။ရုပ်နာမ်
နှစ်ပါးတို့။ဥပါဒ်ဌီဘင်စေ၍ခဏခဏအစဉ်ပျက်ခြင်းအနိစ္စ။ ရတိတဘာဝ
ပျက်ဆုံးခြင်း။သမုတိအနိစ္စကိုနှလုံးသွင်းခြင်း။ အစဉ်မပြတ်အပျက်ဓေတ်
နှင့်။ အမြဲတွေ့ကြုံ-ပေါင်းဆုံနေရသဖြင့်။ သက်သာရာမရ၊ဆင်းရဲ၍နေရ
သောဒုက္ခကိုနှလုံးသွင်းခြင်း။ရုပ်နာမ်နှစ်ပါးတို့ကိုအစိုးမရ၍ခဏခဏပျက်
ဆုံးသည်အတွက်စိတ်အလိုရှိတိုင်းတောင့်တတိုင်းမပြီးခြင်း။အခြင်းအရာ
ကိုကြည့်လျက်၊ အနတ္တကိုနှလုံးသွင်းခြင်း၊ မိန်းမ။ယောကျ်ားထင်မှတ်များ
ပြီးလျှင်နေရာ။ ခံအစရှိသောအင်္ဂါအရကို။တရ-ထရစီ-ခွဲဝေလျက်(သုံး
ဆယ်နှစ်ရ)စက်ဆုပ်ဘွယ်ဝတ္ထု။ပေါင်းရ၍နေသော။ကောဋ္ဌာသအရအ
ပုံမျှဖြစ်၍။နှစ်သက်ဘွယ်မရှိ၊ ရွံရှာဘွယ်အတိ၊ကြည့်မြင်၍မတင့်တယ်ပါ
ထကားဟု။ အသုဘကိုနှလုံးသွင်းခြင်း။ဤလေးပါးတို့၌။စိတ်ကိုထားခြင်း
သည်။ ယောနိသောမနသိကာရဆိုအင်၏၊ (၄) ဓမ္မာနုဓမ္မပဋိပတ္တိဆို
သည်ကား၊ ဓမ္မအရလောကုတ္တရာတရားကို ပါ။ အနုဓမ္မအရ၊ သီလနှင့်
တကွ၊ပရိကံအစဥ်ဂါကြတ်ဘူကျအောင်၊လောကီဝိပဿနာအစဉ်ကိုယူ၍
လောကုတ္တရာဓမ္မသို့ရောက်အောင်။ သမထဝိပဿနာပွါးများအားထုတ်
တွန့်ဆုတ်ယုတ်ခြင်းမရှိ ဥဿာဖြင့်ထင်အောင်ရှုခြင်းကို၊ဓမ္မာနုဓမ္မပဋိပတ္တိ

ဆိုအပ်၏။

## (၅) မြတ်စွာဘုရားအားဟောပြရုံသာဟော ပြရာဖြစ်သောကျွန်း။

ဤကဲ့သို့ဂါဂ်ဗိုလ်နိဗ္ဗာန်ရောက်ကြောင်း။ကောင်းမြတ်သောတရားတော်ကို။ထိမ်မချန်ကျန်၊ ဟောပြရုံသာဟောပြတော်မူနိုင်ခြင်းဖြစ်ခြင်း၏။သော တာပန်မသည့်ဖြစ်အောင်၊ ပြုလုပ်၍မပေးနိုင်။အဘယ်သို့ဟောပြပါသလဲ ဆိုတော့၊ ဗုဒ္ဓချောက်တန်-မဟာသတိပဋ္ဌာန်အလာ၊ ကိုယ်အမူအရာ နှုတ်အမူအရာ။ စိတ်အမူအရာတို့၌၊ အဇ္ဈတ္တ-ဗဟိဒ္ဓ ဣရိယာပထ-သုခမ။ ဟိန-ပဏီတ။ ဒူရ-သန္တိက-အာရုံကျဆိုက်။ အခိုက်အခိုက်သိအောင် လိုက်၍မှတ်ခြင်း၊မှတ်မိကာမသိတဲ့မောဟာစိတ်ပျောက်ပြီးလျှင်။ အမောဟ စိတ်ရောက်၍သိခြင်း၊ ဗုဒ္ဓချောက်ပါး၌၊ ရုပ်နာမ်နှစ်ပါးပိုင်းခြားကော်။နာ မရူပပရိစ္ဆေဒဉာဏ်အစ။ မဂ်ဉာဏ်-ဖိုလ်ဉာဏ်အရ။ပစ္စဝေက္ခဏာဉာဏ် သို့ကျအောင်။ ရှုနိုင်မှတ်နိုင်နှလုံးသွင်းနိုင်ခြင်း။ ဤသို့ရှုခြင်းမှတ်ခြင်းနှလုံး သွင်းခြင်းအစရှိသောတရားတို့ကို။ ပွါးများအားထုတ်ပါက၊ ကိလေသာ မာရ်မင်း၊ နှောင်ဖွဲ့ခြင်းမှကင်းပြောက်ပြီးလျှင်။ သောတာပန်-သကဒါ ဂါမ်-အနာဂါမ်နှင့်။ရဟန္တာအစစ်အဆင့်ဆင့်ဖြစ်၍၊လွတ်မြောက်သော သဘောအရကို။ဟောပြတော်မူပေ၏၊ ။ တုမှေဟိကိစ္စမာတပ္ပံ အက္ခာတာရောတထာဂတာ ပဋိပန္နာပမောက္ခန္တိ။ ဈာယိနောမာရဗန္ဓနာ၊ ဓမ္မပဒပါဠိတော်။ ၊ တထာဂတာ၊ နာမည်တွင်။ငါဘုရားရှင်တို့ သည်။ အက္ခာတာရော။မဂ်ခရီးလမ်းမှန်ကျင့်ထုတ်ရန်ကို၊ ထိမ်မချန်ကျန် ဟောပြရုံသာဟောပြခြင်း၌သာ စွမ်းနိုင်တော်မူကြပေကုန်၏။ဝါ။သောတါ ပန်ဖြစ်အောင်၊ပြုလုပ်၍မပေးနိုင်ကြလေကုန်ပြီ။ တုမှေဟိ။ မဂ်ဖိုလ်လိုလား သင်ချစ်သားချစ်သမီးတို့သည်။ အာတပ္ပံ၊ ဗုဒ္ဓချောက်တန်မဟာသတိပ ဋ္ဌာန်အလာ။ ကိုယ်အမူအရာ။နှုတ်အမူအရာ။စိတ်အမူအရာတို့၌၊အဇ္ဈတ္တ။ ဗဟိဒ္ဓ။ဣရိယာပထ။သုခမ၊ဟိန၊ပဏီတ၊ဒူရ၊သန္တိက၊အာရုံကျဆိုက်အ ခိုက်အခိုက်သိအောင်။လိုက်၍မှတ်သောလုလ္လကို၊ကိစ္စံ။မနားမရပ်ပြုသင့် အပ်၏။ပဋိပန္နာ၊ပြုကျင့်ကြကုန်သော ။ဝါ။ မြင်တိုင်း၊ ကြားတိုင်း။ နံတိုင်း။ စားတိုင်း။ထိတိုင်း၊သိတိုင်း၊တို့ကိုသိအောင်လိုက်၍မှတ်ကြကုန်သော။ဈာ ယိနော၊နာမရူပပရိစ္ဆေဒဉာဏ်အစ။ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်အရ။ပစ္စဝေက္ခ

ဏာဉာဏ်သို့ကျအောင်။ရှုနိုင်မှတ်နိုင်နှလုံးသွင်းနိုင်ကျကုန်သောသင်ချစ်သားချစ်သမီးတို့သည်။မာရဝဇ္ဇနာ။ တထောင့်ငါးရာ၊ ကိလေသာမာရ်မင်းနှောင်ဖွဲ့ခြင်းမှ။ပမောက္ခ။ သောတာပန် -သကဒါဂါမ် -အနာဂါမ်နှင့်။ရဟန္တာအစစ်၊အဆင့်ဆင့်ဖြစ်၍၊ကင်းလွတ်ကျလေကုန်၏၊ ၊

## (၆) ဗလိဗဒ္ဒဝကြီးဆယ်ပါးသင်ရှုအောင် ပြခြင်းကဏ္ဍ၊

ဤကဲ့သို့မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်၊ဟောကြားပြသာသုံးမတော်မူသည်အတိုင်း၊ မဟာသတိပဋ္ဌာန်အလာစသည်ဖြင့်။အားထုတ်ရမည်ဆိုသော်။ ကမ္မဋ္ဌာန်းဝိပဿနာကို၊ အားထုတ်နေဆဲအခါ။ဖြစ်ပေါ်လာတတ်သော။ ပူပန်စရာ။ စိုးရိမ်စရာ၊ကြောင့်ကြစရာမျိုးတို့ကိုဆို၏ထိုပူပန်စိုးရိမ်ကြောင့်ကြစရာဖြစ်သောပလိဗောဓကို။ဝိပဿနာအားထုတ်ရာ၌ဝင်ရောက်နှောင့်ယှက်ခြင်း။မရှိစေခြင်းငှာ။ ရှေးဦးစွာပယ်ရှင်း၍။ ပြတ်ကင်းအောင်ပြုလုပ်ထားရမည်၊ ဤပူပန်စရာ။စိုးရိမ်စရာ။ ကြောင့်ကြစရာဖြစ်သောပလိဗောဓကြီးတို့သည်။ဆယ်ပါးအပြားရှိကုန်၏။ ။

ဆယ်ပါးဟူသည်ကား၊

(၁) ကျောင်းနေရာအရိပ်အာဝါသအတွက်။ ဆောင်ရွက်ရန်မပြီးကြွင်းကျန်နေ၍။ကြောင့်ကြနေခြင်းသည်။ အာဝါသပလိဗောဓမည်၏။ ။

(၂) အလုပ်အကျွေးအဆေးအပါဒကာဒကာမအတွက်။ အခြားသူများအတွက်စိတ်လက်မချသောကမကောင်း၍။ ကြောင့်ကြနေခြင်းသည်။ကုလဗလိဗောဓမည်၏။

(၃) ရရှိပြီးသောပစ္စည်းဥစ္စာ။ရလတံ့သောပစ္စည်းဥစ္စာတို့အတွက်ငဲ့ကွက်တင်းလင်းကြောင့်ကြနေခြင်းသည်။လာဘ-ပလိဗောဓမည်၏။

(၄) နှစ်သက်ချစ်ခင်မေတ္တာဝင်၍၊ ကျွမ်းကျင်သောမိသဂ်ဟ-ဖြစ်ဘ၊ အတူတကွစားသောက်နေထိုင်။ လုပ်ကိုင်သွားလာဘူးသော၊ သတင်းသုံးဘော်စသော။ အပေါင်းအသင်းများအတွက်။ ငဲ့ကွက်ကြောင့်ကြ၍နေခြင်းသည်။ ဂဏ-ပလိဗောဓမည်၏၊

(၅) ထိုထိုဝေယျာဝစ္စအမှုငယ်အမှုသစ်၊ငွေချေးပန်းချေးစသောဝတ်နိပါတ်များအတွက်။ ဝိတက်ရှုပ်ထွေး။စိတ်မအေးသဖြင့်၊တရေးရေးကြံစည်တွေးဆ၍ကြောင့်ကြနေခြင်းသည်။ကမ္မပလိဗောဓမည်၏။

(၆) အဝေးအနီးကိစ္စကြီးငယ်အသွယ်သွယ်ကြောင့်။မဖြောင့်စိတ်တား။လမ်းခရီးများသွားလာရန်မကင်းရှင်းသဖြင့်။ကြောင့်ကြ၍နေခြင်းသည်၊အဒ္ဓါနပလိဗောဓမည်၏။

(၇) ဆရာတပည့်မိဘဘိုးဘွား။ ညီသားအစ်ကို၊ ထိုထိုမောင်နှမသားခြင်းစသော။ဆွေမျိုးများအတွက်။စိတ်လက်မအေးဘဲတွေးတောကြံဆ၍။ ကြောင့်ကြနေခြင်းသည်၊ ဉာတိပလိဗောဓမည်၏။

(၈) အနာရောဂါဝေဒနာတို့ကြောင့်။နေထိုင်မကောင်းခြင်းစသည်များအတွက်။စိတ်လက်ညှိုးနွမ်း၊ မချမ်းမသာဖြစ်၍ကြောင့်ကြနေခြင်းသည်။အာဗါဓပလိဗောဓမည်၏။

(၉) စာပေကျမ်းဂန်သင်အံ့ပို့ချခြင်း။ ကြည့်ရှုကြံစည်ခြင်း၊ ရေးသားကျမ်းပြုစုခြင်း၊ဟောပြောသင်ကြားနေခြင်း၊ဘုရားပုထိုးကိုးခုံနေခြင်း၊ရွတ်ဘတ်သရဇ္ဈာယ်နေခြင်း။စာပေးစာယူပြုလုပ်ခြင်းစသည်များအတွက်။ငံ့ကွက်ကြောင့်ကြနေခြင်းမျိုးသည် ဂန္ထပလိဗောဓမည်၏။

(၁၀) ပုထုဇဉ်ပုဂ္ဂိုလ်တို့၌၊ ရှိသောပုထုအဘိညာဉ်တို့ဖြင့်၊ မိုးလမ်းပြန့်မြေလျှိုး-အချိုးမျိုး ဘန်ဆင်းခြင်းစသော။ တန်ခိုးဣဒ္ဓိပါဒ်အတွက် ငံ့ကွက်ကြောင့်ကြ၍နေခြင်းသည် ဣဒ္ဓိပလိဗောဓမည်၏

ထို့ကြောင့်။ အာဝါသောစကုလံလာဘော၊ဂဏောကမ္မဉ္စပဉ္စမံ၊ အဒ္ဓါနံဉာတိအာဗာဓော။ဂန္ထောဣဒ္ဓီတိတေဒသာ၊ ။

ပါရာဇိကံအဋ္ဌကထာ၊ ၊ အာဝါသောစ။တဆဲ့ရှစ်ရပ်အပြစ်နှင့်စပ်သောနေရာကျောင်းပလိဗောဓရင်း ကုလံ၊အလုပ်အကျွေးပလိဗောဓရင်း။လာဘော။ပစ္စည်းလာဘ်လာဘပလိဗောဓရင်း၊ ဂဏော။အပေါင်းအဘော်ပလိဗောဓရင်း၊ပဉ္စမံ။ငါးခုမြောက်သော။ ကမ္မဉ္စ။အမှုကြီးငယ်ပလိဗောဓရင်း။အဒ္ဓါနံ၊ခရီးသွားခြင်းပလိဗောဓရင်း၊ဉာတိ၊ ဆွေမျိုးပလိဗော

ဓရင်း၊ ဂင်္ဂါ၊ ကျမ်းဂန်သင်ကြားခြင်း၊ ကျမ်းပြုရခြင်းပလိဗောဓရင်း။ ဈာန်၊ ပုထုဇဉ်တို့တံခိုးပြုခြင်းပလိဗောဓရင်း။ ဈာတိ။ ဤသို့၊ တော။ ထိုပလိဗောဓတို့သည်။ ဒသ၊ ဆယ်ပါးတို့တည်း၊

ဤဗလိဗောဓကြီးဆယ်ပါးတို့ကို။ တရားအားထုတ်နေသည့်အတွင်း၌၊ စိမ်ပြုပြင်ခြင်းမရှိရအောင်ကြိုတင်ပယ်ရှင်း၍ထားရမည်၊ ပြဆိုအင်ခဲ့ပြီးသော၊ ထိုဗလိဗောဓကြီးဆယ်ပါးတို့တွင်။ နောက်ဆုံးဖြစ်သော-ဈာန်ဗလိဗောဓမှာ။ ယခုအခါ၌၊ သက်တော်ထင်ရှားမြတ်စွာဘုရားလက်ထက်ကကဲ့သို့မဟုတ်။ မြတ်စွာဘုရားလက်ထက်တော်မှာ။, ဥဒ္ဒေသဒေသနာကို၊ နာကြားရရုံမျှနှင့်။ မဂ်ဖိုလ်နိဗ္ဗာန်ကိုပေါက်ရောက်နိုင်ကြသော။ ဥဂ္ဃဋိတညုပုဂ္ဂိုလ်။ ဥဒ္ဒေသနိဒ္ဒေသသင်္ခေတ္တဝိတ္ထာရဒေသနာအကျဉ်းအကျယ်ဖြစ်သော။ ဒေသနာကိုကြားနာရုံမျှနှင့်ဒေသနာအဆုံး၌။ ဝိပဿနာဘက်သို့တက်၍။ မဂ်ဖိုလ်နိဗ္ဗာန်ကိုပေါက်ရောက်နိုင်သော။ ဝိပဉ္စိတညုပုဂ္ဂိုလ်။ ထိုနှစ်မျိုးသောပုဂ္ဂိုလ်တို့သည်၊ များကြကုန်သည်ဖြစ်၍၊ သမထဈာန်ပတ်ဟုဆိုအပ်သောဈာန်အဘိညာဉ်တို့ကိုရကြ၍။ မြေလျှိုးမိုးပျံပြန်အတန်တန်ဘန်ဆင်းနိုင်ကြသော်လည်း၊ ရပြီးသောဈာန်သမာပတ်တို့ကို။ ခဲရင်းစွာခွါရခြင်းမဟုတ်ဘဲ။ မဂ်ဖိုလ်နိဗ္ဗာန်ထဲသို့သာ၊ အမြဲပေါက်ရောက်သွားကြလေကုန်၏။ ယခုမြတ်စွါဘုရားသက်တော်ထင်ရှားမရှိသောကြောင့်ဥဒ္ဒေသနိဒ္ဒေသဒေသနာအခါခါပေါ်ပြောကြရာ၊ အခါခါနာကြားရသောဓမ္မသဝနပုဂ္ဂိုလ်တို့မှါ။ ခွါရဖေါ်းစသည်ဖြင့်မှတ်ကြသည့်၊ အခိုက်အတန့်တို့နှင့်တကွ၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုသိမြင်၍။ ရကြပြီဟူသောစကားများကို။ မကြားရသည်တကြောင်း၊ ခပ်သိမ်းသောလူအပေါင်းတို့သည်။ အကယ်၍ဈာန်သမာပတ်တို့ကို။ ဖြစ်မြောက်ခဲ့သော်လည်း။ မြတ်စွာဘုရားလက်ထက်ကဲ့သို့ပင်။ ဝိပဿနာဘက်သို့ပါဝင်အောင် ဆွဲငင်ပြုပြင်ရန်၊ ညှိညင်ခက်ခဲလှသည်ကိုထောက်ဆ၍၊ ယခုခေတ်ကာလ၌၊ ဝိပဿနာပညာဘက်သို့၊ လိုက်ပါနိုင်ရန်မထင်မြင်သည်တကြောင်း၊ ရင်းပလိဗောဓသည်။ ကြွင်းဇပါးတို့ထက်၊ ထင်ရှားသိသာလှသည်တကြောင်း။ ဤသို့သောအကြောင်းတို့ကြောင့်၊ ဝိစစ်ဘွယ်မရှိတော့ပြီ။ ကြွင်းဇပါးတို့တွင်လည်း။ အာဝါသ-ကမ္မ-အာဗာဓ-ဂန္ထ။ ဤလေးပါးသောပလိဗောဓကြီးတို့သည်၊ မိမိတဦးတည်း၌သာများစွာဆက်ဆန်သဖြင့်၊ ရှေးကပြကဲ့သောအဓိပ္ပါယ်ကို၊ အစဉ်မှီး၍ပယ်ဖြတ်ရှင်းလင်းရန်နည်းလမ်းများမှာ။ ထင်ရှားသိသာလောက်ပေ၏။ ၊ ကျန်သော

ကုလ။ လာဘ။ ဂဏ၊ အဝါသ။ ညှင်တိ-ဟူသော ပလိဗောဓကြီး (၅ပါး)မှာ မှုကား။ ရဟန်းတော်တို့အား အနီးအဝေး ဒကာ ဒကာမ သိတင်းသုံးဘော် ဆွေမျိုးတို့။ ပင့်ဘိတ်လျှော့ဒါန်းလို၍ သွားရခြင်း။ လာရောက်လက်ခံရခြင်း။ လူတို့အားလည်း ထို့အတူ။ ဘိတ်မံခြင်းပြု၍ သွားရခြင်း။ လာရောက်သည် ဖြစ်၍ ဧည့်ခံရခြင်းများရှိတတ်သဖြင့်။ သူတပါးတို့နှင့် ဆက်ဆံရသည်များ လှ၍။ အနည်းငယ်ခဲရင်းတတ်ကြ၏။ ထို့ကြောင့် ထိုသူတို့နှင့် ဝေးကွာသော အရပ်များ၌။ သွား၍ သင့်လျော်ပေသည်။ ရင်းအရပ်မျိုးတို့ကို မရနိုင်ခဲ့သော် တပါးသူသို့ လာသော်လည်း။ မတွေ့မဆုံနိုင်ရန်။ စာများရောက်သော်လည်း မိမိကိုမပေးရန်။ ဆိုခဲ့သော မိဘ ဘိုးဘွား စသည်တို့နှင့် စင်သော။ အကောင်း အဆိုး။ အမျိုးမျိုးသော အကြောင်းတို့ကို။ မကြားမသိနိုင်စေရန် နေရာကျ အောင်စီမံ၍ ထားရာ၏။ တရားကို အာရုံအားထုတ်နေသော၊ အပေါင်းအ ဘော်များမှာ။ မိဘ ဘိုးဘွားစသည် ဖြစ်သော်လည်း၊ ပလိဗောဓ အရာမ ဟုတ်ပေ။ ထိုကဲ့သို့ တရားကိုအားထုတ်နေရာ၌၊ အာရုံတကွ တရားကိုအား မထုတ်ခဲ့လျှင်၊ မိဘ ဘိုးဘွားကိုပင်။ ပလိဗောဓကြီးသို့ ပါဝင်ကြလေကုန်၏။ ဤသို့ ပလိဗောဓ ပယ်ဖြတ်ရခြင်းသည်။ ကမ္မဋ္ဌာန်းကို အားထုတ်နေသော အခါ၌သာ ပယ်ဖြတ်ရခြေသည်။ တပါးသော အခါတို့၌ ပယ်ဖြတ်ရမည် မဟုတ်ပေ။ ဤကား-ပလိဗောဓကြီး ဆယ်ပါးတို့ကို။ အမြွက်မျှ ပြဆိုသော စကားရပေတည်း။

## (၇) ပလိဗောဓငယ် ၅ပါး ထင်ရှားအောင် ပြခြင်းကဏ္ဍ။

ခုဒ္ဒကပလိဗောဓ ရပင်နှောင်ကတွာ။ စသည်ဖြင့်၊ ဝိသုဒ္ဓိမဂ်၌-ကြောင့် ကြာဘွယ်ဟူသော ပလိဗောဓငယ် ၅ပါးလာ၏။ အဓိပ္ပါယ်ကား။

(၁) ရှည်သော ဆံပင်-ရတ်ဆိတ်-လက်သည်း-ခြေသည်းတို့ ကိုပယ်အပ်၏၊

(၂) ဆွေးမြေ့ ရပ်ပြတ်သော သင်္ကန်း အဝတ်စသည်များကို၊ ခိုင် မြဲအောင်ဖါထေး စပ်ချုပ်ခြင်းကို ပြုအပ်၏။

(၃) ဟောင်းနွမ်း ညစ်ပေသော၊ သင်္ကန်း အဝတ်စသည်များကို။ ဖွတ်လျှော် ထပ်ဆိုးလိပ်နယ်ခြင်းကို ပြုအပ်၏၊

(၄ အညစ်အကြေး တင်သော သပိတ်များကို စဉ်ကျယ်အောင်

ခိုးပုတ်ခြင်းစသည်ကိုပြုလုပ်အပ်၏။ ။

(၅) အိပ်ရာ-ခုတင်-အင်းပြင်-ညောင်စောင်း-စသည်ကို။ ပြုပြင်အပ်၏။ ။ လူများမှာလည်း၊ခေါင်းဆေးလျှော်ခြင်း။စသောစပ်ဆိုင်ရာကြောင့်ကြဘွယ်အမှုငယ်များကို၊ပြုပြင်၍ထားအပ်၏။ ဤဆိုခဲ့ပြီးသောကြောင့်ကြငယ်တို့ကို၊ ကမ္ဘဋ္ဌာန်းအလုပ်သို့မဝင်မှီ။ပြုပြင်စီမံထားပြီး၍။ နောင်ကမ္ဘဋ္ဌာန်း၊ အားထုတ်သည့်အခိုက်။ ပေါ်ပေါက်ဆိုက်ရောက်လာသောအမှုငယ်များအတွက်။ ကမ္ဘဋ္ဌာန်းနှင့်တွဲဘက်၍မပျက်အောင်မှတ်၍သွားနိုင်လောက်ပြီ၊ကမ္ဘဋ္ဌာန် ဝိပဿနာကိုရှုမှတ်သော။လိုက်စဉ်ကိုရိပ်မိသောအခါမခဲရင်းပေ။အချို့မှာ။ ၂ရက်၃ရက်နှင့်ပင်၊ သိမြင်၍သဘောကျတတ်ပါ၏ အချို့မှာ၊၁၀ရက်၊၁၅ရက်။တလခန့်ရှိမှရုပ်နာမ်နှစ်ပါး၊ဝိပဿနာထင်ရှား၍။ မဂ်ဖိုလ်နိဗ္ဗာန်တရားကို။သိမြင်ကြပေသည်။ တလတက်ပိုလွန်၍သိမြင်သောသူသည် နည်းပါးပါ၏။ စမ်းသင်အားထုတ်ကြည့်ပါလျှင်။၅ရက်လောက်နှင့်ပင်ဥာဏ်ထင်မြင်၍ ပေါက်ရောက်တတ်ပေသည်။

ဤကားကြောင့်ကြဘွယ်ဟူသောပလိဗောဓငယ်၅ပါး၏အဓိပ္ပါယ်စကားရပေတည်း။ ။

## (၆) ၁၈-ရပ်အပြစ်နှင့်စပ်သောကျောင်းကို ပြခြင်းကဏ္ဍ။

ကြီး-သစ်-အိုလမ်း-ချီးမွမ်း-ထုံးပွင့်-သီးနှင့်-လယ်ဟင်း-မြို့ထင်းဆိုင်မှန်-ကြပ်စွန်-ဘေးကင်း။ ဆဲ့ရှစ်ခင်းရှောင်ကွင်းဝေးဝေးခွါဟူသောလင်္ကာဖြင့်မှတ်အပ်၏။ ။

၁) ကြီးကား-နာနစ္ဆန္ဒ။ဝိဝါဒ၊များသောကျောင်းတိုက်ကြီး။ ။

(၂) သစ်ကား-နဝကမ္မများသောတိုက်သစ်။ ။

(၃) အိုကား-အပျက်အစီးများသောတိုက်အို။ ။

(၄) လမ်းကား-လမ်းခရီးနီးသောကျောင်း၊ ။

(၅) ချီးမွမ်းကား-လူရုံချီးမွမ်းသောကျောင်း။ ။

(၆) ထုံးကား-လူရှင်ရေပန်း။ ရေခွမ်းရဆိုင်။ ထုံးအိုင်ရေကန်၊ နီးသောကျောင်း။ ။

(၇) ပွင့်ကား-ပန်းတောပန်းပွင့်ရှိသောကျောင်း။ ။

(၈) သီးကား-သစ်သီးရှိသောကျောင်း။ ။ ။

(၉) လယ်ကား-လယ်တောနီးသောကျောင်း။ ၊
(၁၀) ဟင်းကား-ဟင်းရွက်တောနီးသောကျောင်း၊ ၊
(၁၁) မြို့ကား-မာတုကာမစသည်ဆွေလျောင်း။မြို့နီးကျောင်း။ ။
(၁၂) ထင်းကား-ထင်းတောနီးသောကျောင်း။ ။
(၁၃) ဆိပ်ကား-ညှော်သည့်လာအိပ်၊ ကုန်းဆိပ်။ ရေဆိပ်။ နီးသော ကျောင်း။ ။
(၁၄) ရန်ကား-ဝိသဘာဂရဟန်းရန်သူရှိသောကျောင်း။ ၊
(၁၅) ကြပ်ကား-မင်းဘေးနီးစပ်၊တိုင်းကြပ်ရွာကိုမှီသောကျောင်း။
(၁၆) စွန်ကား-သဒ္ဓါနည်းပါး၊ တိုင်းစွန်ပြည်နား။ ရွာကိုမှီသော ကျောင်း၊ ။
(၁၇) ဘေးကား-မာတုကာမဘေး၊ ဘီလူးဘေး။ စသည်များသော ကျောင်း၊ ။
(၁၈) ကင်းကား-သီလ၊သမထဝိပဿနာ။ ပြည့်စုံအောင်၊ ဆုမ္မနိုင် သောဆရာကင်းသောကျောင်း။ ၊

ဤကား-အပြစ်ဒေါသ-၁၈-ရပ်ရှိသောကျောင်းတို့ပေတည်း၊ ကမ္မဋ္ဌာန်းအားမထုတ်မှီရှေးအဘို့ကကြိုတင်၍။ ပယ်ရှားကြပါလေကုန်၊

## (၉) အသပ္ပါယ။ခုနှစ်ပါးကိုအဓိပ္ပါယ်သွားနှင့်။ ထင်ရှားအောင်ပြခြင်းကဏ္ဍ။

ထို့ပြင်။ကမ္မဋ္ဌာန်းအားထုတ်ခြင်းနှင့်ဆိုင်ရာ။ပလိဗောဓကြီး။ဆယ်ပါး ပလိဗောဓငယ်၅ပါးတို့အပြင်။ အသပ္ပါယ။ခုနှစ်ပါး။သပ္ပါယ။ခုနှစ်ပါးအခြားရှိကုန်၏။ထို-၁၄-ပါးတို့တွင်။ ကမ္မဋ္ဌာန်းနှင့်ဆန့်ကျင်ဘက်ဖြစ်သော အသပ္ပါယခုနှစ်ပါးကို၊အဓိပ္ပါယ်စာသွားနှင့်။ထင်ရှားအောင်ပြခြင်းမှာ၊ ၊

(၁) အကြီးအငယ်။အနိမ့်အမြင့်။ ပရိသာတ်နှင့်အနီးအဝေး။အခွံ့ တိုက်၊သစ်ဝါးအခွံ့ကျတ်။သွတ်သက်ငယ်ခနိမိုး။ ဤသို့စသော အဆောက် အဦးမျိုးတို့တွင်။သဘောမကျသောအဆောက်အဦးမျိုးသည် ဝိပဿနာ အာရုံနှင့်၊ ဆန့်ကျင်ဘက်ဖြစ်အောင်၊ စိတ်ဝိတက်ပြန့်ပွါးတတ်သော ကြောင့်။အသပ္ပါယအာဝါသမည်၏။ ၊

(၂) ဆွမ်းခံရွာလမ်းခရီး။ မြို့ရွာနီး။ ရပ်ကွက်တို့တွင်။ ဝိပဿနာ အန္တရာယ်များ၍၊ပျက်ပြားလွယ်တတ်သောလမ်းခရီးမြို့ရွာရပ်ကွက်မျိုး

သည်။အသပ္ပါယဂေါစရမည်၏၊ ။

(၃) ဝိပဿနာ၌အလိုရှိသောသူအား၊ သမထသက်သက်နှင့်စပ်သည့် စကား၊တိရစ္ဆာနကထာစသည်များကို၊ ပြောဆိုခြင်းစကားမျိုးသည် အသပ္ပါယဘဿမည်၏၊ ဤဘဿဟူသောအရာ၌။မလျော်ပတ်သော စကားကို။ရှောင်ကျဉ်ရမည်ဟု။ပါဠိတော်၌ဆို၏၊မဟာသတိပဋ္ဌာနသုတ် သဒ္ဓမ္မဇောတိကဋီကာ။ဘာသာဋီကာအရ။ပြောဆိုသည်ကို။သိရမည်ဆို၏။ ထိုသို့ဆိုခြင်းသည်။လျော်ပတ်သောစကားတို့ကိုသာ။သိရမည်ဆိုလိုသည်ဟုမှတ်။

အဘယ်ကြောင့်ဆိုသော်။ဤဝိပဿနာ။အားထုတ်သောအခါမှာ တရား၊ဟောပြောခြင်းများသည်ပင်။ ပလိဗောဓကြီးဆယ်ပါး၌၊ ပါဝင်ကြောင်းကို။ဟောတော်မူသောကြောင့်တည်း၊ ။

(၄) နှလုံးသွင်းစရိုက်ဆန့်ခြင်း၊မတူမျှသောသူတို့နှင့်။အတူတကွနှီးကပ်ဆက်ဆံ၍ပေါင်းဖြိုးနေထိုင်ရခြင်းမျိုးသည်၊အသပ္ပါယပုဂ္ဂလမည်၏

(၅) အချို-အချဉ်-အစပ်-အငန်-အဖန်-အခါးစသောအာဟာရ ၆-ပါးများတို့တွင်။ အလိုမရှိသော၊ အစာအာဟာရမျိုးသည်။ အသပ္ပါယဘောဇနမည်၏၊ ။

(၆) ပူသောအရပ်ချမ်းသောအရပ်။ စသည်တို့တွင်၊ မညီမညွတ်မမျှသော၊အရပ်ဒေသမျိုးသည်၊အသပ္ပါယဥတုမည်၏၊ ။

(၇) လျောင်းထိုင်ရပ်သွား၊လေးပါးသော။ဣရိယာပုထ်များတို့တွင် စိတ်ကြည်လင်စွာနှင့်။ ကာလရှည်ကြာမနေနိုင်ပါသော။ ဣရိယာပုထ်မျိုးသည်၊အသပ္ပါယအိရိယာပထမည်၏၊ ။

ဤကား-အသပ္ပါယအမိပ္ပါယ်-၇-ပါးတည်း၊ အသပ္ပါယ ၇-ပါးဟူသည် ကမ္မဋ္ဌာန်းအားထုတ်သူ၏စရိုက်နှင့်မတိုက်ဆိုက်၍ရောင့်ရဲတင်းတိမ်ခြင်းမဖြစ်သည်ကိုဆိုလိုသည်။ ဤကဲ့သို့အာသာမပြေ၊ စိတ်မကြေနပ်ရှိနေသောသူအား၊ တရားအလုပ်၊ ဆုတ်ယုတ်ဖင့်နွှေး။လေးကန်၍နေတတ်လေသည်၊ ထို-၇-ပါးသောအသပ္ပါယတို့တွင်။ ဘောဇဉ်အစာအာဟာရတို့မျှတ။မလျော်ပတ်၍။ တရားလမ်းတန့်ရပ်ရှည်ကြာခဲ့သောအကြောင်းများကိုအောက်၌တော်ပြထားသော၊မာတိကာဝေကာမကြီး၏ဝတ္ထုကိုထောက်ရှု၍သိအပ်ပေသည်။ ။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်၊ သာဝတ္ထိပြည်၊ဇေတဝန်ကျောင်းတော်၌၊ သီတင်းသုံးနေတော်မူသောအခါ၊ကောသလမင်းကြီး၏၊ စိုးပိုင်ရာဖြစ်သော၊ တောင်ခြေ

တွင်။မာတိကာခည်သောရွာကြီး၌။မာတိကာခါတာမည်သောဥပါသိကာမ
ကြီးတယောက်ရှိလေ၏။ ထိုရွာကြီးကိုဆွမ်းအမှီပြု၍။ ၎င်းရွာတောင်ခြေ
ပဗ္ဗာတန်းတွင်၊ ခြောက်ကျိပ်သောရဟန်းတို့သီတင်းသုံး၍။ ကာယာနုပ
ဿနာသတိပဋ္ဌာန်ဖြစ်သောဒွတ္တိံသကမ္မဋ္ဌာန်းကို။ ကြိုးပန်းအားထုတ်ကြ
လျက်၊ ဆွမ်းစားခါင်မှ။ ထွက်သွားကြသော်။ အပေါင်းအဘော်မရှိဘဲ။
သစ်ပင်ရင်းစမ်းချောင်တောင်ကြားစသည်တို့၌။တပါးစီသာနေကြကုန်၏

ထိုအခါ။မာတိကာတကာမကြီးသည်။ပစ္စည်းလေးပါးတို့ဖြင့်။ထောက်
ပံ့လှူဒါန်း၍။ ခြောက်ကျိပ်သောရဟန်းတို့အား။ ခစားမပြတ်။ ဆည်း
ကပ်ကိုးကွယ်၍နေ၏။တနေ့သန္နိပါတ်၊ညနေချမ်းအချိန်တွင်ကျောင်းသို့လာ
ရာ။တပါးစီသါနေသော်ရဟန်းများကိုတွေ့မြင်လေသော်အချင်းချင်းမသင့်
ဖြစ်နေကြသည့်ထင်၍၊လျှော်ထားလေ၏။ ရဟန်းတရားကိုအားထုတ်၍နေ
ကြောင်း။အဒိန္နရှိသောအခါ လူဖြစ်သောသူများလည်း အားထုတ်၍ရနိုင်
ပါကအလိုရှိပါသည်ဟုလျှော်လေသဖြင့် ဒွတ္တိံသကမ္မဋ္ဌာန်းကိုပင်။သင်
ကြားပေးလိုက်၍။ ၎င်းတရားကိုမပြတ်၊အခါခါ။အထပ်ထပ်။ လျှော်ပတ်
သောအခါ၌။အားထုတ်၍နေလေ၏။ဤသို့ကျိုးကုတ်အားထုတ်နေရာ၊ မာ
တိကာတကာမကြီးသည်။ မကြာမှီပင်အနာဂါမ်တည်၍ အဘိညာဉ်သ
မာပတ်နှင့်တကွ။ ပြည့်စုံသဖြင့်။ ခြောက်ကျိပ်သောရဟန်းတို့၏စိတ်ကို၊
အဘိညာဉ်နှင့်ရှုကြည့်လေလျှင်။ ပုထုဇဉ်ချည့်။ ဖြစ်ကြောင်းကိုသိမြင်၍။
ရှေးဦးစွာအားထုတ်ကြပါလျက်။ ဘယ်အတွက်မဂ်ဖိုလ်ကို၊ မရနိုင်ကြသ
နည်းဟု၊အကြောင်းကိုဆင်ခြင်ပြန်သော်၊ အချို-အချင်-စသောအာဟာ
ရတို့တွင်။အလိုရှိသောအရသာကို။မမှီဝဲရသဖြင့်။ ရောင့်ရဲတင်းတိမ်ခြင်း
မရှိကြ၍။အာသာမပြေစိတ်မကြေသောကြောင့်၊ရက်လတာရှည်။ကြာနေ
သည်ကိုသိမြင်လေ၏၊ထိုအခါတကာမကြီးသည်။ရဟန်းတို့၏။စိတ်အကြံ
ကိုသိရန်။ အဘိညာဉ်ကိုမကြာမကြာဝင်စား၍။အလိုရှိသော။ အစာအာ
ဟာရများကိုသာလှူဒါန်းလေ၏။ ဤတကာမကြီးပြုရလှူဒါန်းသော
ဆွမ်းအစရှိသော အာဟာရများကို။မှီဝဲသုံးဆောင်ပြီးလျှင်၊ တရားကိုအား
ထုတ်ကြသဖြင့်၊ မကြာမှီပင်၊ ကိစ္စပြီးမြောက်ကြ၍၊ ရဟန္တာအဖြစ်သို့၊
ရောက်ကြလေကုန်၏၊ ၊

ဤဝတ္ထုများကိုထောက်ထား၍။တရားအားထုတ်ကြသောပုဂ္ဂိုလ်
တို့သည်။ ပြုရလုပ်ကျွေးသောသူတို့အား။ ပြောနိုင်ခွင့်ရလျှင်၊ပြောထားရ

၏၊ ပြောနိုင်ခွင့်ရလျှက်။ အားနာဘက်၍၊ မပြောဘဲနေခဲ့သော်။ ပြု ရလုပ်ကျွေးသောသူတို့က။ ပုဂ္ဂိုလ်စရိုက်နှစ်ချိုက်သော။ အစာအာဟာရများကို သိအောင်ကြံဘန်၍။ စိမ်ပြုပြင်ရလေသည်၊ လိမ္မာပါးယားသောအလုပ်အကျွေးများလို့လှ၏။ ဤအချက်များကို။ တရားအားထုတ်သောသူ။ ပြုရလုပ်ကျွေးသောသူဘို့ သတိဖြစ်ခဲ့လှသဖြင့်၊ အခွင့်ရလျှင်နေရာကြအောင် ပြုလုပ်စေခြင်းငှါ။ မာတိကာတကာမကြီး၏ဝတ္ထုကို။ အဖြက်မျှထည့်သွင်း၍ပြဆိုလိုက်ပေသည်။ ။

## (၁၀) သပ္ပါယ–ရ–ပါးကို။ ဂါထာနှင့်ထင်ရှားစွာ ပြခြင်းကဏ္ဍ။

အာဝါသောဂေါစရောဘဿံ။ ပုဂ္ဂလောဘောဇနံဥတု။ ဣရိယာပထောဘိသတ္တေ၊ တေသပ္ပါယေသေဝေယျ တာ။ ။

အဋ္ဌကထာပါဌ်။ ။

အနက်။ ။အာဝါသော။ သမာဓိပသာနာတရားတိုးပွားကြောင်း၊ အင်္ဂါ–၅–ပါးနှင့်ပြည့်စုံသောကျောင်းရင်း။ ဂေါစရော၊ သမထဝိပဿနာတိုးပွါးကြောင်း။ဆွမ်းခံရွာရင်း။ဘဿံ၊သမထဝိပဿနာတိုးပွါးကြောင်းကထာဝတ္ထုဆယ်ပါးရင်း၊ ပုဂ္ဂလော၊ သမထဝိပဿနာတိုးပွားကြောင်း။ ကထာဝတ္ထုစကားဆယ်ပါးကိုပြောသောပုဂ္ဂိုလ်ရင်း။ဘောဇနံ။သမထဝိပဿနာတိုးပွားကြောင်း၊ ဘောဇဉ်ရင်း။ဥတု။သမထဝိပဿနာတိုးပွားကြောင်း၊ဥတုရင်း။ ဣရိယာပထော၊ သမထဝိပဿနာတိုးပွားကြောင်း၊ဣရိယာပုထ်ရင်း။ဣတိ၊ဤသို့။သတ္တ၊ခုနှစ်ပါးကုန်သော။တေသပ္ပါယေ၊ ထိုမဂ်ဖိုလ်ရကြောင်းဖြစ်သော၊ သမထဝိပဿနာအား၊ လျှောက်ပတ်သော။ သပ္ပါယတို့ကို။ပဋိသေဝေယျ တာ၊ သံသရာဘေးလာမည့်ရေးကို။ မြော်တွေးကြောင်ဘိအိုပညာရှိ၊ တွံ၊သင်သူတော်ကောင်းသည်၊သေဝ၊အမတနိဗ္ဗာန်၊ ဘေးဘယကင်းဝေး။ အမြိုက်ဆေးကို။ တိုက်ကျွေးသည့်အခါ၊ မှီဝဲလိုက်ပါလော။ ။ ( ထိုအင်္ဂါ–၅–ပါးနှင့်ပြည့်စုံသောကျောင်းကိုပြသည်မှာ၊ ) ဆွမ်းခံရွာကျေး။မဝေးနီးမော။မရောလူရှင်။မှက်ခြင်မြွေနည်း။ ပစ္စည်းမိတ်ဆွေ၊ ရလွယ်လေ–၅–တွေကျောင်းအင်္ဂါ၊ဟူသောလက်ာဖြင့်မှတ်။ ။ ပစ္စည်းကား။မပေါလွန်းမရှားလွန်း။မိတ်ဆွေကား။သီလ–သမာဓိ–ဝိပဿနာပညာကို၊ ပြောဆိုဆုံးမနိုင်သောကလျာဏမိတ္တ။ အကြွင်းသိသာလော

ပြီ၊ ။ဤသို့တနည်းမှတ်။ ။

## (၁၁) ကထာဝတ္ထုဆယ်ခုစုဍ် ပြသောကဗျာ။

အပ္ပိစ္ဆတာစသန္တုဋ္ဌိ။ပဝိဝေကာအသံသဂ္ဂါ။ ဝိရိယာရမ္ဘာသီလာ ိ။ကာဿာယံဒသဝတ္ထုကာ။ ။အဌကထာ။

အနက်၊ ။အပ္ပိစ္ဆတာစ၊ အလိုနည်းခြင်းနှင့်ပစ်သောစကားရင်း။ သန္တုဋ္ဌိစ၊ပစ္စည်း၌ရောင့်ရဲလွယ်ခြင်းနှင့်ပစ်သောစကားရင်း၊ပဝိဝေကာ ကာယဝိဝေကစသော၊ဆိတ်ငြိမ်ခြင်းနှင့်ပစ်သောစကားရင်း။ အသံသဂ္ဂါ။ ကာမဂုဏ်နှင့်မရောမယှက်။ဒဿနသံသဂ္ဂစသည်ကင်းသေါစကားရင်း။ဝိရိယာရမ္ဘာ။တရားကိုလုလ္လအားထုတ်ခြင်းနှင့်ပစ်သောစကားရင်း။သီလာဒိ သီလကထာစသော သမာဓိကထာ၊ပညာကထာ၊ဝိမုတ္တိကထာ။ဝိမုတ္တိ ဉာဏ။ဒဿနကထာ။ ငါးပါးရင်း။ အယံ ။ဤဆယ်ပါးသောစကားသည်။ ဒသဝတ္ထုကာ။ဆယ်ပါးသောဝတ္ထုရှိသော။ ကထာစကားကောင်းမည်၏။

ကထာလက်ာ ါကဗျာအချုပ်က ။ ။နည်း-ရဲ-ဆိပ်-ကင်း-ထုတ်ခြင်း-သီ-မာ-တိပညာ-ကထာဆယ်ဝတ္ထုဟူသည်တည်း။

နည်းကား။ပစ္စည်းအာရုံ၊ကာမဂုဏ်ငါးပါး၌။ အလိုနည်းခြင်းနှင့်စပ်သောစကား။ရဲကား၊ ပစ္စည်းလေးပါးတို့၌။ ရောင့်ရဲခြင်း-၁၂-ပါးနှင့်စပ်သောစကား၊ဆိတ်ကား။ကာယဝိဝေကစသောဆိပ်ငြိမ်ခြင်းနှင့်စပ်သောစကား။ ကင်းကား။ ကာမဂုဏ်နှင့်မရောမယှက်။ ဒဿနသံသဂ္ဂစသည်ကင်းသောစကား၊ ထုတ်ခြင်းကား။တရားကို အားထုတ်ခြင်းနှင့် စပ်သောစကား။သီကား၊ သီလနှင့်စပ်သောစကား။ မာကား။ သမာဓိနှင့်စပ်သောစကား။တိပညာကား။ဘာဝနာမဂ်ပညာနှင့်စပ်သောစကား၊ ဖိုလ်ပညာနှင့်စပ်သောစကား။ ပစ္စဝေက္ခဏာပညာနှင့်စပ်သောစကား။ ။ဤကား ကမ္မဋ္ဌာန်းကို အားထုတ်သောသူတို့ ပြောဟောအပ်သော။ ကထာဝတ္ထုဆယ်ခုဟုလာ၏၊သို့သော်၊ဝိပဿနာကမ္မဋ္ဌာန်းကိုအားထုတ်သော၊ ယောဂီပုဂ္ဂိုလ်တို့သည်။ မီးပွတ်သောယောက်ျားကဲ့သို့။ မနေမနားအားထုတ်ခြင်းကိုပြုသောအခါ။ဤကထာဝတ္ထုဆယ်ခုကို၊ပြောမှုမလိုမှတ်ရာ၏။ ။

## (၁၂) ကျောင်းအင်္ဂါ-၅-ပါးကို ထင်ရှားအောင်ပြခြင်းကဏ္ဍ၊

ကထဉ္စဘိက္ခဝေသေနာသနံပဥ္စင်္ဂသမန္နာဂတံဟောတိ၊ ။ ဤသို့ပြသောကြောင့်။ကျောင်းအင်္ဂါ-၅ပါးကို၊ ဝိသုဒ္ဓိမဂ်၌ဆို၏။အဓိပ္ပါယ်ကား

(၁) သွမ်းခံရာမဝေးလွန်းမနီးလွန်းရှိခြင် ။ ၊
(၂) နေ့အခါလူအဝင်အထွက်၊ပရိသာတ်မရောမယှက်မထူမများမရောပြွမ်း၍။ညအခါ။ ငယ်သောကလေးစကားပြောသံ၊ ကျယ်လောင်သောကြွေးကျော်သံမရှိ၊၊နည်းပါးခြင်း၊ ၊
(၃) မှက်ခြင်လေပူနေပူ၊မြွေကင်း။သစ်ကျားစသောဘေးရန်မရှိနည်းပါးခြင်း။ ။
(၄) ပစ္စည်းလေးပါးအတွက်၊ မခက်ခဲမညိုညင်ဘဲ၊ ရောင့်ရဲမျှတနိုင်ရန်ရလွယ်ခြင်း၊ ။
(၅) ရုပ်နာမ်ဓမ္မပရမတ္ထသဘာဝကို၊ ကျနအောင် ဝေဘန်ခွဲခြမ်း၍၊ ဟောပြောပြသခြင်းငှာစွမ်းနိုင်သောဆရာရှိခြင်း။ ၊ဤ-၅-ပါးတို့ပင်တည်း။ ။

ကမ္မဋ္ဌာန်းဆရာဟူသည်မှာ၊ ၄-ကဏ္ဍာအပိုဒ်၌ပြခဲ့သော နည်းအတိုင်း။ သဒ္ဓါရှိသသံသေ ၁ဟုဆိုအပ်သော။ ဆရာတို့ကိုရှာမှီး၍အားထုတ်ရာ၏၊ ၊

ဤလောကထဲ၌။ပြောသံဆိုသံအမျိုးမျိုးတို့ကို၊ ကြားဘူးသောသူဖြစ်အံ့၊အရပ်တပါးသို့တခါတခေါက်မျှ။ မသွားဘူးမရောက်ဘူးသောသူသည်၊တပါးသောအရပ်ဒေသ၌။ ဖြစ်ပျက်နေသောအခြင်းအရာတို့ကို၊ မတွေ့ရမမြင်ရပါသောကြောင့်မသိ၊ မောင်ဖြူ၊ မောင်မဲစသောသူများတို့ကိုလည်း။ မတွေ့ရမမြင်ရ၍မသိနိုင်သလို၊ အရပ်တပါးသို့တခါတခေါက်သွားဘူးရောက်ဘူးသောသူသည်၊ တပါးသောအရပ်ဒေသ၌၊ ဖြစ်ပျက်နေသောအခြင်းအရာတို့ကို၊တွေ့ရမြင်ရသောကြောင့်သိ၏ မောင်ဖြူမောင်မဲစသောသူများကိုလည်း၊ကိုယ်တိုင်တွေ့ရမြင်ရ၍သိသလို။ ၊မသွားဘူးမရောက်ဘူးသောသူကို၊ တပါးသောအရပ်ဒေသ၌၊ ဖြစ်ပျက်နေသောအခြင်းအရာတို့ကိုမေးပါလျှင်၊ မရောက်ဘူးသည်အတွက်။ ကွက်ကွက်ကွင်းကွင်း။ရှင်းလင်းအောင်မပြောနိုင်ပါ၊ မောင်ဖြူမောင်မဲစသောသူများ

ကိုမေးပါလျှင်လည်း၊ ထိုသူတို့၏မျက်နှာကိုမတွေ့ရမမြင်ရသောကြောင့်၊ ဖြူတာကိုလည်းမသိ။ မဲတာကိုလည်းမသိ။ မြင့်တာကိုလည်းမသိ၊ နိမ့်တာကိုလည်းမသိဘဲ၊ အလွဲလွဲအချော်ချော်၊ မချော်သောစကားများကိုရန်းဆ၍ အမှန်နှင့်ပြောရသလို၊ သွားဘူး၊ ရောက်ဘူး။ တွေ့ဘူး မြင်ဘူးသောသူကို။ တပါးသောအရပ်ဒေသ၌၊ ဖြစ်ပျက်နေသောအခြင်းအရာတို့ကိုမေးပါလျှင်။ ကိုယ်တိုင်တွေ့ခမြင်ရသည်အတွက်၊ ကွက်ကွက်ကွင်းကွင်း။ ရှင်းလင်းအောင်ပြောပြနိုင်သည့်အပြင်၊ မောင်ဖြူမောင်မဲစသောသူတို့ကိုမေးပါလျှင်လည်း၊ ထိုသူတို့၏မျက်နှာကို တွေ့ခမြင်ရသောကြောင့်။ ဖြူတာကိုလည်းသိ၏။ မဲတာကိုလည်းသိ၏။ မြင့်တာကိုလည်းသိ၏။ နိမ့်တာကိုလည်းသိ၏။ သွားလမ်းကိုလည်းပြောတတ်၏။ ပြန်လမ်းကိုလည်းပြောတတ်သလို။ ထိုထိုသို့ပြခဲ့သောဥပမာနှင့်အတူ။ ၊တပါးသောအရပ်ဒေသသို့၊မသွားဘူးမရောက်ဘူးသောသူသည်၊မိမိအရပ်ကပြောသံဆိုသံအမျိုးမျိုးတို့ကို။ကြားဘူးသောသူနှင့်။စာပေကျမ်းဂန်အရပ်ရပ်တို့ကို။ နှံ့စပ်အောင်တတ်သောသူနှင့်တူ၏ တပါးသောအရပ်ဒေသသို့။မသွားဘူးမရောက်ဘူးသောသူနှင့်။တရားကိုအားမထုတ်ဘူးသေး၍။ သတိပြုပုံ–နှလုံးသွင်းပုံ–ရှုပုံ မှတ်ပုံဟုဆိုအပ်သော နည်းများတို့ကိုမရသည်အတွက်။ ရုပ်နာမ်တို့နှင့်တကွ။ ယထာဘူတကိုယ်တိုင်မတွေ့မမြင်ရ၍။ အဖြစ်အပျက်တို့ကိုအမှန်မသိသောသူနှင့်တူ၏။ တပါးသောအရပ်ဒေသသို့၊ သွားဘူးရောက်ဘူးသောသူနှင့်။တရားကိုအားထုတ်ရ၍။ သတိပြုပုံ–နှလုံးသွင်းပုံ–ရှုပုံ–မှတ်ပုံတို့ကို။ ဆရာ၏ဥပနိသျှနည်းရသည်အတွက်။ ရုပ်နာမ်တို့၏ဖြစ်ပျက်ပုံနှင့်တကွ၊ ယထာဘူတကိုယ်တိုင်တွေ့မြင်ရ၍။အမှန်သိသောသူနှင့်တူ၏။ ။ဤဥပမေယျကဲ့သို့၊ပရိယတ်ကျမ်းဂန်ကျွမ်းကြင်၍ ။သုတမယဉာဏ်အမြင်ပူး၍ရှိသော၊ဗဟုသုတဂန္ထ ရပုဂ္ဂိုလ်ကြီးပင်ဖြစ်စေကာမူ။မိမိဉာဏ်၌မထင်မြင်မပေါက်ရောက်၊ နည်းလမ်းလောက်မျှကိုပင်မရဘူးသော်။ ဝိပဿနာအားထုတ်သည့်လုပ်ငန်းများကို။ မေးမြန်းခဲ့လျှင် ပမ်းတဝါးဝါး။ ဉာဏ်ရောင်မှား၍၊ရှေ့နောက်စကားမညီညွတ်ဘဲ ပရမတ်သဘောမှလွတ်သော ပညတ်စကားမျှကိုသာ။ပြောကြားမိတတ်လေ၏။ ပရိယတ်ကျမ်းဂန်ကို။ သင်အံလေ့ကျက်ခြင်းမရှိသော်လည်း။မိမိဉာဏ်တွင်ထင်မြင်ပေါက်ရောက်၍၊ဆရာထံမှာကမ္မဋ္ဌာန်းနည်းလမ်းကိုတောင်းခံပြီးမှ။အားထုတ်ဘူးသူဖြစ်ခဲ့ပါလျှင်၊ဝိပဿနာလုပ်ငန်းကိုမေးမြန်းပါမူ။ခွဲခြမ်းစိတ်ဖြာ၍။ သေချာရှင်းလင်းစွာသဘာဝဓမ္မကိုကျနအောင်ပြောပြခြင်းငှါစွမ်းနိုင်လေသောကြောင့်

မခဲယဉ်းပေ။ ထို့ကြောင့်ဘုရားနှင့်ရဟန္တာကို၊ ကမ္မဋ္ဌာန်းဆရာမနေ့မှအောက် ဖြစ်သော၊ ပုဂ္ဂိုလ်တို့သို့ရောက်အောင်။ ညွှန်ပြရပေသည်။ လူများမှာလည်း၊ အင်္ဂါ-၅-ပါးပြည့်စုံရန်နည်းလမ်း၌။ ရဟန်းများနှင့်မထူးလှပေ၊ ပစ်ဆိုင်ရာများကိုပြုလုပ်အားထုတ်ရန်၊ လွယ်ကူလေတော့သည်။ ဤသို့ပြဆိုသော၊ နည်းလမ်းအလျောက်။ ကမ္မဋ္ဌာန်းဆရာတင်မြှောက်ရသေးသည်ဟူလို။ ၊

## (၁၃) ကမ္မဋ္ဌာန်းတောင်းနည်းအချက်ကို။ အမြွက်မျှပြဆိုသောကထာ၊

ကမ္မဋ္ဌာန်းတောင်းနည်းပေးနည်းများသည်၊ ဝိသုဒ္ဓိမဂ်၌လာသည့်အတိုင်း၊ ရှေးရှေးသောဝိပဿနာအခန်းကို၊ ဘွင့်ပြတော်မူသောကျမ်းဂန်များ၌ပါရှိကြသဖြင့်၊ တွေ့ဘူးကြားဘူးသူ။ များကြလေသောကြောင့်။ အကျယ်မပြဘဲ၊ လှစ်သျှူရှုထားလိုက်ပါသည်။ အကျဉ်းအားဖြင့်၊ မိမိကိုယ်ကို၊ ကမ္မဋ္ဌာန်းဆရာတို့သို့အပ်နှင်း၍။ ရှိခိုး ပြီးမှ၊ ။

နိဗ္ဗာနသစ္စာမေဘန္တေသစ္ဆိကရဏတ္ထာယဝိပဿနာကမ္မဋ္ဌာနံဒေဟိ။ ၊

ဘန္တေ၊ အရှင်ကမ္မဋ္ဌာန်းဆရာ၊ မေ၊ အကျွန်ုပ်အား၊ နိဗ္ဗာနသစ္စာ၊ နိဗ္ဗာန်ချမ်းသာကြီးကို။ သစ္ဆိကရဏတ္ထာယ၊ မျက်မှောက်ပြုပါရခြင်းအကျိုးငှာ။ ဝိပဿနာကမ္မဋ္ဌာနံ။ ဝိပဿနာကမ္မဋ္ဌာန်းကို၊ တွံ၊ အရှင်ကမ္မဋ္ဌာန်းဆရာသည်။ ဒေဟိ။ ကရုဏာရှေ့ထား၍၊ ပေးသနားတော်မူပါလော။ ။

အဓိပ္ပါယ်မှာ၊ ။ ဆရာတင်မြှောက်မှ။ တပည့်ကိုပေါက်ရောက်အောင်။ ဟောပြောဆုံးမနိုင်ပေသည်။ ဆရာမတင်မမြှောက်လျှင်။ သဒ္ဓါရှိသသံသေ ဝဆိုဘဲ့၊ ကလျာဏမိတ္တမရှိသေးသေးသောကြောင့်။ ကမ္မဋ္ဌာန်းအထမမြောက်၊ တဲ့ယောက်ထည်းလည်းမဖြစ်။ ဆရာမတင်မမြှောက်ကလည်း၊ ဟောပြောဆုံးမခြင်းကိုသည်းမခန့်၊ တော်လှန် ပြောဆိုတတ်ခြင်းကြောင့်။ ကိစ္စမပြီးဖြစ်တတ်၏၊ ထို့ကြောင့်၊ ဆရာတင်မြှောက်ပြီးမှ၊ ကမ္မဋ္ဌာန်းတောင်းကြရိုးဖြစ်ပေသည်၊ ဤလိုဆရာရင်းတပည့်ရင်းဖြစ်သည်အတွက်၊ ဆရာကဟောပြော ဆုံးမချက်ကိုနာခံမှတ်သားပြီးလျှင်၊ မပျက်အောင်နှစ်သက်၍။ နောက်ကိုမဆုတ်အား ထုတ်ပေလိမ့်မည်။ ၊

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်အခါက၊ ပေါင်္ဂလရဟန်း

ကို၊ ထောက်လှမ်း၍သိကြလေ၏။ ။မြတ်စွာဘုရားလက်ထက်တော်၌။ အဋ္ဌကထာနှင့်တကွ။ ပိဋကတ်-၃-ပုံကိုဆောင်၍။ ရဟန်းငါးရာတို့အား။ သင်ကြားပို့ချနေသဖြင့်။ ဓမ္မကထိကကျော်ဆရာကြီးဖြစ်သော ပေါဋ္ဌိလမထေရ်ကြီးတပါးထင်ရှားစွာရှိလေ၏။ ထိုမထေရ်ကြီးသည်။ ဤဆိုအပ်ခဲ့ပြီးသော။ ဂုဏ်ထူးများနှင့်ဘုရားခုနှစ်ဆူတို့၏သာသနာတော်၌။ ရရှိနေထိုင်ခဲ့ဘူးရာ၊ ဝိပဿနာအလုပ်ကိုမူ။ ဂေါတမမြတ်စွာဘုရားလက်ထက်တော်တိုင်၊ အားထုတ်ကျင့်ကြံရန်စိတ်ကူးဉာဏ်မရှိပေ၊ ထိုအခါမြတ်စွာဘုရားသည်။ ပေါဋ္ဌိလမထေရ်ကြီးအား။ တုစ္ဆ အမြီးနှီးဟူသောစကားကို၊ အခါခပ်သိမ်းမိန့်ကြားတော်မူသဖြင့်။ ထိတ်လန့်သောသံဝေဂဖြစ်ပွား၍၊ ရဟန်းတရားကိုအားထုတ်လိုပါသောကြောင့်။ တပါးတည်းထွက်သွားရန်။ ယူဇနာ-၁၂၀-မျှဝေးကွာသော။ ရဟန်းသုံးကျိပ်တို့နေထိုင်သည့်။ တောကျောင်းတခုသို့။ ရောက်ရှိလေ၏၊ ထိုအခါပေါဋ္ဌိလမထေရ်ကြီးသည်၊ သံဃာမထေရ်ကြီးအထံသို့ချဉ်းကပ်၍။ ။

။ဘန္တေအဝဿယောမေဟောထ။ ။

ဘန္တေ၊ အရှင်ဘုရား။ တုမှေ။ အရှင်ဘုရားတို့သည်၊ မေ။ ဘုရားတပည့်တော်၏။ အဝဿယော။ အားထားကိုးကွယ်ရာသည်၊ ဟောထ။ ဖြစ်တော်မူပါကုန်အရှင်ဘုရား။ ။ဤသို့ရိုသေစွာလျှောက်ထားလေ၏။ ထိုအခါသံဃာမထေရ်ကြီးက။ ငါ့ရှင်သင်သည် ။ပိဋကတ်-၃-ပုံကိုကုန်အောင်ဆောင်သောဓမ္မကထိကကြီးဖြစ်ပါ၏ ငါတို့ပင်လျှင်။ သင့်ကိုမှီ၍။ တစုံတခုသောသိဘွယ်ရာဖြစ်သင့်ပေ၏။ အဘယ်ကြောင့် ဤစကားမျိုးကိုလျှောက်ဘိသနည်းဟုမိန့်ကြားတော်မူလိုက်၏၊ ပေါဋ္ဌိလမထေရ်ကြီးသည်။ ဤသို့မပြုပါလင့်အရှင်ဘုရား၊ တပည့်တော်၏ ကိုးကွယ်ရာဖြစ်တော်မူပါ။ မဂ်ဖိုလ်ရကြောင်း။ ဝိပဿနာ-နည်းလမ်းကောင်းကို၊ ပေးသနားတော်မူပါဟု။ ထပ်မံ၍လျှောက်ပြန်လေ၏၊ ထိုအခါသံဃာမထေရ်ကြီးက၊ မထေရ်ငယ်ထံသို့လွှတ်လိုက်၏။ ၎င်းမထေရ်ငယ်အား၊ လျှောက်ထားပြန်သော်အောက်မထေရ်ငယ်ထံသို့လွှတ်လိုက်ပြန်လေ၏။ ဤသို့အဆင့်ဆင့်လွှတ်လိုက်ရာ။ အပ်ချုပ်နေသောအငယ်ဆုံး-၇နှစ်အရွယ်ရှိသောသာမဏေငယ်ထံသို့ရောက်သွားလေ၏၊ ပေါဋ္ဌိလမထေရ်ကြီးသည်။ သာမဏေအငယ်ကလေးထံ၌။ ရိုသေစွာလက်အုပ်ချီမိုးရှိခိုး၍။ ။

အာဝသယောဟောဟိ။သပ္ပုရိသ၊

သပ္ပုရိသ၊သူတော်ကောင်းသာမဏေ။ တွံ။ သင်သူတော်ကောင်းသည်၊မေ၊အကျွန်ုပ်၏။အာဝသယော။မဂ်ဖိုလ်လားရာဝိပဿနာတရား၌။အားထားကိုးကွယ်ရာသည်။ဟောဟိ။ ဖြစ်တော်မူပါလော။ ၊ဤသို့တောင်းပန်လေ၏။ထိုအခါသာမဏေငယ်ကာ။အဘယ်ကြောင့်။ဤသို့သော စကားကိုဆိုပါသနည်းဆရာ၊ အလွန်ထူးကဲသော အံ့ဘွယ်သရဲရှိပေ၏။ အရှင်ဘုရားသည်။ အသက်သိက္ခာလွန်စွာကြီးမား၍။ ပရိယတ္တိတရားဓမ္မ၌။အလွန်ဗဟုသုတရှိပါကုန်၏၊ တပည့်တော်ကပင်၊ အရှင်ဘုရားထံ၌၊တပုံတခုသောအကြောင်းများကို၊ မှတ်သားသိဘွယ်ရန်။ ဖြစ်သင့်ရာသည်တကားဟုပြောကြား၍၊ပေါဋ္ဌိလမထေရ်၏တောင်းပန်သောစကားကို၊ ပယ်ရှားလိုက်လေ၏။ ထိုအခါပေါဋ္ဌိလမထေရ်ကြီးသည်၊ မနေနိုင်မထိုင်နိုင်ဖြစ်လျက်၊ မိမိ၌ရှိသောဂုဏ်တွေကို။ မငဲ့ကွက်မကြောက်မရှက်နိုင်ဘဲ၊ သာမဏေငယ်၏ခြေကိုဘက်၍၊ အကျွန်ုပ်ကိုမဖျက်ဆီးပါနှင့်။ ကျွန်ုပ်၏ကိုးကွယ်ရာဖြစ်တော်မူပါဟု၊ အလွန်ရိုသေစွာမိမိစိတ်ကိုနှိမ့်ချ၍။အောက်ကျနောက်ကျခံပြီးလျှင်၊ခယယာဝပ်တွားရှိခိုးလျက်၊အမျိုးမျိုးတောင်းပန်ရပြန်လေသည်။ ။

ဤကဲ့သို့အရှုလိုက်သဲလိုက်နှစ်ချိုက်ကြိုးနွံစွာ၊ သည်းကပ်သောအခါမှ၊သာမဏေငယ်ကအရှင်ဘုရား။ ဆိုဆုံးမသောစကားကို မပယ်ရှားဘဲ၊ မှတ်သားလိုက်နာနိုင်ပြားအံ့။ အရှင်ဘုရား၏ ကိုးကွယ်ရာဖြစ်နိုင်ပါသည်ဟု။ ခိုင်မာမြဲမြံလေအောင်။ချုပ်နှောင်ကြပ်တည်းသော စကားကိုပြောကြားလေ၏။ ဤသို့ပြောကြားသောအခါ။ ပေါဋ္ဌိလမထေရ်ကြီးသည် တခွန်းတည်းသောစကားဖြင့်ပင်လျှင်၊ မပယ်ရှားဘဲ၊စွဲမြဲမှတ်ယူပါမည်။ သူတော်ကောင်း၊မီးပုံကြီးအတွင်းသို့ခုံဆင်းရမည်ဟု အကယ်၍ခိုင်းစေကာမူ။ခဏချက်ခြင်းခုံဆင်းပါမည်ဟု၊ရိုကြည်ခန့်ညားဥ်မှုဖြင့်။ ဝန်ခံခြင်းပြုလေသတည်း။ ထိုအခါသာမဏေငယ်က၊ ကျောင်းနှင့်မနီးမဝေးတွင်ရှိသော၊ ရေအိုင်ကံကြီးကိုပြပြီးလျှင်။ ယခုသင်္ကန်းကိုဝတ်ထားသော အတိုင်း၊ဤရေအိုင်ကံကြီးအတွင်းသို့၊ ခုံဆင်းလေဟုစေခိုင်းလိုက်ရာ။ ချက်ခြင်းလျှင်မြန်စွာထသွား၍။ ခုံဆင်းမည်ဟုပြုသောအခါ။ ယခုပြန်ခဲ့ပါဟု ခေါ်ပြန်လေလျှင်၊ တခွန်းတည်းသောစကားဖြင့်ပင်။ လျှင်မြန်စွာတဖန်ပြန်လာလေ၏။ဤကဲ့သို့သူတော်ကောင်းတို့ဆုံးမအပ်သောစကားများကို၊ နာ

ခံမှတ်သားသောသူမှန်ပေသည်ဟု၊ ရှုံကြည်လေသောကြောင့်၊ ဥပမာစကားဖြင့်၊ဝိပဿနာတရားလမ်းများကို၊ ညွှန်ကြားနည်းပေးလေ၏။ ၊ နည်းပေးပုံမှာ၊အရှင်ဘုရား၊တောင်ပို့ကြီးတခု၌၊အပေါက်ဖ ပေါက်ရှိရာ။ တခုသောအပေါက်ဖြင့်ဖွတ်သည်ဝင်သွားလေ၏၊ထိုဖွတ်ကိုအလိုရှိသောသူသည်၊ငါးခုသောအပေါက်တို့ကိုလုံအောင်ပိတ်၍၊တခုသောအပေါက်ဖြင့်သာသျှင်၊တန်းယူလေ၏။ထို့အတူ။ အရှင်ဘုရားသည်။ ၆-ခုသောဒွါရတို့တွင်။ ၅-ခုသောဒွါရတို့ကို၊ လုံအောင်ပိတ်ဆို့၍။မနောဒွါရတခု၌၊ ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်မှုကိုပြုလုပ်ပါလေကုန်ဟုနည်းပေးလိုက်လေ၏။ထိုနည်းကိုမှီ၍။ အားထုတ်ရာ။မကြာမီပင်ရဟန္တာအဖြစ်သို့၊ရောက်သွားလေ၏။ ။ထို့အတူ။မဂ်ဖိုလ်တရားဝိပဿနာနည်းလမ်းများကို၊လိုလားကြကုန်သော။ ယောဂီပုဂ္ဂိုလ်တို့သည်။ သူတော်ကောင်းဟုဆိုအပ်သော၊ကမ္မဋ္ဌာန်းဆရာဆုံးမသောစကားကို။နာခံမှတ်သားစေကြရန်၊ ပေါဋ္ဌိလမထေရ်ကြီး၏။အပြုအမူနှင့်စိတ်သဘောထားပုံမျိုးကို။များများကြီးနည်းနိုးသင့်လှပေသည်။ ။ဤကားအမြွက်မျှပြဆိုလိုက်၏ ဓမ္မပဒအဋ္ဌကထာ၌ကျယ်ဝန်းစွာလာပေသည်။ ။

ရှင်းပြင်၊မဟာပုဂ္ဂိုလ်ကြီးအားထုတ်ပုံကို၊ နောက်ကမ္မဋ္ဌာန်းအစီအစဉ်နည်းလမ်း။ ဝိပဿနာအခန်းသို့ရောက်မှ။ သေချာရှင်းလင်းစွာ၊ဘော်ပြပါမည်။ ဤအထက်ကပြဆိုအပ်ခဲ့ပြီးသော နည်းလမ်းများနှင့်တကွ။ကျကျနန၊ဝိပဿနာအလုပ်ကိုအားထုတ်မည်ဆိုသော်၊ဆုံခြေ-၆-ပါး၌။သတိတရားရှေ့မှာထား၍။ပွားများအားထုတ်ရကြောင်းကို။သတိပဋ္ဌာနသုတ်အဋ္ဌကထာ၌။ဘွင့်ပြပေသည်၊ ။

## (၁၄) သဘောပညာအစုံရှုပုံကိုပြခြင်းကဏ္ဍ။

သတိယောဝပဋ္ဌာနံသတိပဋ္ဌာနံ။ ။သတိယောဝ၊သတိသာလျှင်။ပဋ္ဌာနံ၊ရှေ့သွားတည်း။သတိပဋ္ဌာနံ၊သတိသာလျှင်ရှေ့သွား၊ ။

အဓိပ္ပါယ်ကား။ ။သတိပဋ္ဌာနဟူသောပုဒ်၏အရ။ သတိကိုအမျှားပြု၍။သတိပဋ္ဌာန်နည်းလမ်းဖြင့်။ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရသည်ဆိုသော်လည်း။ သတိတခုမျှကိုမယူမှု၍။ သတိရှေ့သွားရှိသောအမှတ်အသိဉာဏ်ပညာကိုသာ။မချအားဖြင့်ယူအပ်၏၊ ။ထိုကြောင့်၊ဝိသုဒ္ဓိမဂ်ဋီကာ၌။ ၊

သတိပဋ္ဌာနာဘိနိဒ္ဒိဋ္ဌာဓာရဏာဒွေဓာသလ္လက္ခဏာ၊ ။

ဟိသစ္စံ၊မှန်ပေ၏။ သတိ။ သတိကို၊ဓာရဏာတိ။ ဓာရဏာဟူ၍။ နိဒ္ဒိဋ္ဌာ။ညွှန်ပြအပ်၏၊ဒွေ။ဤသို့သတိကိုဓာရဏာဟူ၍၊ညွှန်ပြရာ၌၊ဓာရဏာဋ္ဌ။ဓာရဏာသည်လည်း၊သလ္လက္ခဏာ၊ သဗ္ဗက္ခဏာမည်၏။ ဝါ၊ကောင်းစွာမှတ်ခြင်း၊ ၊

ဤနိကာယစကာအရ၌၊သတိပဋ္ဌာနဟုသည်ကို။သတိတပုဒ်။ ပဋ္ဌာနတပုဒ်ခွဲ၍၊ သတိပုဒ်၏အရထုတ်ပြပေသည်။သတိပုဒ်၌၊ အောက်မေ့ခြင်းဟုပေးသောအနက်သည်။မှတ်တဲ့သဘောကိုယူလေ။ ၊ဓာရဏာဆိုတဲ့သဒ္ဒါသည်။မှတ်ခြင်းကိုပြသောကြောင့်။သတိကိုဘဲယူလေ။ ။

ဤသတိမှကင်း၍။သိသေါပညာမဖြစ်နိုင်။သတိကင်းသောအသိပညာမရှိကြောင်းကိုပြခြင်းမှာ၊ ၊

အထဝါဥပဓာရေတဗ္ဗဋ္ဌံ။သတိပုဗ္ဗင်္ဂမာယ။ ပညာယဥပလက္ခေလဗ္ဗံ၊နဟိသတိရဟိတာပညာအတ္ထိ။ ၊

အထဝါ၊တနည်းကား။ဥပဓာရေတဗ္ဗန္တိ။မှတ်အပ်၏ဟူသည်ကားသတိပုဗ္ဗင်္ဂမာယ၊ သတိလျှင်ရှေးသွားရှိသော၊ပညာယ၊ပညာဖြင့်၊ ဥပလက္ခေတဗ္ဗံ၊မှတ်အပ်၏။ ဟိသစ္စံ၊ထိုစကားသည်မှန်၏။သတိရဟိတာ၊မှတ်ခြင်းသတိမှကင်းသော၊ပညာ။အသိပညာသည်။နတ္ထိ။မရှိပြီ၊ ။

အဓိပ္ပါယ်ကား၊ မှတ်ခြင်းသည်သဘိတခုတည်းမဟုတ်။ သတိနှင့်ပညာရှေ့နောက်အစဉ်မပြတ်မူ၍။ အတူတကွစပ်လျက်နေသဖြင့်။သတိပညာတပေါင်းတည်းပါဝင်လေ၏၊ သတိရှေ့ဆောင်သောအသိဉာဏ်ပညာကိုသာ၊ မှတ်ခြင်းဟူသောအနက်သဘော၌၊ သန္နိဋ္ဌာန်ကျမှတ်ယူရမည်ဆိုလိုသည်၊ အဋ္ဌကထာနှင့်ဋီကာတို့၏အဓိပ္ပါယ်သဘောများမှာ။မကွဲမပြားဘဲ၊ တသားတည်းညီညွတ်ကြလေသည်၊ သတိသည်ဘုရားစသောကောင်းကျိုးအာရုံ၌၊ သမ္ပယုတ်တရားတို့၏၊ အောက်မေ့ခြင်းဖြစ်၍ရင်း၊မိမိသည်ပင်လျှင်။အောက်မေ့တတ်သည်ဖြစ်၍ရင်း။ အောက်မေ့ခါမျှသာဖြစ်၍ရင်း၊သတိမည်သည်အာရုံ၌သက်ဝင်၍။တည်စေခြင်းသဘောရှိ၏၊ရေ၌ချအပ်သောဘူးအရွံစသည်သည်ပေါလောပေါ်သကဲ့သို့မပေါ်ဘဲ။ ရွှေ-ငွေ-ကြေး-သံ-စသည်သည်။ နစ်မြုပ်သည်ဖြစ်၍။ ရေ၌သက်ဝင်၍တည်သကဲ့သို့၊အာရုံ၌သမ္ပယုတ်တရားတို့ကို၊ သက်ဝင်၍တည်စေသည်ဟူလို။ ၊ အာရုံ၌သက်ဝင်၍တည်ကလည်း။ ထိုအာရုံကိုမမေ့နိုင်သည်ဖြစ်၍၊မမေ့စေ။ အောက်မေ့စေ. မှတ်စေသည်ကိုပင်၊အပိလာပန

ဆိုသည်။ဤကဲ့သို့။အဘိလာဘနု၊ဆိုသည်ဖြစ်၍။ အဘိလာဘနုလက္ခဏာဟူသောပုဒ်ကို။အဘိလာဘဘာလက္ခဏာအာရုံ၌။သမ္ပယုတ်တရားတို့ကို။မပေါ်တဲ့နစ်မြုပ်သက်ဝင်၍တည်စေခြင်း။မမေ့စေခြင်း၊အောက်မေ့စေခြင်းမှတ်စေခြင်းလက္ခဏာရှိ၏ဟူ၍၊အနက်ပြန်၊ ၊ သိမှတ်ရန်အထူးကား၊လာဘနုဟု။သြဠမ္ဗဇ-ပဠမဂ္ဂဇာ၊ပစောက်နှင့်မရှိသင့်၊လာဘနုဟုတတိယဂ္ဂဇာ၊ဗသက်ချုံက်နှင့်သာရှိစေရမည်။ ၊အဘာသ်ကဲ့သို့အောက်မေ့စေသနည်းဟူမူ၊ စကြာမင်း၏-ရွှေတိုက်စိုး-ရွှေတိုက်ဝန်-ဘဏ္ဍာစိုး-သည်။ အရှင်မင်းကြီး၏၊ ဆင်တော်-မြင်းတော်-ရထားတော်-ခြေသည်တော်တို့ကား၊ဤမျှအရေအတွက်ရှိ၏၊ အလုံးစုံသောဥစ္စာနှစ်ကား၊ဤရွှေ ဤမျှရှိ၏ ထိုအလုံးစုံကိုအရှင်မင်းကြီးသည်။ သိတော်မူပါလောဟု။ ညတိုင်း။နံနက်တိုင်းစာခြင်းကိုဘတ်၍၊ တင်လျှောက်အောက်မေ့စေဘိသကဲ့သို့၊ထို့အတူ သတိသည်။ဤ၄ပါးသောတရားတို့သည်၊သတိပဋ္ဌာန်တို့ပါတည်း၊ဤသတိပဋ္ဌာန်တရားတို့သည်၊လေးပါးတို့ပါတည်း၊ ဤသမပဓာန်တို့ကား၊လေးပါးတို့ပါဘည်း၊ဤသို့စသည်ဖြင့်ကုသိုလ်တရားတို့ကိုအောက်မေ့စေသည်ဟူလို၊ ၊ တနည်းလည်း၊သတိသည်။ထောက်ပင့်ချီးမြှင့်ခြင်းလက္ခဏာရှိ၏၊ အဘာယ်ကဲ့သို့၊ ထောက်ပင့်ချီးမြှင့်သနည်းဟူမူ၊ စကြာမင်း၏သားကြီးရတနာသည်။ စကြာမင်း၏အကျိုးစီးပွါးရှိမရှိကို၊ ဤကားအကျိုးစီးပွါးရှိ၏။ ဤကားအကျိုးစီးပွါးမဲ့သည်ဖြင့်သိ၍၊အကျိုးစီးပွားမရှိ၊မဲ့သည်ကို၊ပယ်ရှားနှုပ်ဖြစ်သဖြင့်၊အကျိုးစီးပွားရှိသည်ကိုသာထောက်ပင့်ချီးမြှင့်သကဲ့သို့၊ထို့အတူ။ သတိသည်ဖြစ်သည်ရှိသော်။ အကျိုးရှိမရှိသောတရားတို့၏။အလားသဘောကို။ ရုံစမ်းရှာမှီး၍။ အကျိုးမရှိသောဒုစရိုက်တရားတို့ကို၊ နှုပ်ဖြစ်သဖြင့်။ အကျိုးရှိသောသုစရိုက်တရားတို့ကို။ထောက်ပင့်ချီးမြှင့်သည်ဟူလေ။ ။ဤသတိသည်။မမေ့မလျော့ခြင်းကိစ္စရှိ၏။ စောင့်ရှောက်သောတရားဟူ၍၊ ယောဂီပုဂ္ဂိုလ်၏။ ဥာဏ်အားထင်ခြင်းရှိ၏။တနည်းကား။အာရုံသို့။ရှေးရှုသည်၏အဖြစ်လျှင်ဥာဏ်အားထင်ခြင်းရှိ၏။ မြဲစွဲခိုင်ခန့်သောသညာလျှင်။ နီးစွာသောဖြစ်ကြောင်းရှိ၏။ဝါ။ကာယစသောသတိပဋ္ဌာန်လျှင်နီးစွာသောအကြောင်းရှိ၏။ဤသတိသည် ။အာရုံ၌မြဲစွာတည်တတ်သည်၏အဖြစ်ကြောင့်၊ မြဲစွာစိုက်ထားသော။တံခါးတိုင်နှင့်တူ၏။ ကိလေသာတို့ကိုမဖြစ်စေရ။ စက္ခုဒွါရစသော-၆ပါးသောဒွါရတို့ကို။လုံစွာစောင့်ရှောက်တတ်သောကြောင့်ရပ်သူရပ်သားတို့ကို။မဝင်ရအောင်။ မြို့တံခါးကိုလုံစွာစောင့်ရှောက်တတ်

သော၊တံခါးပေါင့်-တံခါးမျိုးနှင့်တူ၏ဟူ၍လည်း။မှတ်ရမည်ဟူလို။ ၊
သတိမှတ်ခြင်း၏တည်ရာကို၊အသိပညာ၊ဤအသိပညာသည်၊ ကာယာနုပဿနာသတိပဋ္ဌာန်။ဝေဒနာနုပဿနာသတိပဋ္ဌာန်။စိတ္တာနုပဿနာသတိပဋ္ဌာန်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟုဆိုအပ်သော၊ ၄-ပါးသော ကိုယ်အမူအရာ။ နှုတ်အမူအရာ။ စိတ်အမူအရာတို့၌၊ မှတ်ရသိရမည်ဟု အဓိပ္ပါယ်လာ၏။ ။သတိပဋ္ဌာန်ပုဒ်ခွဲနည်းမှာ။ ။
သတိယာပဋ္ဌာနံသတိပဋ္ဌာနံ။ ၊အဋ္ဌကထာ၊ ။သတိယာ၊ မှတ်ခြင်းသတိ၏။ပဋ္ဌာနံ။တည်ရာတည်း သတိပဋ္ဌာနံ၊သတိ၏တည်ရာ။
တပုဒ်တည်း သတိနှင့်ပဋ္ဌာန်ပေါင်းစပ်သော အနက်သဘောမှာ။ ကိုယ်အမူအရာစသည်တို့ကိုမှတ်ခြင်း၊သဘောလည်းဖြစ်၏။အသိဉာဏ်ဖြစ်သောပညာ၏တည်ရာသဘောလည်းဟုတ်၏။ ၊ထို့ကြောင့်။ ၊
သတိစသာပဋ္ဌာနဥ္စာတိသတိပဋ္ဌာနံ။ ။အဋ္ဌကထာ။ ။သတိစ၊ မှတ်ခြင်းသတိလည်းဟုတ်၏။ သာ၊ထိုမှတ်ခြင်းသတိဟူသည်၊ ပဋ္ဌာနဉ္စ၊ တည်ရာဋ္ဌာနလည်းဟုတ်၏၊ဣတိ။ထို့ကြောင့်၊ သတိပဋ္ဌာနံ၊ သတိပဋ္ဌာန မည်၏၊ ။ဤသတိနှင့်ပညာသည်၊သတိကာသမထ။ပညာကာဝိပဿနာ၊ ဤနှစ်ပါးအရုံတတွဲတည်းဖြစ်သည်ဟူလို။ ။
ထို့ကြောင့်။ဥပရိပဏ္ဏာသပါဠိတော်၌၊ ၊
တဿိမေဒွေဓမ္မာယုဂနန္ဓာဝတ္တန္တိသမထောစဝိပဿနာစ။ ၊
တဿ။ ထိုမြင်သည်ကို။မြင်သည်ဟုမှတ်သောပုဂ္ဂိုလ်အား။ သမထောစ။သမထသည်၎င်း။ဝိပဿနာစ၊ဝိပဿနာသည်၎င်း။ဣမေဒွေဓမ္မာ၊ ဤနှစ်ပါးသောသမထ ဝိပဿနာတရားတို့သည်၊ယုဂနန္ဓာ၊အရုံတို့သည်။ ဝတ္တန္တိ၊တပြိုင်နက်ဖြစ်ကြကုန်၏။ ။ဤသို့လာသောကြောင့်၊ဉာဏ်ဟုဆိုတဲ့ဝိပဿနာပညာသည်၊ သတိနှင့်တကွရုပ်နာမ်ခန္ဓာစသော၊ များစွာသောပရမတ္ထတရားတို့၌။ အသိဉာဏ်ဖြင့်ရှုမှတ်ခြင်းပညာကို။ ဝိပဿနာဆိုသည်၊ ။ဝိပဿနာ၏သဘောကား၊ အထူးထူးအပြားပြားရှုမှတ်ခြင်းကိုဆိုသည်၊ထို့ကြောင့်၊ ၊ဝိဝိဓေနပဿနးဝိပဿနာ၊ ၊ဝိဝိဓေန၊ အထူးထူးအပြားပြားများသောအားဖြင့်၊ပဿနာ၊ ရှုခြင်းတည်း။ဝိပဿနာ၊အထူးထူးအပြားပြားများသောအားဖြင့်ရှုခြင်း၊ဝိနှင့်ပဿနာကိုခွဲ၍နှစ်ပုဒ်အနက်ပြန်ပုံမှာ၊ ။ဝိဣတိဥပသဂ္ဂေါပဿနာတိအဌေ္ဌာ။ ၊ပေဒ ကောပဒေသပါဠိတော်၊ ၊
ဝိဣတိသောသဒ္ဒေါ။ဤဝိဟူသောသဒ္ဒါသည်၊ ဥပသဂ္ဂေါ၊ဥပသာရ

ပုဒ်မျှသာတည်း၊ ဝါ၊ဝိကာ။းအနက်မရှိ၊ပဿနာ၊ရှုခြင်း၊မှတ်ခြင်းနှလုံးသွင်း
ခြင်း။ဇာတိအသံ။ဤသည်ကား၊အဓွေ့ာ။ဝိပဿနာဟူသောပုဒ်၏သိလိုရင်း
အနက်သဘောတည်း။ ၊ဝိပဿနာဟူသောပုဒ်၌။ ဝိသဒ္ဒါသည်။အပို
သက်သက်၊အနက်မရှိ ပဿနာပုဒ်၏အနက်တခုသာရှိသည်ကိုဘွင့်ပြ၏
အဓိပ္ပါယ်ကား၊ ၊သတိပြုခြင်းမှတ်ခြင်းရှုခြင်း၊နှလုံးသွင်းခြင်းဟုပြော
ဆိုကြခြင်းသည်။သဒ္ဒါ ဆိုတဲ့အသံကွဲကြသည်။ သဘောမှာအတူတူမလွဲ
ဖြစ်ပေသည် ပြဆိုခဲ့ပြီးသော။သတိပဋ္ဌာနပုဒ်နှင့်၊ဝိပဿနာပုဒ်နှစ်မျိုးတို့၏
လိုရင်းအချုပ်မှာကား။သတိပဋ္ဌာနဟူသည်မှာ။ ကိုယ်အမူအရာစသည်
တို့ကို၊မှတ်ခြင်းသိခြင်းဖြစ်၏။ ဝိပဿနာဟူသည်လည်း။ ရုပ်နာမ်ခန္ဓာစ
သည်တို့ကို။မှတ်ခြင်းသိခြင်းဖြစ်၏၊ကိုယ်အမူအရာစသည်ဆိုခြင်းနှင့်။ရုပ်
နာမ်စသည်ဆိုခြင်းသည်၊အားထုတ်တဲ့သဘောမှာအတူတူပင်ဖြစ်ပေ၏။

အထူးမှတ်ရန်မှာ။ ။ဝိပဿနာအရာ၌၊ပွားများခြင်း။ စီးဖြန်းခြင်း
ရှုခြင်း။မှတ်ခြင်း။ နှလုံးသွင်းခြင်းစသော၊ ခေါ်ဝေါ်ပြောဆိုမှုကို။ လိုရင်းမ
ဟုတ်ပါ၊ အသိဉာဏ်ဖြစ်ပေါ်လာအောင်၊ ပြုလုပ်အားထုတ်ရသော၊အမှု
မျိုးတို့ကိုသာဖြစ်ကုန်၍။ သိခြင်းတခုသာလျှင်။ လိုရင်းကြီးဖြစ်ပေသည်။
ပွားများသည်ဟုဆိုသောစကားသည်၊ ၆-ဒွါရ၌ဖြစ်ပေါ်လာတိုင်း၊ ခဏခ
ဏဖြစ်၊ ခဏခဏချက်ကြောင်းကိုသိအောင်မှတ်ခြင်းသည်၊ တချက်မှတ်
နှင့်နှစ်ချက်မှတ်တို့သည်၊ နှစ်ချက်ကပွားသည်များသည်။ နှစ်ချက်နှင့်။သုံး
ချက်မှတ်တို့သည်။ သုံးချက်ကပွားသည်များသည်စသည်ဖြင့်။ ဤလိုတ
ချက်တချက်တိုး၍၊ အမှတ်ပွားများလာသည်ကို၊ ပွားများသည်ဟုမှတ်ရ
မည်။နှုတ်ကရွတ်ဆိုဘာကိုပွားများသည်ဟုမမှတ်ရာ။ သတိရှေ့ထား၍။
အမှတ်ပွားများသည်ကိုယူကြပါလေကုန်။ ၊

လောက၌အသိနှင့်အမှတ်ကို။အတူတူဖြစ်လျှက်။ အသိကိုပင်အ
မှတ်ဟု၊ပြောဆိုရိုးစကားဖြစ်၍။အသုံးများကြ၏။ဥပမာ။သတိပြုမိရဲ့လား
မှတ်မိရဲ့လား။ဆင်ခြင်စဉ်းစားမိရဲ့လားဟုမေးရာ၌၊ သတိပြုမိပါ၏၊မှတ်
မိပါ၏၊ဆင်ခြင်စဉ်းစားမိပါ၏ဟု၊ ပြောဆိုနေကြခြင်းများသည်၊ သိပါ၏
ဟုပြောသောအရာပင်ဖြစ်၏။ ၊ထို့ကြောင့်၊လူအများခေါ်ဝေါ်ပြောဆို
ခြင်း၌။ ထင်ထင်ရှားရှားသိလွယ်စေရန်။ ပွားများသည်၊စီးဖြန်းသည်၊ရှု
သည်ဟူသောစကားများအစား။ဤကျမ်း၌။မှတ်သည်ဟူသောစကားစာ
သွားကို။များစွာအသုံးပြု၍ ရေးသားပါလိမ့်မည်။ ကိုယ်အမူအရာစသည်
ဖြင့်။မှတ်ခြင်းသည်၊ ဝိပဿနာရှုသည်ဆို၏၊သတိဖြင့်မှတ်မှ။ အသိဉာဏ်

ပေါ်လွယ်၍၊ သဘာဝရှုသွားရှိသော ပညာသိရာ၌၊ ကမ္မဋ္ဌာန်းအားထုတ် တည်ထွင်စဖြစ်သောသူမှာ၊ အသိဉာဏ်မပိပ်သေးမှီအခါကိုသာမှတ်ရာ၏၊မှတ်သားပွားများလာသောအခါ၊အသိဉာဏ်တွေ့စိပ်၍၊ အမြင်သန့်ပြီးလျှင်၊အားထုတ်၍မှတ်ရသော၊ ရုပ်နာမ်နှစ်ပါးမမြဲ၍၊ တပွဲပွဲပျက်ထာတွေ့ကို၊ မြင်လာထင်သာလိမ့်မည်ဟုမှတ်၊ အသိဉာဏ်ဆိုသော်လည်း၊ ဉာဏ်ဖြစ်တိုင်းယထာဘူတဟုတ်တိုင်းမှန်စွာမသိနိုင်ပါ၊အဘယ်ကြောင့်ဆိုသော်၊အသိဉာဏ်မျိုးသည်၊လေးပါးအပြားရှိကုန်၏၊ (၁) သုတမယဉာဏ်၊ (၂) စိန္တာမယဉာဏ်၊ (၃) ဘာဝနာမယဉာဏ်၊ (၄) အဘိညာတဉာဏ်ဟူ၍၊လေးပါး တည်း၊

သုတမယဉာဏ်သည်၊သင်အံလေ့ကျက်ခြင်းနှင့်၊ ပရတောဃောသောဟုဆိုအပ်သော၊ တပါးသောသူတို့ပြောသံဟောသံကိုကြားနာရ၍၊ သိသောဉာဏ်သည်၊သုတမယဉာဏ်မည်၏၊ စိန္တာမယဉာဏ်သည်တွေးတောကြံစည်သည်ရှိသော်၊ ဩဒါတ်၊ မောင်ရွှေရသည်၊ယခုဘဝမှ၊တပါးသောဘဝမလွန်ဘဲသို့၊ ပြောင်းသွားပါကလား၊ သူရုပ်နာမ်ခန္ဓာလဲ၍မမြဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဟူသည်ဖြင့်၊ ကြံစည်တွေးတော၍သိသောဉာဏ်သည် စိန္တာမယဉာဏ်မည်၏၊ ဘာဝနာမယဉာဏ်သည်၊ သမထယာနိကသက်သက်၊ ဝိပဿနာမဘက်ဘဲအားထုတ်၍၊ ဈာန်အဘိညာဉ်တံခိုးနှင့်၊ အမျိုးမျိုးမြေလျှိုးမိုးပြန်နိုင်အောင်သိသောဉာဏ်သည်၊ဘာဝနာမယဉာဏ်မည်၏၊ဤသုံးပါးသောဉာဏ်တို့သည်၊ ဟုတ်တိုင်းမှန်စွာယထာဘူတပညာနှင့်၊ ရုပ်နာမ်ခန္ဓာကိုမသိပေ၊ အဘိညာပညာဉာဏ်သည်၊ရုပ်နာမ်ခန္ဓာသင်္ခါရတရားကို၊ထင်ထင်ရှားရှား၊ ပိုင်းခြား၍သိမြင်၏၊ဤလိုအမြင်ထူးသောပညာသည်၊အဘိညာတဉာဏ်မည်၏ဟု၊ ယူမှတ်အပ်၏၊

## (၁၅) ဉာဏ်-၄-ပါးကိုအရပြဆိုသောကျမ်း၊

အဘိညာပညာတိအာဒိနံ၊ အတ္ထောပေဒ္ဒါရတ္ထောယေဝ၊ အပိစ
သုတမယာယ-စိန္တာမယာယ၊ ဘာဝနာမယာယစ၊ အဘိဝိသိဋ္ဌာယ၊
ပညာယဉာတာ အဘိညာတာ၊ ၊ မဟာဋီကာ၊

အဘိညာပညာတိအာဒိနံ၊ အဘိညာပညာအစရှိသည်တို့၏၊ အတ္ထော၊အနက်ကို၊ပေဒ္ဒါ၊အော်နာမရူပပရိစ္ဆေဒအဆုံးအဖြတ်၌၊ဝုတ္တော

ယောဝ။ဆိုအပ်ပြီးသည်သာလျှင်ကတည်း။အပိစ၊စင်စစ်သော်ကား၊သုတ မယာယစ။သုတမယပညာမှရင်း ဝိန္တာမယာယစ၊ ဝိန္တာမယပညာမှရင်း ဘောဝနာမယာယစ၊အချို့သောသမထဘာဝနာပညာ အချို့သော ပညာဘာဝနာမှရင်း။အဘိဝိသိဋ္ဌာယ။ထူးသော၊ပညာယ။ပညာဖြင့်။ညာ တာ၊သိအပ်သောအါရုံတို့သည် အဘိညာတာ၊ အဘိညာတဲါမည်ကုန်၏

ဤကဲ့သို့ပြဆိုသည့်အတိုင်း။သုတမယဉာဏ်မှတပါး။ဝိန္တာမယဉာဏ် မှတပါ။ ဘောဝနာမယသမထ။ အချို့သောပညာမှတပါး၊ ထူးသော ဉာဏ်ဖြင့်။ သိသောအာရုံတို့သည်။အဘိညာတါဖြစ်၏ဆိုသော်၊ အဘယ် သို့ဖြစ်သနည်း၊ ။ရှေးဦးစွာဖြစ်သောအခြင်းအရာ။ထင်သောသဘော လက္ခဏာကို၊ကောင်းစွာမှတ်၍၊အာရုံသို့ရှေးရှုသောပညာသည်။ညာတဋ္ဌ ဉာဏ်မည်၏ ထိုဉာဏ်သည်။အဘယ်သို့ဖြစ်သနည်း။အကြင်အကြင်။ရုပ် တရား၊ နာမ်တရားတို့သည်။ ဖြစ်သောအခြင်းအရာ။ ထင်သောသဘော လက္ခဏာကို၊ကောင်းစွာမှတ်၍။အာရုံသို့ရှေးရှုသောပညာဖြင့်သိအပ်ကုန် ၏၊ ဖြစ်သောအခြင်းအရာ၊ ထင်သောသဘောလက္ခဏာကို။ ကောင်းစွာ မှတ်၍။အာရုံသို့ရှေးရှုသောပညာဖြင့်။ သိအပ်ကုန်သော။ ထိုထိုရုပ်တရား၊ နာမ်တရားတို့သည်။ သိမှတ်အပ်သောအာရုံတို့ဖြစ်ကုန်၏။ ဤသို့။ ထိုသိ မှတ်အပ်သောအာရုံကိုသိမှတ်ခြင်းသည်၊ညာတဋ္ဌဉာဏ်လည်းမည်၏၊ ပ ဇာနနဋ္ဌပညာလည်းမည်၏။ထို့ကြောင့်ဖြစ်သောအခြင်းအရာ၊ထင်သော သဘောလက္ခဏာကို။ကောင်းစွာမှတ်၍အာရုံသို့။ရှေးရှုသောပညာကို၊သိ မှတ်အပ်သောရုံကို၊သိမှတ်သောဉာဏ်ဟူ၍၊ဆိုအပ်၏။ ။

ထို့ကြောင့်။ ဝိသုဒ္ဓိမဂ်၌။

ကထံအဘိညာပညာဉာတဋ္ဌေဉာဏံ။ ယေယေဓမ္မာအဘိညာ တာဟောန္တိ။ တေတေဓမ္မာဉာတာဟောန္တိ။ တံဉာတဋ္ဌေဉာဏံ။ ပဇာန နဋ္ဌေပညာ။တေနဝုစ္စတိအဘိညာပညာဉာတဋ္ဌေဉာဏံ။ ။

အဘိညာပညာ၊ဖြစ်သောအခြင်းအရာ၊ထင်သောသဘောလက္ခဏာကို၊ ကောင်းစွာမှတ်၍။အာရုံသို့ရှေးရှုသောပညာသည်၊ ဉာတဋ္ဌေဉာဏံ။ဉာတ ဋ္ဌဉာဏ်မည်၏၊တံဉာဏံ။ ထိုဉာဏ်သည်၊ကထံဟောတိ။ အဘယ်ကဲ့သို့ ဖြစ်သနည်း၊ ယေယေဓမ္မာ။အကြင်အကြင်ရုပ်တရားနာမ်တရားတို့သည်၊ အဘိညာတာ။ ဖြစ်သောအခြင်းအရာ၊ ထင်သောသဘောလက္ခဏာကို။ ကောင်းစွာမှတ်၍အာရုံသို့ရှေးရှုသောပညာဖြင့်သိအပ်ကုန်သည်။ဟောန္တိ

ဖြစ်ကုန်၏။ တေတေဓမ္မာ။ဖြစ်သောအခြင်းအရာ။ထင်သောသဘောလက္ခဏာကို။ကောင်းစွာမှတ်၍။ အာရုံသို့ရှေးရှုသောပညာဖြင့်။ သိအပ်ကုန်သော၊ ထိုထိုရုပ်တရားနာမ်တရားတို့သည်၊ဉာတာ။ သိမှတ်အပ်သောအာရုံတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဧဝံ၊ ဤသို့ တံ။ထိုသိမှတ်သောအာရုံကို၊ သိမှတ်ခြင်းသည်။ဉါတဋ္ဌေဉာဏံ။ဉါတဋ္ဌဉာဏ်လည်းမည်၏။ပဇာနနဋ္ဌေပညာ ပဇာနနဋ္ဌ ပညာလည်းမည်၏။ တေန၊ထို့ကြောင့်၊ အဘိညာပညာ၊ ဖြစ်သောအခြင်းအရာ၊ထင်သောသဘောလက္ခဏာကို။ ကောင်းစွာမှတ်၍ အာရုံသို့ရှေးရှုသောပညာကို။ ဉာတဋ္ဌေဉာဏံ၊ သိမှတ်အပ်သောအာရုံကို။ သိမှတ်သောဉာဏ်ဟူ၍၊ဝုတ္တံ၊ဆိုသင့်၊ဆိုထိုက်၊ဆိုအပ်၏၊ ၊

ဤကဲ့သို့သိမှတ်တတ်သော ဉာဏ်မျိုးနှင့်ရှုရမည်ဖြစ်သော၊ကမ္မဋ္ဌာန်းတို့အား။အောက်၌ပိုင်းခြား၍ပြပေအံ့၊ ။

(၁၆) အာနာပါနရှုနည်းနယကို။ပြဆိုသောကဏ္ဍ။

အာနာပါန ကမ္မဋ္ဌာန်း၌။ ထွက်သက်။ ဝင်သက်။ ထိခိုက်ရာဌာနဟုဆိုအပ်သော၊နှာသီးဖျားနှုတ်ခမ်းဖျားတို့သည်။နိမိတ်မည်၏။ နိမိတ်–ထွက်သက် ဝင်သက်။ဤသုံးချက်သောတရားတို့သည်၊တကြိမ်တည်းသောစိတ်၏၊တပြိုင်နက်အာရုံမဖြစ်။ တကြိမ်တည်းသောစိတ်၏။ တပြိုင်နက်။အာရုံမဖြစ်သော၊ နိမိတ်-ထွက်သက်–ဝင်သက်၊ဤသုံးချက်သောတရားတို့ကို။ တကြိမ်တည်းဖြစ်သောစိတ်ဖြင့်၊မသိသောသူသည်၊ အာနာပါနဘာဝနာကို မရ၊တကြိမ်တည်းဖြစ်သောစိတ်ဖြင့်၊သိသောသူသည်သာလျှင်၊အာနာပါနဘာဝနာကိုရ၏။ အာနာပါနဘာဝနာကိုရခြင်းငှာ၊ အလိုရှိသောသူသည်၊ နှာသီးဖျား၊နှုတ်ခမ်းဖျား၊နိမိတ်၌ထိတိုက်ခိုက်သော၊ထွက်သက်၊ဝင်သက်တို့၏။အစွမ်းအားဖြင့်၊ သတိထင်အောင်။အမှတ်ပြု၍သောနေ၏၊ လာသောထွက်သက်သွားသော၊ဝင်သက်ကို၊မထင်သည်လည်းမဟုတ်၊ထင်လည်းထင်၏စိတ်လည်းမပြန့်လွင့် အားထုတ်သောစိတ်လည်းခံနိုင်၏။ဘာဝနာအညစ်အကြေးလည်း ပျောက်၏။ စိတ်ဝိတက်အကြံအစီလည်းငြိမ်း၏၊ပရိယုဋ္ဌာန်သံယောဇဉ်လည်းပျောက်၏အနုသယလည်းပျက်စီး၏။အာနာပါနဘာဝနာအထူးကိုလည်းရ၏။ ။ထိုပဋိသမ္ဘိဒါမဂ်ပါဠိတော်၌။ ။

နိမိတ္တံ အဿာသပဿာသာ အနာရမ္မဏမေကစိတ္တဿ အဇာနတော စ တယော ဓမ္မေ ဘာဝနာ နုပလဗ္ဘတိ၊ ၊ကာထံဇာနတော ဓမ္မာ

ဧကစိတ္တဿ အာရမ္မဏာပေါ ဟောန္တိ။ နစမေတေ ယောဓမ္မာ အဝိဒိတာ ဟောန္တိ နစစိတ္တံ ဝိက္ခေပံ ဂစ္ဆတိ၊ ပဓာနဉ္စ ပညာယတိ။ ပယောဂဉ္စ သာဓေတိ၊ ဝိသေသမဓိဂစ္ဆတိ။ သေယျထာပိ ရုက္ခော သမေ ဘူမိဘာဂေ နိက္ခိတ္တော၊ တမေနံ ပုရိသော ကကစေန ဆိန္ဒေယျ။ ရုက္ခေ ဖုဋ္ဌကကစဒန္တာနံ ဝသေန ပုရိသဿ သတိ ဥပဋ္ဌိတာ ဟောတိ။ န အာဂတေ ဝါ၊ ဂတေ ဝါ ကကစဒန္တာ မနသိကရောတိ။ န အာဂတာ ဝါ ဂတာ ဝါ။ အဝိဒိတာ ဟောန္တိ။ ပဓာနဉ္စ ပညာယတိ ပယောဂဉ္စ သာဓေတိ။ ယထာ ရုက္ခော သမေ ဘူမိဘာဂေ နိက္ခိတ္တော ဧဝံ ဥပနိဗန္ဓနာ နိမိတ္တံ။ ယထာ ကကစဒန္တာ။ ဧဝံ အဿာသပဿာသာ။ ယထာ ရုက္ခေ ဖုဋ္ဌကကစဒန္တာနံ ဝသေန ပုရိသဿ သတိ ဥပဋ္ဌိတာ ဟောတိ၊ န အာဂတေ ဝါ ဂတေ ဝါ ကကစဒန္တေ မနသိကရောတိ၊ န အာဂတာ ဝါ ဂတာ ဝါ၊ အဝိဒိတာ ဟောန္တိ၊ ပဓာနဉ္စ ပညာယတိ၊ ပယောဂဉ္စ သာဓေတိ။ ဧဝမေဝ ဘိက္ခု နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ သတိံ ဥပဋ္ဌပေတွာ။ နိသိန္နော ဟောတိ။ န အာဂတေ ဝါ ဂတေ ဝါ အဿာသပဿာသေ မနသိကရောတိ၊ န အာဂတာ ဝါ ဂတာ ဝါ အဿာသပဿာသာ အဝိဒိတာ ဟောန္တိ။ ပဓာနဉ္စ ပညာယတိ။ ပယောဂဉ္စ သာဓေတိ၊ ဝိသေသမဓိဂစ္ဆတိ။ ပဓာနန္တိ၊ ကတမံ ပဓာနံ အာရဒ္ဓဝီရိယဿ ကာယောပိ စိတ္တမ္ပိ ကမ္မနိယံ ဟောတိ။ ဣဒံ ပဓာနံ ကတမော ပယောဂေါ အာရဒ္ဓဝီရိယဿ ဥပက္ကိလေသာ ပဟီယန္တိ။ ဝိတက္ကာ ဝူပသမန္တိ။ အယံ ပယောဂေါ ကတမော ဝိသေသော အာရဒ္ဓဝီရိယဿ သံယောဇနာ ပဟီယန္တိ။ အနုသယာ ဗျန္တီ ဟောန္တိ၊ အယံ ဝိသေသော ဧဝံ ဣမေ တယော ဓမ္မာ အဝိဒိတာ ဟောန္တိ၊ နစ စိတ္တံ ဝိက္ခေပံ ဂစ္ဆတိ။ ပဓာနဉ္စ ပညာယတိ. ပယောဂဉ္စ သာဓေတိ၊ ဝိသေသမဓိဂစ္ဆတိ။ ၊

အနက်။ နိမိတ္တံ။ နိမိတ်။ အဿာသပဿာသာ၊ ထွက်သက်ဝင်သက်၊ ဣမေ တယော ဓမ္မာ၊ ဤသုံးပါးသောတရားတို့သည်။ ဧကစိတ္တဿ စိတ်တကြိမ်၏၊ အနာရမ္မဏာ၊ အာရုံမဖြစ်ကုန်။ ဣမေ တယော ဓမ္မေ၊ ဤသုံးပါးသောတရားတို့ကို၊ အဇာနတော စ။ စိတ်တကြိမ်တည်းမသိသောသူအားလည်း။ ဘာဝနာ။ အာနာပါနဿတိ သမာဓိဘာဝနာကို၊ အနုပလဗ္ဘတိ မရအပ်၊ ။ နိမိတ္တံ၊ နိမိတ်။ အဿာသပဿာသာ။ ထွက်ဝင်သက် ဣမေ တယော ဓမ္မာ၊ ဤသုံးပါးသောတရားတို့သည်၊ ဧကစိတ္တဿ။ စိတ်တကြိမ်၏၊ အနာရမ္မဏာ၊ အာရုံမဖြစ်ကုန်။ ဣမေ တယော ဓမ္မေ၊ ဤသုံးပါးသောတရားတို့ကို။ ဇာနတော စ။ စိတ်တကြိမ်တည်းသိသောသူအားသာလျှင်

ဘာဝနာ၊အာနာပါနာသတိသမာဓိဘာဝနာကို၊ဥပလက္ခတိ၊ဆောင်၏၊ ၊ ကထံ။အဘယ်သို့လျှင်။ဣမေတယောဓမ္မာ၊ဤသုံးပါးသောတရားတို့သည် ကေစိတ္တဿ။စိတ်တခုဖြင့်၏။အာရမ္မဏာ၊အာရုံတို့သည်၊နဟောန္တိ၊မဖြစ် ကုန်သနည်း၊ဣမေတယောဓမ္မာ၊ဤသုံးပါးသောတရားတို့သည်။အဝိဒိတာ မသိအပ်ကုန်သည်။နဟောန္တိ၊မဖြစ်ကုန်သနည်း၊စိတ္တံ၊စိတ်သည်။ဝိက္ခေပံ ပျံ့လွင့်ခြင်းကို၊နဂစ္ဆတိ၊မရောက်သနည်း၊ပဓာနဉ္စ။ပဓာနသည်လည်း။ပ ညာယတိ။ထင်သနည်း၊ပယောဂဉ္စ။ပယောဂသည်လည်း၊ သာဓေတိ၊ပြီး စေသနည်း၊ဝိသေသံ၊ဝိသေသကို။ အဓိဂစ္ဆတိ။ရသနည်း၊ သေယျထာပိ နာမ။ ဥပမာမည်သည်ကား။ ရုက္ခော။ သစ်တုံးကို၊သမေဘူမိဘာဂေ၊ညီ ညွတ်သောမြေအရပ်၌။နိက္ခိတ္တော။ ထားအပ်၏၊ တမေနံ။ ထိုသစ်တုံးကို။ ပုရိသော၊ယောကျ်ားသည်။ ကကစေန။လွှဖြင့်၊ဆိန္ဒေယျ၊ဖြတ်ရာ၏။ရုက္ခေ သစ်တုံး၌။ဖုဋ္ဌကကစဒန္တာနံ၊ထိသောလွှသွားတို့၏။ဝသေန၊အစွမ်းအား ဖြင့်၊ပုရိသဿ။ ယောကျ်ား၏။ သတိ၊ သတိသည်။ ဥပဋ္ဌိတာ၊ထင်သည်၊ ဟောတိ၊ဖြစ်၏၊အာဂတေဝါ။ လာသည်လည်းဖြစ်ကုန်သော။ ဂတေဝါ။ သွားသည်လည်းဖြစ်ကုန်သော၊ ကကစဒန္တာ၊ လွှသွားတို့ကို။ နမနသိက ရောတိ။နှလုံးမသွင်း။ အာဂတေဝါ။ လာသည်လည်းဖြစ်ကုန်သော။ ဂတေ ဝါ၊သွားသည်လည်းဖြစ်ကုန်သော၊ ကကစဒန္တာ၊လွှသွားတို့သည်၊အဝိဒိ တာ၊မသိအပ်ကုန်သည်၊နဟောန္တိ၊မဖြစ်ကုန်။ပဓာနဉ္စ၊ပဓာနသည်လည်း။ ပညာယတိ။ထင်၏၊ပယောဂဉ္စ။ ပယောဂသည်လည်း။ သာဓေတိ၊ပြီးစေ၏ ရုက္ခော၊ သစ်တုံးကို။ သမေဘူမိဘာဂေ၊ ညီညွတ်သောမြေအရပ်၌။ နိက္ခိတ္တောသတော ၊ထားအပ်သကဲ့သို့၊ဧဝံ၊ထို့အတူ၊ဥပနိဗန္ဓနာနိမိတ္တံ၊သ တိဖြင့်ဖွဲ့အပ်သော၊နိမိတ်ကို၊ ဒဠှံဗွဲ့မှတ်အပ်၏၊ ကကစဒန္တာယထာ၊ လွှသွားတို့ကဲ့သို့။ဧဝံ။ထို့အတူ။ အဿာသပဿာသာ၊ ထွက်သက်၊ဝင် သက်တို့ကို၊ဒဠှံဗွဲ့မှတ်အပ်ကုန်၏၊ ရုက္ခေ။သစ်တုံး၌၊ဖုဋ္ဌကကစဒန္တာနံ။ ထိသောလွှသွားတို့၏၊ဝသေန၊အစွမ်းအားဖြင့်၊ပုရိသဿ။ ယောကျ်ား၏ သတိ၊သတိသည်၊ဥပဋ္ဌိတာ၊ ထင်သည်၊ ဟောတိယထာ၊ ဖြစ်သကဲ့သို့၊ အာဂတေဝါ၊လာသည်လည်းဖြစ်ကုန်သော၊ ဂတေဝါ၊သွားသည်လည်း ဖြစ်ကုန်သော၊ကကစဒန္တေ၊လွှသွားတို့ကို၊နမနသိကရောတိယထာ၊နှလုံး မသွင်းသကဲ့သို့၊ အာဂတေဝါ၊ လာသည်လည်းဖြစ်ကုန်သော၊ ဂတေဝါ၊ သွားသည်လည်းဖြစ်ကုန်သော၊ကကစဒန္တာ၊လွှသွားတို့သည်၊အဝိဒိတာ၊ မသိအပ်ကုန်သည်၊ နဟောန္တိယထာ။မဖြစ်ကုန်သကဲ့သို့။ ပဓာနဉ္စ၊ပဓာန

သည်လည်း၊ ပညာယတိယထာ၊ ထင်သကဲ့သို့။ ပယောဂဉ္စ၊ ပယောဂ
သည်လည်း၊ သာဓေတိယထာ။ ပြီးစေသကဲ့သို့ ဧဝမေဝ၊ ထို့အတူသာ
လျှင်၊ဘိက္ခု၊ရဟန်းသည်။နာသိကဂ္ဂေဝါ။နှာသီးဖျား၌၎င်း။မုခနိမိတ္တေဝါ။
နှုတ်ခမ်းဖျား၌၎င်း။သတိ၊သတိကို၊ဥပဋ္ဌာပေတွာ၊ထင်စေ၍။ နိသိန္နော။နေ
သည်။ ဟောတိ။ ဖြစ်၏။ အာဂတေဝါ။ လာသည်လည်းဖြစ်ကုန်သော။ဂ
တေဝါ၊ သွားသည်လည်းဖြစ်ကုန်သော၊ အဿာသပဿာသေ။ ထွက်
သက်ဝင်သက်တို့ကို။ နမနသိကရောတိ။ နှလုံးမသွင်း။ အာဂတေဝါ။ လာ
သည်လည်းဖြစ်ကုန်သော၊ ဂတေဝါ။ သွားသည်လည်းဖြစ်ကုန်သော။
အဿာသပဿာသာ။ထွက်သက်ဝင်သက်တို့သည်။အဝိဒိတာ၊မသိအပ်
ကုန်သည်။ နဟောန္တိ။မဖြစ်ကုန်။ ပဓာနဉ္စ။ ပဓာနသည်လည်း။ ပညာယ
တိ။ထင်၏။ပယောဂဉ္စ။ပယောဂသည်လည်း၊သာဓေတိ။ပြီးစေ၏။ ဝိသေ
သံ၊ဝိသေသကို၊အဓိဂစ္ဆတိ၊ရ၏။ပဓာနန္တိ၊ ပဓာနဟုဆိုရာ၌၊ ကတမံ။ အ
ဘယ်သည်။ပဓာနံ၊ပဓာနမည်သနည်း။အာရဒ္ဓဝီရိယဿ။အားထုတ်သော
ဝီရိယရှိသောရဟန်း၏။ကာယောပိ။ ကိုယ်သည်၎င်း။ စိတ္တံပိ။ စိတ်သည်
၎င်း၊ကမ္မနိယံ။ခန့်သည်။ဟောတိ။ဖြစ်၏၊ဣဒံ။ ဤကိုယ်စိတ်ခန့်ခြင်းသည်။
ပဓာနံ။ပဓာနမည်၏။ကတမော။အဘယ်သည်။ပယောဂေါ၊ပယောဂမည်
သနည်း၊အာရဒ္ဓဝီရိယဿ။အားထုတ်သောဝီရိယရှိသောရဟန်း၏၊ဥပက္ကိ
လေသာ၊အညစ်အကြေးကိလေသာတို့သည်။ပဟီယန္တိ။ ပျောက်ကုန်၏။
ဝိတက္ကာ၊အကြံအစည်တို့သည်၊ဝူပသမန္တိ။ငြိမ်းကုန်၏။အယံ၊ ဤအညစ်
အကြေးပျောက်ခြင်း။အကြံအစည်ငြိမ်းခြင်းသည်၊ပယောဂေါ၊ပယောဂ
မည်၏။ကတမော။အဘယ်သည်၊ဝိသေသော၊ဝိသေသမည်သနည်း၊ အာ
ရဒ္ဓဝီရိယဿ။အားထုတ်သောဝီရိယရှိသောရဟန်း၏။သံယောဇနာ၊ပရိ
ယုဋ္ဌာန်သံယောဇဉ်တို့သည်၊ပဟီယန္တိ။ ပျောက်ကုန်၏။အနုသယာ။အနု
သယတို့သည်၊ဗျန္တီ။ပျက်စီးကုန်သည်။ဟောန္တိ။ ဖြစ်ကုန်၏။ အယံ၊ ဤသံ
ယောဇဉ်ပျောက်ခြင်း၊အနုသယပျက်စီးခြင်းသည်၊ဝိသေသော။ ဝိသေသ
မည်၏၊ဧဝံ။ဤသို့၊ ဣမေတယောဓမ္မာ။ ဤသုံးပါးသောတရားတို့သည်၊ ဧ
ကစိတ္တဿ၊စိတ်တကြိမ်၏၊အာရမ္မဏာ၊အာရုံတို့သည်။နဟောန္တိ။မဖြစ်
ကုန်၊ဣမေတယောဓမ္မာ။ဤသုံးပါးသောတရားတို့သည်၊ အဝိဒိတာ၊ စိတ်
တကြိမ်တည်းဖြင့်၊မသိအပ်ကုန်သည်၊နစဟောန္တိ၊မဖြစ်ကုန်၊ စိတ္တံ၊စိတ်
သည်၊ ဝိက္ခေပံ ၊ပျံ့လွင့်ခြင်းသို့၊နဂစ္ဆတိ။မရောက်၊ပဓာနဉ္စ၊ ပဓာနသည်
လည်း၊ပညာယတိ၊ထင်၏။ပယောဂဉ္စ ပယောဂသည်လည်း။ သာဓေတိ၊

ပြီးစေ၏။ ဝိသေသံ။ ဝိသေသကို၊ အဓိဂစ္ဆတိ၊ ရ၏၊ ။ ဤသို့ပြဆိုအပ်ပြီး
သောနည်းဖြင့်၊ အာနာပါနဘာဝနာအထူးကိုသောကဲ့သို့၊ ထို့အတူ၊ မျက်စိ
နား-နှာ-လျှာ-ကိုယ်-စိတ်-ဤ-၆-ပါးသောဒွါရတို့သည် ဒွါရ-၆ ပါးမည်
ကုန်၏၊ ၎င်းဒွါရ ၆ ပါးတို့၌၊ သုံးပါးတတွဲစီပေါင်းဆုံမိကြကုန်၏၊ ။
ပေါင်းဆုံကြပုံမှာ၊ ။မျက်စိ-အဆင်း-မြင်ခြင်း။ ။နား-အသံ-ကြား
ခြင်း၊ ။နှာခေါင်း-အနံ့-နံခြင်း၊ ။လျှာ-အရသာ-စားခြင်း။ ။ကိုယ်
အတွေ့-ထိခြင်း၊ ။နှလုံး-သဘော-သိခြင်း။ ။ဤသို့သော။ သုဒွါရ။ သု
အာရုံ၊ သုဝိညာဉ်။ သုံးပါးစီကွဲသည်၊ ဒွါရ-အာရုံ-ဝိညာဉ်၊ သုံးပါးသောတ
ရားတို့သည်၊ တကြိမ်တည်းဖြစ်သောစိတ်၏။ တပြိုင်နက် အာရုံမဖြစ်
ကောင်း၊ တကြိမ်တည်းဖြစ်သောစိတ်၏။ တပြိုင်နက်အာရုံမဖြစ်ကောင်း
သော၊ ဤသုံးပါးသောတရားတို့ကို၊ တကြိမ်တည်းဖြစ်သောစိတ်ဖြင့် မသိ
သောသူသည်၊ ဝိပဿနာဉာဏ်ကိုမရ၊ တကြိမ်တည်းဖြစ်သောစိတ်ဖြင့်၊
သိသောသူသာလျှင်၊ ဝိပဿနာဉာဏ်ကိုရ၏၊ ဝိပဿနာဉာဏ်ကိုရခြင်းငှါ
အလိုရှိသောသူသည်။ ဒွါရ၌အာရုံထင်သည်။ ဝိညာဉ်သိသည်၏အစွမ်း
အားဖြင့်။ သတိထင်အောင်အမှတ်ပြု၍သာနေ၏၊ လာသောအာရုံ၊ သွား
သောဝိညာဉ်ကို၊ အမှတ်လည်းမပြု။ လာသောအာရုံ၊ သွားသောဝိညာဉ်မ
ထင်သည်လည်းမဟုတ်၊ ထင်လည်းသင်၏။ စိတ်လည်းမပျံ့လွင့်၊ အား
ထုတ်သောကိုယ်စိတ်လည်းခန့်၏၊ ဝိပဿနာအညစ်အကြေးလည်းပျော်
၏၊ ဝိတက်အကြံအစီလည်းငြိမ်း၏၊ ပရိယုဋ္ဌာန်သံယောဇဉ်လည်းပျော်၏၊
အနုသယလည်းပျက်စီး၏၊ ဝိပဿနာဉာဏ်အထူးကိုလည်းရ၏၊ အစဉ်သ
ဖြင့်တဆင့်တဆင့်တက်၍၊ အထက်အထက်ဝိပဿနာဉာဏ်အထူး၊ မဂ်
ဉာဏ်အထူးကိုလည်းရ၏၊ ။အောက်၌ပြလတံ့သောဗါဟိယသုတ်အ
ရကိုလည်းကျကျနနဉာဏ်ကြီး၍၊ အပြီးတိုင်အောင်မှတ်ကြလေ၊ ။

## (၁၇) ဥဒါန်းဗါဟိယသုတ်တော်ကို။ ထုတ်ဆောင်၍ပြသောကျမ်း။

တသ္မာတိဟ တေ ဗါဟိယ ဧဝံ သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿ
တိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ
ဝိညာတမတ္တံ ဘဝိဿတီတိ ဧဝဉှိ တေ ဗါဟိယ၊ သိက္ခိတဗ္ဗံ။ ယတော
ခေါ တေ ဗါဟိယ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။ သုတေ သုတမတ္တံ ဘဝိဿတိ။
မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။ တတော

တွံဗါဟိယနတေန၊ ယတောတွံဗါဟိယနတေန။ တတောတွံဗါဟိယန တတ္ထ၊ယတောတွံဗါဟိယနတတ္ထ၊ တတောတွံဗါဟိယနေဝိဓ၊ နဟုရံ၊ နဥဘယမန္တရေန၊ ဧသေဝန္တောဒုက္ခဿာတိ။အထခေါဗါဟိယဿဒါရုစီရိယဿဘဂဝတော၊ ဣမာယသံခိတ္တာယဓမ္မဒေသနာယတာဝဒေဝအနုပါဒါယအာသဝေဟိစိတ္တံဝိမုစ္စိ။ ။

အနက်၊ ။တသ္မာ၊ထို့ကြောင့်။ဗါဟိယ၊ချစ်သားဗါဟိယ။တေတယာ။သင်သည်၊ဧဝံဣမိနာမဂ္ဂေန။ဤမျှဖြင့်။သိက္ခိတဗ္ဗံ။ ကျင့်အပ်၏။တေ။သင်အား။ ဒိဋ္ဌေမြင်ရာ၌။ဒိဋ္ဌမတ္တံ။ မြင်၏ဟုအမှတ်ပြုရုံမျှသည်၊ ဘဝိဿတိ။ဖြစ်ရာ၏။သုတေ။ကြားရာ၌၊သုတမတ္တံ။ကြား၏ဟုအမှတ်ပြုရုံမျှသည်၊ဘဝိဿတိ၊ဖြစ်ရာ၏၊ မုတေ၊ နံတွေ့။ စားတွေ့၊ထိတွေ့၊တွေ့ရာ၌။မုတမတ္တံ၊ တွေ့၏ဟုအမှတ်ပြုရုံမျှသည်၊ ဘဝိဿတိ ၊ဖြစ်ရာ၏ ဝိညာတေ။သိရာ၌၊ဝိညာတမတ္တံ၊သိ၏ဟုအမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ဖြစ်ရာ၏၊ဣတိဧဝံဣမိနာမဂ္ဂေန။ဤမျှဖြင့်၊တေတယာ။သင်သည်။သိက္ခိတဗ္ဗံ၊ကျင့်အပ်၏။ဗါဟိယ။ချစ်သားဗါဟိယ။ တေတယာ။သင်သည်။ ဧဝံဣမိနာမဂ္ဂေနဝ။ဤမျှဖြင့်သာလျှင်။ သိက္ခိတဗ္ဗံ၊ကျင့်အပ်၏၊ဗါဟိယ၊ ချစ်သားဗါဟိယ။ယတော။အကြင်ကြောင့်၊ခေါ၊စင်စစ်။တေ၊သင်အား။ဒိဋ္ဌေ။မြင်ရာ၌။ဒိဋ္ဌမတ္တံ၊မြင်၏ဟုအမှတ်ပြုရုံမျှသည်၊ဘဝိဿတိ၊ဖြစ်ရာ၏၊သုတေ၊ကြားရာ၌။သုတမတ္တံ၊ ကြား၏ဟုအမှတ်ပြုရုံမျှသည်၊ဘဝိဿတိ၊ ဖြစ်ရာ၏၊မုတေ၊နံတွေ့။စားတွေ့၊ထိတွေ့၊တွေ့ရာ၌။ မုတမတ္တံ။ တွေ့၏ဟုအမှတ်ပြုရုံမျှသည်။ဘဝိဿတိ။ဖြစ်ရာ၌။ဝိညာတေ။သိရာ၌။ဝိညာတမတ္တံ၊ သိ၏ဟုအမှတ်ပြုရုံမျှသည်။ဘဝိဿတိ။ဖြစ်ရာ၏။ ဗါဟိယ။ ချစ်သားဗါဟိယ၊တတော။ ထို့ကြောင့်။တွံ။ ဘဝတဘန်သင်သည်။တေန။ ထိုအမှတ်ပြုရုံမျှဖြင့်။နဘဝိဿတိ။ မဖြစ်ရာ။ဗါဟိယ၊ချစ်သားဗါဟိယ။ယတော၊အကြင်ကြောင့်။တွံ။ဘဝတဘန်သင်သည်၊တေန၊ထိုအမှတ်ပြုရုံမျှဖြင့်၊ နဘဝိဿတိ။မဖြစ်ရာ။ ဗါဟိယ၊ချစ်သားဗါဟိယ။တတော၊ထို့ကြောင့်၊တွံ၊ဘဝတဘန်သင်သည်၊တတ္ထ။ထိုဒွါရ-၆-ပါး။အာရုံ ၆ပါး။ဝိညာဉ်၆ပါးတို့၌၊နဘဝိဿတိ။မဖြစ်ရာ။ဗါဟိယ၊ချစ်သားဗါဟိယ၊ တတော၊ထို့ကြောင့်။ဣဓ။ဤဒွါရ-၆-ပါး၌၊တွံ၊ဘဝတဘန်သင်သည် နဘဝိဿတိ။ မဖြစ်ရာ၊ဟုရံ။ဤအာရုံ-၆-ပါး၌။တွံ၊ဘဝတဘန်သင်သည်၊နဘဝိဿတိ၊မဖြစ်ရာ၊ဥဘယမန္တရေန။ဤဒွါရ၊အာရုံနှစ်ပါးပံတို့၏အကြား၊ဝိညာဉ်၆ပါး၌၊တွံ၊ဘဝတဘန်သင်သည်။ နဘဝိဿတိ၊မဖြစ်ရာ၊ဧသေဝဧသောဧဝ။ဤသို့ဘဝတ

ဘန်သင်မဖြစ်ခြင်းသည်ပင်လျှင်။ ဒုက္ခသ၊ ဆင်းရဲ၏၊ အင်္ဂါ၊ အဆုံးနိဗ္ဗာန်တည်း။ ဣဘိဏ္ဍမိနာမဟ္တေနေဝ။ ဤမျှဖြင့်သာလျှင်။ ဧတတယာ။ သင်သည်။ သိက္ခိတဗ္ဗံ။ ကျင့်အပ်၏။ ဣဓ ထေ ခါ။ ထိုသို့ဟောတော်မူသောအခါ၌၊ ဘာဂဝတော။ မြတ်စွာဘုရား၏၊ သံခိတ္တာယ။ အကျဉ်းမျှသာဖြစ်သော၊ ဓမ္မာယ ဓမ္မဒေသနာယ။ ဤတရားဒေသနာတော်ဖြင့်၊ ဒါရုစီရိယသ။ ပျဉ်ချပ်သင်္ကန်းကိုဝတ်သော ဗာဟိယဿ၊ ဗာဟိယ၏။ စိတ္တံ။ စိတ်သည်။ တာဝဒေဝ၊ ထိုတရားဆုံးသောခဏ၌ပင်လျှင်၊ အနုပါဒါယ၊ ဥပါဒါန်မရှိသည်ဖြစ်၍၊ အာသဝေဟိ၊ အာသဝေါ တရား-၄-ပါးတို့မှ၊ ဝိမုစ္စိ။ အရဟတ္တဖိုလ်ရဟန္တာဂုဏ်ကိုလ်အပြစ်ဖြင့်လွတ်ပြီ၊ ။

## (၁၈) သတိပဋ္ဌာန်အရာ၌ ဣရိယာပထပဗ္ဗကို၊ ရှုမှတ်နည်းနှင့်တကွပြဆိုသောကဏ္ဍ။

ကိုယ်အမူအရာ၌။ သွား ရပ် ထိုင် လျောင်း၊ ဣရိယာပုထ်အပေါင်းစသည်တို့ကို၊ မသွားမသဘဲမနေနိုင်ကြသဖြင့်၊ သွားလျှင်၊ သွား-သွားတယ်လို့မှတ်၊ ရပ်လျှင်။ ရပ်ရပ်တယ်လို့မှတ်၊ ထိုင်လျှင်။ ထိုင်ထိုင်တယ်လို့မှတ်။ လျောင်းလျှင်။ လျောင်းလျောင်းတယ်လို့မှတ်၊ ။

ဂစ္ဆန္တောဝါပါဠိ၌သဘောဘွင့်ပြပေသည်။

ဤဣရိယာပုထ်-၄-ပါးတို့ကိုမှတ်သည်နည်းအတိုင်း။ မဆုတ်မဆိုင်းဘဲရှုမှတ်သည်နှင့်အညီ။ သမ္ပဇာနကာရီဖြင့်။ ရှုမှတ်ရမည်မှာ။ မလှမ်းဘဲမနေနိုင်ကြသဖြင့်။ ရှေ့သို့တက်၍ညာကလှမ်းလျှင်၊ လှမ်းလှမ်းကယ်လို့မှတ်။ ဘယ်ကလှမ်းလျှင်၊ လှမ်းလှမ်းတယ်လို့မှတ်။ ညာကဆုတ်လျှင်။ ဆုတ်ဆုတ်တယ်လို့မှတ်၊ ဘယ်ကဆုတ်လျှင်။ ဆုတ်ဆုတ်တယ်လို့မှတ်၊ ။

အဘိက္ကန္တေပါဠိ၌သဘောဘွင့်ပြပေသည်၊

မကြည့်မရှုဘဲမနေနိုင်ကြသဖြင့်၊ တရူရူတဲ့တဲ့ကြည့်လျှင်၊ ကြည့်ကြည့်တယ်လို့မှတ်။ စောင်းငဲ့၍ကြည့်လျှင်။ ကြည့်ကြည့်တယ်လို့မှတ်။ ။

အလောကိတေပါဠိ၌သဘောဘွင့်ပြပေသည်၊

လက်ခြေတို့ကိုမကွေးမဆန့်ဘဲမနေနိုင်ကြသဖြင့်၊ ကွေးလျှင်၊ ကွေးကွေးတယ်လို့မှတ်။ ဆန့်လျှင်၊ ဆန့်ဆန့်တယ်လို့မှတ်။ ။

သမိဉ္ဇိတေပါဠိ၌သဘောဘွင့်ပြပေသည်။

သပိတ်သင်္ကန်းစသည်တို့ကိုမကိုင်ဘဲမနေနိုင်ကြသဖြင့်၊ ကိုင်လျှင်၊ ကိုင်ကိုင်တယ်လို့မှတ်၊ ယူလျှင်၊ ယူယူတယ်လို့မှတ်။ ထားလျှင်၊ ထားထားတယ်လို့မှတ်၊ ဝတ်လျှင်၊ ဝတ်ဝတ်တယ်လို့မှတ်။ ချွတ်လျှင်၊ ချွတ်ချွတ်တယ်လို့မှတ်။ ခါလျှင်၊ ခါခါတယ်လို့မှတ်၊ ။လူတို့မှာလည်း၊ပုဆိုးပုဝါ၊ထမီအင်္ကျီ၊အိုးခွက်ဇွန်းပုဂံစသည်တို့ကို၊ မကိုင်ဘဲမနေနိုင်ကြသဖြင့်၊အထက်ကပြသည့်နည်းအတိုင်း၊မှတ်ရာ၏၊ ။

သံဃာဋိပတ္တစီဝရဓာရဏေပါဠိသဘောဘွင့်ပြပေသည်၊

မစားမသောက်ဘဲမနေနိုင်ကြသဖြင့်၊စားလျှင်၊ စားစားတယ်လို့မှတ်၊သောက်လျှင်၊ သောက်သောက်တယ်လို့မှတ်။ ခဲလျှင်၊ခဲခဲတယ်လို့မှတ်၊လျက်လျှင်၊လျက်လျက်တယ်လို့မှတ်၊ ။

အသိတေပါဠိသဘောဘွင့်ပြပေသည်။

ကြင်ကြီးကြင်ငယ်မစွန့်ဘဲမနေနိုင်ကြသဖြင့်၊ကြင်ကြီးစွန့်လျှင်၊ စွန့်စွန့်တယ်လို့မှတ်။ကြင်ငယ်စွန့်လျှင်၊စွန့်စွန့်တယ်လို့မှတ်၊ ။

ဥစ္စာရပဿာဝေပါဠိသဘောဘွင့်ပြပေသည်။

မသွားဘဲ၊မရပ်ဘဲ၊မထိုင်ဘဲ၊မအိပ်ဘဲ၊မနိုးဘဲ၊စကားမပြောဘဲ၊ဆိပ်ဆိပ်မနေဘဲ၊မနေနိုင်ကြသဖြင့်၊သွားလျှင်၊ ရပ်လျှင်၊ ထိုင်လျှင်၊ အိပ်လျှင်၊နိုးလျှင်၊စကားပြောလျှင်၊ဆိပ်ဆိပ်နေလျှင်၊ နေနေတယ်လို့မှတ်၊ အစဉ်အတိုင်းမှတ်ရမည်၊ ။

ဂတေဌိတေပါဠိသဘောဘွင့်ပေသည်။

သွားရပ်ထိုင်လျောင်း၊လှည့် ပြောင်းစောင်းငဲ့သောအမူအရာ၊ရှေ့တက်နောက်ဆုတ်၊ကွေးဆန့်ထကြွခြင်းစသောအမူအရာတို့ကို၊မှတ်ခြင်းသည်၊ အဇ္ဈတ္တိကရုပ်ကိုရှုမှတ်သည်မည်၏၊ထိုမှကြွင်းသောအမူအရာတို့ကို၊ ရှုမှတ်ခြင်းသည်၊ ဗဟိဒ္ဓရုပ်ကိုရှုမှတ်သည်မည်၏၊သတိပဋ္ဌာန်ပါဠိတော်လာတိုင်းသိလောက်ပြီ၊ ။ဤသို့မဟာသတိပဋ္ဌာန်၏သဘောသွားကို၊အားထုတ်ပုံနည်းလမ်းနှင့်ထင်ရှားအောင်ပြခြင်းဖြစ်ပေသည်။မြတ်စွာဘုရားအလိုတော်ကြအတိုင်းမှန်ပေ၏၊အာနာပါနအစ၊ ဂတေဌိတေပါဠိအဆုံး၊ဟုဆိုအပ်သော၊ကိုယ်အမူအရာ၌၊လိုက်၍ရှုမှတ်ပုံနည်းတည်း၊ထိုကဲ့သို့ပြဆိုသည့်အတိုင်း၊မှတ်သောအခါ၊ပြုသောအမူအရာနှင့်၊နှလုံးသွင်း၍မှတ်ခြင်းသည်၊တချက်တည်းညီညွတ်စေရမည်၊ဂစ္ဆန္တောဝါပါဠိအရ

သွားသောအခါ၊ သွားခြင်းအမူအရာဖြစ်ပေါ်လာသော။ သွားသဲခဏ္ဍ။ သွားသွားတယ်လို့မှတ်ခြင်းသည်၊ ပဌမသွားကအမှတ်မဲ့၊ သွားလာကြခြင်းဖြစ်ပေသည်၊ ဒုတိယသွားတယ်လို့မှတ်ထာက၊ သတိရှေ့သွားနှင့်မှတ်ခြင်းဖြစ်ပေသည်။ ထို့ကြောင့်နှစ်ထပ်။ သွားသွားတယ်လို့ရှုမှတ်နည်းကို။ အဝယဝဏ္ဏအားဖြင့်။ အပိုင်အပိုင်ဘွင့်ပြပေသည်။

သွားဝဲ့အမူအရာကရှေ့ကျ၍။ အမှတ်ကနောက်ကျခြင်း၊ အမှတ်ကရှေ့ကျ၍။ သွားတဲ့အမူအရာကနောက်ကျခြင်းမဖြစ်စေဘဲ။ တချက်တည်းညီညွတ်စေရမည်။ အပြုအမူအရာဖြစ်ပေါ်သာတိုင်း၊ လိုက်သည့်မှတ်စဉ်ကိုမရိပ်မိ၍။ မှတ်ပုံအချိုးအစားမကျမှီအခါ၊ မမှတ်လိုက်ရ၍။ မေ့တာကများတတ်ပါသည်၊ ဤသို့မေ့နေလျှင်။ မေ့မေ့တယ်လို့မှတ်။ မှတ်ပုံလိုက်စဉ်ကိုရိပ်မိ၍။ မှတ်တတ်လာသောအခါ။ မေ့တာကနည်း၍။ မှတ်မိတာကများလာသိမ့်မည်။ အမှတ်စိပ်လာလျှင်၊ အသိဉာဏ်လည်းစိပ်၍လာ၏၊ အမှတ်ကြဲနေလျှင်အသိဉာဏ်လည်းကြဲ၍နေ၏၊ ဖြစ်ပေါ်လာသောအမူအရာတိုင်း၊ တန့်ရပ်နားနေခြင်းမရှိ၍။ အမှတ်ကလည်းတန့်ရပ်နားနေခြင်းမရှိနှင့်။ ဖြစ်ပေါ်လာတိုင်းသောအမူအရာတို့ကို၊ မလစ်မလပ်စေဘဲ၊ ခဲခဲမဲမဲအမြဲမှတ်နေရမည်၊ ဖြစ်ပေါ်လာသောအမူအရာတို့သည်၊ တမျိုးစီကခြားစီဖြစ်ပေါ်လာသည်ကို၊ အများမြင်၍တခါတည်း။ ဖြစ်ပေါ်လာသည်ဟု၊ ထင်နေတတ်ခြင်းကြောင့်၊ အမှတ်ရောင်တ၍၊ မကျနဘဲလွဲတတ်ပါသည်၊ ဖြစ်ပေါ်လာသောရုပ်အမူအရာတို့သည်၊ တမျိုးစီသာဖြစ်ပေါ်လာသည်ဖြစ်၍။ စိတ်ကလည်းတမျိုးစီသာဖြစ်ပေါ်လာသည်၊ ဖြစ်ပေါ်လာတိုင်း။ စိတ်ကပိုင်း၍၊ တမျိုးတမျိုးစီအစဉ်အတိုင်းလိုက်၍မှတ်။ တမျိုးတမျိုးစီမှတ်ရမည်ဆိုသော်လည်း၊ တမျိုးမျိုးကိုစွဲ၍မှတ်ပြီးမှဖြစ်ပေါ်လာသော အမူအရာတမျိုးကို၊ ကူးပြောင်းခါမလစ်မလပ်ရအောင် မှတ်ရမည်ဆိုလိုသည်။ မှတ်တတ်လာသောအခါအချိုးအစားကျကျနနဖြစ်လာပြီးလျှင်၊ အသိဉာဏ်တွေများလာ၍၊ တမျိုးမှတ်လျှင်၊ အမျိုးများစွာသိလာပေလိမ့်မည်။ ၊အဋ္ဌကထာ၌၊သွားခြင်း၊ရပ်ခြင်း။ ထိုင်ခြင်း၊လျောင်းခြင်း။ အိပ်ခြင်းစသည်များကိုသိခြင်းသည်၊ ခွေးသိဝက်သိဟုဆို၏၊ ခွေးဝက်စသည်များတို့သည်။ သတိရှေ့ထား၍မှတ်သါးသေါအသိမျိုးမဟုတ်၊ မေါဟစိတ်ဆက်နှင့်သိသောအသိဖြစ်ကြောင်းကို၊ ပေါ်လွင်စေခြင်းငှာ။ ပြဆိုသောအချက်ဖြစ်ပေသည်၊ ကမ္မဋ္ဌာန်းရှုမှတ်ခြင်းသည်၊ သတိရှေ့ထား၍ မှတ်သားခြင်းရှိသည်အတွက်။ အမေါဟစိတ်ချက်ဖြစ်လာပြီးလျှင်၊ အထက်အ

ထက်ဉာဏ်တို့ကိုတက်၍၊ သိသောစိတ်ချက်မျိုးတွေ ဖြစ်ပေါ်လာလေ
သည်။ခွေးသိဝက်သိနှင့်။ လူသိရှင်သိ ရဟန်းသိတို့နှင့် ပြိုင်ရှင်နိုင်းရှင်ပါ
လျှင်အသိဆိုတဲ့သဒ္ဒါအသံခြင်းတူလေငြားသော်လည်း။ သိခြင်းသဘော
များ.မှာလွန်စွာကွဲပြား၍။ ခြားနားလေတော့သည်။ ၊ကမ္မဋ္ဌာန်းအား
ထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည်၊ ရိုးသားဖြောင့်စဉ်း လှည့်ပတ်ကင်းရ
မည်၊လှည့်ပတ်မကင်း၍တရုခုအမှုအရာ ဖြစ်ပေါ်လာအောင်၊ကြံစည်ခြင်း
မပြုရ၊ဖြစ်ပေါ်လာအောင်ပြုက။ လောဘဖြစ်၏။ ဖြစ်ပေါ်လာသောအမှုအ
ရာကို။မိမိစိတ်ကချ၍။ ပျက်စီးအောင်မပြုနှင့်။ မိမိစိတ်ကချ၍။ ပျက်စီး
အောင်ပြုက။ဒေါသဖြစ်၏၊ အမှုအရာဖြစ်ပေါ်လာတိုင်း၊ သတိကင်း၍ဖြစ်
ပျက်ခြင်းကိုမသိက။မောဟဖြစ်၏၊လှုံ့ဆော်ယောဂမှုနှင့်၊ မပြုမလုပ်ဘဲ၊ အ
လိုအလျောက်ပေါ်ပေါက်လာသော၊ အမှုအရာ အတိုင်းကိုသာမှတ်ရ
မည်၊ ။ဝိပဿနာအလုပ်ကို အားထုတ်ခြင်မှာ။ ရုပ်နာမ်တို့၏ဖြစ်
ပျက်မှုအမှုအရာတို့ကို၊သိအောင်ကြံစည်ပြုလုပ်၍၊သိခြင်းသည်။ ဝိပဿ
နာဉာဏ်သိဟုမဆိုရ၊အားထုတ်သဲအခါ။ အလိုလိုအကြောင်းအားလျော်
စွာ။မကြံစည်ဘဲ၊ဖြစ်ပျက်မြဲအမှန် ယထာဘူတဉာဏ်ဖြင့်၊သိခြင်းကိုသာ
ဝိပဿနာဉာဏ်ဟုဆိုရလေသည်။ ၊ဥပမာ၊အင်းနားအိုင်နား၌ငင်း
ရေသွားရာကတွင်ပေါက်နား၌ရင်း၊ စောင့်နေသောမြိုင်းသည်။ငါးပေါ်
လာအောင်လည်းမကြံစည်။ပေါ်လာသည်ငါးကို၊ ပျော်သွားအောင်လည်း
လုလွှမထား၊ ပေါ်လာသည့်ငါးကိုသာ။ဖမ်းပေါက်၍စားသကဲ့သို့။ ထို့
နည်းတူစွာ။ အင်းအိုင်ကတွင်ပေါက်၌၊ အလိုလိုငါးပေါ်လာတာနှင့်တူ
သော။ ၆-ဒွါရအပေါက်တို့၌၊ဖြစ်ပေါ်လာသော၊ရုပ်နာမ်ခန္ဓာအမှုအရာအ
တိုင်း။မြင်မြင်တယ်လို့မှတ်လျှင်၊အဆင်းကရုပ်။ မှတ်ထာကစိတ်။ အဆင်း
ရုပ်နှင့်မှတ်တဲ့စိတ်မြိုင်၍ချုပ်ပျက်၏၊ ဤလိုမြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း။
စားတိုင်း။ထိတိုင်း၊ သိတိုင်းစသည်ဖြင့်မချုပ်မပျက်တဲ့အမှုအရာမရှိလေ
သောကြောင့်၊မနှောင့်မနှေး။ပရမတ်ရုပ်နာမ်တို့ကို။ တရေးရေးမြင်သောအ
မောဟစိတ်ကသိ၍။မှတ်သည့်အခိုက်အတန့်တိုင်းမှာပင်၊ လောဘဒေါသ
မောဟစိတ်တို့မဝင်မပေါ် နိုင်သည်အတွက်။ဝိပဿနာဘက်သို့တက်သွါး
လေ၏၊ ။ထို့ကြောင့်ကမ္မဋ္ဌာန်းလိုက်စဉ်ဆောင်ပုဒ်လင်္ကာမှာ။ ။ဖြစ်
အောင်မပြုနှင့်၊ပျက်အောင်မပြုနှင့်။ဖြစ်တိုင်းပျက်တိုင်းထင်အောင်ရှု၊ ဖြစ်
အောင်ပြုကလောဘ။ ပျက်အောင်ပြုကဒေါသ၊ ဖြစ်သည်ပျက်သည်မသိ
မောဟ။ ။ငှင်းလိုက်စဉ်အတိုင်း၊ မဆိုင်းမရပ်ဘဲ၊သတိစွဲမြဲ၍မှတ်ရ

မည်။ ။ဤသို့ပြဆိုခဲ့ပြီးသောနည်းလမ်းတို့သည်။ကာယာနုပဿနာသတိပဋ္ဌာန်အခန်းတို့ပေတည်း၊ ။

{၁၉} ဝေဒနာနုပဿနာရှုမှတ်ပုံကို။
နည်းစုံအောင်ပြခြင်းကဏ္ဍ။

ကထဉ္စပန ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ စသည်ဖြင့်၊ ဟောတော်မူသော၊ မဟာသတိပဋ္ဌာန်သုတ်ပါဠိတော်အရ။ အဆိုးထုတ်နည်းကို၊ သဘောအားဖြင့်ဘွင့်ပြခြင်းသည်။ မိမိခန္ဓာ၌သတိမဆုတ်ယုတ်ဘဲ၊ ကမ္မဋ္ဌာန်းတရားကိုအားထုတ်သည့်အခါ၊ ။အေးလျှင်၊ အေးအေးတယ်လို့မှတ်။ ပူလျှင်၊ ပူပူတယ်လို့မှတ်။ အိုက်လျှင်။ အိုက်အိုက်တယ်လို့မှတ်။ ချမ်းလျှင်၊ ချမ်းချမ်းတယ်လို့မှတ်၊ စိမ့်လျှင်၊ စိမ့်စိမ့်တယ်လို့မှတ်၊ မူးလျှင်။ မူးမူးတယ်လို့မှတ်။ ဝေလျှင်၊ ဝေဝေတယ်လို့မှတ်၊ သန်းလျှင်။ သန်းသန်းတယ်လို့မှတ်၊ မောလျှင်။ မောမောတယ်လို့မှတ်၊ ပန်းလျှင် ပန်းပန်းတယ်လို့မှတ်။ ဟိုက်လျှင်။ ဟိုက်ဟိုက်တယ်လို့မှတ်။ ပျို့လျှင်။ ပျို့ပျို့တယ်လို့မှတ်။ အံလျှင်၊ အံအံတယ်လို့မှတ်၊ အော့လျှင်၊ အော့အော့တယ်လို့မှတ်၊ နေကောင်းလျှင်။ ကောင်းကောင်းတယ်လို့မှတ်၊ နေဆိုးလျှင်၊ ဆိုးဆိုးတယ်လို့မှတ်၊ ညောင်းလျှင်။ ညောင်းညောင်းတယ်လို့မှတ်။ ကိုက်လျှင်၊ ကိုက်ကိုက်တယ်လို့မှတ်။ ခဲလျှင်။ ခဲခဲတယ်လို့မှတ်၊ ထုံလျှင်၊ ထုံထုံတယ်လို့မှတ်။ ကျင်လျှင်။ ကျင်ကျင်တယ်လို့မှတ်။ မြန်းလျှင်။ မြန်းမြန်းတယ်လို့မှတ်။ ကျိမ်းလျှင်။ ကျိမ်းကျိမ်းတယ်လို့မှတ်၊ စပ်လျှင်။ စပ်စပ်တယ်လို့မှတ်၊ အောင့်လျှင်၊ အောင့်အောင့်တယ်လို့မှတ်၊ အင့်လျှင်။ အင့်အင့်တယ်လို့မှတ်၊ ထိုင်းလျှင်။ ထိုင်းထိုင်းတယ်လို့မှတ်၊ မှိုင်းလျှင်၊ မှိုင်းမှိုင်းတယ်လို့မှတ်။ တောင့်လျှင်။ တောင့်တောင့်တယ်လို့မှတ်။ တင်းလျှင်။ တင်းတင်းတယ်လို့မှတ်။ ယားလျှင်။ ယားယားတယ်လို့မှတ်၊ နာလျှင်။ နာနာတယ်လို့မှတ်၊ သက်သာလျှင်၊ သက်သာသက်သာတယ်လို့မှတ်။ မသက်သာလျှင်။ မသက်သာမသက်သာဘူးဟုမှတ်။ ။

စားသောက်သောအခါတို့၌။ ချိုလျှင်။ ချိုချိုတယ်လို့မှတ်။ ချဉ်လျှင်၊ ချဉ်ချဉ်တယ်လို့မှတ်။ ဆိမ့်လျှင်၊ ဆိမ့်ဆိမ့်တယ်လို့မှတ်။ ပူလျှင်။ ပူပူတယ်လို့မှတ်၊ စပ်လျှင်။ စပ်စပ်တယ်လို့မှတ်၊ ပေါ့လျှင်၊ ပေါ့ပေါ့တယ်လို့မှတ်၊ လေးလျှင်၊ လေးလေးတယ်လို့မှတ်။ ငန်လျှင်၊ ငန်ငန်တယ်လို့မှတ်၊ ဖန်လျှင်။

ဖန့်ဖန့်တယ်လို့မှတ်၊ ခါးလျှင်။ ခါးခါးတယ်လို့မှတ်။ ငံလို့အရသာရှိလျှင် အရသာရှိရှိတယ်လို့မှတ်၊ အရသာမရှိလျှင်။ အရသာမရှိမရှိဘူးဟုမှတ်။ ။

ဤသို့ရှုမှတ်သည့်အခိုက်အတန့်၌၊ ဝေဒနာသုံးပါးတို့တွင်၊ သာယာရုံမက်။ နှစ်သက် ရွှင်လန်း။ ဝမ်းမြောက်ဝမ်းသာ၊ ကြည်လင်စွာသဘောကျ၍၊ ကောင်းမွန်ချမ်းသာလှသဖြင့်။ တောင့်တလိုလားသော၊ ဣဋ္ဌာရုံအမှုအရာသဘောဟုသမုတ်ရှိသည်၊ သုခဝေဒနာမျိုးမည်၏။ ဤသုခဝေဒနာနှင့် ဆန့်ကျင်ဘက်ဖြစ်သော။ မသာယာမရုံမက်၊ မနှစ်သက်မ ရွှင်လန်း။ ဝမ်းမမြောက် ဝမ်းမသာ မကြည်လင်သဘောမကျ၊ မကောင်းမွန်မချမ်းသာလှသဖြင့်။ မတောင့်တမလိုလားခြင်းစသော၊ အနိဋ္ဌာရုံအမှုအရာသဘောဟုသမုတ်သည်။ ဒုက္ခဝေဒနာမျိုးမည်၏၊ ထိုဝေဒနာနှစ်ပါးတို့သဘောမျိုးမဟုတ်သော။ တောင့်တလိုလား၍သဘောကျသည်လည်းမဟုတ်၊ မတောင့်တမလိုလားသော သဘောမျိုးလည်းမဟုတ်သော၊ မဇ္ဈတ္တာရုံအမှုအရာသဘောဟုသမုတ်သည်၊ ဥပေက္ခာဝေဒနာမည်၏၊ ။ မိမိခန္ဓာကိုယ်၌။ အေးချမ်းမှုအိုက်ခြင်းစသည်ဖြင့်၊ ပြဲသောရှုမှတ်ပုံနည်းသည်၊ အဇ္ဈတ္တဝေဒနာကိုရှုမှတ်သည်မည်၏။ စားသောက်သော အာဟာရတို့၌ အချိုအချဉ်စသည်ဖြင့်၊ ရှုမှတ်ပုံမျိုးသည်၊ ဗဟိဒ္ဓကိုရှုမှတ်သည်မည်၏။ ၊ကြွင်းကျန်သောပဗ္ဗတို့၌၊ ဤနည်းကိုမှီး၍သိကြပါလေ။ ၊

## (၂၀) စိတ္တာနုပဿနာသတိပဋ္ဌာန်ရှု မှတ်ပုံကို၊ နည်းစုံအောင်ပြခြင်းကဏ္ဍ၊

ဤစိတ္တာနုပဿနာသတိပဋ္ဌာန်၌၊ အဋ္ဌကထာလာတိုင်းကိုသာ၊ စိတ်တို့သဘောကိုအနက်ပေးထားသောကြောင့်။ ပါဠိတော်၏အနက်သည်၊ ခက်ခဲနက်နဲနေသဖြင့်၊ ဒွါရအာရုံဝိညာဉ်တို့၌၊ ကမ္မဋ္ဌာန်းရှုမှတ်ပါလျှင်၊ သဘောဆုံးအောင်မသိသောကြောင့်၊ လုံးထွေးပေါင်းစုနေ၍။ အားထုတ်မှုကို။ ယောဂီပုဂ္ဂိုလ်ဥာဏ်၌။ သဘာဝကျနအောင်၊ မထိခိုက်နိုင်သဖြင့်၊ ရှုပ်ထွေး၍နေတတ်၏။ ထို့ကြောင့်ရှုပ်ထွေးပုံမှာ။ သရာဂံဝါစိတ္တံ သရာဂံစိတ္တန္တိပဇာနာတိ၊ ။သရာဂံဝါ၊ တတ်ခြင်းရာဂနှင့်တကွဖြစ်သော၊ စိတ္တံ။ လောဘမူစိတ်-၈-ခုကို၊ သရာဂံစိတ္တန္တိ။ တတ်ခြင်းရာဂနှင့်တကွဖြစ်သောစိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ ဤသို့အနက်ပေးသဖြင့်။ အားထုတ်ကြသောယောဂီပုဂ္ဂိုလ်တို့မှာ၊ စိတ်သဘောအရေအတွက်ဟုဆိုအပ်သော၊ လောဘမူစိတ်

ဂ–ခုဘ်ရှင့်တွေးရှပ်နေ၍။ မရှင်းလင်းနိုင်ပေ၊ ရှင်းလင်းစေခြင်းငှာ အား လုတ်နည်းမှာ၊ ဆိုအပ်ခဲ့ပြီးသော။ဥဒါန်းပါဠိတော်၌၊ဗါဟိယသုတ်အတိုင်း အားထုတ်အပ်၏၊ ။နည်းကိုပြဦးအံ့။

(၁) မျက်စိဖြင့်။အဆင်းအမျိုးမျိုးတို့ကိုမြင်သောအခါ။အနီအပြာ အဝါ၊အဖြူစသည်ဟု ပညတ်ခေါ်သောအမည်။အိမ်၊ ကျောင်း ဇရပ်၊ တံတောင်းစသည်ဟုပညတ်ခေါ်သော သဏ္ဌာန်ကိုမမှတ် ဘဲ၊အဆင်းကိုမြင်လျှင်၊မြင်မြင်တယ်လို့မှတ်၊အနီ၊အပြာ။အဝါ အဖြူစသည်ဖြင့်မပါစေနှင့်။ ၊

(၂) နားဖြင့်အသံအမျိုးမျိုးတို့ကို။ ကြားသောအခါ၊ လူသံ။ ကျီး သံ၊ခွေးသံ။ ဝက်သံစသည်ဟုပညတ်ခေါ်သော အသံတို့ကိုမ မှတ်ဘဲ အသံကိုကြားလျှင်၊ ကြားကြားတယ်လို့မှတ်။ လူသံ၊ ကျီးသံ။ခွေးသံ၊ဝက်သံစသည်ဖြင့်မပါစေနှင့်၊ ၊

(၃) နှာခေါင်းဖြင့်အနံ့အမျိုးမျိုးတို့ကိုနံသောအခါ။ အမွှေးနံ့၊ အ ပုပ်နံ့။အညှီနံ့။ အဟောင်နံ့စသည်ဟုပညတ်ခေါ်သော။ အနံ့ တို့ကိုမမှတ်ဘဲ။အနံ့တို့ကိုနံလျှင်။နံနံတယ်လို့မှတ်၊အမွှေးနံ့ အ ပုပ်နံ့၊အညှီနံ့၊အဟောင်နံ့စသည်ဖြင့်မပါစေနှင့်။ ။

(၄) လျှာဖြင့်အရသာအမျိုးမျိုးတို့ကိုစားသောအခါ၊သကြားအရ သာ။ထန်းလျက်အရသာ၊တင်လဲအရသာစသည်ဟုပညတ်ခေါ် သော၊ အရသာတို့ကိုမမှတ်ဘဲ၊ အရသာကိုစားလျှင်။ စားစား တယ်လို့မှတ်၊သကြားအရသာ၊ထန်းလျက်အရသာ၊ တင်လဲအ ရသာစသည်ဖြင့်မပါစေနှင့်၊ ၊

(၅) ကိုယ်ဖြင့်အတွေ့အမျိုးမျိုးတို့ကို၊ ထိသောအခါ။ ရဟန်းဖြစ် လျှင်။သပိတ်ကိုတွေ့ထိသည်။ သင်္ကန်းကိုတွေ့ထိသည်စသည် ဖြင့်၊ရင်းလူဖြစ်လျှင်။ အိုးခွက်ကိုတွေ့ထိသည်၊ ပုဆိုးကိုတွေ့ထိ သည်၊ ထမိကိုတွေ့ထိသည်ဟုစသည်ဖြင့်။ ပညတ်ခေါ်သောအ တွေ့အထိတို့ကိုမမှတ်ဘဲ၊ဘယ်အတွေ့အထိမျိုးကိုမဆို ထိလျှင် ထိထိတယ်လို့မှတ်။ သပိတ်ကိုတွေ့ထိသည်၊ သင်္ကန်းကိုတွေ့ ထိသည်။အိုးခွက်ကိုတွေ့ထိသည်၊ ပုဆိုးကိုတွေ့ထိသည်၊ ထမိ ကိုတွေ့ထိသည်ဟုစသည်ဖြင့်၊မပါစေနှင့်။

(၆) စိတ်ဖြင့်လောဘဖြစ်၍ လိုချင်တာအမျိုးမျိုးတို့ကို၊ လိုချင် သောအခါ၊ သပိတ်ကိုလိုချင်တာသိ၏။ သင်္ကန်းကိုလိုချင်တာ

သိ၏ဟုစသည်ဖြင့်ရှင်း။လူဖြစ်လျှင်၊ အိုးခွက်ကိုလိုချင်တသင်၏၊ ပုဆိုးကိုလိုချင်တာသိ၏။ ထမီကိုလိုချင်တာသိ၏ဟုစသည်ဖြင့်၊ ပညတ်ခေါ်သောအသိတို့ကိုမမှတ်ဘဲ၊ လိုချင်တာကိုသိလျှင်၊ လိုချင်လိုချင်တယ်လို့မှတ်၊ သိသိတယ်လို့မှတ်။ သပိတ်ကိုလိုချင်တာသိ၏။ သင်္ကန်းကိုလိုချင်တာသိ၏၊ အိုးခွက်ကိုလိုချင်တာသိ၏။ ပုဆိုးကိုလိုချင်တာသိ၏၊ ထမီကိုလိုချင်တာသိ၏ဟုစသည်ဖြင့်မပါစေနှင့်၊ ။စိတ်ဖြင့်ဒေါသဖြစ်၍။စိတ်ဆိုးတဲ့အမျိုးမျိုးတို့ကို။စိတ်ဆိုးသောအခါ။ မောင်ဖြူကိုစိတ်ဆိုးတာသိ၏၊မောင်မဲကိုစိတ်ဆိုးတာသိ၏။မောင်ကြောင်ကိုစိတ်ဆိုးတာသိ၏ ဟုစသည်ဖြင့်၊ပညတ်ခေါ်သောအသိတို့ကိုမမှတ်ဘဲ၊ စိတ်ဆိုးလျှင်။ဆိုးဆိုးတယ်လို့ မှတ်၊ သိသိတယ်လို့မှတ်။ မောင်ဖြူကိုစိတ်ဆိုးတာ၊ မောင်မဲကိုစိတ်ဆိုးတာ။ မောင်ကြောင်ကိုစိတ်ဆိုးတာသိ၏ဟုစသည်ဖြင့်မပါစေနှင့်။ ။စိတ်ဖြင့်မောဟဖြစ်၍မေ့တာအမျိုးမျိုးတို့ကို။မေ့သောအခါ။ငါမေ့တာကိုသိ၏၊ ငါတွေဝေတာကိုသိ၏၊ ငါမိန်းမောတာကိုသိ၏။ ဟုစသည်ဖြင့်။ ပညတ်ခေါ်သော အသိတို့ကိုမမှတ်ဘဲ၊ မေ့တာကိုသိလျှင်။ မေ့မေ့တယ်လို့မှတ်။ သိသိတယ်လို့မှတ်။ ငါမေ့သည်၊ ငါတွေဝေသည်။ ငါမိန်းမောသည်ဟုစသည်ဖြင့်မပါစေနှင့်၊ ။မေ့၍မသိဟူသောပြဲခြင်းသည်၊ အဘိဓမ္မာကျမ်းဂန်များတွင်၊ဒိဋ္ဌိပိုင်း၌၊မောဟဝါရကို သတိထား၍သိအပ်၏။ ။ယခုပြဆိုခဲ့ပြီးသောရှုမှတ်ခြင်းတို့သည်။ စိတ်ချက်ဖြစ်တိုင်းဖြစ်တိုင်း။အခိုက်အတန့်တို့ကိုလိုက်၍ မှတ်ခြင်းဖြစ်သောကြောင့်၊ ၎င်းအပြင်ဖြစ်ပေါ်လာသောစိတ်ချက်တို့၏။အမူအရာအခိုက်အတန့်တိုင်း၊ မှတ်ကြပါလေ။ရှုမှတ်ပုံနည်းများတို့ကို၊ နားလည်လွယ်၍မှတ်သားစေခြင်းငှာ ။ပါဠိမပါစကားပြေစာသွားနှင့်။ ရေးသားခြင်းဖြစ်ပေသည်၊ ။

## (၂၁) ဓမ္မာနုပဿနာသတိပဋ္ဌာန်ရှုမှတ်ပုံကို။နည်းစုံအောင်ပြခြင်းကထာ။

ဓမ္မာနုပဿနာရှုမှတ်ပုံမှာ။ပါဠိတော်အဓိပ္ပါယ်အလာကို၊ထင်ရှားစေခြင်းငှာ။ဥပါဒါနက္ခန္ဓာငါးပါးတရားတို့ကိုရှုမှတ်ရမည်၊ ရူပက္ခန္ဓာသည်ဖြစ်၍ချုပ်၏၊ ဝေဒနက္ခန္ဓာသည်။ဖြစ်၍ချုပ်၏။သညာနက္ခန္ဓာသည်။ဖြစ်၍ချုပ်၏။သင်္ခါရက္ခန္ဓာသည်၊ဖြစ်၍ချုပ်၏၊ဝိညာဏက္ခန္ဓာသည်၊ဖြစ်၍ချုပ်၏။ ။

ဤသို့ဟောတော်မူသောကြောင့်။အထက်က ပြအင်ပြီးသော၊ကာယာနုပဿနာ သတိပဋ္ဌာန်ရှုမှတ်နည်း။ ဝေဒနာနုပဿနာသတိပဋ္ဌာန်ရှုမှတ်နည်း၊စိတ္တာနုပဿနာသတိပဋ္ဌာန်ရှုမှတ်နည်းတို့၌၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်သည်။ပါဝင်ပြီးဖြစ်လေတော့၏။ပါဝင်ပုံနည်းမှာ။ ရူပက္ခန္ဓာကိုရှုမှတ်လျှင်။ ကာယာနုပဿနာသတိပဋ္ဌာန်၌ပါဝင်ကုန်၏။ဝေဒနက္ခန္ဓာကိုရှုမှတ်လျှင်။ ဝေဒနာနုပဿနာသတိပဋ္ဌာန်၌ပါဝင်ကုန်၏။ သညက္ခန္ဓာ။ ဝိညာဏက္ခန္ဓာတို့ကိုရှုမှတ်လျှင်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၌၊ ပါဝင်ကုန်၏၊ သင်္ခါရက္ခန္ဓာမှာ၊အထက်ကပြအပ်ပြီးသော၊ရုပ်နာမ်-၂-ပါးဖြစ်ပေါ်လာတိုင်း၊ ကုသိုလ်ကံအကုသိုလ်ကံတို့သည်၊ အကြောင်းဖြစ်ကုန်၏။ ထို့ကြောင့်ရုပ်နာမ်-၂-ပါးတရားဘို့၏၊ အကြောင်းအားလျော်စွာ၊ဖြစ်ရာဌာနသည်။ ဒွါရ-၆-ပါး၌ထင်ရှားစွာဖြစ်ပေါ်လာတိုင်း၊ ဓမ္မသဘောဖြစ်ကြကုန်၏၊မဖြစ်ပါစေလင့်၊ မပေါ်ပါစေလင့်ဟုတားမြစ်၍မရပေ။ ဤသို့တားမြစ်၍မရသောသဘောတရားတို့သည်။အထက်ကရှုမှတ်သောနည်းတို့၌ပါဝင်ကုန်၏၊သွားခြင်း၊ရပ်ခြင်း။ ထိုင်ခြင်း။ လျောင်းခြင်း၊ ကွေ့ပြောင်းလောင်းငဲ့ခြင်းစသည်ဖြင့်၊ဤသို့အစ္စတ္တရုပ်၌ဖြစ်ပေါ်လာခြင်းသည်။ ဓမ္မသဘောအတိုင်းပေတည်း။ပေးကမ်းယူငင်ဆွဲတင်သိုထားစသည်များအရဗဟိဒ္ဓရုပ်၌ဖြစ်ပေါ်လာခြင်းသည်။ဓမ္မသဘောအတိုင်းပေတည်း။ ၊ထို့ကြောင့်။ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း။စားတိုင်း။ထိတိုင်း၊သိတိုင်းတို့၌၊ဖြစ်ပေါ်လာသောရုပ်နာမ်ခန္ဓာတို့သည်၊ဖြစ်၍ချုပ်ကုန်၏။မဖြစ်ပါစေလင့်၊ မချုပ်ပါစေလင့်၊ ဟူ၍လည်းတားမြစ်၍မရကြပေ၊ ဤသို့တားမြစ်၍မရခြင်းသည်၊ဓမ္မသဘောအတိုင်းပေတည်း၊ပြဆိုခဲ့ပြီးသောရုပ်နာမ်-၂-ပါးခန္ဓာ-၅-ပါးတရားတို့ကို။ ဖြစ်ပေါ်ရာဌာန၊ ပါဠိတော်ဒေသနာအရနှင့်တကွ။အောက်၌ကျနအောင်ပြခြင်းမှာ။ ၊

(၁) စက္ခုဥ္စပဋိစ္စရူပေစဥပ္ပဇ္ဇတိစက္ခုဝိညာဏံ။ ။

(၂) သောတဉ္စပဋိစ္စသဒ္ဒေစဥပ္ပဇ္ဇတိသောတဝိညာဏံ၊ ။

(၃) ဃာနဉ္စပဋိစ္စဂန္ဓေစဥပ္ပဇ္ဇတိ၊ဃာနဝိညာဏံ။ ၊

(၄) ဇိဝှဉ္စပဋိစ္စရသေစဥပ္ပဇ္ဇတိဇိဝှာဝိညာဏံ၊ ။

(၅) ကာယဉ္စပဋိစ္စဖောဋ္ဌဗ္ဗေစဥပ္ပဇ္ဇတိကာယဝိညာဏံ၊ ၊

(၆) မနဉ္စပဋိစ္စဓမ္မေစဥပ္ပဇ္ဇတိမနောဝိညာဏံ၊ ၊

(၁) စက္ခုဉ္စ၊ မျက်စိကိုလည်း။ရူပေစ။အဆင်းတို့ကိုလည်း။ပဋိစ္စ။စွဲ၍၊ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်စိတ်ဖြင့်မြင်ခြင်းသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏၊

(၂) သောတဒွါ၊ နားကိုရင်း၊ သဒ္ဒါရုံ၊ အသံတို့ကိုရင်း၊ ပစ္စည်း၊ စွဲ၍၊ သောတဝိညာဏ်၊ သောတဝိညာဉ်စိတ်ဖြင့်ကြားခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ (၃) ဃာနဒွါ၊ နှာခေါင်းကိုရင်း၊ ဂန္ဓာရုံ၊ အနံ့တို့ကိုရင်း၊ ပစ္စည်း၊ စွဲ၍၊ ဃာနဝိညာဏ်၊ ဃာနဝိညာဉ်စိတ်ဖြင့်နံခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ (၄) ဇိဝှါဒွါ၊ လျှာကိုရင်း၊ ရသာရုံ၊ အရသာတို့ကိုရင်း၊ ပစ္စည်း၊ စွဲ၍၊ ဇိဝှာဝိညာဏ်၊ ဇိဝှာဝိညာဉ်စိတ်ဖြင့်စားခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ (၅) ကာယဒွါ၊ ကိုယ်ကိုရင်း၊ ဖောဋ္ဌဗ္ဗာရုံ၊ အတွေ့တို့ကိုရင်း၊ ပစ္စည်း၊ စွဲ၍၊ ကာယဝိညာဏ်၊ ကာယဝိညာဉ်စိတ်ဖြင့်ထိခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ (၆) မနောဒွါ၊ စိတ်ကိုရင်း၊ ဝါ၊ နှလုံးကိုရင်း၊ ဓမ္မာရုံ၊ သဘောတို့ကိုရင်း၊ ပစ္စည်း၊ စွဲ၍၊ မနောဝိညာဏ်၊ မနောဝိညာဉ်စိတ်ဖြင့်သိခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ ၊ဤသို့ပြဆိုသောနည်းလမ်းများသည်၊ မြတ်စွာဘုရားအား၊ ပဋ္ဌာန်းကျမ်းကြီး၌၊ ဟောထားတော်မူပေ၏၊ ရင်းအဘိဓမ္မာပဋ္ဌာန်းကျမ်းကြီး၌၊ စိတ်ဝိညာဉ်တို့ဖြစ်ပေါ်လာရာ၊ အကြောင်းပစ္စည်းနှင့်မကင်း၊ တွဲစပ်ခြင်းကြောင့်၊ ဖြစ်ပေါ်လာသည်ဟုဟောပြတော်မူသော၊ အဘိဓမ္မာနည်းအချက်ကို၊ နက်နဲစွာဘောက်ခွဲ၍ဝိပဿနာဉာဏ်ထဲ၌အမြဲသိမြင်စေခြင်းအကျိုးငှာ၊ သုဒ္ဓံဒေသနာအရ၊ ထင်ရှားအောင်ပြသောနည်းလမ်းမျိုးကိုသာ၊ ဝိပဿနာအလုပ်၊ အားထုတ်ရာဖြစ်ပေသည်၊ ၊

## (၂၂) ပါဠိမပါသက်သက်၊ ရှုမှတ်ပုံအချက်တို့ကို၊ အဓိပ္ပါယ်နက်နက်နှင့်ပြခြင်းကဏ္ဍ၊

အထက်ကပြဆိုခဲ့သော၊ သတိပဋ္ဌာန်အလာနှင့်၊ ဝိပဿနာရှုမှတ်ပုံအရကို၊ ပြခဲ့ပြီးဖြစ်သော်လည်း၊ သဘောဉာဏ်မသက်နိုင်ဘဲနှင့်၊ ခက်ခဲနေမည်စိုးရိမ်၍တဘန်ထပ်ပြီးလျှင်၊ သတိပဋ္ဌာန်နည်းအရကို၊ အားထုတ်ပုံအဓိပ္ပါယ်နှင့်တကွ၊ ကျနအောင်ပြခြင်းမှာ၊ ဤသတိပဋ္ဌာန်ရှုမှတ်နည်းဖြစ်သော၊ ဝိပဿနာအလုပ်သည်၊ သမထကမ္မဋ္ဌာန်းများကဲ့သို့၊ တခုတည်းသောအာရုံကိုယူ၍၊ အားထုတ်ရမည်မဟုတ်ပါ၊ များစွာသောကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့၌၊ ဖြစ်ပေါ်လာသောအာရုံအမျိုးမျိုးတို့ကို၊ ရှုမှတ်ရသည်၊ အိပ်ပျော်၍နေသောအခါကာလကို၊ ချန်လှပ်၍၊ နိုးလာသောအချိန်ကာလကစပြီးလျှင်၊ ဒွါရ-အာရုံ-ဝိညာဉ်တို့၌၊ ဖြစ်ပေါ်လာတိုင်း၊ မဆိုင်းမဆုတ်၊ ဝိပဿနာအလုပ်ကို၊ အားထုတ်ရပေသည်၊ သွား

ရင်းလာရင်း။ စားရင်းသောက်ရင်း၊ ချက်ရင်းပြုတ်ရင်း။ လုပ်ရင်းကိုင်ရင်း၊ ချောင်းရင်းဝယ်ရင်း။ လောကီကိစ္စတို့အတွက်နှင့်၊ မပျက်မကွက်ရဘဲ၊ အမြဲအားထုတ်နိုင်လေသည်၊

။အားထုတ်နည်းမှာ၊ ထမင်းစားသောအခိုက်အတန့်၊ ဟင်းစားသောအခိုက်အတန့်။ လက်ဆေးသောအခိုက်အတန့်။ လက်သုတ်သောအခိုက်အတန့်။ ရေသောက်သောအခိုက်အတန့်၊ ရေခွက်ကိုပြန်ထားသောအခိုက်အတန့်စသည်ဖြင့် ဖြစ်ပေါ်လာသောရုပ်နာမ်နှစ်ပါးတို့ကို။ သတိနှင့်တကွ၊ အသိဉာဏ်ထင်ရှားအောင် မှတ်သားရလေသည်၊

။ထမင်းကိုကြည့်ကြည့်တယ်၊ မြင်မြင်တယ်၊ ထမင်းဆီကိုလက်သွားသွားတယ်၊ ထမင်းကိုလက်နှင့်ထိထိတယ်၊ ကိုင်ကိုင်တယ်၊ ဖွဖွတယ်။ ဟင်းကိုကြည့်ကြည့်တယ်၊ မြင်မြင်တယ်၊ ဇွန်းကိုကြည့်ကြည့်တယ်။ မြင်မြင်တယ်၊ ဇွန်းဆီကိုလက်သွားသွားတယ်။ ထိထိတယ်၊ ကိုင်ကိုင်တယ်၊ ဟင်းကိုကော်ကော်တယ်၊ ဖော်ဖော်တယ်။ ယူလာယူလာတယ်။ ဇွန်းကိုစောင်းစောင်းတယ်။ လောင်းလောင်းတယ်။ ဇွန်းကိုပြန်လှုံ့လှုံ့တယ် ဟင်းပုဂံဆီကိုယူသွားသွားတယ်၊ ဟင်းပုဂံထဲကိုဇွန်းတဲ့တဲ့တယ်။ လွှတ်လွှတ်တယ်။ လက်ပြန်လာလာတယ်။ ထမင်းကိုထိထိတယ်။ ကိုင်ကိုင်တယ် ထမင်းနှင့်ဟင်းကိုဖါးဖါးတယ်။ လုံးလုံးတယ်။ ပစပ်ဆီကိုယူလာလာတယ် ပစပ်ကိုဟာဟာတယ်၊ တဲ့တဲ့တယ်။ လက်ပြန်နုပ်နုပ်တယ်၊ ပစပ်ကိုပိတ်ပိတ်တယ်။ လက်ကိုထမင်းပုဂံပေါ်တင်ထားထားတယ်၊ ဝါးဝါးတယ်။ လျှာနှင့်လိမ်းလိမ်းတယ်၊ မျိုမျိုတယ်။ အရသာရှိရှိတယ်၊ ဝဝတယ်။ လက်ဆေးခွက်ကိုကြည့်ကြည့်တယ်။ မြင်မြင်တယ်။ လက်သွားသွားတယ်၊ လက်ကိုရေထဲနှစ်နှစ်တယ်။ အေးအေးတယ်၊ ပွတ်ပွတ်တယ်၊ လက်ကိုဖော်ဖော်တယ်။ လက်ပြန်လာလာတယ်၊ လက်သုတ်ပုဝါကိုကြည့်ကြည့်တယ်၊ မြင်မြင်တယ်။ လက်သွားသွားတယ်။ လက်သုတ်ပုဝါကိုထိထိတယ်၊ ကိုင်ကိုင်တယ်။ ယူလာလာတယ်။ ညာဘက်လက်ကိုသုပ်သုပ်တယ်။ ပြန်ထားထားတယ်၊ လက်လွှတ်လွှတ်တယ်။ သောက်ရေခွက်ကိုကြည့်ကြည့်တယ် မြင်မြင်တယ်။ ရေခွက်ဆီကိုလက်သွါးသွားတယ်။ ထိထိတယ်၊ ကိုင်ကိုင်တယ် ယူလာလာဘယ်၊ ပစပ်ကိုဟာဟာတယ်။ ရေခွက်ကိုစောင်းစောင်းတယ်၊ လောင်းလောင်းတယ်၊ ရေခွက်ကိုပြန်လှုံလှုံတယ်၊ ပစပ်ကိုပိတ်ပိတ်တယ်၊ မျိုမျိုတယ်၊ ဝဝတယ်၊ ရေခွက်ကိုပြန်ယူသွားသွားတယ်။ ထားထားတယ်၊ လွှတ်လွှတ်တယ်၊ လက်ပြန်လာလာတယ်စသည်ဖြင့် ထမင်းတလုပ်စားခြင်းကိုမှတ်သည်မည်၏၊ ထိုနည်းတူစွာမဝမခြင်း၊ ဤနည်းကိုမှီး၍စား

ကြပါလေ၊ ရဟန်း၊ သာမဏေဖြစ်လျှင်၊ ထမင်းနေရာမှာ၊ ဆွမ်းထည့်၍မှတ်ရခြ၏။ ၊ ဆွမ်းစားခြင်းကိုလည်း ထို့နည်းအတူစွာမှတ်ရမည်မှာ၊ ။ ကွမ်းအစ်ကိုကြည့်ကြည့်တယ်၊ မြင်မြင်တယ်။ ကွမ်းအစ်ဆီကိုသက်သွားသွားတယ်၊ ထိထိတယ်။ ကိုင်ကိုင်တယ်။ မမတယ်။ ယူလာလာတယ်၊ အောက်ချချတယ်။ ကွမ်းအစ်ကိုဖွင့်ဖွင့်တယ်၊ အဖုံးကိုအောက်ချချတယ်၊ လက်ကလွှတ်လွှတ်တယ်၊ ကွမ်းရွက်ကိုကြည့်ကြည့်တယ်။ မြင်မြင်တယ် လက်သွားသွားတယ် ထိထိတယ်။ ကိုင်ကိုင်တယ်၊ မမတယ်။ ယူလာလာတယ်၊ ဘယ်လက်ထဲကိုထဲ့ထဲ့တယ်၊ ညာလက်ကလွှတ်လွှတ်တယ် ကွမ်းရွက်ကိုပြန်ချိုးချိုးတယ်။ လွှတ်လွှတ်တယ်၊ ထုံးဘူးကိုကြည့်ကြည့်တယ် မြင်မြင်တယ်၊ လက်သွားသွားတယ်၊ ထိထိတယ်။ ကိုင်ကိုင်တယ် မမတယ် ယူလာလာတယ်။ ဘယ်ဘက်လက်ထဲကိုထဲ့ထဲ့တယ်၊ ကိုင်ထားထားတယ်။ ညာဘက်လက်ကထုံးဘူးကိုဖွင့်ဖွင့်တယ်၊ ထုံးကိုကြည့်ကြည့်တယ်. မြင်မြင်တယ် ထုံးဆီကိုသက်သွားသွားတယ်။ ထုံးကိုထိထိတယ်၊ ကော်ကော်တယ်၊ ယူလာလာတယ်၊ ကွမ်းကိုသုပ်သုပ်တယ် ထုံးဘူးကိုဖုံးဖုံးတယ်၊ ဘယ်လက်ကလွှတ်လွှတ်တယ်၊ ယူသွားသွားတယ်။ အံထဲကိုထဲ့ထဲ့တယ်၊ လွှတ်လွှတ်တယ် ကွမ်းသီးဗင်ကိုကြည့်ကြည့်တယ်။ မြင်မြင်တယ် လက်သွားသွားတယ်။ ထိထိတယ်။ ကိုင်ကိုင်တယ်၊ မမတယ်။ ယူလာလာတယ်၊ ကွမ်းရွက်ပေါ်ကို၊ ဘင်ဘင်တယ်၊ ကွမ်းရွက်ကို၊ ခေါက်ခေါက်တယ် ကွမ်းသီးကိုဖုံးဖုံးတယ်။ လုံးလုံးတယ်၊ ပစပ်ဆီကိုယူလာလာတယ်။ ပစပ်ကိုဟာဟာတယ် ကွမ်းရာကိုထဲ့ထဲ့တယ်။ လက်ပြန်နှုပ်နှုပ်တယ် ပစပ်ပိတ်ပိတ်တယ်၊ လက်အောက်ချချတယ်။ ကွမ်းအစ်ကိုကြည့်ကြည့်တယ် မြင်မြင်တယ်။ လက်သွားသွားတယ်၊ ထိထိတယ်။ ကိုင်ကိုင်တယ်၊ ထားမြဲနေရာကိုယူသွားသွားတယ်၊ ချချတယ်။ လွှတ်လွှတ်တယ်၊ လက်ပြန်လာလာတယ်။ ပေါင်ပေါ်တင်ထားထားတယ်၊ ဝါးဝါးတယ်။ ကွမ်းသွေးများများတယ်။ ထွေးခံကိုကြည့်ကြည့်တယ်။ မြင်မြင်တယ်။ လက်သွားသွားတယ်။ ထိထိတယ်၊ ကိုင်ကိုင်တယ်။ မမတယ်။ ယူလာလာတယ်။ ချချတယ်၊ လွှတ်လွှတ်တယ်၊ လက်ထောက်ထောက်တယ်. ခေါင်းငုံ့ငုံ့တယ်။ နှုတ်ခမ်းရုရုတယ်။ ကွမ်းသွေးထွေးထွေးတယ်။ ကွမ်းသွေးကိုမြင်မြင်တယ်။ ကွမ်းသွေးကျသံကြားကြားတယ်၊ ခေါင်းပြန်မော့မော့တယ်၊ ။ စသည်ဖြင့်၊ ကွမ်းတခါစား ကွမ်းသွေးတခါထွေးသည်ကို၊ မှတ်သည်မည်၏။ ထို့နည်းအတူစွာ၊ ကွမ်းစား၍မပြီးမှခြင်း၊ ဤနည်းကိုမှီး၍မှတ်ကြပါလေ။ ။

ဆေးလိပ်သောက်ခြင်းကိုလည်း။ ထို့နည်းတူစွာမှတ်ရမည်မှာ။ ။ဆေးလိပ်ကိုကြည့်ကြည့်တယ်။ မြင်မြင်တယ်။ လက်သွါးသွါးတယ်။ ထိထိတယ် ကိုင်ကိုင်တယ်၊ မမတယ်၊ ယူလာလာတယ်။ ပစ်ဟာဟာတယ်။ ဆေးလိပ်ကိုတဲ့ထဲ့တယ်၊ ကိုက်ကိုက်တယ်။ နခန်းနှင့်ဖိဖိတယ်။ လက်ကလွှတ်လွှတ်တယ်၊ မီးချစ်ကိုကြည့်ကြည့်တယ်၊ မြင်မြင်တယ်။ လက်သွားသွားတယ်။ ထိထိတယ် ကိုင်ကိုင်တယ်၊ မမတယ်။ ယူလာလာတယ်။ ဘယ်လက်ထဲကိုတဲ့တဲ့တယ်၊ ကိုင်ထားထားတယ်။ ညာဘက်လက်ကလွှတ်လွှတ်တယ်။ မီးချစ်အုံကိုထုင်ထုပ်တယ်။ မီးချစ်ဆံကိုကြည့်ကြည့်တယ်။ မြင်မြင်တယ်။ လက်သွားသွားတယ်။ မီးချစ်ဆံကိုထိထိတယ်၊ ကိုင်ကိုင်တယ်၊ ဆွဲနှုပ်နှုပ်တယ်။ အုံကိုပြန်ပိတ်ပိတ်တယ်၊ မီးချစ်ဘေးကိုထောင်ထောင်တယ်။ မီးချစ်တန့်ကိုလှဲ့လှဲ့တယ်။ ချိန်ချိန်တယ်။ ချစ်ချစ်တယ်၊ အသံကြားကြားတယ်။ မီးတောက်ကိုကြည့်ကြည့်တယ်။ မြင်မြင်တယ်။ ဆေးလိပ်ဆီကိုယူလာလာတယ်၊ မီးတောက်နှင့်ထိထိတယ်၊ ဖွာဖွာတယ်။ မီးခိုးကိုကြည့်ကြည့်တယ်၊ မြင်မြင်တယ်။ မီးချစ်ဆံကိုပြစ်ပြစ်တယ်။ လွှတ်လွှတ်တယ်၊ မီးချစ်ကိုပြန်ထားထားတယ်။ ချချတယ်။ လွှတ်လွှတ်တယ်၊ လက်ပြန်လာလာတယ်။ ဆေးလိပ်ကိုထိထိတယ်၊ ကိုင်ကိုင်တယ်။ ဖွာဖွာတယ်။ သောက်သောက်တယ်။ ရှူရှူတယ်၊ ရှိုက်ရှိုက်တယ်၊ ဝဝတယ်၊ ဆေးလိပ်ကိုယူသွားသွားတယ်။ ထားထားတယ်။ ချချတယ်။ လွှတ်လွှတ်တယ်၊ လက်ပြန်လာလာတယ်။ ။စသည်ဖြင့်၊ ဆေးလိပ်တခါသောက်ကိုမှတ်သည်မည်၏။ ထို့နည်းတူစွာဆေးလိပ်သောက်၍။ မဝမခြင်း။ ဤနည်းကိုမှီး၍မှတ်ပါလေ။ ။ယခုအထက်ကပြခဲ့သော၊ ထမင်းတလုင်စားမှတ်နည်း၊ ကွမ်းတရာစားမှတ်နည်း၊ ဆေးလိပ်တခါသောက်မှတ်နည်း စသည်များအတွင်း၌။ မှတ်ပုံတို့ကိုပြခြင်းသည်၊ စားသောက်သောအခိုက်အတန့်တို့၌ပြုပြင်ပြောင်းလဲသော အမူအရာတို့၏။ အစဉ်ဖြင့်ခေါ်ဝေါ်ပြောဆိုသုံးစွဲကြသောအတိုင်းပြလိုက်ပေသည်။ ဤမှတ်ပုံအစဉ်မှာလည်း ကြံသေး၏။ ကမ္မဋ္ဌာန်းကိုအားထုတ်စအခါ။ စိပ်အောင်မမှတ်တတ်သေးပါ။ မှတ်စရှိ၍အရှိန်ရသောအခါ။ စာတွဲ၌မပြမပါဘဲ။ ကြွင်းကျန်သောမှတ်ရန်အချက်တို့ကိုပင်။ ကွင်းကွင်းကွက်ကွက်။ မြင်၍လာလိမ့်မည်။ ပေါ်လာထင်လာမြင်လာသောအချက်တို့ကိုလည်း၊ အစဉ်အတိုင်းထည့်သွင်း၍မှတ်ပါလေ၊ ။ယခုအားထုတ်ရာနည်းလမ်းခေါ်ဝေါ်ပုံများကို။ ရေးထားပါသော်လည်း။ မိမိတို့ခေါ်ဝေါ်ပြောဆိုပုံနှင့်မတူခဲ့ပါလျှင်၊ မိမိတို့အသုံး အစွဲအပြောအဆို

အခါအတိုင်းမှတ်ကြရမည်။ ၊ဥပမာ။ထမင်းကိုပစပ်ထဲသို့ခွန့်တယ်၊ သွင်းတယ်။ ကွမ်းရာတယ်။ ထုတ်တယ်၊လိင်တယ်။ ဆေးလိပ်သောက်တယ်။ရှူတယ်။မှုတ်တယ်။ထုံးဘူးကိုဖွင့်တယ်၊ ဟုစ်တယ်စသည်ဖြင့်၊ အမျိုးမျိုးခေါ်ဝေါ်ပြောဆိုကြ၏၊ ဤသို့အမည်တွေပင်များသော်လည်းလွယ်တာကိုသာအသုံးပြုတော်မူကြပါကုန်။ယခုပြဆိုခဲ့သောအခန်းတို့ကို၊ကမ္မဋ္ဌာန်းမှတ်သောအခါ၊ ကိုယ်အမူအရာဟူသောလက်ခြေတို့ကို၊ အပြောင်းအရွေ့အလှုပ်အရှားအကိုင်အယူတို့ကို၊ မှတ်မိအောင်သတိပြု၍။ မနှေးမမြန်မှတ်ရလေသည်၊ မြန်လျှင်အမူအရာဖြစ်ပေါ်လာတိုင်း။ စသည်ဖြင့်မှတ်မိကြရာ၊ခဲယဉ်းပေလိမ့်မည်။ မှတ်နေဆဲအခါမှာ၊ မနှေးမလျှော့ရဘဲ၊ မီးပွတ်သောယောက်ျားကဲ့သို့။မနေမနားသတိတရားကိုရှေ့မှာထား၍၊ လျှာဖျားလှုပ်လာသည့်တိုင်အောင်မှတ်၊ ဤလိုမှတ်မှဖြစ်ပေါ်လာသောရုပ်နာမ်အမူအရာတို့ကို။မှတ်ပုံမလစ်၍၊အဖြစ်နှင့်အမှတ်ထင်လျှက်။ အသိဒဏ်ချက်နာလိမ့်မည်။ ၊ထိုအထက်ကပြဆိုခဲ့သောရှုမှတ်နည်းများကို၊ အစဉ်မှီးသဖြင့်ဆေးလိပ်ရာ။အင်္ကျီဝတ်ရာ၊ကြယ်သီးတပ်ရာ။ထဘီဝတ်ရာ၊ခေါင်းပေါင်းရာ။ခေါင်းဖြီးရာ၊ထမင်းချက်ရာ၊ ပုဂံဆေးရာ ခေါင်းလျှော်ရာ၊ ခေါင်းဘီးရာ။ရေချိုးရာ။လှော်ထိုးရာ၊လှည်းမောင်းရာ၊ဈေးရောင်းရာ။ဈေးဝယ်ရာလယ်ထွန်ရာ။ပျိုးနှုတ်ရာ၊ကောက်စိုက်ရာ၊စပါးရိတ်ရာ၊ စပါးစည်းရာ။ စပါးတိုက်ရာ၊စပါးနယ်ရာ၊အသွင်သွယ်အပုံရ၊လုပ်မှုကိုင်မှုတို့မှစ၍၊ အမျိုးမျိုးသောကိုယ်အမူအရာတို့သည်။ဖြစ်ပေါ်လာတိုင်း၊မဆိုင်းမတွ။ မိမိတို့ခေါ်ဝေါ်မြဲ။ ပြောဆိုသုံးစွဲကြသောနည်းနှင့်မခြားမှတ်သားကြလေကုန်။ ယခုကိုယ်အမူအရာ။အားထုတ်လာသည့်အတွင်း၌၊ သည်းမခံနိုင်သော၊ ဝေဒနာပေါ်ပေါက်လျှင်။ဝေဒနာကိုရှေးနည်းအတိုင်းမှတ်၊စိတ္တာနုပဿနာသတိပဋ္ဌာန်နှင့်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့မှာမူလည်း၊ ရှေ့နည်းအလိုက်။အခိုက်အခိုက်မပြတ်။စိပ်၍စပ်လာအောင်မှတ်ပါလေ။ ၊အထူးမှတ်ရန်မှာ။သမထအားထုတ်သည့်အာရုံများကဲ့သို့၊စိတ်ကိုချုပ်တည်း၍မထားနှင့်။သွားလိုတိုင်းသွားပါစေ၊စိတ်သွားရာကိုသာလိုက်၍မှတ်၊ ၊

(၂၃) ရှုမှတ်နည်းအရောကို၊မျှော်ကိုး
ဥပမာနှင့်ပြသောကဏ္ဍ။

ဥပမာဆိုသည်ရှိသော်၊ တချိုသောဥယျာဉ်ကြီး၌။ ဥယျာဉ်မှူးတာ

ယောက်ပေါင့်လျှက်ရှိ၏။ သုံးဆောင်စားသောက်ခြင်းငှာထိုက်သော အသီးအပွင့်၊သုံးဆောင်စားသောက်ခြင်းငှာ မထိုက်သေးသောအသီးအပွင့်စသည်တို့ကို။ စားသော်ဖျက်ဆီးတတ်သော။ မျောက်ရိုင်းကြီးတကောင်အမြဲနေသော၊သရက်ပင်ကြီးတပင်ရှိ၏၊ထိုသရက်ပင်ကြီးကား။ တနေ့လျှင်အကျိမ်ပေါင်းများစွာရေသွန်းလောင်းရ၏။ ထိုသရက်ပင်ကြီး၌၊အင်ကိုင်းကြီးငါးကိုင်းနှင့်တကွ၊ မျောက်ရိုင်းကြီးနေ့ထိုင်ရန်သင့်လျော်သော။ ခွဆုံကြီးတခုရှိ၏၊ များသောအားဖြင့်မျောက်ရိုင်းကြီးသည်၊ သုံးဆောင်စားသောက်ခြင်းငှာထိုက်သော၊မှည့်သောအသီးတို့ကိုမစားဘဲ၊ သုံးဆောင်စားသောက်ခြင်းငှာ၊မထိုက်သေးသော၊အသီးအပွင့်စသည်တို့ကို ဖျက်ဆီးကာဖျက်ဆီးကာနေလေ၏၊ ထိုသို့သုံးဆောင်စားသောက်ခြင်းငှာ၊ မထိုက်သေးသောအသီးအပွင့်စသည်တို့ကို။ဖျက်ဆီးကာဖျက်ဆီးကာနေသောမျော်ရိုင်းကြီးကို ဥယျာဉ်မှူးမြင်၍။ မိမိသည်ခိုင်ခန့်လုံချုံစွာအဝတ်များကိုဝတ်လျှက်၊ လွန်ကဲသောဝီရိယဖြင့်၊ အဘန်ဘန်အားထုတ်ဘမ်းဆီးပြီးလျှင်၊တနေ့တနေ့ကိုသူသွားခြင်းလိုသွါးရန် ကြိုးရှည်ရှည်နှင့်ခြည်ထားပြီးလျှင်။ တပင်ကတပင်ကူးပြောင်း၍ ခုံခြင်တိုင်းခုံ၍သွားသည်ကို၊ မဆိုင်းမဘွ၊မျောက်ရိုင်းကြီးသွားရာ၌ာနသို့လိုက်၍၊ စောင့်ရှောက်ကြည့်ရှုကာနေရ၏၊ ထိုသို့စောင့်ရှောက်ကြည့်ရှုဘန်များသည်ရှိသော်။ ယဉ်ကျေးလာသည်ဖြစ်၍။သုံးဆောင်စားသောက်ခြင်းငှာ ထိုက်သောအသီးအပွင့်တို့ကိုမဖျက်မဆီးဘဲ၊ဥယျာဉ်မှူးစကားကိုနားထောင်၍။ သုံးဆောင်စားသောက်ထိုက်သော မှည့်သောအသီးကိုသာ၊ စားသောက်ခါနေသကဲ့သို့၊ ၊ သို့.အတူ။"ဤသတ္တလောကကြီး၌၊ အသိအလိမ္မာဥာဏ်ပညာနှင့်ပြည့်စုံသော၊ကောင်းသောအာရုံ မကောင်းသောအာရုံကို၊ အာရုံပြုသောစိတ်ရှိသောယောဂီပုဂ္ဂိုလ်၏၊ ကိုယ်ခန္ဓာကြီးသည်ရှိ၏၊ ထိုခန္ဓာကိုယ်ကြီးကိုတနေ့လျှင် အကျိမ်ပေါင်းများစွာ ဆေးကြောပတ်သော၊ 'ဘောဇဉ်ခဲဘွယ်တို့ကိုကျွေးမွေးရ၏၊ထိုယောဂီပုဂ္ဂိုလ်၏ခန္ဓာကိုယ်ကြီး၌။စက္ခုသောတ-ဃာန-ဇိဝှာ-ကာယ။ငါးပါးသောဒွါရနှင့်တကွ။ မနောဒွါရဥစိတ်၏မှီရာ၊ ဟဒယဝတ္ထုရုပ်လည်းရှိ၏၊များသောအားဖြင့်စိတ်သည်၊ ဘုရားစသောကောင်းမြတ်သော အာရုံကိုမြင်သည်မဟုတ်ဘဲ၊ မကောင်းသောအားဖြင့်၊ မြင်သောအခါ။ လှပတင့်တယ်သောပညတ်ခေါ်သောရုပ်တို့ကို၊အလိုယမက်နှင့်၊နှစ်သက်စုံမက်ခြင်း၊ ၊ကြားသောအခါ၊သာယာသောပညတ်ခေါ်သောအသံတို့ကို။ အလိုယမက်နှင့်နှစ်သက်စုံမက်

ခြင်း။ ။နံ့သောအခါ မွှေးကြိုင်သင်းပြန့်သော ပညတ်ခေါ်သောအနံ့တို့
ကို၊အလိုယမက်နှင့်နှစ်သက်ရဲမက်ခြင်း။ ။စားသောအခါ၊ ကောင်းမွန်
မြိန်မြတ်သောပညတ်ခေါ်သောအရသာတို့သို့၊အလိုယမက်နှင့်နှစ်သက်ရဲ
မက်ခြင်း။ ။ထိသောအခါနူးညံ့သိမ်မွေ့သောပညတ်ခေါ်သောအတွေ့
တို့ကို၊ အလိုယမက်နှင့်နှစ်သက်ရဲမက်ခြင်း။ ။စသည်အာရုံ၊ငါးကာမ
ဂုဏ်ကိုသါ သါယာ ရဲမက်နှစ်သက်မြတ်နိုး၊အမျိုးမျိုးသော၊လောဘဒေါ
သ၊မောဟ၊တရားတို့ကို၊နိုင်နင်းစေခြင်းငှါ၊အသိအလိမ္မာဉာဏ်ပညာနှင့်
ပြည့်စုံလာသောအခါ၊အမောဟစိတ်ကသိ၍၊သတိပဋ္ဌာန်တရားလေးပါး
တို့နှင့်တကွ၊လွန်မင်းစွာသော်သမ္မပဓါန်ဝီရိယဖြင့်တနေ့လျှင်အကျိမ်ကျိမ်
ကြိုးစား၍မှတ်သားသောစိတ်ကိုထား၏၊ဤအခါမှစ၍၊ထိုလောဘဒေါသ
မောဟစိတ်တို့သည်၊ မဖြစ်မပေါ်လာဘဲ၊ တည်ကြည်ငြိမ်သက်သောသ
မာဓိကိုရ၍၊ အသိအလိမ္မာဉာဏ်ပညာနှင့်ပြည့်စုံသော၊ အမောဟစိတ်
ဖြစ်၍သာနေလေတော့၏၊ ၊ဥပမာနှင့်ဥပမေယျ၊နှစ်ပါးကိုတူသည်
၏အဖြစ်ကိုကပ်၍ပြခြင်းမှာ၊ ဤသတ္တလောကကြီးသည်၊ ဥယျာဉ်ကြီးနှင့်
တူလှ၏၊ကောင်းမြတ်သောအာရုံ၌ဖြစ်သောအခါ၊အဆင်းရုပ်၊ အသံရုပ်၊
အနံ့ရုပ်၊အရသာရုပ်၊အတွေ့ရုပ်စသည်တို့သည်၊ သုံးဆောင်စားသောက်
ခြင်းငှါထိုက်သော၊အသီးအပွင့်တို့နှင့်တူကုန်၏၊ မကောင်းသောအာရုံ၌
မြင်သောအခါ၊ လှပတင့်တယ်သောပညတ်ရုပ်ကိုသာ၊ အလိုယမက်နှင့်
နှစ်သက်ရဲမက်ခြင်းစသောဒွါရတို့၌၊ ဖြစ်ပေါ်လာကြသော၊နှစ်သက်မြတ်
နိုး အမျိုးမျိုးသော၊ ရာဂစိတ်တို့သည်၊မသုံးဆောင်၊မစားသောက်ထိုက်
သေးသော၊အသီးအပွင့်စသည်နှင့်တူကုန်၏၊ ယောဂီပုဂ္ဂိုလ်၏ခန္ဓာကိုယ်
ကြီးသည်၊သရက်ပင်ကြီးနှင့်တူ၏ တနေ့လျှင်အကျိမ်ပေါင်းများစွာသျှော
ပတ်သောခဲဘွယ်ဘောဇဉ်တို့ကို၊ ကျွေးမွေ့ ရခြင်းသည်၊ သရက်ပင်ကြီး
ကိုအကျိမ်ပေါင်းများစွာ၊ ရေသွန်းလောင်းရခြင်းနှင့်တူ၏၊ ငါးဒွါရဟုဆို
အပ်သော၊ပသာဒရုပ်ငါးခုသည်၊အကိုင်းကြီးငါးကိုင်းနှင့်တူကုန်၏ ဟဒ
ယဝတ္ထုရုပ်သည်၊ခွဆုံကြီးနှင့်တူ၏၊ စိတ်သည်မျောက်ရိုင်းနှင့်တူ၏၊ ထို
စိတ်၏မကောင်းသောအားဖြင့်မြင်သောအခါ၊ လှပတင့်တယ်စွာသောပ
ညတ်ရုပ်ကိုအလိုယမက်နှင့်နှစ်သက်ရဲမက်ခြင်းစသောငါးဒွါရတို့၌တတ်
မက်ခါတတ်မက်ခါနေသောစိတ်က၊အခါရုံပြုခါအာရုံပြုခါနေခြင်းသည်သုံး
ဆောင်စားသောက်ငှါမထိုက်သေးသောအသီးအပွင့်စသည်တို့ကို၊ဖျက်
ဆီးခါဖျက်ဆီးခါနေသည်နှင့်တူ၏၊ ရူပသဒ္ဒစသည်အာရုံ၊ ငါးကာမဂုဏ်

တို့ကိုအာရုံပြုခါအာရုံပြုခါနေသောစိတ်ကို။ မလျှောက်ပတ်မသင့်တင့်မှန်းကိုသိသော၊အမောဟစိတ်ပညာသည်၊ သုံးဆောင်စားသောက်ခြင်းငှာမထိုက်သေးသော၊ အသီးအပွင့်စသည်တို့ကို၊ ဖျက်ဆီးကာ ဖျက်ဆီးကာနေသော၊မျောက်ရိုင်းကြီးကိုမြင်သော၊ ဥယျာဉ်မှူးနှင့်တူ၏။ သတိပဋ္ဌာန်တရားလေးပါးတို့ကို။မှတ်သား၍နေခြင်းသည်၊ခိုင်ခန့်လုံချုံစွာအဝတ်ကိုဝတ်သည်နှင့်တူ၏။ လွန်မင်းစွာအါးထုတ်သောသမ္မပ္ပဓါန်ဝီရိယသည် မျောက်ရိုင်းကြီးကိုအဘန်ဘန်အားထုတ်ဘန်းဆီးသည်နှင့်တူ၏။ တနေ့လျှင်အကျိမ်ကျိမ်ကြိုးစား၍သတိနှင့်လိုက်ပြီးလျှင်၊ မှတ်သားခြင်းဖြင့်စိတ်ကိုထားခြင်းသည်။ သူသွားခြင်သလိုသွားရန်။ကြိုးရှည်ရှည်နှင့်။မျောက်ရိုင်းကြီးကိုခြည်၍ ထားသောအခါ၊ နေ့ကလိုက်ပါပြီးလျှင်။စောင့်ရှောက်နေသည်နှင့်တူ၏၊ အမောဟပညာဖြစ်ခြင်းသည်၊ ဥယျာဉ်မှူးစကားကိုနားထောင်၍၊သုံးဆောင်စားသောခြင်းငှာထိုက်သော်။မှည့်သော်အသီးအပွင့်တို့ကိုသာစား၍။ မျောက်ရိုင်းကြီးသည်။ ယဉ်ကျေးလာသည်နှင့်တူ၏၊ ။ဤသို့သောအကြောင်းကိုရည်မှတ်၍ (ထေရဂါထာပါဠိတော်၌.)လွှ^ယမထေရ်သည်။တံခါးငါးပေါက်ရှိသောအိမ်ခန်းတွင်းသို့ဝင်ပြီးလျှင်။ အိမ်၏အလယ်တွဲ့တွဲ့ကနေလျက်။ စိတ်သည်တံခါးငါးပေါက်တို့သို့ လှည့်လည်ပြေးသွား၍နေသော။ မျောက်ရိုင်းကြီးနှင့်တူသည်ဟူ၍။ဥပမာထားတော်မူပြီးလျှင်၊ ထိုမျောက်ရိုင်းကြီးနှင့်တူသောမိမိစိတ်ကို၊ နှိပ်ကွပ်ဆုံးမတော်မူလေ၏၊

မက္ကဋေဝ ပဥ္စဒွါရေ ယံ။ ကုဋိကာယံ ပသက္ကိယ။ ဒွါရေန အနုပရိယေတိ ဃဋ္ဋယန္တော မုဟုံ မုဟုံ။ ။တိဋ္ဌ မက္ကဋ မာ ဓာဝိ နဟိ တေ တံ ယထာ ပုရေ နိဂ္ဂဟိတော သိ ပညာယ။ နေ ဝ ဒူရံ ဂမိဿသိ၊ ။ဟု မိန့်တော်မူ၏၊

မက္ကဋေ ဝ။ မျောက်ရိုင်း။မျောက်လှောင်။ မျောက်ပြောင်တောင်နှင့်တူသော။ စိတ်မျောက်ကြီးသည်။ပဥ္စဒွါရေ ယံ၊အကိုင်းကြီးငါးကိုင်းနှင့်တူသော၊စက္ခုသောတစသည်ငါးပါး၊ အကြည်မှန်တံခါးရှိသော၊ကုဋိကာယံ။ သရက်ပင်ကြီးနှင့်တူသောကံလက်သွားဆော်လုပ်ထားဘိ။ရုပ်ကုဋိအိမ်ကြီး၌။ပသက္ကိယ၊ခွဆုံကြီးနှင့်တူသော ဟဒယဝတ္ထုရုပ်ကို၊ မှီဝင်ခိုအောင်း၍။ မုဟုံ မုဟုံ၊အဘန်တလဲလဲ။ ဃဋ္ဋယန္တော၊ အသီးအပွင့်စသည်တို့ကို။ ဖျက်ဆီးသည်နှင့်တူသော။ ရူပသဒ္ဒစသည်အာရုံငါးကာမဂုဏ်ကို။ အာရုံပြုသောအားဖြင့်။ ထိပါးတိုက်ခိုက်လျက်၊ ဒွါရေန၊ အကိုင်းကြီးငါးကိုင်းနှင့်တူသောစက္ခုသောတစသည်ငါးပါး။အကြည်မှန်တံခါးဖြင့်။ အနုပရိ

ယေဟိ၊လှည့်လည်ပြေးသွား၊ကစားမြူးပျော်၍နေရှာလေ၏။ ။မဏ္ဍရူ မရပ် မတည် လှည့်လည်ပြေးသွားသော ။မျောက်ရိုင်းကြီးနှင့်တူသော။ ဟယ်စိတ်မိုက်ကြီး၊တိဋ္ဌ။ ဘုရားစသောကောင်းသောအာရုံကို။ အာရုံပြုသောအားဖြင့်ရပ်ဘိလော့၊ဒါဒါပိ၊ရူပသဒ္ဒစ သည်အာရုံငါးကာမဂုဏ်ကို။အာရုံပြုသောအားဖြင့်မပြေးလင့်။တော၊ မျောက်ရိုင်းကြီးနှင့်တူသော၊ ထိုစိတ်မိုက်ကြီးအား။ပုရေသထာ၊ ရှေးအခါကဲ့သို့။နှပ်၊မဟုတ်တော့ပြီ။ ဒါနိ။ယခု။တွံ။မျောက်ရိုင်းကြီးနှင့်တူသော။သင်စိတ်မိုက်ကြီးကို။ ဝါ။စိတ်မိုက်ကြီးသည်၊ပညာယ။ဥယျာဉ်မှူးနှင့်တူသောပညာသည်။ပဿိတော မြင်အပ်သည်။ဟုတ္တာ၊ ဖြစ်၍။သတိဃာ။သတိအမှတ်နှင့်တူသောကြိုးဖြင့် (ရင်းပါဠိ၌ ပါဠိ၌ သော)နိဂ္ဂဟိတော၊နှိပ်ကွပ်ဆုံးမအပ်သည်။ အသိ။ဖြစ်လပ်ပြီ။ဝါ။ဖြစ်၏။တွံ၊မရပ်မတည်၊လှည့်လည်ပြေးသွားသော၊မျောက်ရိုင်းကြီးနှင့်တူသော။ စိတ်မိုက်ကြီးသည်၊ နူရုံ၊ မသုံးဆောင်မစားသောက်ထိုက်သေးသော၊အသီးအပွင့်စသည်တို့နှင့်တူသော၊ရူပသဒ္ဒစသည် အာရုံကာမဂုဏ်ရှိရာခရီးဝေးအရပ်သို့။နေဝဂမိဿသိ၊ အာရုံပြုသောအားဖြင့်။ မသွားရလေတော့သည်လျှင်တည်း၊ ။ဤဂါထာကိုဥပမာနှင့်ညီအောင် သာအနက်ယောဇနာလိုက်သည်။ ။

(၂၄) အတိတ်ကိုမလိုက်၊အနာဂတ်ကိုမလို၊ပစ္စုပ္ပန် အခိုက်ကိုသာ၊လိုက်၍ရှုမှတ်ရသောကဏ္ဍ၊

အထက်ကပြဆိုခဲ့သော၊မဟာသဘိပဋ္ဌာန်တရားလေးပါးတို့၏အရ၌။ ရှုမှတ်သည်နည်းများသည်။ အတိတ်ကိုမလိုက်။ အနာဂတ်ကိုမလို။ ပစ္စုပ္ပန်အခိုက်ကိုသာမှတ်ရာ၏။ဖြစ်ပြီးသောအတိတ်ရုပ်နာမ်တို့သည်။ဖြစ်ပြီး၍ပျက်ကုန်သောကြောင့်၊ ရှုမှတ်ခြင်းသော်လည်းမရှိ။ မမိမတွေ့ပါ၊ဖြစ်လတံ့သောအနာဂတ်ရုပ်နာမ်တို့သည်၊မဖြစ်မပေါ်သေးသောကြောင့်။ ရှုမှတ်ခြင်းသော်လည်းမရှိမမိမတွေ့ပါ။ထို့ကြောင့်။နေဘဒ္ဒေကဂါထာတော်၌။ ။

အတီတံနန္ဝာဂမေယျ။နပ္ပဋိကင်္ခေအနာဂတံ။ ယဒတီတံပဟီနံတံ၊ အပ္ပတ္တဉ္စအနာဂတံ၊ ။ပစ္စုပ္ပန္နဉ္စယောဓမ္မံ၊ တတ္ထတတ္ထဝိပဿတိ။ အသံဟိရံအသံကုပ္ပံ။တံဝိဒွါမနုဗြူဟယေ၊ ။

ဝိဒွါ၊ပညာရှိသည်၊အတီတံ၊ လွန်လေပြီးသောရုပ်နာမ်ကို။ နန္ဝာဂ

မေယျ၊ မလိုက်မမှတ်ရာ။ အနာဂတံ၊ မဖြစ်မပေါ်သေးသောရုပ်နာမ်ကို။ နပ္ပဋိကင်္ခေ။ မှတ်ခြင်းငှာအလိုမရှိရာ၊ အတီတံ၊ လွန်လေပြီးသော၊ ယံခွေ့။ အကြင်ရုပ်နာမ်သဘောသည်။ အတ္ထိ၊ ရှိ၏။ တံခွေ့။ ထိုရုပ်နာမ်သဘောသည်။ ပဟီနံ၊ ကွယ်ပျောက်လေပြီ။ အနာဂတံ၊ ဖြစ်လတံ့မဖြစ်မပေါ်သေးသော။ ယံခွေ့၊ အကြင်ရုပ်နာမ်သဘောသည်။ အပ္ပတ္တံ ရှိ၏။ တံခွေ့၊ ထိုရုပ်နာမ်သဘောသည်၊ အပ္ပတ္တံ၊ ရောက်လည်းမရောက်သေး။ ၊တတ္ထတတ္ထ၊ ခဏေခဏေ ကာလေကာလေ။ ဌာနေဌာနေ၊ ထိုထို။ ခဏခဏ။ ကာလကာလ။ ဌာနဌာန၌ ပစ္စုပ္ပန္နံ၊ ယခုယခုဖြစ်သော။ ယံခွေ့။ အကြင်ရုပ်နာမ်ဓမ္မကို၊ ဝိပဿတိ၊ ရှုမြင်၏။ တံခွေ့၊ ထိုရှုမြင်သောယခုယခုဖြစ်သော။ ရုပ်နာမ်ဓမ္မအစုကို၊ အသံဟီရံ။ မပြောင်းလွဲမှီ။ အသင်္ကုပ္ပံ၊ မပျောက်မပျက်မှီ။ အနုဗြူဟယေ အစဉ်မပြတ်အောင်အဆင့်ဆင့်ပွားများသတိတရားနှင့်ရှုမှတ်ရာ၏။ ၊

ဤသို့ဟောပြတော်မူသောအဓိပ္ပါယ်ကား။ ၊ဝိပဿနာတရားကိုအားထုတ်သောယောဂီပုဂ္ဂိုလ်သည်၊ ရုပ်နာမ်တို့၏ဖြစ်ရာ၊ အတိတ်အနာဂတ်ပစ္စုပ္ပန်ဟု၊ ကာလသုံးပါးရှိသည်တို့တွင်၊ အတိတ်ကာလဖြစ်သောရုပ်နာမ်တို့ကို၊ လိုက်၍မမှတ်နှင့်၊ အတိတ်ရုပ်နာမ်တို့သည်၊ လွန်ပြီးမှပျောပျက်ကုန်သည်ဖြစ်၍။ ရှုမှတ်သောဉာဏ်၌မထိ။ ဉာဏ်၌မထိလျှင်။ ယထာဘူတမကျ၊ ယထာဘူတမကျလျှင်၊ ပရမတ်ကိုမထင်၊ ပရမတ်ကိုမထင်လျှင်၊ ဝိပဿနာဉာဏ်မြင်မမြင်နိုင်၊ အနာဂတ်ကာလ၌၊ ဖြစ်ပေါ်လာလတံ့သောရုပ်နာမ်တို့သည်လည်း၊ ဖြစ်မှမဖြစ်သေး၍၊ ရှုမှတ်ခြင်းသော်လည်း၊ အတိတ်ကဲ့သို့ပင်၊ ပရမတ်ကိုမထင်၊ ပရမတ်ကိုမထင်လျှင်၊ ဝိပဿနာဉာဏ်မြင်မမြင်နိုင်။ ပစ္စုပ္ပန်၌ဖြစ်သော ရုပ်နာမ်တို့ကို။ ရှုမှတ်မှအသိဉာဏ်၌ထိ၏၊ အသိဉာဏ်၌ထိမှ၊ ယထာဘူတဉာဏ်ကျသည်၊ ယထာဘူတဉာဏ်ကျမှ။ ပရမတ်ကိုထင်သည်။ ပရမတ်ကိုထင်မှ၊ ဝိပဿနာဉာဏ်မြင်၊ မြင်နိုင်သည်ဟုဆို၏။ ထို့ကြောင့်၊ ပစ္စုပ္ပန်ဖြစ်သောရုပ်နာမ်တို့၏၊ အမှုအရာသဘောကိုသာ ရှုမှတ်ပုံနည်းလမ်းကို၊ အထက်ကဘော်ပြခဲ့လေသည်။ ၊

## (၂၅) ရုပ်ကိုအဖန်ဖန်မြင်က၊ နာမ်ထင်သောစကား။

ယခုဆိုခဲ့သောရုပ်နာမ်တို့သည်၊ ၆-ဒွါရ ၆ အာရုံ၊ ၆ ဝိညာဉ်တို့မှတပါး။ မဖြစ်နိုင်၊ သုဒ္ဓဝိပဿနာနည်းလမ်းဖြစ်လေသောကြောင့်။ ရုပ်ကို

သာအရှင်သင်အောင်၊ ရှေးဦးစွာသိမ်းဆည်းအားထုတ်ရာ၏၊ သမထယာနိကနည်းမျိုးမှာ၊ နာမ်ကိုသာအရင်ထင်သောင်၊ သိမ်းဆည်းအားထုတ်ရလေသည်၊ထိုအကြောင်းတို့ဖြင့်၊ကွေးခြင်းဆန့်ခြင်းစသောရုပ်ကို သိမ်းဆည်းအားထုတ်သော၊ယောဂီပုဂ္ဂိုလ်အား၊ ကွေးသည်ဆန့်သည် ဟုညွှတ်သောနာမ်ကို။သိမ်းဆည်းသည်ရှိသော်။သိမ်မွေ့သည်၏အဖြစ် ကြောင့်။နာမ်သည်မထင်၊ ထိုသို့နာမ်တကာယ်ပင်မထင်သော၊ ယောဂီ ပုဂ္ဂိုလ်သည်။တော်ပြီတန်ပြီမသင်ပြီဟု။ ဝန်ချခြင်းကိုမပြုမူ၍။ နာမ်မထင် ထင်အောင်၊ ကွေးခြင်းဆန့်ခြင်းစသောရုပ်ကိုသာလျှင်။ ဖန်တန်တန်သုံး သပ်၍၊နှလုံးသွင်းခြင်း။သိမ်းဆည်းခြင်း၊ပိုင်းခြားခြင်းကိုပြုအပ်၏။ ။ထို့ ကြောင့်ဝိသုဒ္ဓိမဂ်၌။ ၊

သာပေပနသာတေနတေနမုခေန။ ရူပံပရိဂ္ဂဟေတွာဇ ရူပံပရိဂ္ဂဟေ တာသုခုမတ္တာ အရူပံနဥပဋ္ဌာတိ တေနဓုရနိက္ခေပံ ဇကာတွာရူပမေဝပု နပ္ပုနံ သမ္မသိတဗ္ဗံ မနသိကာတဗ္ဗံ ပရိဂ္ဂဟေတဗ္ဗံ ဝဝတ္ထပေတဗ္ဗံ၊ ။

သာဿ၊ဇကာယ်၍။အသ။ထိုယောဂီအား။ တေနတေနမုခေန။ ထို ထိုအကြောင်းဖြင့်၊ ရူပံ၊ ကွေးခြင်း။ ဆန့်ခြင်းစသောရုပ်ကို။ ပရိဂ္ဂ ဟေတွာ။သိမ်းဆည်း၍။ အရူပံ၊ ကွေးခြင်းဆန့်ခြင်းဖြစ်သည်ဟုညွှတ်၍ မှတ်သောနာမ်ကို။ ပရိဂ္ဂဏှတော၊ သိမ်းဆည်းသည်ရှိသော်။ သုခုမတ္တာ။ သိမ်မွေ့သည်၏အဖြစ်ကြောင့်။အရူပံ။မှတ်သောနာမ်သည်။နဥပဋ္ဌာတိ။မ ထင်၊တေန။ထိုနာမ်မထင်သေါယောဂီသည်၊နဓုရဝိက္ခေပံ၊တော်ပြီတန်ပြီ အားမထုတ်ပြီဟု ဝန်ချခြင်းကို၊အကတွာ၊ မပြုမူ၍၊ ရူပမေဝ၊ ကွေးခြင်း ဆန့်ခြင်းစသောရုပ်ကိုသာလျှင်၊ပုနပ္ပုနံ၊အဖန်တလဲလဲ၊သမ္မသိတဗ္ဗံ၊သုံး သပ်အပ်၏။ မနသိကာတဗ္ဗံ။ နှလုံးသွင်းအပ်၏၊ ပရိဂ္ဂဟေတဗ္ဗံ။ သိမ်း ဆည်းအပ်၏။ ဝဝတ္ထပေတဗ္ဗံ၊ပိုင်းခြားအပ်၏။ ။

## (၂၆) ရုပ်နာမ်နှစ်ဖြာအခိုက်ကို။မှန်ပွတ် တိုက်သောဥပမာနှင့်ပြခြင်းကဏ္ဍ၊

တခုသောမှန်သည်။ အညစ်အကြေးမစဉ်ကျယ်ရှိသော်၊ မျက်နှာ ရိပ်ကိုကြည့်စဉ်၊ မျက်စိဖြင့်အမြင်ရှိလျှက်နှင့်၊ အကြင်ယောကျ်ားအား။ အရိပ်သည်မထင်၊ထိုယောကျ်ားသည်။ အရိပ်သည်မထင်ပြီဟုမှန်ကိုမ စွန့်၊ မှန်ကိုအဖန်ဖန်ပွတ်တိုက်၏။ ထိုမှန်ကိုအဖန်ဖန်ပွတ်တိုက်သော

ယောကျ်ားအား။ မှန်သည်အညစ်အကြေးစင်ကြယ်သည်ရှိသော်၊ အရိပ်သည်အလိုလိုသာလျှင်၊ထင်လျှားဖြစ်ပေါ်လာသကဲ့သို့။ ထို့နည်းတူစွာ။ဝိပဿနာတရားကိုကြိုးစားအားထုတ်သောယောဂီပုဂ္ဂိုလ်သည်။ အညစ်အကြေးတည်းဟူသော၊ လောဘ-ဒေါသ-မောဟ-မစင်ကြယ်သည်ရှိသော်။ဝိပဿနာအလုပ်အားထုတ်စဉ်၊ ဉာဏ်အမြင်ရှိလျှက်နှင့်ပင်။ အာကြင်ယောဂီအား။ ရုပ်နာမ်ကိုမထင်မမြင်။ ထိုယောဂီပုဂ္ဂိုလ်သည်။ ရုပ်နာမ်မထင်ပြီဟု၊ ဝိပဿနာအလုပ်အားထုတ်ခြင်းကိုမစွန့်။ ထိုဝိပဿနာတရားကိုအဘန်ဘန်အားထုတ်၍၊ထိုဝိပဿနာတရားကိုအဘန်ဘန်အားထုတ်သောယောဂီပုဂ္ဂိုလ်အား။အညစ်အကြေးတည်းဟူသော၊ လောဘဒေါသ-မောဟတရားပါးရှားစင်ကြယ်သည်ရှိသော်၊ ရုပ်နာမ်နှစ်ပါးတို့သည်။အလိုလိုသာလျှင်၊ဉာဏ်အစဉ်၌၊ ထင်မြင်ပေါ်ပေါက်၍လာလေ၏။ ထို့ကြောင့်ဝိသုဒ္ဓိမဂ်၌။ ။

ယတာပိစက္ခုမတောပုရိသဿအပရိသုဒ္ဓေအာဒါသေမုခနိမိတ္တံဩလောကေန္တဿနိမိတ္တံနပညာယတိသောနိမိတ္တံနပညာယတီတိအာဒါသံဆဍ္ဍေဘိ အထခေါနံပုနပ္ပုနံပရိမဇ္ဇတိ တဿပရိသုဒ္ဓေအာဒါသေနိမိတ္တံ သယမေဝပါကဋံ ဟောတိ။ ။

အာဒါသေ။မှန်သည်၊ အပရိသုဒ္ဓေ။မစင်ကြယ်သည်ရှိသော်။မုခနိမိတ္တံ၊မျက်နှာရိပ်ကို။ဩလောကေန္တဿ။ ကြည့်စဉ်၊ စက္ခုမတော။မျက်စိဖြင့်အမြင်ရှိလျှက်နှင့် ။ပုရိသဿ။ယောကျ်ားအား။နိမိတ္တံ။အရိပ်သည်၊နပညာယတိ၊မထင်။သောပုရိသော ။ထိုယောကျ်ားသည်။နိမိတ္တံ။အရိပ်သည်၊နပညာယတီတိ။မထင်ပြီဟု၊ အာဒါသံ၊ မှန်ကို။နဆဍ္ဍေတိ၊မစွန့်၊အထခေါ၊စဉ်စစ်။နံအာဒါသံ။ထိုမှန်ကို။ပုနပ္ပုနံ။အဘန်ဘန်၊ပရိမဇ္ဇတိပွတ်တိုက်၏။ တဿပုရိသဿ။ ထိုမှန်ကို။ အဘန်ဘန်ပွတ်တိုက်သောယောကျ်ားအား။ အာဒါသေ၊ မှန်သည်၊ ပရိသုဒ္ဓေ၊ အညစ်အကြေးစင်ကြယ်သည်ရှိသော်၊နိမိတ္တံ။အရိပ်သည်။ သယမေဝ၊ အလိုလိုသာလျှင်၊ပါကဋံ၊ထင်လျှားသည်။ဟောတိယထာ။ဖြစ်သကဲ့သို့တည်း။ ။

## (၂၇) ရုပ်တရားကိုသုံးပါးသောအခြင်းအရာ နှင့်တကွ။ထင်လင်းစွာပြသောကဏ္ဍ။

ပေါ်လာထင်လာသောရုပ်သည်၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း။

လျှောင်းခြင်းစသည်တို့၌၊ အကြင်အကြင်အခြင်းအရာအားဖြင့်၊ ကောင်းစွာပြောင်းလွှဲကြသည်ဖြစ်၍၊ ပြောင်းလွှဲပုံမှာ၊ သွားသောရုပ်နှင့်ရပ်သောရုပ်၊ ရပ်သောရုပ်နှင့်။ ထိုင်သောရုပ် ထိုင်သောရုပ်နှင့်၊ လျှောင်းသောရုပ်စသည်ဖြင့်။ ရှေးရုပ်နှင့်နောက်ရုပ် ဖြစ်သောရုပ်မရောဘဲ၊ ဖြစ်တိုင်းဖြစ်တိုင်း၊ ကောင်းစွာပြောင်းလွှဲ၍ဖြစ်ပေါ်လာကြကုန်၏၊ ရှုပ်ထွေးခြင်းလည်းကင်းပျောက်၏၊ ထက်ဝန်းကြင်သောကောင်းစွာသန့်ရှင်းစင်ကြယ်ခြင်းလည်းဖြစ်၏၊ ထိုထိုကောင်းစွာသန့်ရှင်းရှုပ်ထွေးခြင်းကင်း၍၊ ကောင်းစွာပြောင်းလွှဲသောအခြင်းအရာအားဖြင့်၊ ထိုထိုသွားသည်။ ရပ်သည်၊ ထိုင်သည်။ လျှောင်းသည်စသည်လုံးရုံ၊ ရုပ်သါလျှင်အာရုံရှိ၍သိကုန်သောနာမ်တရားတို့သည်။ အလိုလိုသာလျှင်ဝိပဿနာအလုပ်ကို။ အားထုတ်သောယောဂီပုဂ္ဂိုလ်အား။ ထင်လျှားကုန်၏။ ၊တို့ကြောင့်၊ ဝိသုဒ္ဓိမဂ်၌။

ယထာယထာဟိသရူပံသုပရိဂ္ဂဟိတံဟောတိနိဇ္ဇဋံသုပရိသုဒ္ဓံ။ တထာတထာတဒါရမ္မဏာအရူပဓမ္မာသယမေဝပါကဋာဟောန္တိ၊ ၊

ရှုပ်၊ ကွေးခြင်းသန့်ခြင်းစသောရုပ်သည်။ ယထာယထာ၊ အကြင်အကြင် အခြင်းအရာအားဖြင့်။ သုပရိဂ္ဂဟိတံ၊ ကောင်းစွာပြောင်းလွှဲသည်၊ ဟောတိ၊ ဖြစ်၏၊ နိဇ္ဇဋံ၊ ရှုပ်ထွေးခြင်းကင်းသည်၊ ဟောတိ၊ ဖြစ်၏၊ သုပရိသုဒ္ဓံ၊ ကောင်းစွာသန့်ရှင်းစင်ကြယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ။ ထိုပြဆိုခဲ့သောအခြင်းအရာသည်ပင်ဖြစ်၏၊ တထာတထာ။ ထိုထိုကောင်းစွာစင်ကြယ်သန့်ရှင်း၊ ရှုပ်ထွေးခြင်းကင်း၍။ ကောင်းစွာပြောင်းလွှဲသောအခြင်းအရာအားဖြင့်။ တဒါရမ္မဏာ၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျှောင်းခြင်း၊ စသည်ဖြင့်ထိုရုပ်လျှင်အာရုံရှိကုန်သော။ အရူပဓမ္မာ၊ သွားသည်၊ ရပ်သည်၊ ထိုင်သည်၊ လျှောင်းသည်ဟုသိသောနာမ်တရားတို့သည် သယမေဝ၊ အလိုလိုသာလျှင်။ အဿယောဂိနော၊ ထိုဝိပဿနာအလုပ်ကို အားထုတ်သောယောဂီအား၊ ပါကဋာ၊ ထင်လျှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ၊

## (၂၈) နာမ်တရားကိုသုံးပါးသောအခြင်းအရာ နှင့်တကွထင်လင်းစွာပြသောကဏ္ဍ။

ဤသို့ပြဆိုအပ်ပြီးသောရုပ်သည်။ ရှေးဖြစ်နှင့်နောက်ဖြစ်မရောဟု ကောင်းစွာသန့်ရှင်းစင်ကြယ်ခြင်းရုပ်ကိုသိမ်းဆည်းသောယောဂီပုဂ္ဂိုလ် အား၊ သိသောနာမ်တရားသည်၊ သုံးပါးသောအခြင်းအရာတို့ဖြင့်ထင်လာ

ကုန်၏။ အာရုံကိုတွေ့သည်၏အစွမ်းအားဖြင့်၊ ထင်လာကုန်၏၊ အာရုံကို ခံစားသည်၏အစွမ်းအားဖြင့်၊ထင်လာကုန်၏၊အာရုံကိုသိသည်၏အစွမ်း အားဖြင့်ထင်လာကုန်၏၊ ထိုသုံးပါးသောအခြင်းအရာတို့ကို၊ ထင်လာ ကုန်သည်ဟု၊ဝိသုဒ္ဓိမဂ်၌ဘွင့်ပြပေ၏၊ ၊

ဇဝံသုဝိသုဒ္ဓရူပပရိဂ္ဂဟဿ။ ပနဿအရူပဓမ္မာတိဟိအာကာရေ ဟိဥပဋ္ဌဟန္တိ ဖဿဝသေန ဝါဝေဒနာဝသေန ဝါ ဝိညာဏဝသေန ဝါ၊ ၊

ဇဝံ။ ဤသို့၊သုဝိသုဒ္ဓရူပပရိဂ္ဂဟဿ။ ကောင်းစွာသန့်ရှင်း၊ စင်ကြယ် ခြင်းဖြစ်သောရုပ်ကိုသိမ်းဆည်းသော။ အဿယောဂိနော။ ဤယောဂီ အား၊အရူပဓမ္မာ။နာမ်တရားတို့သည်၊တီဟိအာကာရေဟိ၊ သုံးပါးသော အခြင်းအရာတို့ဖြင့် ဥပဋ္ဌဟန္တိ။ထင်လာကုန်၏။ ဖဿဝသေန ဝါ ၊အာရုံ ကိုတွေ့သည်၏အစွမ်းအားဖြင့်လည်း။ဥပဋ္ဌဟန္တိ၊ ထင်လာကုန်၏၊ ဝေဒ နာဝသေန ဝါ။ အာရုံကိုခံစားသည်၏အစွမ်းအားဖြင့်လည်း။ ဥပဋ္ဌဟန္တိ၊ ထင်လာကုန်၏၊ ဝိညာဏဝသေန ဝါ၊ အာရုံကိုသိသည်၏အစွမ်းအား ဖြင့်လည်း၊ဥပဋ္ဌဟန္တိ၊ထင်လာကုန်၏၊ ၊

## (၂၉) ချုပ်မှတ်ပါးနာမ်တရားအရင်စတင်၍။ အားထုတ်မှုကို၊မပြုငြာပဲအစပဲ့သောကဋ္ဌာ။

သုဒ္ဓဝိပဿနာအလုပ်ကို၊အားထုတ်သော၊ ယောဂီပုဂ္ဂိုလ်သည် လည်း၊ ဤသို့ကောင်းစွာသန့်ရှင်းစင်ကြယ်ခြင်းဖြစ်သော၊ ရုပ်ကိုသာလျှင်၊ သိမ်းဆည်းသော၊ယောဂီအား၊နာမ်တရားတို့သည်၊ သုံးပါးသောအခြင်း အရာတို့ဖြင့်၊ ထင်လျှားကုန်၏ဆိုလျှက်၊ ထိုကောင်းစွာသန့်ရှင်းစင်ကြယ် ခြင်းရုပ်ကို၊ သိမ်.ဆည်းသကဲ့သို့၊ နာမ်တရားကိုသိမ်းဆည်းခြင်းငှာမ သင့်။ ဤရုပ်မှတပါးရှေးဦးစွာနာမ်ကိုသိမ်းဆည်းသဖြင့်၊ အားထုတ်ခြင်း ကိုမပြုလုပ်အပ်၊ ၊ထို့ကြောင့်၊ဝိသုဒ္ဓိမဂ်၌၊ ၊

ယသ္မာစဇဝံသုဝိသုဒ္ဓရူပပရိဂ္ဂဟဿဝတဿအရူပဓမ္မာတိဟိအာ ကာရေဟိပါကဋာဟောန္တိ။တသ္မာသုဝိသုဒ္ဓရူပပရိဂ္ဂဟေနေဝအရူပပရိဂ္ဂ ဟာယယောဂေါကာတဗ္ဗောနဣတရေန၊ ၊

ယသ္မာစ။ အကြင်ကြောင့်လည်း၊ ဇဝံ၊ ဤသို့။ သုဝိသုဒ္ဓရူပပရိဂ္ဂ ဟဿဝ၊ ကောင်းစွာသန့်ရှင်းစင်ကြယ်ခြင်းဖြစ်သော၊ ရုပ်ကိုသာလျှင် သိမ်းဆည်းသော၊အဿယောဂိနော ထိုယောဂီအား၊အရူပဓမ္မာ၊ နာမ်

တရားတို့သည်၊ဟိဟိအာကာရေဟိ။နာမ်တရားတို့ကို၊သိမ်းဆည်းခြင်း၏အကြောင်းသုံးပါးသော အခြင်းအရာတို့ဖြင့်၊ ပါကဋာ၊ထင်ရှားကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ တသ္မာ၊ထို့ကြောင့်၊သုဝိသုဒ္ဓရူပပရိဂ္ဂဟောနေဝ၊ကောင်းစွာသန့်ရှင်း။ ပင်ကြွယ်ခြင်းဖြစ်သောရုပ်ကို၊သိမ်းဆည်းသောယောဂီသည်သာလျှင်။ အရူပပရိဂ္ဂဟာယ၊ နာမ်တရားကိုသိမ်းဆည်းခြင်းငှာ၊ ယောဂေါ၊အားထုတ်ခြင်းကို၊ ကာတဗ္ဗော၊ ဣတရေန၊ဤရုပ်မှတပါး။ နာမ်တရားကိုသိမ်းဆည်းသဖြင့်၊ယောဂေါ၊ အားထုတ်ခြင်းကို၊နကာတဗ္ဗော။ မပြုမှတ်အပ်။ ၊

## (၃၀) နာမ်ကိုသာထင်အောင်အားထုတ်က။ ကမ္မဋ္ဌာန်းလျှောကျသောကဏ္ဍ၊

ဤယောဂီသည်၊ တခုသောရုပ်ကို။ထင်စမြင်စသော်ရင်း၊ မထင်သေးသော်ရင်း။နှစ်ခုသောရုပ်သဘောတို့သည်၊မထင်ကုန်သော်ရင်း၊ထင်လာမြင်လာစဖြစ်သောရုပ်ကိုပယ်၍။အကြင်ယောဂီသည်၊ နာမ်ကိုသိမ်းဆည်းခြင်းကို။အပတကျပ်အကယ်အားထုတ်ငြားအံ့၊ ထိုအားထုတ်သောယောဂီပုဂ္ဂိုလ်သည်၊ ကမ္မဋ္ဌာန်းမှဆုတ်ယုတ်လျှောကျရာလေ၏၊ ထို့ကြောင့်ဝိသုဒ္ဓိမဂ်၌၊ ။

သစေပနေကသ္မိံဝါရူပဓမ္မေဥပဋ္ဌိတေဒွီသုဝါရူပံပဟာယအရူပပရိဂ္ဂဟံအာရဘတိကမ္မဋ္ဌာနတောပရိဟာယတိ၊ ၊

ဟိတဒေဝသဒ္ဒံ။ထိုစကားသည်မှန်၏၊ ဧကသ္မိံ ရူပဓမ္မေ၊ တခုသောရုပ်သဘောသည်၊ ( ဥပဋ္ဌိတေကိုပြင်သည် ) အနုပဋ္ဌိတေဝ၊ စင်ကြယ်အောင်မထင်သေးသော်ရင်း၊ဒွီသုရူပဓမ္မေသု။ နှစ်ခုသောရုပ်သဘောတို့သည်။အနုပဋ္ဌိတေဝ။မထင်ကုန်သော်ရင်း၊ရူပံ။ထင်စမြင်စဖြစ်သောရုပ်ကို၊ပဟာယ၊ပယ်စွန့်၍၊ အရူပပရိဂ္ဂဟံ၊ နာမ်ကိုသိမ်းဆည်းခြင်းကို၊သစေအာရဘတိ၊အကယ်၍အားထုတ်ငြားအံ့။ကမ္မဋ္ဌာနတော၊ကမ္မဋ္ဌာန်းမှ။ပရိဟာယတိ။ဆုတ်ယုတ်လျှောကျရာလေ၏၊ ၊

## (၃၁) ရုပ်တရားကိုသိမ်းဆည်းဘန်များက။ ကမ္မဋ္ဌာန်းကြီးပွားရသောကဏ္ဍ၊

သုဋ္ဌုဝိပဿနာဟုဆိုအပ်သော။ ရှုမှတ်နည်းမှာ၊အာနာပါနပဗ္ဗ၊

ဣရိယာပထပဗ္ဗ၊ သမ္ပဇညပဗ္ဗစသည်တို့ဖြင့်၊ ရုပ်တရားကိုသာ စတည်း၍၊ ရှုမှတ်သည်ဟူ၍၊ မဟာသတိပဋ္ဌာန်ပါဠိတော်၌။ ဟောတော်မူပေ၏။ ထိုပြင် ကောင်းစွာသန့်ရှင်းစင်ကြယ်ခြင်းဖြစ်သော ရုပ်ကိုသာလျှင်။ သိမ်းဆည်းသည်၏အစွမ်းအားဖြင့်။ နာမ်ကိုသိမ်းဆည်းခြင်း၌၊ အားထုတ်ခြင်းကို၊ ပြုသောယောဂီ၏၊ ကမ္မဋ္ဌာန်းသည်။ ကြီးပွားစည်ပင်ပြန့်ပြောခြင်းသို့ရောက်သည်မည်ကုန်၏၊ ။ ဤသို့ကြောင့်။ ဝိသုဒ္ဓိမဂ်၌။ ။

သုဝိသုဒ္ဓရူပပရိဂ္ဂဟဝသေန။ အရူပပရိဂ္ဂဟာယ ယောဂံ ကရောတော ကမ္မဋ္ဌာနံ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ ပါပုဏာတိ။ ။

သုဝိသုဒ္ဓရူပပရိဂ္ဂဟဝသေန၊ ကောင်းစွာသန့်ရှင်းစင်ကြယ်ခြင်းဖြစ်သော၊ ရုပ်ကိုသာလျှင်။ သိမ်းဆည်းသည်၏အစွမ်းအားဖြင့်၊ အရူပပရိဂ္ဂဟာယ။ နာမ်ကိုသိမ်းဆည်းခြင်း၌၊ ယောဂံ။ အပတကုပ်အားထုတ်ခြင်းကို ကရောတော။ ပြုသောယောဂီပုဂ္ဂိုလ်အား၊ ဝါ။ ယောဂီပုဂ္ဂိုလ်၏၊ ကမ္မဋ္ဌာန် ကမ္မဋ္ဌာန်းသည်၊ ဝုဍ္ဎိံ။ ကြီးပွားခြင်းသို့၊ ဝိရူဠှိံ။ စည်ပင်ကြီးခြင်းသို့။ ဝေပုလ္လံ။ ပြန့်ပြောသောအဖြစ်သို့၊ ပါပုဏာတိ။ ရောက်ကုန်၏၊ ။

## (၃၂) ရုပ်သက်သက်တံခိုးမရှိခြင်းကို။ ထင်လင်းစွာဆိုသောကထာ၊

ထိုရုပ်နာမ်နှစ်ပါးတို့တွင်၊ ရုပ်တရားသက်သက်တံခိုးမရှိပါ။ မိမိတံခိုးဖြင့်ဖြစ်ခြင်းငှာမစွမ်းနိုင်။ ဖြစ်ပေါ်၍လာသောရုပ်အား။ ခဲလိုသည်။ စားလိုသည်လည်းမရှိ။ သောက်လိုသည်လည်းမရှိ၊ ပြောလိုသည်လည်းမရှိ။ ဣရိယာပုထ်ကိုသည်းမပြုနိုင်။ ။ ထိုကြောင့်ဝိသုဒ္ဓိမဂ်၌၊ ။

ရူပံပိ နိတ္တေဇံ နသကေတေဇေန ပဝတ္တိတုံ သက္ကောတိ နဟိ တဿခါ ဒိတုကာမတာ။ နပိဝိတုကာမတာ နဗျာဟရိတုကာမတာ။ နဣရိယာပထံ ကပ္ပေတုကာမတာ၊ ။

ရူပံပိ၊ ရုပ်သည်လည်း။ နိတ္တေဇံ။ တံခိုးမရှိ၊ သကေနတေဇေန။ မိမိတံခိုးဖြင့်။ ပဝတ္တိတုံ။ ဖြစ်ခြင်းငှာ၊ နသက္ကောတိ၊ မစွမ်းနိုင်၊ တဿရူပဿ။ ထိုရုပ်အား၊ နဟိခါဒိတုကာမတာ။ ခဲလိုစားလိုသည်မရှိ၊ နပိဝိတုကာမတာ သောက်လိုသည်မရှိ။ နဗျာဟရိတုကာမတာ၊ ပြောလိုသည်မရှိ။ ဣရိယာပထံကပ္ပေတုကာမတာ၊ ဣရိယာပုထ်ကိုမပြုနိုင်၊ ။

## (၃၃) နာမ်သက်သက်တံခိုးမရှိခြင်းကို။ ထင်လင်းစွာဆိုသောကဏ္ဍ၊

ရုပ်တရားသာလျှင်။ တံခိုးမရှိသည်မဟုတ်၊ နာမ်တရားသည်လည်းတံခိုးမရှိပါ၊ မိမိတံခိုးဖြင့်။ဖြစ်ခြင်းငှါမစွမ်းနိုင်၊ခဲလိုစားလိုသော် မခဲမစားနိုင် သောက်လိုသော်၊မသောက်နိုင်၊ပြောလိုသော်။မပြောနိုင်။ဣရိယာပုထ်ကိုလည်းမပြုနိုင်၊ ၊ထို့ကြောင့်ဝိသုဒ္ဓိမဂ်၌။ ၊

နာမံနိဿတ္တေဇံနသက္ကောတိပဝတ္တိတုံသကေ္ကာတိနခါဒတိနပိဝတိနဗျာဟရတိ။နဣရိယာပထံကပ္ပေတိ၊ ၊

နာမံ၊နာမ်သည်၊ နိတ္တေဇံ။တံခိုးမရှိ၊ သကေနတေဇေန။ မိမိတံခိုးဖြင့်။ ပဝတ္တိတုံ။ဖြစ်ခြင်းငှာ။ နသက္ကောတိ။မစွမ်းနိုင်။၊ ခါဒတိ။ မခဲမစားနိုင်၊နပိဝတိ။မသောက်နိုင်။နဗျာဟရတိ။ မပြောနိုင်၊ နဣရိယာပထံကပ္ပေတိ။ဣရိယာပုထ်ကိုမပြုနိုင်၊ ၊

## (၃၄) ရုပ်နာမ်နှစ်ပါးပေါင်းဆုံမိမှ၊တံခိုး ရှိကြပုံကိုပြဆိုသောကဏ္ဍ၊

ဤရုပ်နာမ်နှစ်ပါးတို့သည်။တပါးနှင့်တပါးပေါင်းမိမှ။တံခိုးရှိကြ၍ နာမ်တရားက၊ခဲလိုစားလိုသည်ရှိသော်။ ရုပ်တရားကခဲ၍စား၍ပေး၏၊ နာမ်တရားကသောက်လိုသည်ရှိသော်၊ ရုပ်တရားကသောက်၍ပေး၏၊ နာမ်တရားကပြောလိုသည်ရှိသော်၊ ရုပ်တရားကပြော၍ပေး၏၊နာမ်တရားကဣရိယာပုထ်ကို၊ ဘယ်ညာလှည့်ပြောင်း၊ ကွေးဆန့်စောင်းငဲ့သည်တို့ကို၊ပြုလိုသည်ရှိသော်၊ရုပ်တရားက၊ ဘယ်ညာလှည့်ပြောင်း၊ကွေးဆန့်စောင်းငဲ့ခြင်းတို့ကို။ပြု၍ပေး၏၊ ၊ထို့ကြောင့်အဋ္ဌကထာ၌၊ ၊

နာမသာခါဒိတုကာမတာယပိဝိတုကာမတာယ၊ဗျာဟရိတုကာမတာယ၊ဣရိယာပထံကပ္ပေတုကာမတာယ။သတိရူပံခါဒတိပိဝတိ၊ဗျာဟရတိ။ဣရိယာပထံကပ္ပေတိ။ ။

နာမသ။နာမ်၏။ခါဒိတုကာမတာယ။ခဲလိုစားလိုသည်၊သတိ။ရှိသော်၊ရူပံ၊ရုပ်သည်၊ခါဒတိ။ခဲ၏၊စား၏၊နာမသ။နာမ်၏၊ပိဝိတုကာမတာယ၊သောက်လိုသည်၊သတိ၊ရှိသော်၊ရူပံ၊ရုပ်သည်၊ပိဝတိ၊သောက်၏။နာမသ၊နာမ်၏၊ဗျာဟရိတုကာမတာယ၊ပြောလိုသည်။သတိ။ရှိသော်၊ရူပံ

ရုပ်သည်၊ဘူတဟာရတိ၊ပြော၏။နာမသာ။နာမ်၏။ ဣရိယာပထံကပ္ပေတုကာ မတာယ၊ဣရိယာပုထ်ကိုပြုလိုသည်၊သတိ၊ရှိသော၊ ရူပံ၊ရုပ်သည်၊ ဣရိယာ ပထံကပ္ပေတိ၊ဣရိယာပုထ်ကိုပြု၏။ ၊

## (၄၅) ချုပ်နာမ်တို့၏ဖြစ်ကြပုံကို၊သိသာစေ့ ဖြခြင်းကထာ၊

ထိုရုပ်နာမ်နှစ်ပါးတို့သည်။ မကွဲမပြားတပါးကတပါးကိုအမှီပြုကြ ကုန်၏၊ ဣရိယာပထလေးပါးတို့၌။သွါးလိုသောစိတ်ဖြစ်ပေါ်လာလျှင်။ဤဖြစ် ပေါ်လာသောစိတ်ကိုအမှီပြု၍၊ သွားသည့်ရုပ်ဖြစ်ပေါ်လာ၏။ ဖြစ်ပေါ်လာ သောရုပ်ကိုအမှီပြု၍၊သွား၏ဟုရှုမှတ်တဲ့အသိစိတ်ဖြစ်ပေါ်လာ၏၊ ရပ်လို သောစိတ်ဖြစ်ပေါ်လာလျှင်၊ဤဖြစ်ပေါ်လာသောစိတ်ကို အမှီပြု၍၊ရပ်သည့် ရုပ်ဖြစ်ပေါ်လာ၏၊ဖြစ်ပေါ်လာသောရုပ်ကိုအမှီပြု၊ ရပ်၏ဟုရှုမှတ်တဲ့အသိ စိတ်ဖြစ်ပေါ်လာ၏၊ ၊ထိုင်လိုသောစိတ်ဖြစ်ပေါ်လာလျှင်။ဤဖြစ်ပေါ်လာသော စိတ်ကိုအမှီပြု၍၊ထိုင်သည့်ရုပ်ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်လာသောရုပ်ကိုအ မှီပြု၍၊ထိုင်၏ဟုရှုမှတ်တဲ့အသိစိတ်ဖြစ်ပေါ်လာ၏၊ ၊လျောင်းလိုသော စိတ်ဖြစ်ပေါ်လာလျှင်။ ဤဖြစ်ပေါ်လာသောစိတ်ကိုအမှီပြု၍။ လျောင်းသော ရုပ်ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်လာသောရုပ်ကိုအမှီပြု၍၊ လျောင်း၏ဟုရှုမှတ် တဲ့အသိစိတ်ဖြစ်ပေါ်လာ၏၊ ။ထိုနည်းတူစွာ။ ဣရိယာပုထ်လေးပါးမှ တပါးသောအခြားအပြုအမူအရာ စသည်တို့၌လည်း ဤနည်းအတိုင်းဖြစ် ပေါ်လာ၍၊အမှီပြုကြကုန်၏။ ။ထို့ကြောင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ ။

အထခေါ၊နာမံနိဿာယ ရူပံပဝတ္တတိ။ရူပံနိဿာယ နာမံပဝတ္တတိ၊

အသခေါ၊စဉ်စပ်သော်ကား၊နာမံ၊နာမ်ကို၊နိဿာယ၊ အမှီပြု၍၊ရူ ပံ၊ရုပ်သည်၊ပဝတ္တတိ၊ဖြစ်၏ ရူပံ၊ရုပ်ကို၊နိဿာယ၊အမှီပြု၍၊ နာမံ၊ နာမ် သည်၊ပဝတ္တတိ၊ဖြစ်၏၊ ၊

## (၄၆) သတ္တသညာအစွဲကို၊ပယ်တင်ဖြဆို သောကထာ။

ဤသို့သောနာမ်ရုပ်တို့သည်၊ပရမတ္ထအားဖြင့်၊သတ္တဇီဝမည်သည်မ ရှိ။နာမ်ရုပ်မျှသာရှိသည်ဟု ယူသောအခြင်းအရာဖြင့်၊ရှုမှတ်သောယောဂီ

ဖေါ်၏အမြင်သည်၊ မြင်တတ်မှုသဘောဖြစ်သော ဝိပဿနာဉာဏ်ဖြစ်၍၊ ယထာဘူတဉာဏ်မည်၏၊ ဝါ၊ ဟုတ်မှန်သောသဘောအားလျော်၍၊ ဟုတ်မှန်သောသဘောအတိုင်း၊ အကြွင်းအကြွင်းဟုတ်မှန်သောသဘောဖြင့်၊ တွေ့မြင်ဓမ္မကိုမြင်သောဉာဏ်မည်၏၊ ဤယထာဘူတဉာဏ်အမြင်ကို၊ သတ္တဇီဝပုဂ္ဂလဟုယူခြင်း၊ မိစ္ဆာဂါဟမှစင်ကြယ်သောကြောင့်၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏၊ ထိုကြောင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ ။

ပရမတ္ထတော ဧကကသ္မိံ ဓမ္မေ ဥပပရိက္ခိယမာနေ အသ္မီတိ ဝါ အဟန္တိ ဝါတိ ဂဟဏဿ ဝတ္ထုဘူတော သတ္တော နာမ နတ္ထိ၊ ပရမတ္ထတော ပန နာမရူပမတ္တမေဝ အတ္ထီတိ ဧဝံ ပဿတော ဟိ ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓီတိ ဝုစ္စတိ၊ ။

ပရမတ္ထတော၊ ပရမတ္ထအားဖြင့်၊ ဧကကသ္မိံ၊ တခုတခုသော၊ ဓမ္မေ၊ တရားကို၊ ဥပပရိက္ခိယမာနေ၊ ရှုစမ်းအပ်သည်ရှိသော်၊ အသ္မိ၊ ငါဖြစ်၏ဟူ၍၎င်း၊ အဟန္တိ ဝါ၊ ငါကိုယ်ကိုယ်ကားဟူ၍၎င်း၊ ပဝတ္တဿ၊ ဖြစ်သော၊ ဂဟဏဿ၊ ဤသို့သောမိစ္ဆာဂါဟ၏၊ ဝတ္ထုဘူတော၊ တည်ရာဖြစ်၍ဖြစ်သော၊ သတ္တော နာမ၊ သတ္တဝါမည်သည်၊ နတ္ထိ၊ မရှိ၊ ပန၊ ရှိသည်ကိုဆိုဦးအံ့၊ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်၊ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသည်သာလျှင်၊ အတ္ထိ၊ ဤသို့ယထာဝသဘောဟုတ်မှန်သောသဘောအားဖြင့်၊ ဇာနနံ၊ သိခြင်းသည်၊ ဟောတိ၊ ဖြစ်၏ဟူ၍၊ ထင်ရှားအောင်ပြဦးအံ့၊ ဧဝံ၊ ဤပရမတ္ထအားဖြင့်၊ သတ္တဇီဝမည်သည်မရှိ၊ နာမ်ရုပ်မျှသာရှိ၏ဟူ၍ယူသောအခြင်းအရာဖြင့်၊ ပဿတော၊ ရှုမြင်သောယောဂီ၏၊ ဒဿနံ၊ အမြင်သည်၊ ဝါ၊ မြင်တတ်သတတ်သော၊ ဝိပဿနာဉာဏ်သည်၊ ယထာဘူတဒဿနံ ဝါ၊ ယထာဘူတဉာဏ်မည်သည်၊ ဝါ၊ ဟုတ်မှန်သောသဘောအလျောက်၊ ဟုတ်မှန်သောအတိုင်း၊ အကြွင်းအကြွင်းဟုတ်မှန်သော သဘောဖြင့်၊ တွေ့မြင်ဓမ္မကိုမြင်သောဉာဏ်မည်သည်၊ ဟောတိ၊ ဖြစ်၏၊ ဣဒံ ယထာဘူတဒဿနံ ဤယထာဘူတဉာဏ်အမြင်ကို၊ ဒိဋ္ဌိဝိသုဒ္ဓီတိ၊ သတ္တဇီဝ ပုဂ္ဂလဟုယူခြင်း၊ မိစ္ဆာဂါဟမှစင်ကြယ်သောကြောင့်၊ ဒိဋ္ဌိဝိသုဒ္ဓိဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏၊ ဆိုထိုက်၊ ဆိုအပ်၏၊ ။

## (၃၇) ကောင်းနှင့်ဆိုးတို့အစား ဥပမာထား၍ပြသောကထာ၊

ဤရုပ်နာမ်နှစ်ပါး ဥပမာထားသည်မှာ ကောင်းနှင့်ဆိုးတို့သည်၊

အရပ်တပါးသို့သွား၍၊ အသက်မွေးလိုကုန်သည်ရှိသော်၊ ကောန်းသည်၊ ဆွံ့ကိုဤသို့ဆို၏၊ {အချင်း} ငါမှာမူကား။ ခြေတို့ဖြင့်သွားခြင်းကိစ္စကို၊ ပြုခြင်းငှာစွမ်းနိုင်ပါ၏။ အကြည့်မျက်စိတို့ဖြင့်ရှိခဲ့ပါလျှင်၊ ညီညွတ်သောအရာ၊ မညီညွတ်သောအရာကို၊ မြင်နိုင်ရာ၏။ ထိုမျက်စိတို့သည်ကားမရှိပါခဲ့။ ဤသို့ဆို၏။ ဆွံ့သည်လည်း၊ ကောန်းကို။ ဤသို့ဆို၏။ (အချင်း) ငါမူကား။ မျက်စိဖြင့်မြင်ခြင်းကိစ္စကို။ ပြုခြင်းငှာတတ်နိုင်ပါ၏၊ အကြင်ခြေတို့ဖြင့်ရှိပါလျှင်၊ ရှေ့သို့မူလည်းတက်နိုင်ရာ၏။ နောက်သို့မူလည်းဆုတ်နိုင်ရာ၏၊ ထိုသို့သောခြေတို့သည်မရှိပါခဲ့၊ ဤသို့ဆို၏၊ ထိုကောန်းသည်၊ ငါးထမ်းရွက်ပေါင်းစပ်သလို၊ ငါတို့နှစ်ဦးတို့၏အစွမ်းဖြင့်၊ အလိုရှိအပ်သောအရပ်သို့။ ရောက်ခြင်းကိစ္စကိုပြီးစေခဲ့မည်ဟု၊ နှစ်သက်ရွှင်လန်း အားရသည်ဖြစ်၍။ ဆွံ့ကိုပခုံးထက်သို့တင်၏၊ ဆွံ့သည်ကောန်း၏ ပခုံးထက်၌ထိုင်၍။ လက်ဝဲခြေကိုလွှတ်လော၊ လက်ယာခြေကိုယူလော။ လက်ယာခြေလွှတ်လော၊ လက်ဝဲခြေကိုယူလောဟု၊ ဤသို့ဆို၍။ သွားခြင်း၊ လာခြင်း၊ ကိစ္စကိုပြုကြကုန်၏။ ။ဥပမာ၌၊ နှစ်ဦးသောဆွံ့ ကောန်းတို့တွင်။ ကောန်းသည်လည်း။ တံခိုးအာနုဘော်ကင်း၏။ အားနည်း၏။ မိမိဥစ္စာဖြစ်သော။ တံခိုးအာနုဘော်သတ္တိဖြင့်၊ မသွားနိုင်။ ဆွံ့သည်လည်း၊ တံခိုးအာနုဘော်ကင်း၏၊ အားနည်း၏၊ မိမိဥစ္စာဖြစ်သော၊ တံခိုးအာနုဘော်သတ္တိဖြင့်မသွားနိုင်၊ ထိုကောန်းဆွံ့တို့၏။ အချင်းခြင်း၊ တယောက်သည်တယောက်ကို၊ မှီ၍သွားခြင်းသည်၊ မဖြစ်သည်မဟုတ်။ ဖြစ်၏သို့၊ ဤအတူ၊ နာမ်တရားသည်လည်း၊ တံခိုးအာနုဘော်ကင်း၏၊ မိမိဥစ္စာဖြစ်သော၊ တံခိုးဖြင့်မဖြစ်။ ထိုထိုသို့သောကြိယာတို့၌မဖြစ်၊ ရုပ်သည်လည်းတံခိုးအာနုဘော်ကင်း၏၊ မိမိဥစ္စာဖြစ်သောတံခိုးဖြင့်မဖြစ်၊ ထိုထိုသို့သောကြိယာတို့၌မဖြစ် ထိုနာမ်ရုပ်တို့၏၊ အချင်းခြင်းကိုမှီကြ၍ဖြစ်ခြင်းသည်လည်း၊ တည်ခြင်းသည်လည်.မဖြစ်သည်မဟုတ်။ ဖြစ်သည်သာလျှင်တည်း။ ။ထို့ကြောင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ ။

ယထာ ဇစ္စန္ဓော စ ပီဌသပ္ပိ စ ဒိသာ ပက္ကမိတုကာမာ အဿု။ ဇစ္စန္ဓော ပီဌသပ္ပိံ ဧဝ မာဟ အဟံ ခေါ ဘဏေ သက္ကောမိ ပါဒေဟိ ပါဒကရဏီယံ ကာတုံ။ နတ္ထိ စ မေ စက္ခူနိ ယေဟိ သမဝိသမံ ပဿေယျန္တိ။ ပီဌသပ္ပိပိ ဇစ္စန္ဓံ ဧဝ မာဟ အဟံ ခေါ ဘဏေ သက္ကောမိ စက္ခုနာ စက္ခုကရဏီယံ ကာတုံ၊ နတ္ထိ စ မေ ပါဒါနိ ယေဟိ။ အဘိက္ကမေယျံ ဝါ ပဋိက္ကမေယျံ ဝါ တိ။ သော တုဋ္ဌဟဋ္ဌော ဇစ္စန္ဓော ပီဌသပ္ပိံ အံသကူဋံ အာရောပေသိ။ ပီဌသပ္ပိ ဇစ္စန္ဓဿ အံသ

ကူဋေနုနိသိဒိတွာ ဝေမာဟဝါမံရဇ္ဇုဒက္ခိဏံဂဏှေဒက္ခိဏမုဇ္ဇုဝါမံဂဏှာတိ တတ္ထစတ္တုန္နံပိန္နံဗောဒုဗ္ဗလော နသက္ကောတေဇေနသက္ကောဗလေနဂန္တွ တိနစတေသံဇညာမညံနိဿာယဂမနံနပ္ပဝတ္တတိ၊ ဝေမေဝနာမမ္ပိနိဗ္ဗတ္တံ နသက္ကောတေဇေနဥပ္ပဇ္ဇတိ။ နတာသုတာသုကြိယာသုပဝတ္တတိ၊ ရူပမ္ပိ နိဗ္ဗတ္တံ နသက္ကောတေဇေနဥပ္ပဇ္ဇတိ။ နတာသုတာသုကြိယာသုပဝတ္တတိ၊ နစတေသံအညမညံနိဿာယဥပ္ပတ္တိဝါပဝတ္တိဝါနဟောတိတေနေ့တံဝုစ္စ တိ။ ။

ယထာနာမ၊ဥပမာမည်သည်ကား၊ဇစ္စန္ဓော၊သူကာန်းသည်၎င်း၊ ပိဋ္ဌိပိလ၊ဆွံ့သည်၎င်း၊ ဒိသာပက္ကမိတုကာမာ၊ အရပ်တပါးသို့သွားလို ကုန်သည်၊အသယ်၊ဖြစ်ရာ၏။ဇစ္စန္ဓော၊သူကာန်းသည်၊ပိဋ္ဌသပ္ပိ၊ဆွံ့ကို၊ ဧဝံအာဟ။ဤသို့ဆို၏။ဘဏေ၊အချင်း၊အဟံခေါ၊ငါမှာမူကား။ ပါဒေဟိ၊ ခြေတို့ဖြင့်။ပါဒကရဏီယံ၊ခြေဖြင့်ပြုအပ်သောသွားခြင်းကိစ္စကို၊ ကာတုံ၊ ပြုခြင်းငှာ။မေ၊ငါ၏၊သက္ကောမိ၊ စွမ်းနိုင်ပါ၏၊ ယေဟိစက္ခူဟိ၊ အကြင် မျက်စိတို့ဖြင့်၊ သမဝိသမံ၊ ညီညွတ်သောအရာမညီညွတ်သောအရာကို၊ ပဿေယျ၊ မြင်ရာ၏၊ တာနိစက္ခုနိ၊ ထိုသို့သောမျက်စိတို့သည်ကား၊ နတ္ထိ၊မရှိပါခဲ့၊ဣတိဧဝံ၊ဤသို့၊အာဟ၊ဆို၏၊ပိဋ္ဌသပ္ပိပိ၊ ဆွံ့သည်သည်း၊ ဇစ္စန္ဓံ၊သူကာန်းကို၊ဧဝံအာဟ၊ဤသို့ဆို၏၊ဘဏေ၊အချင်း၊အဟံခေါ၊ ငါမှာမူကား၊စက္ခုနာ၊မျက်စိဖြင့်၊စက္ခုကရဏီယံ၊ စက္ခုဖြင့်ပြုအပ်သော၊မြင်ခြင်းကိစ္စကို၊ကာတုံ၊ပြုခြင်းငှာ၊မေ၊ငါ၏၊သက္ကောမိ၊ တတ်နိုင်ပါ၏ ယေဟိပါဒေဟိ.အကြင်ခြေတို့ဖြင့်။ အဘိက္ကမေယျံဝါ၊ ရှေ့သို့မူလည်းတက်နိုင်ရာ၏၊ပဋိက္ကမေယျံဝါ၊နောက်သို့မူလည်းဆုတ်နိုင်ရာ၏၊တာနိပါဒါနိ၊ ထိုသို့သောခြေတို့သည်၊နတ္ထိ၊မရှိပါခဲ့၊ ဣတိဧဝံ၊ ဤသို့၊ အာဟ၊ ဆို၏၊ သောဇစ္စန္ဓော၊ထိုသူကာန်းသည်၊ ဟဋ္ဌတုဋ္ဌော၊ ငါးထမ်းရွက်ပေါင်းစပ် အပ်ကုန်သော၊ငါတို့နှစ်ဦး၏အစွမ်းဖြင့်၊အလိုရှိအပ်သောအရပ်သို့၊ ရောက်ခြင်းကိစ္စပြီးတော့မည်ကိုကားဟု၊နှစ်သက်ရွှင်လန်းသည်ဖြစ်၍၊ပိဋ္ဌသပ္ပိ ဆွံ့ကို၊အံသကူဋံ၊ပခုံးထက်သို့၊အာရောပေသိ၊တင်၏၊ပိဋ္ဌသပ္ပိ၊ဆွံ့ သည်၊ဇစ္စန္ဓဿ၊သူကာန်း၏၊အံသကူဋေ၊ ပခုံးထက်၌၊ နိသီဒိတွာ၊ ထိုင်၍၊ ဝါမံ၊လက်ဝဲခြေကို၊မုဉ္စ၊လွှတ်လော့၊ဒက္ခိဏံ၊ လက်ယာခြေကို၊ ဂဏှ၊ယူ လော့၊ဒက္ခိဏံ၊လက်ယာခြေကို၊မုဉ္စ၊လွှတ်လော့၊ဝါမံ၊လက်ဝဲခြေကို၊ဂဏှ၊ ယူလော့၊ဣတိဧဝံ၊ဤသို့၊အာဟ၊ဆို၏၊တတ္ထ၊ထိုဥပမာ၌၊ဝါ၊ နှစ်ဦးသော ဆွံ့ကောန်းတို့တွင်၊ဇစ္စန္ဓောပိ၊သူကာန်းသည်လည်း၊ နိတ္တေဇော၊ တံခိုး

အာနုဘော်ကင်း၏၊ဒုဗ္ဗလော၊ အားနည်း၏၊ သကောနံ၊ မိမိဥစ္စာဖြစ်သော၊ တေဇေန၊ တံခိုးအာနုဘော်ဖြင့်၊သကေန။မိမိဥစ္စာဖြစ်သော ဗလေန၊အားသတ္တိဖြင့်၊၊ဂန္တုတိ၊မသွားနိုင်၊ပိဋ္ဌသပ္ပိဝိဆော့ သည်လည်း၊ နိဿေဇော၊ တံခိုးအာနုဘော်ကင်း၏၊ ဒုဗ္ဗလော၊ အားနည်း၏၊ သကေန၊ မိမိဥစ္စာဖြစ်သော၊တေဇေန၊တံခိုးဖြင့်၊သကေန၊မိမိဥစ္စာဖြစ်သော၊ ဗလေန၊အားသတ္တိဖြင့်၊နဂန္တုတိ၊ မသွားနိုင်၊တေသံ၊ ထိုကောန်းဆော့တို့၏၊ အညမညံ၊အချင်းချင်း၊ဝါ၊တစ်ယောက်သည်တစ်ယောက်ကို၊နိဿာယ၊မှီ၍၊ဂမနံ၊သွားခြင်းသည်၊ နစနပ္ပဝတ္တတီတိ ယထာ၊မဖြစ်သည်မဟုတ်၊ ဖြစ်သည်သာလျှင်ဖြစ်၏သို့၊ဧဝမေဝ၊ဤအတူ၊နာမမ္ပိ၊နာမ်သည်လည်း၊နိတ္တေဇံ၊တံခိုးအာနုဘော်ကင်း၏၊သကေန၊မိမိဥစ္စာဖြစ်သော၊တေဇေန၊တံခိုးဖြင့်၊နဥပ္ပဇ္ဇတိ၊ မဖြစ်၊တာသုတာသုကြိယာသု၊ ထိုထိုသို့သောကြိယာတို့၌၊ နပဝတ္တတိ၊မဖြစ်၊ရူပမ္ပိ၊ရုပ်သည်လည်း၊နိတ္တေဇံ၊တံခိုးအာနုဘော်ကင်း၏၊သကေန၊မိမိဥစ္စာဖြစ်သော၊တေဇေန၊တံခိုးဖြင့်၊နဥပ္ပဇ္ဇတိ၊မဖြစ်၊တာသုတာသုကြိယာသု၊ထိုထိုသို့သောကြိယာတို့၌၊နပ္ပဝတ္တတိ၊မဖြစ်၊တေသံ၊ထိုနာမ်ရုပ်တို့၏အညမညံ၊အချင်းချင်းကို၊နိဿာယ၊မှီ၍၊ဥပ္ပတ္တိဝါ၊ ဖြစ်ခြင်းသည်လည်း၊ပဝတ္တိဝါ၊ တည်ခြင်းသည်မူလည်း၊နစနပ္ပဝတ္တတိ၊မဖြစ်သည်မဟုတ်၊ဖြစ်သည်သာလျှင်တည်း၊တေန၊ထို့ကြောင့်၊ နသကောန၊ ပ၊ နိဿီတာတိဟူသော၊ဧတံဝစနံ၊ထိုစကားကို၊ဝုတ္တတံ၊ဆိုသင့်၊ဆိုထိုက်၊ဆိုအပ်၏၊ ၊ ဆော့ကို၊ ပိဋ္ဌသပ္ပိ၊အဘယ်ကြောင့်ဆိုသနည်း၊ ဘီးတတ်သောပျဉ်ချပ်ယော်ဖြင့်သားစီး၍သွားတတ်သောကြောင့်၊ပိဋ္ဌသပ္ပိမည်သတည်း၊ ၊ ပိဋ္ဌေနသပ္ပတိဂစ္ဆတီတိပိဋ္ဌသပ္ပိ၊ ၊ပိဋ္ဌေန၊ဘီးတတ်သောပျဉ်ချပ်ဖြင့်၊သပ္ပတိဂစ္ဆတိ၊ သွားတတ်၏၊ ဣတိ၊ ထို့ကြောင့်၊ဒိဋ္ဌသပ္ပိ၊ ပိဋ္ဌသပ္ပိမည်၏၊ ၊အကျယ်ကိုသိလိုသော်ဒီသုဋ္ဌမင်္ဂလာဒိကထာမှာကြည့်လေ၊

(၃၈) နာမရူပအစဉ်းကိုပြဆိုသော၊ ဥပမာအထူး၊

ယခုပြဆိုအပ်ခဲ့ပြီးသောရုပ်နာမ်တို့သည်၊ ယောဂီပုဂ္ဂိုလ်၏၊ အတိသံခိတ္တနည်းဖြင့်သာပြဆိုခြင်းဖြစ်သေးသည်၊ကမ္မဋ္ဌာန်းရှုမှတ်သောအခါအလုံးစုံသောရုပ်သည်ရှိ၏၊ထိုအလုံးစုံသောရုပ်သည်၊လေးပါးကုန်သောမဟာဘုတ်တို့ဖြင့်ရင်း၊ လေးပါးကုန်သောမဟာဘုတ်တို့ကို၊ စွဲ၍မှီ၍ဖြစ်

သော ဥပါဒါယရုပ်ရင်း၊ ဤသို့နှစ်ပါးတို့သည်ဖြစ်ကုန်၏။ အကျင်းအားဖြင့် သော ချင်၊ ဤအတ္တဘော၌၊ ရုပ်ကိုသိမ်းဆည်းသည်ဖြစ်၍။ ထိုအတူမနာယ တနလည်ရင်း၊ ခမ္မာယတနစိတ်သည်ရင်း။ နာမ်မည်၏။ ဤသို့နာမ်ကိုသိမ်း ဆည်းသည်ဖြစ်၍။ ဤနာမ်သည်ရှင်း။ ဤရုပ်သည်ရင်း။ ရှိ၏။ ဤနှစ်ပါးအရ ကို။ နာမရူပဆိုအပ်၏၊ ဤသို့အကျင်းအားဖြင့်သော။ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်၌ထင်မြင်၍၊ နာမ်ရုပ်ကိုပိုင်းခြားမှတ်သား၏။ ။ထိုကြောင့်ဝိသုဒ္ဓိ မဂ်အဋ္ဌကထာ၌၊ ။

အပရောယံကိဉ္စိရုပံသဗ္ဗံ စတ္တာရိမဟာဘူတာနိစတုန္နဉ္စမဟာဘူတာ နံဥပါဒါယရူပန္တိ။ ဝေံသံခိတ္တေနေဝဏ္ဏမသ္မိံ အတ္တဘာဝေ ရူပံပရိဂ္ဂဟေတွာ တထာ မနာယတနဉ္စေဝ ဓမ္မာယတနေကဒေသဉ္စ နာမန္တိ ပရိဂ္ဂဟေတွာ ဣတိဣဒဉ္စနာမံဣဒဉ္စရူပံဣဒံဝုစ္စတိ၊ နာမရူပန္တိ သခေ်ပတော နာမရူပံဝဝတ္ထ ပေတိ၊ ။

အပရော။ ထိုမှတပါးသော ယောဂီသည်၊ ယံကိဉ္စိ။ အလုံးစုံသော၊ ရူ ပံ၊ ရုပ်သည်၊ အတ္တိ၊ ရှိ၏၊ သဗ္ဗံ၊ အလုံးစုံသော၊ တံရူပံ၊ ထိုရုပ်သည်၊ စတ္တာ ရိ၊ လေးပါးကုန်သော၊ မဟာဘူတာနိ၊ မဟာဘုတ်တို့ရင်း၊ စတုန္နံ။ လေးပါး ကုန်သော၊ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို၊ ဥပါဒါယရူပဉ္စ၊ စွဲ၍မှီ၍ဖြစ်သော ရုပ်ရင်း၊ ဣတိ၊ ဤသို့၊ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ။ ဖြစ်၏။ ဧဝံ။ ဤ သို့၊ သံခိတ္တေနေဝ။ အကျဉ်းအားဖြင့်သာလျှင်၊ ဣမသ္မိံ အတ္တဘာဝေ၊ ဤ အတ္တဘော၌၊ ရူပံ၊ ရုပ်ကို၊ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍၊ တထာ၊ ထိုအတူ၊ မနာယတနဉ္စ၊ မနာယတနသည်ရင်း၊ နာမံ၊ နာမ်မည်၏။ ဣတိ၊ ဤသို့၊ နာ မံ၊ နာမ်ကို၊ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍၊ ဣတိ ။ ဤသို့၊ ဣဒဉ္စနာမံ။ ဤနာမ် သည်ရင်း၊ ဣဒဉ္စရူပံ။ ဤရုပ်သည်ရင်း၊ အတ္တိ။ ရှိ၏။ ဣဒံ၊ ဤနှစ်ပါးစုံကို၊ နာမရူ ပန္တိ။ နာမရူပဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ။ ဤသို့။ သခေ်ပတော၊ အကျဉ်း အားဖြင့်။ နာမရူပံ ။နာမ်ရုပ်ကို။ ဝဝတ္ထပေတိ။ ပိုင်းခြားမှတ်သား၏။ ။

(နာမရူပပရိစ္ဆေဒဉာဏ်ပြီး၏။)

(၃၉) ပစ္စယပရိဂ္ဂဟဉာဏ်အရထင်ရှားစွာ၊ ပြသောကဏ္ဍ၊

ဤသို့သောနာမ်ရုပ်တို့သည်။ ရှေးဦးစွာအကြောင်းမရှိသည်မဟုတ်

အကြောင်းရှိသည်သာလျှင်တည်း။ အဘယ်ကြောင့်ဆိုသော်၊ အလုံးရှိသော၊ အစ္ဆတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်၌၊ တခုတည်းကဲ့သို့ တူသည်၏အဖြစ်သို့ရောက်ခြင်း၊ ခပ်သိမ်းသောအခါ၌လည်း။ တခုတည်းကဲ့သို့၊ တူသည်၏အဖြစ်ကြောင့်၊ ခပ်သိမ်းသောပုဂ္ဂိုလ်တို့အားလည်း။ တခုတည်းကဲ့သို့ ရောက်ခြင်းကြောင့်တည်း။ ။ထို့ကြောင့်ဝိသုဒ္ဓိမဂ်၌၊ ။

သောအာဒိတော ဝဏ္ဏတိပဋိသမ္ဘိဒ္ဓကြွတိ နတာဝိဓံနာမရူပံအပေါ်တုကံသဗ္ဗတ္ထသဗ္ဗဒါ၊ သဗ္ဗေသဥ္စေ ကေသဒိသဘာဝ ဝါပတ္တိတော၊ ။

သောဘိက္ခု။ ထိုယောဂီရဟန်းသည်၊ အာဒိတော ၊ ဝ၊ အစ၌လျှင်။ ဣတိ ဤဆိုလတံ့သောနည်းဖြင့်။ ပဋိသမ္ဘိဒ္ဓကြွတိ၊ ဆင်ခြင်၏။ ဣဒံ နာမရူပံ။ ဤနာမ်ရုပ်သည်။ တာဝ၊ ရှေးဦးစွာ၊ အဟေတုကံ။ အကြောင်းမရှိသည်။ န၊ မဟုတ် သဟေတုကမေဝ၊ အကြောင်းရှိသည်သာလျှင်တည်း၊ ကသ္မာ၊ အဘယ်ကြောင့်ဟူမူကား၊ သဗ္ဗတ္ထ အလုံးရှိသော၊ အစ္ဆတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်၌၊ ကေသဒိသဘာဝ ဝါပတ္တိတော။ တခုတည်းကဲ့သို့တူသည်၏ အဖြစ်သို့ရောက်ခြင်း၏။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌လည်း၊ ကေသဒိသဘာဝ ဝါပတ္တိတော၊ တခုတည်းကဲ့သို့ တူသည်၏အဖြစ်ကြောင့်။ သဗ္ဗေသဥ္စ၊ ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အားလည်း၊ ကေသဒိသဘာဝ ဝါပတ္တိတော၊ တခုတည်းကဲ့သို့၊ တူသည်၏အဖြစ်သို့ရောက်ခြင်းကြောင့်တည်း။ ။

(၄၀) ရှေးအဘိတ်အကြောင်း-၅-ပါးကို။
ထင်ရှားအောင်ပြခြင်းကဏ္ဍ။

(၁) ထိုခပ်သိမ်းသောပုဂ္ဂိုလ်တို့သည်၊ ရှေးဖြစ်သော။ ကမ္မဘဝကို။ ပြုအပ်သည်ရှိသော်၊ သတိမပြုမရှုသောတွေဝေခြင်းသဘောသည်။ အဝိဇ္ဇာမည်၏၊ ။
(၂) အားထုတ်ခြင်း။ ပေါင်းစည်းရုံးရခြင်းသဘောသည်၊ သင်္ခါရမည်ကုန်၏၊ ။
(၃) တတ်ခြင်းသဘောသည်။ တဏှာမည်၏၊ ။
(၄) ကပ်ခြင်းစွဲလန်းခြင်းသဘောသည်၊ ဥပါဒါန်မည်၏၊ ။
(၅) စေတနာသည်၊ ဘဝမည်၏၊ ။

ဤ-၅-ပါးသောတရားတို့သည်၊ ရှေးဖြစ်သောကမ္မဘဝကို၊ ပြုအပ်သည်ရှိသော်၊ ဤပစ္စုပ္ပန်၌။ ပဋိသန္ဓေ၏ နာမ်ရုပ်အကြောင်းတို့သည်ဖြစ်

ကုန်၏၊ ။ထို့ကြောင့်အဋ္ဌကထာ၌၊ ။
အပရော ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ။ အာယူဟနာ သင်္ခါရာ နိကန္တိ တဏှာ ဥပဂမနံ ဥပါဒါနံ စေတနာ ဘဝေါတိ ဣမေ ပဉ္စ ဓမ္မာ ပုရိမကမ္မဘဝသ္မိံ ဣဓ ပဋိသန္ဓိယာ ပစ္စယာ။ ။

အပရော၊ တဦးသောယောဂီသည်၊ ပုရိမကမ္မဘဝသ္မိံ၊ ရှေးဖြစ်သောကမ္မဘဝကို၊ ကရိယာမာနေ။ ပြုအပ်သည်ရှိသော်၊ မောဟော။ တွေဝေခြင်းသဘောသည်၊ အဝိဇ္ဇာ။ အဝိဇ္ဇာမည်၏၊ အာယူဟနာ၊ အားထုတ်ခြင်း ပေါင်းစည်းရုံးရခြင်းသဘောသည်၊ သင်္ခါရာ၊ သင်္ခါရမည်ကုန်၏။ နိကန္တိ တတ်ခြင်းသဘောသည်၊ တဏှာ။ တဏှာမည်၏၊ ဥပဂမနံ။ ကပ်ခြင်းစွဲလန်းခြင်းသဘောသည်၊ ဥပါဒါနံ။ ဥပါဒါန်မည်၏၊ စေတနာ၊ စေတနာသည်။ ဘဝေါ။ ဘဝမည်၏၊ ဣမေပဉ္စဓမ္မာ။ ဤ-၅ ပါးသောတရားတို့သည်၊ ပုရိမကမ္မဘဝသ္မိံ၊ ရှေးဖြစ်သောကမ္မဘဝကို၊ ကရိယမာနေ။ ပြုအပ်သည်ရှိသော်။ ဣဓ၊ ဤပစ္စုပ္ပန်၌၊ ပဋိသန္ဓိယာ။ ပဋိသန္ဓေ၏။ ပစ္စယာ။ အကြောင်းတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ။

## (၄၁) ပစ္စုပ္ပန်အကျိုးငါးပါးကို။ ထင်ရှားအောင်တမျိုးပြခြင်းကဏ္ဍ၊

(၁) ဤပစ္စုပ္ပန်၌၊ ပဋိသန္ဓေသည်။ ဝိညာဉ်မည်၏။ ။
(၂) အမိဝမ်း၌သက်ဝင်သကဲ့သို့ဖြစ်ခြင်းသည်။ နာမရူပမည်၏။ ။
(၃) တွတ်ကိုကြည်စေတတ်သော ပသာဒ-၅ ပါးသည်။ အာယတန မည်၏။ ။
(၄) အာရုံကိုတွေ့ခြင်းသဘောသည်။ ဖဿမည်၏၊ ။
(၅) ခံစားသောအခြင်းအရာဖြင့်။ ဖြစ်သောသဘောသည်၊ ဝေဒနာ မည်၏၊ ။

ဤသို့ပစ္စုပ္ပန်၌ဥပပတ္တိဘဝသည်ရှိသော်၊ ဤ-၅-ပါးသောတရားတို့သည်။ ရှေးဘဝ၌ပြုအပ်သောကံ၏။ အကြောင်းတို့ကြောင့်ဖြစ်ကုန်၏၊ ။ ထို့ကြောင့်ဝိသုဒ္ဓိမဂ်၌။ ။
ဣဓပဋိသန္ဓိဝိညာဏံဩက္ကန္တိ နာမရူပံပသာဒေါ အာယတနံဖုဋ္ဌော ဖဿောဝေဒယိတံ။ ဝေဒနာတိဣမေပဉ္စဓမ္မာဣဓုပပတ္တိဘဝသ္မိံ။ ပုရေကတဿ၊ ကမ္မဿပစ္စယာ၊

ဣဓ။ဤပစ္စုပ္ပန်၌၊ပဋိသန္ဓိ၊ပဋိသန္ဓေသည်။ဝိညာဏံ၊ဝိညာဉ်မည်၏ ဩက္ကန္တိ။သမိဝင်း၌သက်ဝင်သကဲ့သို့ဖြစ်ခြင်းသည်၊နာမရူပံနာမ၊ နာမရူပမည်၏။ဝါ။နာမ်ရုပ်မည်၏၊ပသာဒေါ။ဘုတ်ကိုကြည်စေတတ်သောပသါဒ-၅-ပါးသည်၊အာယတနံ။အာယတနမည်၏၊ဖုဋ္ဌော။အာရုံကိုတွေ့ခြင်းသဘောသည်။ဖဿော၊ဖဿမည်၏၊ ဝေဒယိတံ။ ခံစားသောအခြင်းအရာဖြင့်။ဖြစ်သောသဘောသည်၊ဝေဒနံ၊ဝေဒနာမည်၏ ။ဣတိ။ဤသို့၊ ဣဓ။ ဤပစ္စုပ္ပန်၌။ဥပပတ္တိဘဝသ္မိံ၊ဥပပတ္တိဘဝသည်၊သတိ၊ ရှိသော်၊ ဣမေပဉ္စဓမ္မာ။၊ဤ-၅-ပါးသောတရားတို့သည်။ ပုရေကတဿ။ရှေးဝဘ၌ပြုအပ်သော။ကမ္မဿ။ကံ၏။ပစ္စယာ။အကြောင်းတို့ကြောင့်၊ဟောန္တိ။ဖြစ်ကုန်၏။

## (၄၂) ပစ္စုပ္ပန်အကြောင်း-၅-ပါးကို၊ထင်ရှားအောင်ပြခြင်းကဗျာ၊

(၁) ဤပစ္စုပ္ပန်ဘဝ၌၊စက္ခာယတန။သောတာယတန။ဃာနာယတန- ဇိဝှာယတန-ကာယာယတန-မနာယတနတို့၏။ ရင့်ပြီးသည်၏အဖြစ်ကြောင့်၊မသိသောမောဟသည်။ အဝိဇ္ဇာမည်၏။ ၊

(၂) အားထုတ်ခြင်းပေါင်းစည်းရုံးရခြင်းသဘောသည်။ သင်္ခါရမည်၏။ ၊

(၃) တတ်ခြင်းသဘောသည်၊တဏှာမည်၏၊ ။

(၄) ကပ်ခြင်းစွဲလန်းခြင်းသဘောသည်။ဥပါဒါန်မည်၏။ ၊

(၅) စေတနာသည်၊ဘဝမည်၏။ ။

ဤပစ္စုပ္ပန်၌။ကမ္မဘဝကို။ ပြုအပ်သည်ရှိသော်။ ဤ-၅-ပါးသောတရားတို့သည်။နောင်အခါ၌ပဋိသန္ဓေ၏။အကြောင်းတို့သည်။ ဖြစ်ကြကုန်၏။ ။ထိုကြောင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ ၊

ဣဓပရိပက္ကတ္တာ အာယတနံမောဟောအဝိဇ္ဇာ။ပ။ စေတနာဘဝေါတိဣမေပဉ္စဓမ္မာဣဓကမ္မဘဝသ္မိံ၊ အာယတိံပဋိသန္ဓိယာပစ္စယာတိဧဝံ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေနနာမရူပဿပစ္စယပရိဂ္ဂဟံကရောတိ၊ ။

ဣဓ။ဤပစ္စုပ္ပန်ဘဝ၌၊အာယတနံ။ အာယတနတို့၏။ ပရိပက္ကတ္တာ၊ ရင့်ပြီးသည်၏အဖြစ်ကြောင့်။မောဟော။ မောဟသည်၊အဝိဇ္ဇာ။ အဝိဇ္ဇာမည်၏။ပ။စေတနာ။စေတနာသည်၊ ဘဝေါ၊ ဘဝမည်၏၊ဣတိ။ဤသို့။ဣဓ

ဤပစ္စုပ္ပန်၌။ကမ္မဘဝသို့၊ကမ္မဘဝကို။ကရိယမာနေ။ပြုအပ်သည်ရှိသော် ဣမေပဉ္စဓမ္မာ။ဤ-၅-ပါးသောတရားတို့သည်၊ အာယတိံ။ နောင်အခါ၌။ ပဋိသန္ဓိယာ။ပဋိသန္ဓေ၏။ပစ္စယာ၊အကြောင်းတို့သည်။ဟောန္တိ။ ဖြစ်ကုန်၏။ဣတိဧဝံ၊ဤသို့။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋ၏အစွမ်းအားဖြင့်။ နာမရူပဿ၊ နာမ်ရုပ်၏။ ပစ္စယပရိဂ္ဂဟံ၊ အကြောင်းဖြစ်သော၊၅-ပါးသောတရားတို့ကို။သိမ်းဆည်းခြင်းကို။ကရောတိ။ပြု၏။ ၊ ကံ၏အပေါင်းအဘော်ဖြစ်၍။ ကိလေသာဝဋ်ကို။ ကမ္မဝဋ်၌သွင်း၍နှစ်ပါးပြုပေသည်၊ ။

## (၄၃) တဆဲ့ခြောက်ပါးသောယံမှားခြင်းကို။ ထင်လင်းအောင်ပြခြင်းကဏ္ဍ။

သောဧဝံပစ္စယတောနာမရူပဿပဝတ္တိံ ဒိသွာယထာဣဒံ ဧဝံအတီတေပိအဒ္ဓါနေပစ္စယတောပဝတ္တိတ္ထအနာဂတေပစ္စယတောပဝတ္တိဿတိတိ သမနုပဿတိတဿေဝံသမနုပဿတောယာသာပုဗ္ဗန္တံ အာရဗ္ဘအဟောသိံ နုခေါအဟံအတီတမဒ္ဓါနံနနုခေါ၊အဟောသိံ အတီတမဒ္ဓါနံ ကိံ နု ခေါအဟောသိံ အတီတမဒ္ဓါနံကထံနုခေါအဟောသိံ အတီတမဒ္ဓါနံကိံ ဟုတွာ ကိံ အဟောသိံ နုခေါ အဟံအတီတမဒ္ဓါနန္တိ ပဉ္စဝိဓာဝိစိကိစ္ဆာဝုတ္တာ။ ၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။

သောဘိက္ခု၊ထိုရဟန်းသည်၊ဧဝံ။ဤသို့၊ပစ္စယတော။ အကြောင်းအားဖြင့်။နာမရူပဿ၊ နာမ်ရုပ်၏၊ပဝတ္တိံ။ ယခုပစ္စုပ္ပန်ဘဝ၌ဖြစ်ခြင်းကို။ ဒိသွာ၊မြင်၍။ယထာ။ဣဒံ။ဤနာမ်ရုပ်သည်၊ ဧတရဟိ။ယခုပစ္စုပ္ပန်ဘဝ၌၊ ပစ္စယတော။အဝိဇ္ဇာစသောအကြောင်းကြောင့်၊ပဝတ္တတိ။ယထာ၊ဖြစ်၏သို့။ဧဝံတထာ။ထိုအတူ။အတီတေပိအဒ္ဓါနေ။အတိတ်ဖြစ်သောအဓွန့်၌လည်း၊ဣဒံ။ ဤနာမ်ရုပ်သည်။ ပစ္စယတော၊ အဝိဇ္ဇာစသော။ အကြောင်းကြောင့်။ ပဝတ္တိတ္ထ၊ဖြစ်ပြီ။အနာဂတေပိအဒ္ဓါနေ။အနာဂတ်အဓွန့်၌လည်း၊ပစ္စယတော၊ အဝိဇ္ဇာစသော၊အကြောင်းကြောင့်၊ပဝတ္တိဿတိ။ဖြစ်လတံ့၊ဣတိ၊ဤသို့ သမနုပဿတိ။ အဘန်တလဲလဲရှု၏။ဧဝံဝုတ္တနယေန ၊ဤဆိုအပ်ပြီးသော။ နည်းဖြင့်။သမနုပဿတော၊အဘန်တလဲလဲရှုသော၊တဿ။ထိုယောဂီအားဝါ။ယောဂီသည်။ပုဗ္ဗန္တံ၊အတိတ်ဖြစ်သော။ခန္ဓာပဗန္ဓကောဋ္ဌာသကို။အာရဗ္ဘဥဒ္ဒိဿ၊ရည်မှတ်၍။အဟံ၊ငါသည်။အတီတမဒ္ဓါနံ၊လွန်လေပြီးသော

ဝါ၊ရုပ်နာမ်ကုန်လေပြီးသောကာလ၌၊ အဟောသိနှုခေါ၊ ဖြစ်ဘူးလေပြီလော။အတီတမဒ္ဓါနံ။လွန်လေပြီးသော။ဝါ။ ရုပ်နာမ်ကုန်လေပြီးသောကာလ၌။ကိံနှုခေါအဟောသိံ။အဘယ်သို့သေါသူဖြစ်ဘူးလေသနည်း။အတီတမဒ္ဓါနံ။လွန်လေပြီးသော၊ဝါ၊ ရုပ်နာမ်ကုန်လေပြီးသောကာလ၌၊ ကထံ။အဘယ်သို့သော အခြင်းအရာအားဖြင့် ၊အဟောသိံနှုခေါ၊ ဖြစ်လေသနည်း။အတီတမဒ္ဓါနံ၊လွန်လေပြီးသော၊ဝါ၊ ရုပ်နာမ်ကုန်လေပြီးသောကာလ၌၊ကိံ၊အဘယ်သို့သောသူသည်။ဟုတွာ။ဖြစ်၍။ကိံ။ အဘယ်သို့သောသူသည်၊အဟောသိံနှုခေါ၊ဖြစ်ဘူးလေသနည်း။ဣတိ၊ဤသို့။ ပဉ္စဝိဓာ။ငါးပါးအပြားရှိသော။ယာဝိစိကိစ္ဆာ။ အကြင်ယုံမှားခြင်းကို။ဝုတ္တာ။ ဟောတော်မူအပ်ပြီ။ ။ဤကားအတိတ်ကာလ၌ယုံမှားခြင်း-၅-ပါးကိုပြသတည်း၊ ၊

ယာပိအပရန္တံအာရဗ္ဘဘဝိဿာမိနုခေါအဟံအနာဂတမဒ္ဓါနံနုခေါဘဝိဿာမိအနာပတမဒ္ဓါနံ။ကိံနုခေါဘဝိဿာမိ။အနာဂတမဒ္ဓါနံ ကထံနုခေါဘဝိဿာမိ။အနာဂတမဒ္ဓါနံ ဟုတွာကိံဘဝိဿာမိနုခေါ အဟံ အနာဂတမဒ္ဓါနန္တိပဉ္စဝိဓာဝိစိကိစ္ဆာဝုတ္တာ။ ၊

ယာပိ၊အကြင်ယုံမှားခြင်းကိုလည်း။အပရန္တံ။အနာဂတ်ဖြစ်သောခန္ဓာပဗန္ဓာကောဋ္ဌါသကို။အာရဗ္ဘဥဒ္ဒိဿ။ရည်မှတ်၍၊အဟံ၊ငါသည် အနာဂတမဒ္ဓါနံ အနာဂတ်ဖြစ်သော၊ဝါ၊ ရုပ်နာမ်မဖြစ်သေးသောကာလ၌၊ဘဝိဿာမိနုခေါ။ဖြစ်ရလတံ့လော။အနာဂတမဒ္ဓါနံ။အနာဂတ်ဖြစ်သောဝါ။ ရုပ်နာမ်မဖြစ်သေးသောကာလ၌။ နနုခေါဘဝိဿာမိ။ မဖြစ်ရလတံ့လော၊အနာဂတမဒ္ဓါနံ၊ အနာဂတ်ဖြစ်သော၊ဝါ။ ရုပ်နာမ်မဖြစ်သေးသောကာလ၌၊ကိံ၊အဘယ်သို့သောသူသည်၊ ဘဝိဿာမိနုခေါ။ ဖြစ်ရလတံ့နည်း။အနာဂတမဒ္ဓါနံ။ အနာဂတ်ဖြစ်သော။ ဝါ။ ရုပ်နာမ်မဖြစ်သေးသောကာလ၌။ကထံ။အဘယ်သို့သောအခြင်းအရာအားဖြင့်၊ ဘဝိဿာမိနုခေါ ဖြစ်လတံ့နည်း။အနာဂတမဒ္ဓါနံ။အနာဂတ်ဖြစ်သော၊ဝါ၊ ရုပ်နာမ်မဖြစ်သေးသေါကာလ၌။ကိံ၊အဘယ်သို့သောသူသည်။ဟုတွာ၊ဖြစ်၍၊ ကိံ၊အဘယ်သို့သောသူသည်။ဘဝိဿာမိနုခေါ၊ဖြစ်လတံ့နည်း၊ဣတိ၊ဤသို့၊ပဉ္စဝိဓာ။ငါးပါးအပြားရှိသော၊ယာဝိစိကိစ္ဆာ၊ အကြင်ယုံမှားခြင်းကိုလည်း။ဝုတ္တာ၊ဟောတော်မူအပ်ပြီ။ ။

ဤကားအနာဂတ်ကာလ၌၊ယုံမှားခြင်း-၅-ပါးကိုပြသတည်း၊ ၊

ယာပိပစ္စုပ္ပန္နံအာရဗ္ဘဧတရဟိဝါပနပစ္စုပ္ပန္နံအဒ္ဓါနံ အာရဗ္ဘကထံ

ကသိဏဟောတိ။အဟံနုခေါသို့၊နောနုခေါသို့၊ကိံနုခေါသို့၊ကထံနုခေါသို့၊အယံနုခေါသတ္တောကုတောအာဂတောသောကုဟိံ ဂါမီဘဝိဿတီတိ၊ဆဗ္ဗိဓာဝိစိကိစ္ဆာ၊ဥပ္ပဇ္ဇာသာသသမ္ဘာဝိပဟီယတိ။ ။

ယာဝိ။အကြင်ယုံမှားခြင်းကိုလည်း။ပစ္စုပ္ပန္နံ။ပစ္စုပ္ပန်ဖြစ်သော၊ခန္ဓာပဉ္စကောဋ္ဌာသကို၊အာရဗ္ဘ။ရည်မှတ်၍။တေရဟိဝါပန၊ ယခုမျက်မှောက်ကာလ်ါမူလည်း။ပစ္စုပ္ပန္နံ အဒ္ဓါနံ၊ပဋိသန္ဓေအစ၊စုတိအဆုံးရှိသော၊ အလုံးစုံသောဝတ္တမာန်ကာလကို၊ အာရဗ္ဘ။ရည်မှတ်၍၊ကထံကထီ။မိမိခန္ဓာ၌၊သို့လောသို့လောဟုယုံမှားခြင်းသည်၊ ဟောတိ၊ဖြစ်၏။အဟံ၊ငါသည်။အသို့နုခေါ၊ဟုတ်ပါလေ၏လော၊ နောနုခေါ၊အသို့၊မဟုတ်လေသလော၊ ကိံ၊အဘယ်သို့သောသူသည်၊အသို့နုခေါ၊ဖြစ်သနည်း။ကထံ၊အဘယ်သို့သောအခြင်းအရာအါးဖြင့်၊အသို့နုခေါ၊ဖြစ်လေသနည်း၊အယံသတ္တော၊ဤသတ္တဝါသည်၊ ကုတော၊အဘယ်ဘဝမှ၊ အာဂတောနုခေါ၊ လာသနည်း။ သောသတ္တော၊ ထိုသတ္တဝါသည်၊ ကုဟိံ ဂါမီ၊အဘယ်ဘဝသို့လားသည်၊ဘဝိဿတိနုခေါ၊ ဖြစ်လတံ့နည်း၊ဣတိ၊ ဤသို့၊ဆဗ္ဗိဓာ၊ခြောက်ပါးအပြားရှိသော၊ယာဝိစိကိစ္ဆာပိ၊အကြင်ဝိစိကိစ္ဆာကိုလည်း၊ဥပ္ပဇ္ဇာ၊ ဟောတော်မူအပ်ပြီ၊သာသမ္ဘာပိ၊ထိုဆိုအပ်ပြီးသော၊တဆဲ့ခြောက်ပါးအပြားရှိသော၊ အလုံးစုံသော ဝိစိကိစ္ဆာကိုလည်း၊ ပဟီယတိ။ ဝိက္ခမ္ဘနအားဖြင့်ပယ်အပ်၏၊ ။ဤကားပစ္စုပ္ပန်ကာလ၌ယုံမှားခြင်းတဆဲ့ခြောက်ပါးကိုပြသတည်း၊

အဓိပ္ပါယ်ကား၊ ။အဟောသိံ နုခေါနနုခေါအဟောသိံ၊ဟူသောဤနှစ်ပုဒ်ဖြင့် သဿတာကာရကိုရင်း၊ ပဋိစ္စသမုပ္ပတ္တိအာကာရကိုရင်း၊မှီ၍အတိတ်၌၊မိမိဝိဇ္ဇမာနအဖြစ်ကိုရင်း၊အဝိဇ္ဇမာနအဖြစ်ကိုရင်း။ ယုံမှားသည်ကိုပြသည်၊ ။ကိံ နုခေါအဟောသိံပါဌ်ဖြင့်၊ဇာတိလိင်္ဂဥပပတ္တိကိုမှီ၍မဖြစ်ဘူးလေသလော။ ပြဟ္မဏဂဟဋ္ဌဒေဝစသည်တို့တွင်၊ တပါးပါးဖြစ်ဘူးလေသလောဟု၊ ယုံမှားသည်ကိုပြသည်၊ ။ကထံနုခေါအဟောသိံပါဌ်ဖြင့်၊သဏ္ဌာနာကာရကိုမှီ၍၊ မြင့်သောသဏ္ဌာန်ဖြစ်ဘူးလေသလော၊နိမ့်သောသဏ္ဌာန်ဖြစ်ဘူးလေသလော၊ အဖြူအမည်းအဆင်းစသည်တို့တွင်၊ အဘယ်အဆင်းသဏ္ဌာန်ဖြစ်ဘူးလေသနည်းဟု၊ ယုံမှားသည်ကိုပြသည်။ ။

ကိံ ဟုတွာကိံ အဟောသိံ ။ ဟူသောပါဌ်ဖြင့်။ဇာတ်စသည်ကိုမှီ၍မင်းဖြစ်ပြီး၍။ ပုဏ္ဏားဖြစ်လေသလော။နတ်ဖြစ်ပြီး၍လူဖြစ်ဘူးလေသလောဟု။မိမိ၏အဆင့်ဆင့်ဖြစ်ခြင်းကို၊ယုံမှားသည်ကိုပြ၏။ ။ဘဝိဿာမိနု

ခေါနှင့်ခေါ်ဘဝိဿာမိဟူသောပါဌ်ဖြင့်။သဿတဘာကာရကိုရင်း ဥစ္ဆေဒ ကာရကိုရင်း၊မှီ၍အနာဂတ်၌၊မိမိ၏ဝိဇ္ဇမာနအဖြစ်၊ အဝိဇ္ဇမာနအဖြစ်ကို၊ ယုံမှားခြင်းကိုပြသည်၊ ၊အကြောင်းနည်းတူမှီး၍သိလေ။ ။

အနာဂတ်အနာဂတ်ပြခြင်းပြီး၏။

(၄၄) ပစ္စုပ္ပန်အဓိပ္ပါယ်သွားကို။
ထင်ရှားအောင်ပြခြင်းကား၊

အဟံနှုခေါ်အသ္မိ။ပါဌ်ဖြင့်၊ မိမိ၏အတ္တဘောကိုယုံမှားသည်ကိုပြသည်၊ အဘယ်သို့မိမိကိုယ်ကိုငါဟုတ်ပါ၏လောဟု။ယုံမှားခြင်းသည်၊ သင့်အံ့နည်းဟူမူ၊ဤ၌ယုတ္တအယုတ္တဟုကြံခြင်းသည်မသင့်၊ဗါလပုထုဇဉ်သည်၊ဥမ္မတ္တကကဲ့သို့ဖြစ်သတည်း။ ။နနုခေါ်အသ္မိ၊ဟူသောပါဌ်ဖြင့်။မိမိ၏နတ္ထိဘာဝကို၊ယုံမှားသည်ကိုပြသည်၊ကိံနှုခေါ်အသ္မိပါဌ်ဖြင့်၊မင်းဖြစ်လျက်မိမိ၏မင်းအဖြစ်ကိုယုံမှားသည်၊ ပုဏ္ဏားဖြစ်လျက်ပုဏ္ဏား အဖြစ်ကိုယုံမှားသည်ကိုပြသည်။ ။ကထံနှုခေါ်အသ္မိ၊ပါဌ်သည်၊ရုတ္တနယအည်း၊ ဤ၌အလူးကား။အဗ္ဘန္တရေ၌ဇီဝမည်သည်ရှိ၏ဟုယူ၍၊ထိုဇီဝ၏ဒီဃ ရဿသဏ္ဌာနတပသည်၏ အဖြစ်ကိုယုံမှားသည်။ ၊ပစ္စုပ္ပန်ဖြစ်သောမိမိ၏ကိုယ်သဏ္ဌာန်ကို။မသိသောသူမည်သည်ကားမရှိ၊ ကုတောအာဂတော ကုဟိံဘဝိဿာမိ၊ဟု။အတ္တဘော၏၊အာဂတိဂတိဌာန၊လာရာအရပ်သွားရာအရပ်ကိုယုံမှားသည်၊ ၊

(၄၅) ရှစ်ပါးသောယုံမှားခြင်းကို၊
ထင်လင်းအောင်ပြခြင်းကား။

ဇေ၀ံရတိပဋိသန္ဓိဝသေနဝိဓိတသဗ္ဗဓမ္မသံသဗ္ဗာကာရေန နာမရူပဿပစ္စယပရိဂ္ဂဟညာဏံထာမပတ္တံဟောတိ။ သောန္ဒသဝိဓေကင်္ခါသု ဠ္တရဲ့ပဟီယတိနကေဝလဥ္စသာဝေသတ္တရိကင်္ခတိတိအာဒိနယပ္ပဝတ္တာအ ဋ္ဌဝိဓာပိကင်္ခါပဟီယတိ ယေဝဒွါသဋ္ဌိဒိဋ္ဌိဂတာနိဝိက္ခမ္ဘန္တိ၊ ဇေ၀ံနာနာန ယေဟိနာမရူပ ပစ္စယပရိဂ္ဂဟဏေနတီသုအဒ္ဓါသုကင်္ခံဝိတရိတွာဌိတံဉာ ဏံဝိတရဏာဝိသုဒ္ဓိတိဝေဒိတဗ္ဗံ၊ ၊အဋ္ဌကထာ၊ ၊

ဝေဝံယသာဝုတ္တနယေန။ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။ ရတိပဋိသန္ဓိဝသေန၊ ရတိပဋိသန္ဓိ၏အစွမ်းဖြင့်၊ ဝိမိတသမ္ဘဝေမှသ၊ သိအပ်ပြီးသော အလုံးစုံသောတဘူမက တရားရှိသောယောဂီ၏၊ သင္ခါကာရေန။ ခပ်သိမ်းသောအခြင်းအရာအားဖြင့်၊ နာမရူပသ။ နာမ်ရုပ်၏။ ပစ္စယပရိဂ္ဂဟာဉာဏံ၊ ပစ္စည်းကိုသိမ်းဆည်းသောဉာဏ်သည်။ ထာမဂတံ၊ သန်မြန်သောအားအစွမ်းသို့ရောက်သည်၊ ဟောတိ၊ ဖြစ်၏၊ သောဠသဝိဓကင်္ခါ။ တဆဲ့ခြောက်ပါးအပြားရှိသောယုံမှားခြင်းသည်၊ သုဋ္ဌုတရံ၊ လွန်မင်းစွာ၊ ပဟိယတိ။ ပျောက်ကင်း၏။ ကေဝလဉ္စ၊ သက်သက်သော်ကား၊ သာဝေဝ၊ ထိုတဆဲ့ခြောက်ပါးအပြားရှိသောယုံမှားခြင်းသည်သာလျှင်၊ ပဟိယတိ၊ ကင်းပျောက်သည်၊ န။ မဟုတ်သေး။ သဋ္ဌုရိကင်္ခါတိအာဒိနယပ္ပဝတ္တာ၊ သတ္ထရိကင်္ခါတိ ဤသို့စသောနည်းဖြစ်သော၊ အဋ္ဌဝိဓာ၊ ရှစ်ပါးအပြားရှိသော၊ ကင်္ခါပိ၊ ယုံမှားခြင်းသည်လည်း၊ ပဟိယတေဝ၊ ပျောက်ကင်းသည်သာလျှင်တည်း၊ ဒွါသဋ္ဌိဒိဋ္ဌိဂတာနိ၊ ခြောက်ဆယ်နှစ်ပါးသောမိစ္ဆာအယူတို့သည်လည်း၊ ဝိက္ခမ္ဘန္တိ ဧဝ၊ ကွာကုန်သည်သာလျှင်တည်း၊ ဧဝံ၊ ဤသို့။ နာနာနယေဟိ၊ အထူးထူးသောနည်းတို့ဖြင့်၊ နာမရူပပစ္စယပရိဂ္ဂဟဏေန။ နာမ်ရုပ်၏အကြောင်းကိုသိမ်းဆည်းမှတ်သားခြင်းဖြင့်။ တီသုအဒ္ဓါသု၊ သုံးပါးသောအခွန့်တို့၌။ ကင်္ခံ၊ ယုံမှားခြင်းကို၊ ဝိတရိတွာဝိကမ္ဘိတွာ။ လွှါ၍။ ဋ္ဌိတံ၊ တည်သော၊ ဉာဏံ၊ ဉာဏ်ကို။ ကင်္ခါဝိတရဏဝိသုဒ္ဓီတိ။ ဟူ၍။ ဝေဒိတဗ္ဗံ။ သိအပ်၏၊ ။

တနည်းကား၊ ။သတ္ထုရိကင်္ခတိဓမ္မေကင်္ခတိသံဃေကင်္ခတိ သိက္ခာယကင်္ခတိပုဗ္ဗန္တေကင်္ခတိအပရန္တေကင်္ခတိပုဗ္ဗန္တာပရန္တေကင်္ခတိဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသုဓမ္မေသုကင်္ခတိ။ ။

သတ္ထုရိကင်္ခတိ။ ဘုရား၌ယုံမှားခြင်း။ ဓမ္မေကင်္ခတိ။ တရားတော်၌ယုံမှားခြင်း၊ သံဃေကင်္ခတိ၊ သံဃာတော်၌ယုံမှားခြင်း။ သိက္ခာယကင်္ခတိ။ သိက္ခာသုံးပါး၌ယုံမှားခြင်း၊ ပုဗ္ဗန္တေကင်္ခတိ၊ ရှေးအစွန်း၌ယုံမှားခြင်း၊ အပရန္တေကင်္ခတိ။ နောက်အစွန်း၌ယုံမှားခြင်း၊ ပုဗ္ဗန္တာပရန္တေကင်္ခတိ။ ရှေးနောက်အစွန်းနှစ်ပါး၌ယုံမှားခြင်း။ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသုဓမ္မေသု၊ ဤသင်္ခါရစသည်တို့၏၊ အဝိဇ္ဇာစသော၊ အကြောင်းတရား၊ အဝိဇ္ဇာစသော အကြောင်းကိုစွဲ၍၊ ဖြစ်ကုန်သောသင်္ခါရစသောအကျိုးတရားတို့၌။ ကင်္ခတိ ယုံမှား၏၊ ။ အဓိပ္ပါယ်ကား၊

(၁) ဘုရား၌ယုံမှားခြင်းသည်။ ကိုယ်တော်၌ယုံမှားခြင်းဂုဏ်

တော်၌ယုံမှားခြင်း။ ကိုယ်တော်ရှာဏ်တော်နှစ်ပါးရှ်၌။ ယုံမှားခြင်းဟူ၍။ သုံးပါးရှိ၏၊ထိုသုံးပါးတို့တွင်။၃၂-ပါးသောယောကျ်ားမြတ်၏၊လက္ခဏာတော်ကြီး၊၈၀ သော၊လက္ခဏာတော်ငယ်၊တလံမျှလောက်သော၊ရောင်ခြည်တော်ဝန်းတို့ဖြင့်။ထွန်းလင်းသောကိုယ်တော်မြတ်နှင့်၊ ပြည့်စုံသောဘုရားဆိုဘာသည်။ရှိသလောမရှိသလောဟု၊တွေးတောမကင်း။ ယုံမှားခြင်းသည်၊ ကိုယ်တော်၌ယုံမှားခြင်းမည်၏။ အတိတ်အနာဂတ်ပစ္စုပ္ပန်ဟူသော။ကာလသုံးပါးတို့၌၊ဆီးတားပိတ်ပင်ခြင်းမရှိ။သိမြင်ခြင်းငှာစွမ်းနိုင်သော။သဗ္ဗညုတဉာဏ်တော်ဆိုတာသည်၊ရှိသလောမရှိသလောဟုတွေးတောမကင်း၊ယုံမှားခြင်းသည်။ဉာဏ်တော်၌ယုံမှားခြင်းမည်၏။ ၊၃၂ ပါးသောလက္ခဏာတော်ကြီး။ ၈၀-သော၊ လက္ခဏာတော်ငယ်၊ တလံမျှလောက်သော။ရောင်ခြည်တော်ဝန်းတို့ဖြင့်၊ ထွန်းပသောကိုယ်တော်မြတ်နှင့်ပြည့်စုံသော၊အတိတ်အနာဂတ်ပစ္စုပ္ပန်။သင်္ခါရဝိကာရလက္ခဏာ၊နိဗ္ဗာန်ပညတ်ဟူသော ဉေယျဓမ္မသိသင့်သိထိုက်သောတရားရှိသမျှကို။တစမကြွင်း။လင်းလင်းထင်ထင်။သိမြင်ခြင်းငှာစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ကိုရ၍၊လောက၌တည်နေတော်မူလျက်၊လောကသုံးဖြာ။သတ္တဝါကိုသံသရာသမုဒ်၊ဝဲဇလပ်မှ၊ဆွဲထုပ်ကယ်တင်တော်မူတတ်သော၊ မြတ်စွာဘုရားဆိုတာသည်။ရှိသလောမရှိသလောဟု။တွေ့တောမကင်း၊ ယုံမှားခြင်းသည်၊ ကိုယ်တော်ဉာဏ်တော်နှစ်ပါး၌။ယုံမှားခြင်းမည်၏။ ၊ အင်္ဂုတ္တရအဋ္ဌကထာ၊အဋ္ဌသာလိနီအဋ္ဌကထာတို့၌လာသည်၊ ၊

(၂) ကိလေသာကိုတွန်း၍သတ်ဖြတ်။ပယ်စွန့်သော။ လေးပါးသောမဂ်။ ထိုကိလေသာတို့ကို၊ငြိမ်းဧစေတတ်သော၊ လေးပါးသောဖိုလ်၊ ထိုမဂ်လေးပါးဖိုလ်လေးပါးတရားတို့၏။အာရုံဖြစ်သော။သေခြင်းကင်းရာမဟာအသင်္ခတ။ အမြိုက်နိဗ္ဗာန်တရားဆိုတာသည်၊ရှိသလားမရှိသလားဟုယုံမှားခြင်း၊ဤမဂ်လေးပါးဖိုလ်လေးပါးနိဗ္ဗာန်တရားတို့သည်။သတ္တဝါတို့ကို၊ သံသရာမှ၊ဆယ်တင်ကယ်ထုပ်နိုင်သော။နိယျာနိကဂုဏ်သည်။ရှိလေသလောမရှိသလောဟု။ တွေးတောမကင်း။ ယုံမှားခြင်းချားသည်၊တရားတော်၌ယုံမှားခြင်းမည်၏။ ၊ယခင်အဋ္ဌကထာတို့၌လာသည်၊ ၊

(၃) မဂ်ပုဂ္ဂိုလ်လေးပါးဖိုလ်ပုဂ္ဂိုလ်လေးပါးဟူသော၊အရိယာပုဂ္ဂိုလ်ရှစ်ပါး။အရိယာသံဃာရတနာများသည်၊ရှိသလားမရှိသလားဟု။ယုံမှားခြင်း။ ဤအရိယာသံဃာရတနာများသည်။ သုပ္ပဋိပန္နစသော၊ ဂုဏ်ကိုးပါးနှင့်၊ပြည့်စုံသလောမပြည့်စုံသလောဟု၊ တွေးတောယုံမှားခြင်း၊

ဤအရိယာသံဃာရတနာ၌။ ပေးလှူအပ်သောအလှူ၏အကျိုးသည်။ ရှိသလားမရှိသလားဟု။ ယုံမှားခြင်းများသည်။ သံဃာတော်၌ ယုံမှားခြင်းမည်၏။ ။ရင်းအဋ္ဌကထာ။ ။

(၄) အဓိသီလ။ အဓိစိတ္တ။ အဓိပညာဟူသော သိက္ခာသုံးပါး။ ကိုယ်ကျင့်တရားတို့သည်၊ လွန်ကျူးကျော်နင်းမှုဟူသော၊ ဝိတိက္ကမကိလေသာ၊ စိတ်အစဉ်၌ ဆူပွက်ထကြွ၍၊ နေမှုဟူသော၊ ပရိယုဋ္ဌာနကိလေသာ။ စိတ်အစဉ်၌။ မျိုးမပျက်ဘဲငုပ်လျှက်။ နေမှုဟူသော။ အနုသယကိလေသာဘို့ကို၊ ပယ်ခွါသတ်ဖြတ်နိုင်၏ဆိုတာသည်၊ ဟုတ်လေသလားမဟုတ်လေသလားဟု၊ တွေးတောမကောင်းယုံမှားခြင်းသည်၊ သိက္ခာသုံးပါး၌၊ ယုံမှားခြင်းမည်၏။ ။ရင်းအဋ္ဌကထာ။ ။

(၅) လွန်လေပြီးသောအတိတ်ကာလက။ ခန္ဓာ-၅-ပါး၊ အာယတန-၁၂-ပါး။ ဓာတ်-၆-ပါ။ ဓာတ်-၁၈-ပါး၊ ဓာတ်-၄၈-ပါး။ တရားတို့သာ၊ ဖြစ်နေကြကုန်၏ဆိုတာသည်၊ ရှိသလောမရှိသလော။ ဟုတ်လေသလောမဟုတ်လေသလောဟု၊ တွေးတောမကောင်း။ ယုံမှားခြင်းသည်၊ ရှေးအစွန်း၌။ ယုံမှားခြင်းမည်၏။ ။အဋ္ဌကထာ။ ။

(၆) လာလတံ့သောနောင်အနာဂတ်ဘဝ၌။ ခန္ဓာ ၅-ပါး၊ အာယတန-၁၂-ပါး၊ ဓာတ်-၆-ပါး၊ ဓာတ်-၁၈-ပါး။ ဓာတ်-၄၈-ပါး၊ တရားတို့သည်သာလျှင်၊ ဖြစ်ကြရဦးမည်ဆိုတာသည်။ ဟုတ်လေသလားမဟုတ်လေသလားဟု။ ယုံမှားခြင်းသည်၊ နောက်အစွန်း၌။ ယုံမှားခြင်းမည်၏။ ။

(၇) ရှေးရှေးအတိတ် ဘဝကလည်း။ ခန္ဓာအာယတနဓာတ်တရားတို့သည်သာလျှင်။ ဖြစ်ကြကုန်၏၊ နောက်နောက်အနာဂတ်ဘဝ၌လည်း ခန္ဓာအာယတနဓာတ်တရားတို့သာလျှင်။ အကြောင်းအစဉ်မချုပ်သမျှ။ တလှုပ်လှုပ်တရွရွ။ ဖြစ်နေကြဦးမည်ဆိုတာသည်၊ ဟုတ်လေသလားမဟုတ်လေလားဟု။ ယုံမှားခြင်းသည်၊ ရှေးနောက်အစွန်းနှစ်ပါး၌။ ယုံမှားခြင်းမည်၏။ ။အဋ္ဌကထာ။ ။

(၈) ၁၂-ပုဒ်ရှိသောပဋိစ္စသမုပ္ပါဒ်။ စက်ရဟတ်ဝတ်တရားဆိုတာသည်၊ ရှိလေသလားမရှိလားဟု။ ယုံမှားခြင်းသည်၊ အဝိဇ္ဇာစသောအကြောင်းတရားကိုအစွဲပြု၍၊ သင်္ခါရစသောအကျိုးတရားသည်။ ဖြစ်ပွါးပေါ်ပေါက်လာရ၏ဆိုတာသည်။ ဟုတ်လေသလားမဟုတ်လားဟု ယုံမှားခြင်း၊ ဇာတိအစရှိသောအကြောင်းတရားတို့ကိုအစွဲပြု၍၊ ဇရာမရဏစသောအကျိုးတရားတို့သည်၊ ဖြစ်ပွါးပေါ်ပေါက်လာ၏ဆိုတာသည်၊ ဟုတ်

လေသသားမဟုတ်လားဘု၊ယုံမှားခြင်းများသည်၊ အကြောင်းကိုစွဲ၍အကျိုးတရားတို့၏ဖြစ်ပေါ်လာမှု၌။ယုံမှားခြင်းမည်၏၊ ။ဤသို့အားဖြင့်ယုံမှားခြင်း-၈-ပါးတည်း၊ ။

အကြောင်းသိခ်ါရမချုပ်၍။ တလှုပ်လှုပ်ဖြစ်နေရသော၊တေဘုမ္ပကတရားတို့၌၊မြဲသလားမမြဲလားစသည်ဖြင့်။ ထင်ရောင်ထင်မှားရှိတတ်သော၊တရားတို့မှလွတ်ရင်းကင်းပြတ်သည်ဖြစ်၍၊အချားသောသူတို့အားဘယ်လိုပင်လှည့်ဖြောင်းဖြားရောင်း၊ မကောင်းသောစကားကို။ ယုံမှားအောင်ပြောကြားလေငြားသော်လည်း။ယုံမှားခြင်းမရှိသည့် ဝဋ္ဋကုသကေသလကား၊ ။

အတီတာနာဂတပစ္စုပ္ပန္နံ၊အတိတ်အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါး၌ဖြစ်သော။ရူပံ။ အဆင်းအသံအစရှိသော ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကဗ္ဗာသည်၊ခယဋ္ဌေန၊ဖြစ်ပေါ်ပြီးကပျက်စီးကုန်ခန်းတတ်သောအနက်သဘောကြောင့်၊ အနိစ္စံ၊မမြဲ။ဘယဋ္ဌေန၊ထိပ်လန့်ကြောက်ရွံ့ဖွယ်ဖြစ်

သော အနက်သဘောကြောင့်၊ ဒုက္ခံ။ ဆင်းရဲ။ အသာရကဋ္ဌေန။ အနှစ်သာရ မရှိသော အနက်သဘောကြောင့်၊ အနတ္တာ။ အစိုးမရ၊ ဣတိ။ ဤသို့။ သမ္မသိ တွာ၊ ပေါင်းချုံးရုံးပု၍။ ဝိပဿနာပ နေ့၊ ပိုင်းခြားမှတ်သားရာ၌။ ပညာ။ ပညာ သည်၊ သမ္မသနေဉာဏံ၊ သုံးသပ်သော သမ္မသနဉာဏ်မည်၏။ ။နောက် ကိုပေယျာလတွေ့သျှင်။ ဤနည်းအတိုင်း အနက်ဘူပေး၍သော်လေ။ ။

ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ။ ပ။ သမ္မသနေဉာဏံ။ ။သညာ အတီတာနာဂတပစ္စုပ္ပန္နာ၊ ပ။ သမ္မသနေဉာဏံ။ ။သင်္ခါရာ အတီတာနာဂ တပစ္စုပ္ပန္နာ။ ပ။ သမ္မသနေဉာဏံ၊ ။ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ၊ ။ပ။ သမ္မသနေဉာဏံ၊ ။

## (၅၈) ဖြစ်ရာဌာန၌ ရုပ်များသည်၊ တပါးသော ဌာနသို့မသွားခြင်းကို ထင်လင်းစွာပြခြင်းကထာ။

ခြောက်ဒွါရ၌ ဖြစ်သော ရုပ်အပေါင်းတို့သည်၊ ကိုယ်အရပ်အရာ၌ဖြစ် ပေါ်လာမှု၊ နှုတ်အရပ်အရာ၌ ဖြစ်ပေါ်လာမှုစသော၊ တခုမကျန်သောက်ပြန် တိုင်းခဏမှ၊ မဆိုင်းမတွဲဘဲ၊ ဖြစ်လျှင်ပျက်မြဲဇကံ၊ အမှန်မြင်သော ယောဂီ အား။ ဖြစ်ပေါ်လာသသျှ သော ရုပ်ဘို့သည်။ တပါးသော အရပ်သို့မသွား။ ဖြစ် ရာဌာနများ၌။ ခဏမဲ့၊ တဖွဲ့ဖွဲ့ချုပ်ပျောက်ခြင်းကို။ မြင်လာ ထင်လာပေ လိမ့်မည်၊ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌။ ။

သော သဗ္ဗံပိ တံ ရူပံ ပရိဂ္ဂဟေတွာ စက္ခုဒွါရေ ပဝတ္တရူပံ သောတ ဒွါရံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ။ သောတဒွါရေ ပဝတ္တရူပံ ဃာနဒွါရံ၊ ဃာနဒွါရေ ပဝတ္တရူပံ ဇိဝှါဒွါရံ ဇိဝှါဒွါရေ ပဝတ္တရူပံ ကာယဒွါရံ ကာယ ဒွါရေ ပဝတ္တရူပံ။ မနောဒွါရံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ၊ တသ္မာ တံ အနိစ္စံ ဒုက္ခ အနတ္တာတိ ဧဝံ တဿ တိလက္ခဏံ အာရောပေတိ၊ ။

သော ယောဂီ။ ထိုယောဂီသည်။ သဗ္ဗံ။ အလုံးစုံလည်းဖြစ်သော၊ တံ ရူပံ။ ထိုကမ္မဇရုပ်ကို။ ပရိဂ္ဂဟေတွာ။ သိမ်းဆည်း၍။ စက္ခုဒွါရေ။ စက္ခုဒွါ ရ၌။ ပဝတ္တရူပံ။ ဖြစ်သော ရုပ်သည်။ သောတဒွါရံ၊ သောတဒွါရသို့။ အပ္ပတွာ။ မသွားမရောက်မူ၍။ ဧတ္ထေဝ။ ဤစက္ခုဒွါရ၌သာလျှင်။ နိရုဇ္ဈတိ။ ချုပ်၏။ သောတဒွါရေ။ သောတဒွါရ၌။ ပဝတ္တရူပံ၊ ဖြစ်သော ရုပ်သည်။ ဃာနဒွါရံ၊ ဃာနဒွါရသို့။ အပ္ပတွာ၊ မသွားမရောက်မူ၍။ ဧတ္ထေဝ။ ဤသောတဒွါရ၌သာ လျှင်။ နိရုဇ္ဈတိ။ ချုပ်၏။ ဃာနဒွါရေ။ ဃာနဒွါရ၌။ ပဝတ္တရူပံ။ ဖြစ်သောရုပ်

သည်၊ဇိဂ္ဃါဒ္ဒါရံ၊ဇိဃ္ဃါဒ္ဒါရသို့၊ အပ္ပတွာ၊ မသွားမရောက်မူ၍၊ ဧဌ္ဌေဝ၊ဤ ဃာနဒွါရ၌သာလျှင်၊နိရုဇ္ဈတိ၊ချုပ်၏၊ ဇိဃ္ဃါဒွါရေ၊ဇိဃ္ဃါဒွါရ၌၊ ပဝတ္တရူပံ၊ ဖြစ်သောရုပ်သည်၊ကာယဒွါရံ၊ကာယဒွါရသို့၊အပ္ပတွာ ၊ မသွားမရောက် မူ၍၊ဧဌ္ဌေဝ၊ဤဇိဃ္ဃါဒွါရ၌သာလျှင်၊နိရုဇ္ဈတိ၊ချုပ်၏၊ကာယဒွါရေ၊ ကာယ ဒွါရ၌၊ပဝတ္တရူပံ၊ဖြစ်သောရုပ်သည်၊မနောဒွါရံ၊မနောဒွါရသို့၊ အပ္ပတွာ၊ မသွားမရောက်မူ၍၊ဧဌ္ဌေဝ၊ဤကာယဒွါရ၌သာလျှင်၊ နိရုဇ္ဈတိ၊ ချုပ်၏၊ တသ္မာ၊ထို့ကြောင့်၊အနိစ္စံ၊မမြဲ၊ဒုက္ခံ၊ဆင်းရဲ၊အနတ္တာ၊ အစိုးမရ၊ ဣတိ ဧဝံ၊ဤသို့၊တတ္ထ၊ထိုကမ္မဇရုပ်၌၊တိလက္ခဏံ၊ သုံးပါးသောလက္ခဏာကို၊ အာရောပေတိ၊တင်၏၊ ။

ကိုယ်အမူအရာဟုဆိုအပ်သော၊ ရှေ့သို့တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း၊တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း တို့သည်လည်း၊ ရှေ့သို့တက်သောရုပ်သည်၊ နောက်သို့ဆုတ်ခြင်းကို မ သွားမရောက်၊ ရှေ့သို့တက်ခြင်း၌သာလျှင်ချုပ်၏၊ နောက်သို့ဆုတ်သော ရုပ်သည်၊ တူရူကြည့်ခြင်းကိုမသွားမရောက်၊ နောက်သို့ဆုတ်ခြင်း၌သာ လျှင်ချုပ်၏၊ တူရူကြည့်သောရုပ်သည်၊ တစောင်းကြည့်ခြင်းကိုမသွားမ ရောက်၊ တူရူကြည့်ခြင်း၌သာလျှင်ချုပ်၏၊တစောင်းကြည့်သောရုပ်သည်၊ ကွေးခြင်းကို မသွားမရောက်၊တစောင်းကြည့်ခြင်း၌သာလျှင်ချုပ်၏၊ကွေး သောရုပ်သည်၊ဆန့်ခြင်းကိုမရောက်၊ကွေးခြင်း၌သာလျှင်ချုပ်၏၊ ။

ထို့ကြောင့်ပါဠိမှကား၊

၊ဧဝံ အာရောပေတွာ၊ပုန တသ္မိံ ယေဝ ရူပေ အတိက္ကမ ပဋိက္ကမ အာ လောကန ဝိလောကန သမိဉ္ဇန ပသာရဏ ဝသေန အတိက္ကမေ ပဝတ္တရူပံ ပဋိက္ကမံ အပ္ပတွာ တတ္ထေဝ နိရုဇ္ဈတိ၊ ပဋိက္ကမေ ပဝတ္တရူပံ အာလောကနံ အာ လောကနေ ပဝတ္တရူပံ ဝိလောကနံ ဝိလောကနေ ပဝတ္တရူပံ သမိဉ္ဇနံ သ မိဉ္ဇနေ ပဝတ္တရူပံ ပသာရဏံ အပ္ပတွာ တတ္ထေဝ နိရုဇ္ဈတိ တသ္မာ အနိစ္စံ ဒုက္ခံ၊ အနတ္တာ တိ၊ တိလက္ခဏံ အာရောပေတိ၊ ။

ဧဝံ၊ဤသို့၊အာရောပေတွာ၊တင်၍၊ပုန၊ဟာဘန်၊တသ္မိံ ယေဝ ရူပေ၊ ထိုရုပ်၌သာလျှင်၊ အတိက္ကမ ပဋိက္ကမ အာလောကန ဝိလောကန သမိဉ္ဇန ပ သာရဏ ဝသေန၊ရှေ့သို့တက်ခြင်း၊နောက်သို့ဆုတ်ခြင်း၊တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ကွေးခြင်း၊ဆန့်ခြင်းအစွမ်းဖြင့်၊ အတိက္ကမေ၊ရှေ့သို့ တက်ခြင်း၌၊ပဝတ္တရူပံ၊ ဖြစ်သောရုပ်သည်၊ပဋိက္ကမံ၊နောက်ကိုဆုတ်ခြင်း သို့၊အပ္ပတွာ၊ မသွားမရောက်မူ၍၊တတ္ထေဝ၊ထိုရှေ့သို့တက်ခြင်း၌သာလျှင်၊

နိရုဇ္ဈတိ၊ချုပ်၏၊ပဋိက္ကမေ၊နောက်သို့ဆုတ်ခြင်း၌၊ပဝတ္တရုပ်၊ဖြစ်သောရုပ်သည်။အာလောကနံ၊တူရူကြည့်ခြင်းသို့၊အာလောကနေ၊တူရူကြည့်ခြင်း၌၊ပဝတ္တရုပ်၊ ဖြစ်သောရုပ်သည်၊ ဝိလောကနံ၊ တစောင်းကြည့်ခြင်းသို့၊ ဝိလောကနေ၊ တစောင်းကြည့်ခြင်း၌၊ ပဝတ္တရုပ်၊ ဖြစ်သောရုပ်သည်၊သမိဉ္ဇနံ၊ကွေးခြင်းသို့၊သမိဉ္ဇနေ၊ကွေးခြင်း၌၊ပဝတ္တရုပ်၊ဖြစ်သောရုပ်သည်။ ပသာရဏံ၊ဆန့်ခြင်းသို့၊အပ္ပတွာ၊မသွားရောက်မူ၍၊ တဒေဝ၊ထိုကွေးခြင်း၌သာလျှင်၊နိရုဇ္ဈတိ၊ချုပ်၏၊တသ္မာ၊ထို့ကြောင့်၊အနိစ္စံ၊ မမြဲ၊ ဒုက္ခံ၊ ဆင်းရဲ၊ အနတ္တာ၊အစိုးမရ၊ဣတိ၊ဤသို့၊ တိလက္ခဏံ၊ သုံးပါးသောလက္ခဏာကို၊အာရောပေတိ၊တင်၏။ ။ဤသို့ပြဆိုအပ်ခဲ့ပြီးသောသမ္မသနဉာဏ်သည်၊ အကျဉ်းမျှသာပြခြင်းဖြစ်ပေသည်။ ဝိသုဒ္ဓိမဂ်၌ ကျယ်ဝန်းစွာလာချေ၏။ ။

{၅၆} ဥဒယဗ္ဗယဉာဏ်အရကိုရှုမှတ်နည်းနှင့်
ပြခြင်းကဏ္ဍ။

ဒွါရခြောက်ပါးဟူ၍၊ဆဲခါဆဲခါမစဲ၊ တဖွဲ့ဖွဲ့ဖြစ်ပျက်ကြကုန်သော၊ ပစ္စုပ္ပန်ရုပ်နာမ်တရားတို့၏အဖြစ်အပျက်ကို၊ ရှုမြင်သောပညာသည်၊ ဥဒယဗ္ဗယာနုပဿနာဉာဏ်မည်၏။ ။ထို့ကြောင့်၊ဝိသုဒ္ဓိမဂ်၌။ ။

ပစ္စုပ္ပန္နာနံဓမ္မာနံဝိပရိဏာမာနုပဿနေပညာ၊ဥဒယဗ္ဗယာနုပဿနေဉာဏံ။ ။

ပစ္စုပ္ပန္နာနံ၊ပစ္စုပ္ပန်ဖြစ်ကုန်သော၊ဓမ္မာနံ၊ရုပ်နာမ်တရားတို့ကို၊ဝိပရိဏာမာနုပဿနေပညာ၊ဖြစ်တိုင်းဖြစ်တိုင်းပျက်သည်ကိုမြင်သောပညာသည်၊ ဥဒယဗ္ဗယာနုပဿနေဉာဏံ။ ဥဒယဗ္ဗယာနုပဿနာဉာဏ်မည်၏။ ။

ဥဒယဗ္ဗယဉာဏ်ဆိုရာ၌၊ ဖြစ်ဆဲရှိသည်၊ ပစ္စုပ္ပန်မည်၏၊ ထိုဖြစ်ဆဲပစ္စုပ္ပန်၏ဖြစ်သောလက္ခဏာသည်၊ဥဒယမည်၏၊ပျက်သောလက္ခဏာသည်၊ဝယမည်၏၊ ဖြစ်သည်ပျက်သည်ဟုရှုမြင်ခြင်းသည်၊ ဥဒယဗ္ဗယဉာဏ်မည်၏။ ။ထို့ကြောင့်ဝိသုဒ္ဓိမဂ်၌၊ ။

ရူပက္ခန္ဓာ-ပါဠိ၊

ဇာတံရူပံ ပစ္စုပ္ပန္နံ တဿနိဗ္ဗတ္တိ လက္ခဏံဥဒယော၊ဝိပရိဏာမလက္ခဏံဝယော၊အနုပဿနာဉာဏံ။ ။

အနက်

ဇာတံ၊ ဖြစ်ဆဲ။ ရူပံ။ ရုပ်သည်၊ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်မည်၏၊ တဿ။ ထို ဖြစ်ဆဲပစ္စုပ္ပန်ရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ။ ဖြစ်သောလက္ခဏာသည်။ ဥဒယော။ ဥဒယမည်၏၊ ဝိပရိဏာမလက္ခဏံ။ ပျက်သောလက္ခဏာသည်၊ ဝယော။ ဝယမည်၏။ အနုပဿနာ၊ ဖြစ်သည်ပျက်သည်ဟုရှုမြင်ခြင်းသည်။ ဉာဏံ။ ဉာဏ်မည်၏၊ ။ နာမက္ခန္ဓာ၊ ပသည်၌။ ပေယျာလဋတ်တို့ကို၊ အထက်ရူပက္ခန္ဓာပါဠိကဲ့သို့ဘော်လေ။ ။

နာမက္ခန္ဓာပေယျာလပါဠိ၊

ဇာတာ ဝေဒနာ၊ ပ။ ဇာတာ သညာ။ ပ၊ ဇာတာ သင်္ခါရာ၊ ပ၊ ဇာတ ဝိညာဏံ။ ပ။ ဇာတံ စက္ခုံ။ ပ။ ဇာတော ဘဝေါ ပစ္စုပ္ပန္နော။ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော ဝိပရိဏာမလက္ခဏံ ဝယော အနုပဿနာ ဉာဏံ။ ။

အနက်၊

ဇာတာ။ ဖြစ်ဆဲ၊ ဝေဒနာ၊ ဝေဒနာသည်။ ပ၊ ဇာတာ၊ ဖြစ်ဆဲ။ သညာ သညာသည်။ ပ၊ ဇာတာ၊ ဖြစ်ဆဲ။ သင်္ခါရာ၊ သင်္ခါရတို့သည်၊ ပ၊ ဇာတံ။ ဖြစ်ဆဲ။ ဝိညာဏံ၊ ဝိညာဏ်သည်။ ပ၊ ဇာတံ၊ ဖြစ်ဆဲ၊ ။ စက္ခုံ။ မျက်စိသည်၊ ။ ပ။ ဇာတော။ ဖြစ်ဆဲ။ ဘဝေါ။ ဘဝသည်။ ပစ္စုပ္ပန္နော။ ပစ္စုပ္ပန်မည်၏၊ တဿ။ ထိုဖြစ်ဆဲပစ္စုပ္ပန်ဘဝ၏၊ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်သောလက္ခဏာသည်။ ဥဒယော။ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ ပျက်သောလက္ခဏာသည်။ ဝယော။ ဝယမည်၏၊ အနုပဿနာ၊ ဖြစ်သည်ပျက်သည်ဟုရှုမြင်ခြင်းသည်၊ ဉာဏံ။ ဉာဏ်မည်၏၊ ။

ဤသို့ငါးပါးသော ခန္ဓာတို့၏။ အဖြစ်ကိုမြင်သည်ရှိသော် ၂၅ ပါးသောလက္ခဏာတို့ကိုမြင်၏၊ အပျက်ကိုမြင်သည်ရှိသော် ၂၅ ပါးသောလက္ခဏာတို့ကိုမြင်၏၊ အဖြစ်အပျက်ကိုမြင်သည်ရှိသော်၊ ၅၀ သောလက္ခဏာတို့ကိုမြင်၏၊ ။

ခန္ဓာ-၅-ပါး-ပါဠိ၊

ပဉ္စန္နံခန္ဓာနံဥဒယံပဿန္တော မဉ္စဝီသတိလက္ခဏာနိပဿတိဝယံ

ပဿန္တော ပဉ္စဝီသတိလက္ခဏာနိ ပဿတိ။ ဥဒယဗ္ဗယံ ပဿန္တော ပညာသလက္ခဏာနိ ပဿတိ။

အနက်။

ပဉ္စန္နံ ခန္ဓာနံ။ ငါးပါးသော ခန္ဓာတို့၏။ ဥဒယံ၊ အဖြစ်ကို၊ ပဿန္တော၊ မြင်သည်ရှိသော်၊ ပဉ္စဝီသတိ လက္ခဏာနိ၊ ၂၅ ပါးသော လက္ခဏာတို့ကို၊ ပဿတိ၊ မြင်၏၊ ဝယံ၊ အပျက်ကို၊ ပဿန္တော၊ မြင်သည်ရှိသော်၊ ပဉ္စဝီသတိ လက္ခဏာနိ၊ ၂၅ ပါးသော လက္ခဏာတို့ကို၊ ပဿတိ၊ မြင်၏၊ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို၊ ပဿန္တော၊ မြင်သည်ရှိသော်၊ ပညာသလက္ခဏာနိ၊ ၅၀ သောလက္ခဏာတို့ကို၊ ပဿတိ၊ မြင်၏။

ဤခန္ဓာငါးပါးတို့၌၊ ရူပက္ခန္ဓာ၏ အဖြစ်ကိုမြင်သည်ရှိသော်၊ ငါးပါးသော လက္ခဏာတို့ကိုမြင်၏။ အပျက်ကိုမြင်သည်ရှိသော်၊ ငါးပါးသော လက္ခဏာတို့ကိုမြင်၏၊ အဖြစ်အပျက်ကိုမြင်သည်ရှိသော်၊ ၁၀ ပါးသော လက္ခဏာတို့ကိုမြင်၏။

ပါဠိ။

ရူပက္ခန္ဓဿ ဥဒယံ ပဿန္တော ပဉ္စလက္ခဏာနိ ပဿတိ ဝယံ ပဿန္တော၊ ပဉ္စလက္ခဏာနိ ပဿတိ။ ဥဒယဗ္ဗယံ ပဿန္တော ဒသလက္ခဏာနိ ပဿတိ။

အနက်။

ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏၊ ဥဒယံ အဖြစ်ကို၊ ပဿန္တော၊ မြင်သည်ရှိသော်၊ ပဉ္စလက္ခဏာနိ၊ ငါးပါးသောလက္ခဏာတို့ကို၊ ပဿတိ၊ မြင်၏၊ ဝယံ အပျက်ကို၊ ပဿန္တော၊ မြင်သည်ရှိသော်၊ ပဉ္စလက္ခဏာနိ၊ ငါးပါးသော လက္ခဏာတို့ကို၊ ပဿတိ၊ မြင်၏၊ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို၊ ပဿန္တော၊ မြင်သည်ရှိသော်၊ ဒသလက္ခဏာနိ၊ ၁၀ ပါးသောလက္ခဏာတို့ကို၊ ပဿတိ၊ မြင်၏။ နာမက္ခန္ဓာတို့၌၊ ပေယျာလငတ်တို့ကို၊ အထက်ရူပက္ခန္ဓာပါဠိကဲ့သို့ဘော်လေ။

နာမက္ခန္ဓာပေယျာလပါဠိ။

ဝေဒနာက္ခန္ဓဿ။ ပ။ သညာက္ခန္ဓဿ။ ပ။ သင်္ခါရက္ခန္ဓဿ။ ပ။ ဝိညာဏက္ခန္ဓဿ။ ပ။ ဥဒယံ ပဿန္တော ပဉ္စလက္ခဏာနိ ပဿတိ ဝယံ ပဿန္တော ပဉ္စလက္ခဏာနိ ပဿတိ ဥဒယဗ္ဗယံ ပဿန္တော ဒသလက္ခဏာနိ ပဿတိ။

### အနက်၊

ဝေဒနာက္ခန္ဓဿ။ ဝေဒနာက္ခန္ဓာ၏၊ ပ၊ သညာက္ခန္ဓဿ။ သညာက္ခန္ဓာ၏၊ ပ။ သင်္ခါရက္ခန္ဓဿ။ သင်္ခါရက္ခန္ဓာ၏၊ ပ။ ဝိညာဏက္ခန္ဓဿ။ ဝိညာဏက္ခန္ဓာ၏၊ ဥဒယံ။ အဖြစ်ကို။ ပဿန္တော၊ မြင်သည်ရှိသော်၊ ပဉ္စလက္ခဏာနိ။ ငါးပါးသောသက္ခဏာတို့ကို၊ ပဿတိ။ မြင်၏။ ဝယံ။ အပျက်ကို၊ ပဿန္တော၊ မြင်သည်ရှိသော်၊ ပဉ္စလက္ခဏာနိ၊ ငါးပါးသောလက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ပဿန္တော၊ မြင်သည်ရှိသော်။ ဒသလက္ခဏာနိ။ ဆယ်ပါးသောလက္ခဏာတို့ကို၊ ပဿတိ၊ မြင်၏။ ။

(၁) ဤငါးပါးသောခန္ဓာတို့တွင်၊ ရူပက္ခန္ဓာ၌၊ ငါးပါးသောလက္ခဏါကိုမြင်ခြင်းသည်၊ အဝိဇ္ဇာဖြစ်ခြင်းကြောင့်၊ ရုပ်ဖြစ်၏။ ဤသို့အကြောင်းဖြစ်သေါ်အနက်ကြောင့်။ ရူပက္ခန္ဓာ၏အဖြစ်ကိုမြင်၏။
(၂) တဏှာဖြစ်ခြင်းကြောင့်။ ရုပ်ဖြစ်၏။ ဤသို့အကြောင်းဖြစ်သေါ်အနက်ကြောင့်။ ရူပက္ခန္ဓာ၏အဖြစ်ကိုမြင်၏။
(၃) ကံဖြစ်ခြင်းကြောင့်။ ရုပ်ဖြစ်၏၊ ဤသို့အကြောင်းဖြစ်သောအနက်ကြောင့်။ ရူပက္ခန္ဓာ၏အဖြစ်ကိုမြင်၏။
(၄) အာဟာရဖြစ်ခြင်းကြောင့်။ ရုပ်ဖြစ်၏၊ ဤသို့ အကြောင်းဖြစ်သောအနက်ကြောင့်။ ရူပက္ခာ၏အဖြစ်ကိုမြင်၏။
(၅) ဖြစ်သောလက္ခဏာကိုမြင်သော်လည်း။ ရူပက္ခန္ဓာ၏အဖြစ်ကိုမြင်၏၊ ။ ဤငါးပါးသောလက္ခဏာတို့ကို။ မြင်သည်ဟုမှတ်ရာ၏။

### ရူပက္ခန္ဓာအဖြစ်သရုပ်ပါဠိ။

(၁) အဝိဇ္ဇာသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။
(၂) တဏှာသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။
(၃) ကမ္မသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။
(၄) အာဟာရသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။

(၅) နိဗ္ဗတ္တိလက္ခဏံ ပဿန္တောပိ ရူပက္ခန္ဓဿ ဥဒယံပဿတိ၊ ပက္ခန္ဓဿပဿန္တောဣမာနိပဉ္စလက္ခဏာနိပဿတိ။

အနက်၊

(၁) အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာဖြစ်ခြင်းကြောင့်။ ရူပသမုဒယော။ ရုပ်ဖြစ်၏၊ ဣတိ။ ဤသို့။ ပစ္စယသမုဒယဋ္ဌေန။ အကြောင်းဖြစ်သောအနက်ကြောင့်။ ရူပက္ခန္ဓဿ။ ရူပက္ခန္ဓာ၏။ ဥဒယံ။ အဖြစ်ကို။ ပဿတိ။ မြင်၏၊ ။

(၂) တဏှာသမုဒယာ၊ တဏှာဖြစ်ခြင်းကြောင့်။ ရူပသမုဒယော။ ရုပ်ဖြစ်၏။ ဣတိ။ ဤသို့။ ပစ္စယသမုဒယဋ္ဌေန။ အကြောင်းဖြစ်သောအနက်ကြောင့်။ ရူပက္ခန္ဓဿ။ ရူပက္ခန္ဓာ၏။ ဥဒယံ၊ အဖြစ်ကို၊ ပဿတိ၊ မြင်၏။ ။

(၃) ကမ္မသမုဒယာ၊ ကံဖြစ်ခြင်းကြောင့်။ ရူပသမုဒယော၊ ရုပ်ဖြစ်၏။ ဣတိ၊ ဤသို့၊ ပစ္စယသမုဒယဋ္ဌေန။ အကြောင်းဖြစ်သောအနက်ကြောင့် ။ ရူပက္ခန္ဓဿ။ ရူပက္ခန္ဓာ၏၊ ဥဒယံ။ အဖြစ်ကို၊ ပဿတိ။ မြင်၏။ ။

(၄) အာဟာရသမုဒယာ၊ အာဟာရဖြစ်ခြင်းကြောင့်။ ရူပသမုဒယော။ ရုပ်ဖြစ်၏၊ ဣတိ။ ဤသို့။ ပစ္စယသမုဒယဋ္ဌေန။ အကြောင်းဖြစ်သောအနက်ကြောင့်၊ ရူပက္ခန္ဓဿ။ ရူပက္ခန္ဓာ၏။ ဥဒယံ။ အဖြစ်ကို။ ပဿတိ။ မြင်၏။ ။

(၅) နိဗ္ဗတ္တိလက္ခဏံ။ ဖြစ်သောလက္ခဏာကို။ ပဿန္တောပိ။ မြင်သော်လည်း။ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓါ၏။ ဥဒယံ၊ အဖြစ်ကို၊ ပဿတိ။ မြင်၏၊ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏၊ ဥဒယံ။ အဖြစ်ကို။ ပဿန္တော။ မြင်သည်ရှိသော်၊ ဣမာနိပဉ္စလက္ခဏာနိ၊ ဤ-၅-ပါးသောလက္ခဏာတို့ကို ပဿတိ။ မြင်၏၊ ။

(၁) ဤခန္ဓာ-၅-ပါးတို့တွင်၊ ရူပက္ခန္ဓာ၌-၅ပါးသောလက္ခဏာဖြင့် မြင်ခြင်းသည်၊ အဝိဇ္ဇာချုပ်ခြင်းကြောင့်၊ ရုပ်ချုပ်၏၊ ဤသို့အကြောင်းချုပ်သောအနက်ကြောင့်၊ ရူပက္ခန္ဓာ၏အချုပ်ကို၊ မြင်၏၊ (၂) တဏှာချုပ်ခြင်းကြောင့်ရုပ်ချုပ်၏။ ဤသို့အကြောင်းချုပ်သောအနက်ကြောင့်။ ရူပ

က္ခန္ဓာ၏အပျက်ကိုမြင်၏။ (၃) ကံချုပ်ခြင်းကြောင့်ရုပ်ချုပ်၏။ဤသို့အကြောင်းချုပ်သောအနက်ကြောင့်၊ရူပက္ခန္ဓာ၏အပျက်ကိုမြင်၏။ (၄) အာဟာရချုပ်ခြင်းကြောင့်၊ရုပ်ချုပ်၏၊ ဤသို့အကြောင်းချုပ်သောအနက်ကြောင့်၊ရူပက္ခန္ဓာ၏အပျက်ကိုမြင်၏။ (၅) အပျက်လက္ခဏာကိုမြင်သော်လည်း၊ရူပက္ခန္ဓာ၏အပျက်ကိုမြင်၏။ရူပက္ခန္ဓာ၏အပျက်ကိုမြင်သည့်ရှိသော်၊ဤ-၅-ပါးသောလက္ခဏာတို့ကို၊မြင်သည်ဟုမှတ်ရာ၏။ ၊

ရူပက္ခန္ဓာအပျက်သရုပ်ပါဠိ။

(၁) အဝိဇ္ဇာနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ၊ ။

(၂) တဏှာနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။ ။

(၃) ကမ္မနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။ ။

(၄) အာဟာရနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ၊

(၅) ဝိပရိဏာမလက္ခဏံ ပဿန္တောပိ ရူပက္ခန္ဓဿ ဝယံ ပဿတိ ရူပက္ခန္ဓဿ ဝယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ၊ ၊

အနက်၊

(၁) အဝိဇ္ဇာနိရောဓာ၊ အဝိဇ္ဇာချုပ်ခြင်းကြောင့်၊ ရူပနိရောဓော၊ ရုပ်ချုပ်၏၊ ဣတိ၊ ဤသို့၊ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်းချုပ်သောအနက်ကြောင့်၊ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏၊ ဝယံ၊ အပျက်ကို၊ ပဿတိ၊ မြင်၏။ ၊

(၂) တဏှာနိရောဓာ၊ တဏှာချုပ်ခြင်းကြောင့်၊ ရူပနိရောဓော၊ ရုပ်ချုပ်၏၊ ဣတိ၊ ဤသို့၊ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်းချုပ်သောအနက်ကြောင့်၊ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏၊ ဝယံ၊ အပျက်ကို၊ ပဿတိ၊ မြင်၏။ ။

(၃) ကမ္မနိရောဓာ၊ ကံချုပ်ခြင်းကြောင့်၊ ရူပနိရောဓော၊ ရုပ်ချုပ်၏

ဇာတိ၊ ဤသို့၊ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်းချုပ်သောအနက်ကြောင့်၊ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏၊ ဝယံ၊ အပျက်ကို၊ ပဿတိ၊ မြင်၏၊ ။

(၄) အာဟာရနိရောဓာ၊ အာဟာရချုပ်ခြင်းကြောင့်၊ ရူပနိရောဓော ရုပ်ချုပ်၏၊ ဇာတိ၊ ဤသို့၊ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်းချုပ်သောအနက်ကြောင့်၊ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏၊ ဝယံ၊ အပျက်ကို၊ ပဿတိ၊ မြင်၏၊ ။

(၅) ဝိပရိဏာမလက္ခဏံ၊ အပျက်လက္ခဏာကို၊ ပဿန္တောပိ၊ မြင်သော်လည်း၊ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏၊ ဝယံ၊ အပျက်ကို၊ ပဿတိ၊ မြင်၏၊ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏၊ ဝယံ၊ အပျက်ကို၊ ပဿန္တော၊ မြင်သည်ရှိသော်၊ ဣမာနိပဉ္စလက္ခဏာနိ၊ ဤ-၅-ပါးသောလက္ခဏာတို့ကို၊ ပဿတိ၊ မြင်၏၊ ။
အဖြစ်အပျက်ကိုမြင်သည်ရှိသော်၊ ဤ၁၀၊ပါးသောလက္ခဏာတို့ကိုသာမြင်၏၊ ။

အဖြစ်အပျက်ပါဠိ၊

ဥဒယဗ္ဗယံ ပဿန္တော ဣမာနိ ဒသ လက္ခဏာနိ ပဿတိ၊ ။

အနက်၊

ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို၊ ပဿန္တော၊ မြင်သည်ရှိသော်၊ ဣမာနိ ဒသလက္ခဏာနိ၊ ဤလက္ခဏာ-၁၀-ပါးကို၊ ပဿတိ၊ မြင်၏၊ ။

ဤရူပက္ခန္ဓာကိုပြခြင်းကဲ့သို့၊ နာမက္ခန္ဓာဟုဆိုအပ်သော၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဤ-၄-ပါးသောခန္ဓာတို့သည်၊ ဝေဒနာက္ခန္ဓာ၌၊ အဖြစ်-၅ပါး၊ အပျက်-၅-ပါး၊ အဖြစ်အပျက်ပေါင်းသော်-၁၀ပါး၊ ။ သညာက္ခန္ဓာ၌၊ အဖြစ်-၅ ပါး၊ အပျက်-၅-ပါး၊ အဖြစ်အပျက်ပေါင်းသော်-၁၀ ပါး၊ ။ သင်္ခါရက္ခန္ဓာ၌၊ အဖြစ်-၅ပါး၊ အပျက်-၅ပါး၊ အဖြစ်အပျက်ပေါင်းသော်-၁၀-ပါး၊ ။ ဝိညာဏက္ခန္ဓာ၌၊ အဖြစ်-၅ပါး၊ အပျက်-၅-ပါး၊ အဖြစ်အပျက်ပေါင်းသော်-၁၀-ပါး

ထိုအထက်ကပြခဲ့သော၊ ရူပက္ခန္ဓာပါဠိ၌၊-၁-အမှတ်ကစ၍၊ ရူပသမုဒယော ရှိ၏၊ သညာသမုဒယော၊ သင်္ခါရသမုဒယော၊ ဝိညာဏံသမုဒ

ယောဟုလဲ၍ထည့်လေ။ ။အထက်ကနည်းအတိုင်း။ အနက်ပေးရမည်၊ ရူပက္ခန္ဓသ။ရူပက္ခန္ဓာ၏။ဝေဒနာက္ခန္ဓသ၊သညာက္ခန္ဓသ၊သင်္ခါရက္ခန္ဓသ၊ဝိညာဏက္ခန္ဓသ။ဟုလဲ၍ထည့်လေ၊ပါဌ်အတူဖြစ်၏၊ ။

အနက်ထင်သောအခါ၊ ရူပသမုဒယော၊ရုပ်ဖြစ်၏၊ဆိုသဖြင့်။ ဝေဒနာသမုဒယော၊ ဝေဒနာဖြစ်၏၊ စသည်ဖြင့်အဖြစ်အပျက်အချုပ်တို့ကို။ ထည့်၍အနက်ထလေ၊မခက်ပါ။ ။

ဤကဲ့သို့ပစ္စုပ္ပန်အခိုက်၌။ရှုမှတ်လိုက်သည့်; ခဏခဏတိုင်းမှာပင်၊ ရုပ်နာမ်နှစ်ပါး၊ခန္ဓာ-၅ပါးအဖြစ်အပျက်ကို၊မြင်သောအခါ။-ဥပမာမှာမူကား-စောင်းတီးသောယောကျ်ားသည်။ စောင်းကိုတီးအပ်သည်ရှိသော် စောင်းမှဖြစ်သောအသံ၏ဖြစ်သည်မှရှေး၌ အစိုင်အခဲအပေါင်းအစုသည်မရှိ၊ဖြစ်သောအသံ၏။အစိုင်အခဲအပေါင်းအစုမှ။ လာသည်မဟုတ်။ချုပ်ဆဲသောအသံ၏သည်း။ တူရူဖြစ်သောလေးရပ်။ အထောင့်ဟူသောလေးရပ်သို့၊ သွားခြင်းမည်သည်မရှိ၊ ချုပ်ပြီးသောအသံသည်လည်း၊ တပုံတခုသောအခုပ်၌။ ပေါင်းစုစည်းဝေး၍မတည်၊ စဉ်စစ်သော်ကား။ စောင်းကို၎င်း၊စောင်းကျက်သားရေကို၎င်း၊ စောင်းသွား၏၊ ထိုအသံဖြစ်ခြင်းအား၊ လျော်သော။ စောင်းတီးခြင်းလုလ္လကိုစွဲ၍။ရှေးကမရှိမူ၍၊ယခုမှဖြစ်၏။ ဖြစ်ပြီး၍။ အရှေ့ဘည်၊ တချက်ထဲချုပ်ပျောက်ပျက်စီး၏သို့၊ ထိုအတူ၊ အသုံးပု ̊သော။ ရုပ်နာမ်ဖြစ်ကုန်သောတရားတို့သည်ရှေးကမရှိမူ၍ယခုမှဖြစ်ကုန်၏၊ဖြစ်ပြီး၍။အရှေ့တည်တချက်ထဲချုပ်ပျောက်ပျက်စီးကုန်၏။ ၊

ထိုကြောင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။

ပါဌ်။

ယထာပန ဝီဏာယဝါဒိယ မာနာယဥပ္ပန္နသဒ္ဒေါ နေဝဥပ္ပတ္တိတောပုဗ္ဗေသန္နိစယောအတ္ထိ။နဥပ္ပဇ္ဇမာနောသန္နိစယတောအာဂတော နနိရုဇ္ဈမာနသဒိသာဝိဒိသာဂမနံအတ္ထိ။နနိရုဒ္ဓေါကတ္ထစိသန္နိစိတောတိဋ္ဌတိ၊အထခေါဝီဏဉ္စဥပဝီဏဉ္စ၊ပုရိသဿစတဇ္ဇံ။ဝါယာမံပဋိစ္စအဟုတွာ၊သမ္ဘောတိဟုတွာပဋိဝေတိဧဝံသဗ္ဗေပိရူပါရူပိနောဓမ္မာအဟုတွာသမ္ဘောန္တိ ဟုတွာပဋိဝေန္တိ။ ။

အနက်။

ပန။ ထိုစကားကိုထင်ရှားအောင်ပြဦးအံ့၊ဝီဏာယ၊စောင်းကို၊ဝါဒိယမာနာယ။ တီးအပ်သည်ရှိသော်၊တနည်းကား။ ဝါဒိယမာနာယ၊တီးအပ်သော၊ဝီဏာယ။စောင်း၏။ဝါ။စောင်းမှ။ဥပ္ပန္နသဒ္ဒေါ၊ ဖြစ်သောအသံ

၏၊ ဥပ္ပတ္တိတော၊ ဖြစ်သည်မှ၊ ပုဗ္ဗေ၊ ရှေး၌၊ သန္တိဝေဇယာ၊ အပိုင်အခြားအ ပေါင်းအစုသည်၊ နေဝအညွှ၊ မရှိ၊ ဥပ္ပန္နမာနော၊ ဖြစ်ဆဲသောအသံသည် လည်း၊ သန္နိစယတော၊ အပိုင်အခြားအပေါင်းအစုမှ၊ နအာဂတော၊ လာ သည်မဟုတ်၊ နိရုဇ္ဈမာနသော၊ ချုပ်ဆဲသောအသံ၏လည်း၊ ဝိသာဝိဒိသာ ဂမနံ၊ ဘုရှုဖြစ်သောလေးရပ်၊ အထောင့်ဟူသောလေးရပ်သို့၊ သွားခြင်း မည်သည်၊ နအညွှ၊ မရှိ၊ နိရုဒ္ဓေါ၊ ချုပ်ပြီးသောအသံသည်လည်း၊ ကတ္ထစိ၊ တပုံတခုသောအရပ်၌၊ သန္နိဓိတော၊ ပေါင်းစုစည်းဝေး၍၊ နတိဋ္ဌတိ၊ မ တည်၊ အထခေါ၊ စင်စစ်သော်ကား၊ ဝိနုဋ္ဌ၊ စောင်းကိုငင်း၊ ဥပဝိနုဋ္ဌ၊ စောင်း ကျက်သားရေကိုငင်း၊ ပုရိသဿ၊ စောင်းသမား၏၊ တဇ္ဇံ၊ ထိုအသံဖြစ်ခြင်း အားလျော်သော၊ ဝါယာမဉ္စ၊ စောင်းတီးခြင်းလုံ့လကိုငင်း၊ ပဋိစ္စ၊ စွဲ၍၊ အဟုတွာ၊ ရှေးကမရှိမူ၍၊ သမ္ဘောတိ၊ ယခုမှဖြစ်၏၊ ဟုတွာ၊ ဖြစ်ပြီး၍၊ ပဋိဝေ တိယသာ၊ အရှေ့ခတည်၊ တချက်တဲချုပ်ပျောက်ပျက်စီး၏သို့၊ ဧဝံတထာ၊ ထို့အတူ၊ သဗ္ဗေပိ၊ အလုံးစုံကုန်သော၊ ရူပါရူပိနော၊ ရုပ်နာမ်ဖြစ်ကုန်သော ဓမ္မာ၊ တရားတို့သည်၊ အဟုတွာ၊ ရှေးကမရှိမူ၍၊ သမ္ဘောတိ၊ ယခုမှဖြစ်ကုန် ၏၊ ဟုတွာ၊ ဖြစ်ပြီး၍၊ ပဋိဝေါန္တိ၊ အရှေ့ခတည်တချက်တဲချုပ်ပျောက်ပျက် စီးကုန်၏၊ ဣတိ၊ ဤသို့၊ ပဇာနာတိ၊ သိ၏။ ၊

ဤသို့ ထိုပစ္စုပ္ပန်၏အဖြစ်အပျက်ကို သိခြင်းသည်။ အာရုံကိုသိ သောကြောင့်၊ ဉာတဋ္ဌဉာဏ်လည်းမည်၏၊ ထင်သောအခြင်းအရာကိုသိ သောကြောင့်၊ ပဇာနနဋ္ဌပညာလည်းမည်၏. ထို့ကြောင့်၊ ပစ္စုပ္ပန်တရားတို့ ၏၊ အဖြစ်အပျက်ကို၊ ရှုမှတ်၍မြင်သောပညာကို၊ ဥဒယဗ္ဗယာနုပဿနာ ဟူ၍ဆိုအပ်၏၊ ၊ ထို့ကြောင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ ။

ပါဠိ။

တံဉာတဋ္ဌေနဉာဏံ၊ ပဇာနနဋ္ဌေနပညာ၊ တေနဝုစ္စတိ၊ ပစ္စုပ္ပန္နာနံ၊ ဓမ္မာနံ၊ ဝိပရိဏာမာနုပဿနေပညာ၊ ဥဒယဗ္ဗယာနုပဿနေဉာဏံ၊ ။

အနက်၊

ဧဝံ၊ ဤသို့၊ တံ၊ ထိုပစ္စုပ္ပန်တရားတို့၏၊ အဖြစ်အပျက်ကိုသိခြင်း သည်၊ ဉာတဋ္ဌေနဉာဏံ၊ အာရုံကိုသိသောအနက်ကြောင့်၊ ဉာတဋ္ဌဉာဏ် လည်းမည်၏၊ ပဇာနနဋ္ဌေနပညာ၊ ထင်သောအခြင်းအရာကိုသိသောအ နက်ကြောင့်၊ ပဇာနနဋ္ဌပညာလည်းမည်၏၊ တေန၊ ထို့ကြောင့်၊ ပစ္စုပ္ပန္နာနံ ဓမ္မာနံ၊ ပစ္စုပ္ပန်တရားတို့၏၊ ဝိပရိဏာမာနုပဿနေပညာ၊ အဖြစ်အပျက်ကို ရှုမြင်သောပညာကို၊ ဥဒယဗ္ဗယာနုပဿနေဉာဏံ၊ ဥဒယဗ္ဗယာနုပဿနာ

ဥာဏ်ဟူ၍၊ ဝုဋ္ဌာဂါမိနီ၊ ဆိုအပ်၏။ ။

{၆၁} အတ္တရာယ်-၁၀-ပါးကိုချွားနှားအောင်

ပြခြင်းကထာ၊

ထိုဥဒယဗ္ဗယာနုပဿနာဥာဏ်ကိုရ၍။ သိသော ကောင်းသောအကျင့်ရှိသော။ ရှေ့နောက်သုလ္လနှစ်ပါးစပ်၍။ မပြတ်အားထုတ်သော အားထုတ်အပ်သော ။ဝိပဿနာရှိသော၊ အာစာရကုလပုတ္တအား။ ဆယ်ပါးသော၊ အတ္တရာယ်ဟုဆိုအပ်သော။ ဝိပဿနာကိုညစ်ညူးစေတတ်သော၊ တရားတို့သည်ဖြစ်ကုန်၏။ ။ထို့ကြောင့်၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။

ပါဠိ၊

သမ္မာပဋိပန္နကဿပယုတ္တ ပယုတ္တဿ အာရဒ္ဓဝိပဿကကုလပုတ္တဿဥပ္ပဇ္ဇန္တိယေဝ။ ။

အနက်၊

ပန။အစဉ်သွားကိုဆိုအံ့။သမ္မာပဋိပန္နကဿ။ကောင်းသောအကျင့်ရှိသော။ ယုတ္တပယုတ္တဿ၊ ရှေ့လုလ္လနောက်လုလ္လ၊ စပ်၍မပြတ်အားထုတ်သော။အာရဒ္ဓဝိပဿကဿ၊အားထုတ်အပ်သောဝိပဿနာရှိသော။ကုလပုတ္တဿ၊အာစာရကုလပုတ္တအား၊ ဥပ္ပဇ္ဇန္တိယေဝ။ ဆယ်ပါးသောအတ္တရာယ်တို့ဖြစ်ကုန်သည်သာလျှင်တည်း။ ။

ထိုဆယ်ပါးသောအတ္တရာယ်ဟု ဆိုအပ်သော။ ဥပက္ကိလေသာတို့သည်၊အဘယ်နည်း၊ဤသို့မေးမြန်းအံ့။ ။

ဩဘာသော၊ဥာဏ၊ပီတိ၊ပဿဒ္ဓိ၊ သုခံ၊အဓိမောက္ခာ၊ပဂ္ဂဟော၊ ဥပဋ္ဌာနံ၊ဥပေက္ခာ၊နိကန္တိတိ၊ ။

ဩဘာသော၊ဩဘာသရောင်း။ ဥာဏ၊ ဥာဏ်ရောင်း၊ပီတိ။ ပီတိရောင်း ပဿဒ္ဓိ၊ပဿဒ္ဓိရောင်း။သုခံ၊သုခရောင်း။ အဓိမောက္ခော၊ အဓိမောက္ခရောင်း၊ ပဂ္ဂဟော၊ပဂ္ဂဟရောင်း။ဥပဋ္ဌာနံ၊ဥပဋ္ဌာနရောင်း။ဥပေက္ခာ။ ဥပေက္ခာရောင်း။ နိကန္တိ၊ နိကန္တိရောင်း။ဣတိဣမေဒသ။ဤဆယ်ပါးတို့တည်း။ ။

ဩဘာသအစရှိသည်တို့၌။အရိယမဂ္ဂဟုဖြစ်သော၊ပြန့်လွင့်သော ဥဒ္ဓစ္စသည်၊ ဝိပဿနာခရီးမှလွဲ၍ဖဲသဖြင့်။၊ ဘောက်ပြန်သည်ဖြစ်၍။ ယူအပ်သောစိတ်သည်၊ဖြစ်ကုန်၏၊ဖြစ်ခြင်းမှာမူကား။ ။

ပါဠိ၊

အနိစ္စတောမနသိကရောတော ဩဘာသော ဥပ္ပဇ္ဇတိ ဩဘာသော ဓမ္မောတိ ဩဘာသံ အာဝဇ္ဇတိ။ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ တေန ဥဒ္ဓစ္စေန ဝိဂ္ဂ

ဟိတွာန သော၊ အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာတိ၊ ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ၊ တထာ အနိစ္စတော မနသိကရောတော ဉာဏံ ဥပ္ပဇ္ဇတိ။ ပီတိ ပဿဒ္ဓိ။ သုခံ။ အဓိမောက္ခော၊ ပဂ္ဂဟော။ ဥပဋ္ဌာနံ ဥပေက္ခာ၊ နိကန္တိ ဥပ္ပဇ္ဇတိ။ နိကန္တိ ဓမ္မောတိ နိကန္တိံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ။ ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ၊ ယထာဘူတံ နပ္ပဇာနာတိ၊ ။

အနက်။

အနိစ္စတော၊ အနိစ္စအားဖြင့်၊ မနသိကရောတော။ နှလုံးသွင်းသော ယောဂီအား၊ ဩဘာသော၊ အရောင်အလင်းသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဩဘာသော။ အရောင်အလင်းသည်။ ဓမ္မော၊ မဂ်ဖိုလ်တရားတည်း။ ဣတိ။ ဤသို့။ ဩဘာသံ၊ အရောင်အလင်းကို၊ အာဝဇ္ဇတိ။ မဂ်ဖိုလ်နှင့်ဟူ၍၊ ဆင်ခြင်၏။ တတော။ ထိုဝိပဿနာအရောင်အလင်းကြောင့်၊ ဝိက္ခေပေါ။ အကြင်ပြန့်လွင့်ခြင်းသည်၊ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ တံ။ ထိုပြန့်လွင့်ခြင်းသည်၊ ဥဒ္ဓစ္စံ။ ဥဒ္ဓစ္စမည်၏။ တေန ဥဒ္ဓစ္စေန၊ ထိုဝိပဿနာ အရောင်အလင်းဖြစ်သော ဥဒ္ဓစ္စ သည်၊ ဝိဂ္ဂဟိတမာနသော၊ ဝိပဿနာခရီးမှလွဲ၍ဖဲသဖြင့်ယူသောစိတ်ရှိ သောယောဂီသည်။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဥပဋ္ဌာနံ။ ထင်သောအာရုံ ကို၊ ယထာဘူတံ။ ဟုတ်မှန်သော သဘောဖြင့်၊ နပ္ပဇာနာတိ။ မသိ၊ ဒုက္ခတော။ ဒုက္ခအားဖြင့်၊ အနတ္တတော။ အနတ္တအားဖြင့်၊ ဥပဋ္ဌာနံ၊ ထင်သောအာရုံကို။ ယထာဘူတံ၊ ဟုတ်မှန်သော သဘောဖြင့်။ နပ္ပဇာနာတိ၊ မသိ။ ။ တထာ။ ထို့မှတပါး၊ အနိစ္စတော၊ အားဖြင့်။ မနသိကရောတော။ နှလုံးသွင်းသော ယောဂီအား။ ဉာဏံ၊ အလွန်သန့်ရှင်းစဉ်ကျယ်ခြင်းဖြစ်သော ဉာဏ်သည်၊ ဥပ္ပဇ္ဇတိ။ ၏၊ ဉာဏံ၊ သည်။ ဓမ္မော အရိယာမဂ်ဖိုလ်တရားတည်း။ ဣတိ။ ဤ သို့။ ဉာဏံ၊ ဉာဏ်ကို၊ အာဝဇ္ဇတိ၊ ဆင်ခြင်၏၊ တတော ဉာဏဟေတု။ ထို ဉာဏ်ဟူသော အကြောင်းကြောင့်။ ဝိက္ခေပေါ။ အကြင်ပြန့်လွင့် ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ တံ၊ ထိုပြန့်လွင့်ခြင်းသည်၊ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စမည် ၏။ တေန ဥဒ္ဓစ္စေန၊ ထိုဉာဏ်ဟူသော။ အကြောင်းကြောင့်ဖြစ်သော ဥဒ္ဓစ္စ သည်။ ဝိဂ္ဂဟိတမာနသော။ ဝိပဿနာခရီးမှလွဲဖဲသဖြင့် ယူသောစိတ်ရှိ သောယောဂီသည်၊ အနိစ္စတော၊ အနိစ္စအားဖြင်၊ ဥပဋ္ဌာနံ။ ကို။ ယထာဘူ တံ။ ဖြင့်၊ နပ္ပဇာနာတိ၊ မသိ၊ ဒုက္ခတော၊ အားဖြင့်။ အနတ္တတော၊ အားဖြင့်၊ ဥပဋ္ဌာနံ၊ ကို၊ ယထာဘူတံ၊ ဖြင့်။ နပ္ပဇာနာတိ။ မသိ။ ၊

ပီတိပဿဒ္ဓိ။ စသည်တို့၌လည်း၊ ဤနည်းအတိုင်း၊ ယောဇနာပါလေ၊ ။

ပီတိ။ငါးပါးအပြားရှိသောပီတိသည်။ ဥပက္ကိလေသတိ။ဖြစ်၏၊ ပဿဒ္ဓိ။ ကာယပဿဒ္ဓိ။စိတ္တပဿဒ္ဓိသည်။ ဥပက္ကိလေသတိ။ဖြစ်၏။သုခံ။အလွန်မွန်မြတ်သော။ သုခသည်၊ ဥပက္ကိလေသတိ၊ ဖြစ်၏၊ အဓိမောက္ခော၊ စိတ်စေတသိက်တို့ကို။ အလွန်ကြည်စေတတ်သောအားရှိသောသဒ္ဓါသည်၊ ဥပက္ကိလေသတိ၊ ဖြစ်၏၊ ပဂ္ဂဟော၊ ချီးမြှင့်တတ်သောဝီရိယသည်၊ ဥပက္ကိလေသတိ၊ ဖြစ်၏၊ ဥပဋ္ဌာနံ၊ထင်သောသတိသည်။ဥပက္ကိလေသတိ၊ဖြစ်၏၊ဥပေက္ခာ၊ဝိပဿနုပေက္ခာ၊ အာဝဇ္ဇနုပေက္ခာသည်၊ ဥပက္ကိလေသတိ။ဖြစ်၏၊ နိကန္တိ၊ ဩဘာသစသည်တို့၌။ ငဲ့ကွက်တတ်မက်သိမ်မွေ့သောတဏှာသည်၊ဥပက္ကိလေသတိ၊ဖြစ်၏ နိကန္တိ၊နိကန္တိသည်။ဓမ္မော။အရိယာမဂ်ဖိုလ်တရားတည်း၊ဣတိ။ ဤသို့၊နိကန္တိ၊နိကန္တိကို။အာဝဇ္ဇတိ၊မဂ်ဖိုလ်နိဗ္ဗာန်ဟူ၍ဆင်ခြင်၏၊ တတော။ နိကန္တိဟေတု။ ထိုနိကန္တိဟူသောအကြောင်းကြောင့်။ယောဝိက္ခေပေါ၊သည်၊ အတ္ထိ၊ရှိ၏၊တံ။ သည်၊ဥဒ္ဓစ္စ၊မည်၏၊တေနဥဒ္ဓစ္စေန၊သည်။ဝိဂ္ဂဟိတမာနသော။ သည်၊အနိစ္စတော။ ဖြင့်၊ဥပဋ္ဌာနံ။ကို၊ယထာဘူတံ၊ဖြင့်၊နပ္ပဇာနာတိ။မသိ။ဒုက္ခတော၊ဖြင့်၊အနတ္တတော၊ဖြင့်၊ဥပဋ္ဌာနံ၊ကို၊ယထာဘူတံ၊ဖြင့်။နပ္ပဇာနာတိ။မသိ၊ ။

ဝိသုဒ္ဓိမဂ်၌ကျယ်ဝန်းစွာလာ၏၊ အကျဉ်းမျှသာပြလိုက်ပေသည်။

ယခုအထက်က ပြခဲ့သော အဋ္ဌာရာယ် ဆယ်ပါးတို့တွင်။ တပါးပါး၌၊တဏှာ။မာန။ဒိဋ္ဌိ။သုံးပါးသောဂါဟတို့သည်၊ရှိကြကုန်သည်ဖြစ်၍။ အမျှသုံးဆယ်ကုန်သော။ ဥပက္ကိလေသာတို့သည်ဖြစ်ကုန်၏၊ ။

ထို့ကြောင့်၊ ။အပ္ပသုတအဗျတ္တဟုဆိုအပ်သော၊အကြားအမြင်နည်းပါး၍။ဉာဏ်မထင်နိုင်သော။ ထင်သောဉာဏ်မရှိသော၊ ယောဂါဝစရပုဂ္ဂိုလ်သည်၊တုန်လှုပ်၏၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်း၌လိမ္မာသော မှည့်ရင့်သောသညာရှိသော၊အာဂုံပါဠိနှင့်သိလိမ္မာသော၊ ယောဂါဝစရပုဂ္ဂိုလ်သည်၊ ဩဘာသစသည်တို့သည်၊ ဖြစ်လပ်ကုန်သည်ရှိသော်၊ ကမ္မဋ္ဌာန်းပေးသောဆရာသည်။ ကမ္မဋ္ဌာန်းပေးသောအခါ၌။ထိုကဲ့သို့ဥပက္ကိလေသာတို့သည်ဖြစ်တတ်သည်ဟု။မှာလိုက်သည်၊ ယခုလည်း ဤဖိုးဖိုးဝင်းဝင်း၊ထွန်းလင်းသောအရောင်သည်၊ဖြစ်လပ်ပြီဟုသိ၏၊ ။

## ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌၊

### ပါဠိ၊

ကုသလော ပန ပဏ္ဍိတော ဗျတ္တော ဗုဒ္ဓိသမ္ပန္နော ယောဂါဝစရော ဩဘာသာဒိသု ဥပ္ပန္နေသု အယံ ခေါ မေ ဩဘာသော ဥပ္ပန္နော သော ခေါ ပနာယံ အနိစ္စော သင်္ခတော ပဋိစ္စသမုပ္ပန္နော ခယဓမ္မော ဝယဓမ္မော ဝိရာဂဓမ္မော နိရောဓဓမ္မောတိ ဣတိ ဝါ တံ ပညာယ ပရိစ္ဆိန္ဒတိ ဥပပရိက္ခတိ၊ ။

### အနက်၊

ကုသလော၊ကမ္မဋ္ဌာန်းအားထုတ်ခြင်း၌လိမ္မာသော။ ပဏ္ဍိတော၊ မှည့်ရင့်သောပညာရှိသော ဗျတ္တော၊ အာဝဇ္ဇ ပါဠိနှင့်သင်လိမ္မာသော။ ဗုဒ္ဓိသမ္ပန္နော။ ဥပက္ကိလေသတို့၌ အပြစ်ကို သုတ်သင်ခြင်း ပညာဖြင့် ပြည့်စုံသော၊ယောဂါဝစရော၊ယောဂါဝစရသည်။ ဩဘာသာဒိသု၊ဩဘာသစသည်တို့သည်၊ ဥပ္ပန္နေသု၊ ဖြစ်ကုန်လပ်သော်၊ အာစရိယေန ကမ္မဋ္ဌာန်းပေးသောဆရာသည်၊ကမ္မဋ္ဌာနဒါနကာလေ၊ကမ္မဋ္ဌာန်းပေးသောကာလ၌။ ဥဒယဥာဏ်ချဥ်ပ္ပိသခင်သော။ ဥဒယဗ္ဗယဉာဏ်ဖြစ်သောအခါ၌။ ယော ဩဘာသော၊ အကြင်ဩဘာသစသည့်ကို၊ ဥဇ္ဇပ္ပဘိဘ ဖြစ်တတ်သည်ဟူ၍။ ဗျတ္တော၊မှာတော်မူအပ်၏၊ ထည့်မေ ငါ့အား၊ ခေါ၊စင်စစ်။ သော၊ထိုငါ့ဆရာ မှာလိုက်သောသဘောရှိသော၊ အယံ ဩဘာသော။ ဤပိုးပိုးဝင်းဝင်း၊ထွန်းလင်းသောအရောင်သည်၊ဥပ္ပန္နော၊ဖြစ်လင်ပြီ။ သော ခေါ ပနာယံ ဩဘာသော၊ ထိုဆရာ မှာလိုက်သော သဘော ရှိသော။ ဤဩဘာသသည် အနိစ္စော။ မြဲသည်မဟုတ်၊ သင်္ခတော၊အကြောင်းတရားတို့သည်ပြုပြင်အပ်၏။ ပဋိစ္စသမုပ္ပန္နော၊အကြောင်းတရားကိုစွဲ၍ဖြစ်တတ်၏၊ ခယဓမ္မော၊ကုန်ခန်းခြင်းသဘောရှိ၏။ ဝယဓမ္မော၊ပျက်ခြင်းသဘောရှိ၏။ ဝိရာဂဓမ္မော၊ကင်းခြင်းသဘောရှိ၏။ နိရောဓဓမ္မော ချုပ်ခြင်းသဘောရှိ၏၊ ဣတိ။ ဤသို့။ ဣတိ ဝါ၊ ဤသို့သောအခြင်းအရာအားဖြင့်သော်လည်း။ တံ။ ထိုဩဘာသကို။ ပညာယ၊ပညာဖြင့်၊ပရိစ္ဆိန္ဒတိ၊ပိုင်းခြားမှတ်သား၏၊ ဥပပရိက္ခတိ။ အဘန်တလဲလဲ ပုံစမ်းဆင်ခြင်၏။ ဝါ၊သိ၍၊ ။ကျန်လက္ခဏာနှစ်ပါးတို့သည်၊ပြီးသည်သာတည်း။ ။

ထိုယောဂီသည်၊ ပျံ့လွင့်ခြင်းစိတ်မရောက်သည်ဖြစ်၍။ အမျှသုံး
ဆယ်အပြားရှိသော။ ထိုဥပက္ကိလေသတည်းဟူသော အမြွေးအရှက်
ကို။ သုတ်သင်ရှင်းလင်းအောင်ဖျက်ဆီး၍။ ဩဘာသအစရှိကုန်သောတ
ရားတို့သည်။ မဂ်မဟုတ်ကုန်။ ဥပက္ကိလေသာလွတ်သော ဥဒယဗ္ဗယာနု
ပဿနာ၏။ အစွမ်းဖြင့်ဝိပဿနာခရီးလမ်းမှန်သွားသော ဝိပဿနာဥာဏ်
သည်။ဖြောင့်မှန်သောခရီးတည်းဟု၊ဤသို့မဂ်ခရီးဟုတ်သည်ကိုင်း။ မဂ်
ခရီးမဟုတ်သည်ကိုင်း၊ ပိုင်းခြားမှတ်သား၏၊ထိုယောဂီ၏၊ ဤသို့ဝိပ
ဿနာဥာဏ်သည်မဂ်ခရီးတည်း၊ဤဥပက္ကိလေသာသည်၊မဂ်ခရီးမဟုတ်။
ဤသို့မဂ်ဟုတ်သည်ကိုင်း။ မဂ်မဟုတ်သည်ကိုင်းသိ၍၊ တည်သော
ဥာဏ်သည်။မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။ ။ထို့ကြောင့်ဝိသုဒ္ဓိမဂ်၌၊

ပါဠိ၊

သောဧဝံဝိက္ခေပမနာပန္နောတံ သမတိံသဝိဓံဥပက္ကိလေသဇဋံ
ဝိဇဋေတွာဩဘာသာဒယောဓမ္မာနမဂ္ဂေါ ဥပက္ကိလေသဝိမုတ္တံပနဝီထိ
ပဋိပန္နံဝိပဿနာဉာဏံမဂ္ဂေါတိမဂ္ဂဉ္စ အမဂ္ဂဉ္စ ဝဝတ္ထပေတိတဿဧဝံအယံ
မဂ္ဂေါအယံနမဂ္ဂေါတိမဂ္ဂဉ္စအမဂ္ဂဉ္စဉတွာဌိတံဉာဏံမဂ္ဂါမဂ္ဂဉာဏဒဿန
ဝိသုဒ္ဓိတိဝေဒိတဗ္ဗံ။ ။

အနက်။

သော။ ထိုယောဂီသည်။ဧဝံ၊ဤသို့။ဝိက္ခေပံ၊ပျံ့လွင့်ခြင်းသို့၊အာပန္နော။
မရောက်သည်ဖြစ်၍၊သမတိံသဝိဓံ၊အမျှသုံးဆယ်အပြားရှိသော၊ တံဥ
ပက္ကိလေသဇဋံ၊ထိုဥပက္ကိလေသတည်းဟူသောအမြွေးအရှက်ကို။ဝိဇ
ဋေတွာ။ သုတ်သင်ရှင်းလင်းတြင်းတြင်ကုန်အောင်ဖျက်ဆီး၍။ ဩဘာ
သာဒယော၊ဩဘာသအစရှိကုန်သော၊ဓမ္မာ၊တရားတို့သည်၊နမဂ္ဂေါ။မဂ်
မဟုတ်ကုန်၊ပန၊အာလျှင်ကိုဆိုအံ့၊ ဥပက္ကိလေသဝိမုတ္တံ၊ ဥပက္ကိလေသ
မှလွတ်သော၊ဝီထိပဋိပန္နံ၊ဥဒယဗ္ဗယာနုပဿနာ၏အစွမ်းဖြင့်၊ ဝိပဿနာခရီး
လမ်းမှန်သွားသော၊ ဝိပဿနာဉာဏံ၊ဝိပဿနာဥာဏ်သည် မဂ္ဂေါ၊ဖြောင့်
မှန်သောခရီးတည်း။ဣတိ၊ဤသို့၊ မဂ္ဂဉ္စ၊ခရီးဟုတ်သည်ကိုင်း၊ အမဂ္ဂဉ္စ၊
ခရီးမဟုတ်သည်ကိုင်း၊ ဝဝတ္ထပေတိ၊ပိုင်းခြားမှတ်သား၏။ တဿ၊ထို

ယောဂီ၏၊ဧဝံ၊ဤသို့၊အယံ၊ ဤဝိဝိပဋိပန္နဝိပဿနာဉာဏ်သည်၊မဂ္ဂေါ၊ ခရီးတည်း၊အယံ၊ဤဥပက္ကိလေသသည်၊နမဂ္ဂေါ၊ခရီးမဟုတ်၊ဣတိ၊ ဤသို့၊ မဂ္ဂါမဂ္ဂ၊မဂ်ကိုရင်း၊ဥတွာ၊သိ၍၊ဋ္ဌိတံ၊တည်သော၊ဉာဏံ၊ဉာဏ်သည်၊ မဂ္ဂါ မဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ပ၊ မည်၏၊ ဝါ၊အသိအမြင်စဉ်ကျယ်သောဉာဏ် မည်၏၊ဣတိ၊ဤသို့၊ဝေဒိတဗ္ဗံ၊သိအပ်၏၊ ၊လောကီမဂ်ကိုသိသည်ဟူလို၊

ထိုဥဒယဗ္ဗယဉာဏ်သည်၊ အပေါင်းဟူသောသမူဟ၊ အစဉ်ဟူ သောသန္တတိတို့၏အစွမ်းအားဖြင့်၊ ဖြစ်မှုအဘို့ကိုရင်း၊ ပျက်မှုအဘို့ကို ရင်း၊ ကောင်းစွာရှုသောဉာဏ်သည်၊ဥဒယဗ္ဗယဉာဏ်မည်၏၊

ထို့ကြောင့်၊ဝိသုဒ္ဓိမဂ်၌၊

ပါဠိ၊

သမူဟသန္တတိဝသေန ပနဥဒယဗ္ဗာသဝါဝယပဿသဝါသ မနုပဿနဉာဏံဥဒယဗ္ဗယဉာဏံ၊ ၊

အနက်၊

သမူဟသန္တတိဝသေနပန၊အပေါင်းအစုဟူသော သမူဟအစဉ် ဟူသောသန္တတိတို့၏အစွမ်းဖြင့်၊ဥဒယပဿသဝါ၊ ဖြစ်မှုအဘို့ကိုရင်း၊ ဝယပဿသဝါ၊ပျက်မှုအဘို့ကိုရင်း၊ သမနုပဿနဉာဏံ၊ကောင်းစွာရှု သောဉာဏ်သည်၊ဥဒယဗ္ဗယဉာဏံ၊ဥဒယဗ္ဗယဉာဏ်မည်၏၊ ၊

ဘင်ဉာဏ်၏အရကိုရှုမှတ်
နည်းနှင့်ပြခြင်းကထာ၊

ထိုဥဒယဗ္ဗယဉာဏ်ကို ရှုမှတ်သောအခါ၊ သင်္ခါရ၌ အတွင်းဝင် သောတရားအပေါင်းသည်၊ ဤသို့ဖြစ်၍၊ ဤသို့ချုပ်ဘိတကား၊ ဤသို့ရှု သောထိုယောဂါဝစရအား၊ ဖြစ်ခြင်းကိုလွှတ်၍၊ပျက်ခြင်းကိုသာလျှင်၊ ရှု

မှတ်သော တခုသောဉာဏ်နှင့်၊ ဘင်ကိုသာလျှင်အဘန်တလဲလဲရှုသည်မည်သော်ဝိပဿနာဉာဏ်သည်၊ ဖြစ်ပေါ်၍လာ၏။ ။ထို့ကြောင့်။ ။တသော ဥပ္ပဇ္ဇိတွာဧဝံနာမသင်္ခါရ ဂတံနိရုဇ္ဈတီတိ ပဿတော ဧကသ္မိံ ဉာဏေ ဘင်္ဂါနုပဿနံနာမဝိပဿနာဉာဏံဥပ္ပဇ္ဇတိ၊ ။ပဋိသမ္ဘိဒါမဂ်၊ ။

အနက်၊

သင်္ခါရဂတံ။ သင်္ခါရ၌အတွင်းပင်သောတရားအပေါင်းသည်၊ ဧဝံ၊ ဤသို့၊ ဥပ္ပဇ္ဇိတွာ။ ဖြစ်၍။ ဧဝံ။ ဤသို့။ နိရုဇ္ဈတိနာမ။ စက်ဆုပ်ဘွယ်လိချုပ်ဘိတကား။ ဣတိ၊ ဤသို့၊ ပဿတော၊ ရှုသော၊ တဿ၊ ထိုယောဂါဝစရအား။ ဧကသ္မိံ ဉာဏေ၊ ဖြစ်ခြင်းကိုလွှတ်၍၊ ပျက်ခြင်းကိုသာလျှင်ရှုမှတ်ရာတခုသောဉာဏ်နှင့်၊ ဘင်္ဂါနုပဿနံနာမ၊ ဘင်ကိုသာလျှင်အဘန်တလဲလဲရှုမှတ်သည်မည်သော၊ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။

ဤသို့ရှုမှတ်သောဝိပဿနာဉာဏ်သည်။ အာရုံကိုသိ၏။ ပျက်၏ဟုရှုမြင်သောပညာသည်၊ ဝိပဿနာဉာဏ်မည်၏။ ထိုဉာဏ်သည်၊ အဘယ်သို့ဖြစ်သနည်း။ ရုပ်ကိုအာရုံပြုသောစိတ်သည်ဖြစ်၍ပျက်၏။ ထိုအာရုံရုပ်ကိုအပျက်ဟုသိ၍၊ အပျက်ဟုသိသောထိုစိတ်၏အပျက်ကိုတဆင့်ရှုမြင်၏။ ။ထို့ကြောင့်၊ ။

ပါဠိ၊

ကထံအာရမ္မဏံပဋိသင်္ခါဘင်္ဂါ နုပဿနေပညာ ဝိပဿနေဉာဏံ၊ ရူပါရမ္မဏတာစိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ တံအာရမ္မဏံ ပဋိသင်္ခါတဿစိတ္တဿဘင်္ဂံ အနုပဿတိ။ ။ပဋိသမ္ဘိဒါမဂ်၊

အနက်၊

အာရမ္မဏံ၊ အာရုံကို၊ ပဋိသင်္ခါ။ သိ၍၊ ဘင်္ဂါနုပဿနေပညာ၊ ဘင်္ဂါနုပဿနာကိုပျက်၏ဟုရှုမြင်သောပညာသည်။ ဝိပဿနေဉာဏံ၊ ဝိပဿနာဉာဏ်မည်၏။ တံဉာဏံ၊ ထိုဉာဏ်သည်။ ကထံဟောတိ။ အဘယ်သို့ဖြစ်သနည်း။ ရူပါရမ္မဏတာ။ ရုပ်ကိုအာရုံပြုသော၊ တာ၊ ကား၊ အနက်မရှိ။

ဒေဝတာကဲ့သို့တည်း။ ဒေဝ။ နတ်၊ ဒေဝတာ။ နတ်၊ စိတ္တံ။ စိတ်သည်၊ ဥပ္ပဇ္ဇိတွာ။ အသစ်ဖြစ်၍၊ ဘိဇ္ဇတိ၊ ပျက်၏၊ တံအာရမ္မဏံ။ ထိုအသစ်ဖြစ်ပေါ်သော အာရုံရုပ်ကို၊ ပဋိသင်္ခါ၊ အပျက်ဟုသိ၍၊ တဿစိတ္တဿ၊ အပျက်ဟုသိသောထိုစိတ်၏၊ ဘင်္ဂံ။ အပျက်ကို၊ အနုပဿတိ။ တဆင့်ရှုမြင်၏။ ။

တဆင့်ရှုမြင်၏ဟူသည်ကား။ အဘယ်အခြင်းအရာဖြင့်၊ ရှုမြင်သနည်း။ မမြဲဟုရှုမြင်၏၊ အမြဲဟုမရှုမြင်၊ ဆင်းရဲဟုရှုမြင်၏၊ ချမ်းသာဟုမရှုမြင်၊ အလိုမကျအစိုးမရဟုရှုမြင်၏။ အလိုကျအစိုးရသည်ဟုမရှုမြင်၊ ငြီးငွေ့၏၊ မနှစ်သက်၊ တတ်မက်ခြင်းကင်း၏၊ မတတ်မက်။ ချုပ်စေ၏၊ မဖြစ်စေ။ တဘန်ကိုစွန့်၏။ တဘန်ကိုမယူဟုရှုမှတ်လေသည်၊
။ ထို့ကြောင့်၊ ဝိသုဒ္ဓိမဂ်၌၊ ။

ပါဠိ။

အနုပဿတီတိ ကထံ အနုပဿတိ အနိစ္စတော အနုပဿတိ နော နိစ္စတော ဒုက္ခတော အနုပဿတိ နော သုခတော အနတ္တတော အနုပဿတိ နော အတ္တတော နိဗ္ဗိန္ဒတိ နော နန္ဒတိ ဝိရဇ္ဇတိ နော ရဇ္ဇတိ နိရောဓေတိ နော သမုဒေတိ ပဋိနိဿဇ္ဇတိ နော အာဒိယတိ။ ။

အနက်။

အနုပဿတီတိ။ ရှုမြင်၏ဟူသည်ကား၊ ကထံအာကာရေန။ အဘယ်အခြင်းအရာအားဖြင့်၊ အနုပဿတိ၊ ရှုမြင်သနည်း၊ အနိစ္စတော၊ မမြဲဟု၊ အနုပဿတိ၊ ရှုမြင်၏။ နိစ္စတော။ အမြဲဟု၊ နော အနုပဿတိ၊ မရှုမြင်၊ ဒုက္ခတော၊ ဆင်းရဲဟု၊ အနုပဿတိ၊ ရှုမြင်၏။ သုခတော၊ ချမ်းသာဟု၊ နော အနုပဿတိ။ မရှုမြင်။ အနတ္တတော။ အလိုမကျအစိုးမရကိုယ်မဟုတ်ဟု။ အနုပဿတိ၊ ရှုမြင်၏။ အတ္တတော။ အလိုကျအစိုးရကိုယ်ဟု။ နော အနုပဿတိ။ မရှုမြင်။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နော နန္ဒတိ။ မနှစ်သက်၊ ဝိရဇ္ဇတိ၊ တတ်မက်ခြင်းကင်း၏၊ နော ရဇ္ဇတိ။ မတတ်မက်။ နိရောဓေတိ၊ ချုပ်စေ၏။ နော သမုဒေတိ။ မဖြစ်စေ၊ ပဋိနိဿဇ္ဇတိ။ တဘန်ကိုစွန့်၏၊ နော အာဒိယတိ။ တဘန်ကိုမယူ။ ။

## ဘင်ဥ္စာဘ်ဌ္ဍပယ်ဓသာအခြင်းအရာခုန္ဓဲပါး
## ကိုခြားနားအောင်ပြခြင်းကဏ္ဍ။

### ပါဠိ၊

အနိစ္စတောအနုပဿန္တော နိစ္စသညံ ပဇဟတိ။ ဒုက္ခတောအနုပဿန္တော သုခသညံ ပဇဟတိ။ အနတ္တတောအနုပဿန္တော အတ္တသညံ ပဇဟတိ။ နိဗ္ဗိန္ဒန္တော နန္ဒိံ ပဇဟတိ။ ဝိရဇ္ဇန္တော ရာဂံ ပဇဟတိ။ နိရောဓေန္တော သမုဒယံ ပဇဟတိ။ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ။ ။
( ဝိသုဒ္ဓိမဂ်။ )

### အနက်၊

အနိစ္စတော၊ မမြဲဟု၊ အနုပဿန္တော။ ရှုမြင်သည်ရှိသော်၊ နိစ္စသညံ။ အမြဲဟုထင်မှတ်သောသညာကို။ ပဇဟတိ၊ ပယ်ဖျောက်၏၊ ဒုက္ခတော၊ ဆင်းရဲဟု။ အနုပဿန္တော၊ ရှုမြင်သည်ရှိသော်။ သုခသညံ။ ချမ်းသာဟုထင်မှတ်သောသညာကို၊ ပဇဟတိ။ ပယ်ဖျောက်၏၊ အနတ္တတော၊ အစိုးမရအလိုမကျကိုယ်မဟုတ်ဟု၊ အနုပဿန္တော၊ ရှုမြင်သည်ရှိသော်၊ အတ္တသညံ၊ အစိုးရအလိုကျကိုယ်ဟုထင်မှတ်သောသညာကို။ ပဇဟတိ၊ ပယ်ဖျောက်၏၊ နိဗ္ဗိန္ဒန္တော။ ငြီးငွေ့သည်ရှိသော၊ နန္ဒိံ။ နန္ဒိတဏှာကို။ ပဇဟတိ။ ပယ်ဖျောက်၏။ ဝိရဇ္ဇန္တော၊ တတ်မက်ကင်းသည်ရှိသော်၊ ရာဂံ၊ ရာဂကို၊ ပဇဟတိ။ ပယ်ဖျောက်၏။ နိရောဓေန္တော။ ချုပ်စေသည်ရှိသော်၊ သမုဒယံ။ သမုဒယကို၊ ပဇဟတိ။ ပယ်ဖျောက်၏၊ ပဋိနိဿဇ္ဇန္တော၊ တဘန်ကိုစွန့်သည်ရှိသော်၊ အာဒါနံ၊ တဘန်ဟုယူခြင်းကို၊ ပဇဟတိ၊ ပယ်ဖျောက်၏၊ ၊ရုပ်ကိုပြသောအချက်တည်း၊ ကြွင်းကျန်သော နည်းလမ်းတို့မှာ၊ သမ္မသနဉာဏ်၌ပြခဲ့သောဝေဒနာ။ သညာ၊ သင်္ခါရ။ ဝိညာဏံ။ အစရှိသောကောဋ္ဌာသဆက္ကတို့အတိုင်းမှတ်လေ၊ ။ပေယျာလဒုတ်နှင့်တကွပြသောနည်းတည်း၊ ၊

### ပေယျာလပါဠိ။

ဝေဒနာရူပဏတော၊ပ။ သညာရူပဏတော၊ပ။ သင်္ခါရရူပဏတော၊

ဝိညာဏာရမ္မဏတာ။ပ။ စက္ခွာရမ္မဏတာ။ပ၊ဇရာမရဏာရမ္မဏတာစိတ္တံ ဥပ္ပဇ္ဇိတွာဘိဇ္ဇတိ တံအာရမ္မဏံပဋိသင်္ခါတဿ စိတ္တဿဘင်္ဂံ အနုပဿတိ၊ ၊(ပဋိသမ္ဘိဒါမဂ်။)

အနက်၊

ဝေဒနာရမ္မဏတာ၊ ဝေဒနာကိုအာရုံပြုသော။ ပ။သညာရမ္မဏတာ။သညာကိုအာရုံပြုသော။ပ။သင်္ခါရာရမ္မဏတာ၊ သင်္ခါရကိုအာရုံပြုသော။ပ။ဝိညာဏာရမ္မဏတာ၊ ဝိညာဉ်ကိုအာရုံပြုသော။ပ၊စက္ခွာရမ္မဏတာ။မျက်စိကိုအာရုံပြုသော၊ပ။ဇရာမရဏာရမ္မဏတာ။ ဇရာမရဏကို အာရုံပြုသော၊စိတ္တံ၊စိတ်သည်၊ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍၊ဘိဇ္ဇတိ။ပျက်၏။တံအာရမ္မဏံ၊ထိုဇရာမရဏအာရုံကို၊ပဋိသင်္ခါ၊ အပျက်ဟုသိ၍။ တဿစိတ္တဿ၊အပျက်ဟုသိသောထိုစိတ်၏၊ဘင်္ဂံ။အပျက်ကို၊ အနုပဿတိ၊ရှုမြင်၏။ ၊အထူးခွတ်ရန်မှာ၊ ။ဖြစ်ပေါ်လာသောအာရုံရုပ်၊ ရှုမှတ်သောဝိပဿနာစိတ်၏ပျက်ခြင်းကို ရှုမှတ်သဖြင့်။ ငါးပါးသောခန္ဓာကိုရှုမှတ်သည်ဟူ၍တချက်တည်းပါဝင်လေတော့သည်။ ဤခန္ဓာငါးပါးမျှကိုသာပျက်ခြင်းသဘောဟူ၍။ ထင်မြင်လာသည်မဟုတ်ပါ။ အလုံးစုံသော သင်္ခါရ၌အတွင်းဝင်သော၊ တရားအပေါင်းတို့ကိုသည်း။ ဥပါဒ်၊ ဌီဟူသော နိမိတ်များကိုလွှတ်၍၊ ဘင်ဟူသော။ ပျက်ခြင်းတခုကိုသာလျှင်။ ဉာဏ်၌အမြဲထင်မြင်၍နေလေ၏။ ၊ဥပမာဆိုသည်ရှိသော်။အိုးခင်းပုပွတဲ၌၊ ထည့်လှော်သောနှမ်းတို့သည် ပစ်ပစ်ဖြစ်ဖြစ်နှင့်၊ နေရာမရွေ့မပြောင်းဘဲထိ၊ ကျရာ အရပ်ကပေါက်ပျက်ကျသကဲ့သို။ ရှုမှတ်ပြုသည့် ရုပ်နာမ်တို့မှာလည်း။ ထိုနည်းတူစွာ။ဖြစ်ပေါ်လာရာအရပ်မှ၊တပါးသောအရပ်သို့မရွေ့မပြောင်းဘဲ၊ပျက်မြဲအတိုင်းချက်လေကုန်၏၊ ။

ထိုကြောင့်၊ဝိသုဒ္ဓိမဂ်၌။ ၊

ပါဠိ။

ဇာတိတတ္ထတတ္ထဥပ္ပန္နာ။ ဇာတရိတခံဇာတရိတခံ အပတွာ။တတ္ထတတ္ထေဝ၊ပဗ္ဗံပဗ္ဗံ သန္ဓိသန္ဓိဩဓိဩဓိဟုတွာ။တတ္တကပါလေပက္ခိတ္တတိလာဝိယ။တဋတဋာယန္တာသင်္ခါရာဘိဇ္ဇန္တိ။ ၊

အနက်။

ဇူတိ။ ဤသို့။ တဒ္ဓတဒ္ဓခဏေခဏေ ဌာနေဌာနေ ကာလေကာလေ။ ထိုထိုခဏခဏ ဌာနဌာန ကာလကာလ၌၊ ဥပ္ပန္နာ။ ဖြစ်ကြကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဇူတရိတရံဇူတရိတရံ။ တပါးတပါးသော ခဏခဏ ဌာနဌာန ကာလကာလသို့၊ အပတွာ၊ မသွားမရောက်မူ၍။ တတ္ထတတ္ထေဝ၊ ထိုထိုခဏခဏ ဌာနဌာန ကာလကာလဖြစ်ရာ ကပင်လျှင်၊ ပဗ္ဗံပဗ္ဗံ၊ အဆစ်အဆစ်၊ သန္ဓိသန္ဓိ။ အစပ်အစပ်။ ဩဓိဩဓိ၊ အပိုင်းအပိုင်း။ ဟုတွာ၊ ဖြစ်ကြကုန်၍၊ တတ္တကပါလေ၊ အိုးခင်းပူ၌။ ပက္ခိတ္တတိလာ၊ ထည့်လှော်သော နှမ်းတို့သည်။ တဋတဋ ယန္တာဝိယ။ စစ်စစ် ဖြစ်ဖြစ်မည်ကုန်သကဲ့သို့၊ ဘိဇ္ဇန္တိ၊ ပျက်စီးကြကုန်၏။ ။ ဤကဲ့သို့ ရှုမှတ်တိုင်းရှုမှတ်တိုင်း အဖြစ်ကိုမထင်။ အပျက်ကိုသာလျှင်မြင်သောဉာဏ်သည်၊ ဘင်္ဂဉာဏ်မည်၏။ ။

ထို့ကြောင့်။ ပဋိသင်္ခါဒါမဂ်ပါဠိတော်၌၊ ။

ပါဠိ၊

ဘင်္ဂါနုပဿနေ ပညာ ဘင်္ဂေ ဉာဏံ၊ ။

အနက်၊

တဿဝ၊ ထိုအပျက်မှုကိုသာလျှင်၊ သုဋ္ဌုတရံ။ ကောင်းသည်ထက်ကောင်းစွာ။ သမနုပဿနဉာဏံ၊ ကောင်းစွာရှုသောဉာဏ်သည်။ ဘင်္ဂဉာဏံ၊ ဘင်္ဂဉာဏ်မည်၏၊ ။

ဘယဉာဏ်နှင့်အာဒီနဝဉာဏ်နိဗ္ဗိဒါဉာဏ်
အခရကိုကျွန်ုပ်ပြခြင်းကထာ၊

ဤသို့ဆိုခဲ့ပြီးသောနည်းဖြင့်၊ အလုံးစုံသော တေဘူမကသင်္ခါရတို့၏၊ ခယဝယဘေဒဟုဆိုအပ်သော၊ ခဏိကနိရောဓလျှင်၊ အာရုံရှိသော၊ ဘင်္ဂါနုပဿနာဉာဏ်ကိုဖြစ်စေသော၊ ပွါးစေတတ်သော။ အဘန်ဘန်အ

လီလီအထပ်ထပ်အားထုတ်၍ရှုမှတ်သော။ ထိုယောဂါဝစရအား၊ အလုံးစုံသောသုံးပါးသောဘဝ၊ လေးပါးသောယောနိ။ ငါးပါးသောဂတိ။ ခုနစ်ပါးသောဝိညာဏဋ္ဌိတိ။ ကိုးပါးသောသတ္တာဝါသတို့၌။ ခဏတိုင်းခဏတိုင်းပျက်ခြင်းသဘောရှိကုန်သောရုပ်နာမ်နှစ်ဝသင်္ခါရတို့သည်ထင်ကုန်၏၊ ။

ထို့ကြောင့်။ ဝိသုဒ္ဓိမဂ်၌။ ။

ပါဠိ၊

တဿေဝံသမ္မသင်္ခါရာနံ၊ ခယဝယတောဒိနိရောဓာရမ္မဏာဘင်္ဂါနုပဿနံ အာသေဝန္တဿ ဘာဝေန္တဿဗဟုလီကရောန္တဿသဗ္ဗဘဝယောနိဂတိဋ္ဌိတိသတ္တာဝါသေသုပဘေဒကာသင်္ခါရာ၊ ။

အနက်။

ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ သမ္မသင်္ခါရာနံ။ အလုံးစုံသောတေဘူမကသင်္ခါရတို့၏၊ ခယဝယတောဒိနိရောဓာရမ္မဏံ။ ခယဝယတောဒိဟုဆိုအပ်သောခဏိကနိရောဓချုပ်အာရုံရှိသော၊ ဘင်္ဂါနုပဿနံ၊ ဘင်္ဂါနုပဿနာဉာဏ်ကို၊ အာသေဝန္တဿ။ အရိုအသေအားဖြင့်။ မှီဝဲသော။ ဝါ၊ ဖြစ်သော။ ဘာဝေန္တဿ။ ပွားစေတတ်သော၊ ဗဟုလီကရောန္တဿ။ အဘန်ဘန်အလီလီအထပ်ထပ်အားထုတ်၍မှတ်အပ်သော။ တဿ၊ ထိုယောဂါဝစရအား၊ သဗ္ဗဘဝယောနိဂတိဋ္ဌိတိသတ္တာဝါသေသု။ အလုံးစုံသောသုံးပါးသောဘဝ။ လေးပါးသောယောနိ။ ငါးပါးသောဂတိ။ ခုနစ်ပါးသောဝိညာဏဋ္ဌိတိ။ ကိုးပါးသောသတ္တာဝါသတို့၌၊ ပဘေဒကာ၊ ခဏတိုင်းခဏတိုင်းပျက်ခြင်းသဘောရှိကုန်သော၊ သင်္ခါရာ၊ သင်္ခါရတို့သည်၊ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏၊ ။

ဥပမာဆိုသည်ရှိသော်၊ ချမ်းသာသဖြင့်အသက်ရှည်၍ရှင်လိုသော။ အလွန်ဘီရုကဇာတိဟုဆိုအပ်သော ကြောက်တတ်သောသူအား။ ကျား။ ဆင်ကြမ်း။ ခြင်္သေ့တို့နှင့်။ လူသူမနီးသည့်အရပ်တွင်၊ ရင်ဆိုင်တွေ့မြင်၍၊ အလွန်ထိပ်လန့်ကြောက်မက်ခြင်း၏၊ အကြောင်းဖြစ်ကုန်၏သို့ရင်း။ အလျှံပြောင်ပြောင်တောက်လောင်သောမီးကြီးတွင်းစသည်တို့သည်။ ကြောက်မက်ဘွယ်ရှိသည်၏အဖြစ်ကြောင့်။ ထိပ်လန့်ခြင်းအကြောင်းတို့သည်ဖြစ်

ကုန်သကဲ့သို့ရင်း။ ဤအတူအတိတ်ဟုဆိုအပ်သော၊ လွန်ကုန်ပြီးသော သင်္ခါရရုပ်နာမ်တရားတို့သည်။ ချုပ်ကုန်ပြီ၊ သန္တတိပစ္စုပ္ပန်ဖြစ်ကုန်သော သင်္ခါရရုပ်နာမ်တရားတို့သည်။ ချုပ်ကုန်ဆဲ၊ အနာဂတ်၌ဖြစ်လတံ့သော သင်္ခါရရုပ်နာမ်တရားတို့သည်လည်း။ ဤပစ္စုပ္ပန်သင်္ခါရရုပ်နာမ်တရား၏ အတူသာလျှင်။ ချုပ်ကုန်လတံ့၊ ဤသို့ရှုမှတ်သောယောဂီအား။ လွန်မင်းစွာ သောကြောက်ရွံ့ထိပ်လန့်ခြင်းများတို့သည်ဖြစ်ကုန်၏၊ ကြောက်ရွံ့ထိပ် လန့်သည်ဆိုသော်လည်း။ ကာလသုံးပါးတို့၌ဖြစ်ပေါ်လာသောရုပ်နာမ်နှစ် ပါး။ သင်္ခါရတရားတို့၏၊ ပျက်စီးခြင်းသဘောကို။ဉာဏ်၌ထင်မြင်၍သာ အခိုက်အတန့်၌။ ဖြစ်ပေါ်လေသည်ဟုမှတ်၊ ။ဥပမာတနည်းကား။ ရာဇဝတ်မှုကြီးကိုကျူးလွန်မိသောသားသုံးယောက်တို့၏။ ဦးခေါင်းကို ဖြတ်စေဟု။ အမိန့်အချစေခိုင်းသောအခါ၊ ဖြတ်ချာဌာန သူသာန်သို့ကြ အောင်။ လိုက်ပါရသောအမိ၏ရှေ့တွင်၊ အကြီးသားက။ သားကြီးဦး ခေါင်းကိုဖြတ်ပြီးလျှင်။ သားလတ်ဦးခေါင်းကိုဖြတ်ဆဲ၊ အမိသည်မြင်သော အခါ။သားငယ်မှာလည်း။ ထိုသားကြီးသားလတ်တို့၏သာလျှင်။ ဤအတူ ဖြတ်၍သေလတံ့ဟု။ သားငယ်အပေါ်၌။ အာသာအာလယကင်းဖြတ်သ ဖြင့်။ ပြင်းစွာသောထိပ်လန့်ကြောက်ရွံ့ခြင်းများဖြစ်ပေါ်လါသကဲ့သို့။ အ တိတ်ပစ္စုပ္ပန်၌ဖြစ်ပေါ်သောရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့သည်။ပျက်စီး ခြင်းသဘောကို မြင်သောယောဂီပုဂ္ဂိုလ်အား၊ အနာဂတ်၌ဖြစ်လတံ့ သော။ရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့၏။ ပျက်စီးမည်ကိုလည်းသိမြင်သ ဖြင့်။ ကြောက်ရွံ့ထိပ်လန့်ဘွယ်ဟုထင်မြင်သောဘယဉာဏ်သည်၊အမှန် ဖြစ်လာလေတော့သည်၊ ။

ထိုကြောင့်။ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌၊ ။

ပါဠိ၊

တတြာယံဥပမာ။ ကောသာကိရဏ္ဍော ယာတယောပုတ္တာရာဇပရာဓိ တာတေသံရာဇာသီသစ္ဆေဒံအာဏာပေယိ၊ သာပုတ္တေဟိသဒ္ဓိံ အာဃာ တနံအာဂမာသိ။ အထသာဇေဋ္ဌပုတ္တဿ သီသံဆိန္ဒိတွာမဇ္ဈိမဿဆိန္ဒိ တုံ အာရဘိံသု၊ သာဇေဋ္ဌဿသီသံ ဆိန္နံမဇ္ဈိမဿစဆိဇ္ဇမာနံဒိသွာက နိဋ္ဌမှိအာလယံဝိဿဇ္ဇိအယမ္ပိဧတေသညေဝသဒိသောဘဝိဿတီတိ။ ။

## အနက်၊

တတြ။ ထိုဘယတုပဋ္ဌာနဉာဏ်၌၊ အယံ။ ဤဆိုလတ္တံ့သည်ကား။ ဥပမာ။ ဥပမာတည်း၊ ဧကိဿာ။ တယောက်သော။ ဣတ္ထိယာ။ မိမ္မ၏၊ တယော ပုတ္တာ။ သုံးယောက်သောသားတို့သည်၊ ရာဇာပရာဓိတာ၊ မင်းပြစ်မင်းဒဏ် သင့်ကုန်သည် ။ ဟောန္တိ။ ဖြစ်ကုန်၏၊ ရာဇာ။ မင်းသည်၊ တေသံ။ ထိုသုံးယောက်သောသားတို့၏။ သီသစ္ဆေဒံ။ ဦးခေါင်းဖြတ်ခြင်းကို၊ အာဏာပေသိ။ ခိုင်းစေ၏။ သာ ဣတ္ထီ။ ထိုမိမ္မသည်။ ပုတ္တေဟိ၊ သားတို့နှင့် ၊ သဒ္ဓိံ၊ တကွ။ အာဃာတနံ။ သတ်ရာသင်းချိုင်းသို့၊ အဂမာသိကိရ၊ လိုက်သတတ်။ အထ၊ ထိုအခါ၌၊ အဿာ။ ထိုသားများအမိ၏။ ဇေဋ္ဌပုတ္တဿ၊ သားကြီး၏။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒိတွာ၊ ဖြတ်ပြီး၍၊ မဇ္ဈိမဿ။ အလယ်ဖြစ်သောသား၏။ သီသံ။ ဦးခေါင်းကို၊ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ အာရဘိံသု။ အားထုတ်ကုန်၏။ သာ။ ထိုသားများအမိသည်။ ဇေဋ္ဌဿ၊ သားကြီး၏၊ ဆိန္နံ၊ ဖြတ်ပြီးသော။ သီသံ။ ဦးခေါင်းကိုရင်း။ မဇ္ဈိမဿ။ သားလင်၏၊ ဆိဇ္ဇမာနံ။ ဖြတ်ဆဲသော။ သီသဉ္စ။ ဦးခေါင်းကိုရင်း၊ ဒိသွာ။ မြင်၍။ ကနိဋ္ဌမှိ၊ သားငယ်၌။ အာလယံ၊ တတ်ခြင်းကို။ ဝိဿဇ္ဇိ၊ စွန့်၏။ အယမ္ပိ။ ဤသူငယ်သည်လည်း။ ဧတေသညေဝ၊ ထိုသားကြီးသားလပ်တို့၏သာလျှင်၊ သဒိသော။ တူသည်။ ဘဝိဿတိ။ ဖြစ်လတံ့၊ ဣတိ၊ ဤသို့။ အာလယံ။ တတ်ခြင်းကို။ ဝိဿဇ္ဇိ။ စွန့်၏၊ ။ ထိုပြဆိုခဲ့သောဥပမာတို့နှင့်၊ အတီတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟုဆိုအပ်သောကာလသုံးပါးတို့၌၊ ရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့သည်၊ ပျက်ပြားခြင်းအကြောင်းကိုသင်မြင်သောယောဂီပုဂ္ဂိုလ်အား၊ ဥပမေယျနှင့်ကပ်၍ရှုမှတ်နည်းမှာ။ ၊

## ပါဠိ၊

တဿ တဿာဣတ္ထိယာ ဇေဋ္ဌပုတ္တဿ ဆိန္နသီသဒဿနံ ဝိယ ယောဂိနော အတီတသင်္ခါရာနံ နိရောဓဒဿနံ မဇ္ဈိမဿ ဆိဇ္ဇမာနသီသဒဿနံ ဝိယ ပစ္စုပ္ပန္နာနံ နိရောဓဒဿနံ အယမ္ပိ ဧတေသညေဝ သဒိသော ဘဝိဿတီတိ ကနိဋ္ဌပုတ္တမှိ အာလယဝိဿဇ္ဇနံ ဝိယ အနာဂတေပိ နိဗ္ဗတ္တနကသင်္ခါရာ ဘိဇ္ဇိဿန္တီတိ အနာဂတာနံ နိရောဓဒဿနံ တဿေဝံ ပဿတော ဧတသ္မိံ ဌာနေ ဥပ္ပဇ္ဇတိ ဘယတုပဋ္ဌာနဉာဏံ၊ ။ ပဋိသမ္ဘိဒါမဂ်၊ ၊

## အနက်၊

တတ္ထ၊ ထိုဥပမာ၌၊ တဿာဣတ္ထိယာ။ထိုမိန်းမ၏၊ ဇေဋ္ဌပုတ္တဿ၊
သားကြီး၏၊ ဆိန္နသီသဒဿနံပိယ။ပြတ်ပြီးသောဦးခေါင်းကိုရှုခြင်းကဲ့သို့၊
ယောဂိနော၊ယောဂီ၏။အတီတာသင်္ခါရာနံ။ အတိတ်သင်္ခါရတို့၏။ နိရောဓ
ဒဿနံ၊ ချုပ်ကုန်ရောခြင်းကိုရှုခြင်းကို။ ဝါ၊ ဘင်ကိုရှုခြင်းကို၊ဒဋ္ဌဗ္ဗံ။မှတ်
အပ်၏။မဇ္ဈိမဿ၊ သားလတ်၏၊ ဆိဇ္ဇမာနသီသဒဿနံပိယ၊ ပြတ်ဆဲသော
ဦးခေါင်းကိုရှုခြင်းကဲ့သို့။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်သင်္ခါရတို့၏။ နိရောဓဒဿနံ။
ချုပ်ကုန်ရောခြင်းကို။ ဝါ၊ ဘင်ကိုရှုခြင်းကို။ဒဋ္ဌဗ္ဗံ။ မှတ်အပ်၏။အ
ယမ္ပိ၊ ဤသားငယ်သည်လည်း၊ ဆေတဗ္ဗော။ ထိုသားကြီးသားလတ်တို့
၏သာလျှင်။ သဒိသော၊ အတူဦးခေါင်းပြတ်သည်၊ ဘဝိဿတိ၊ ဖြစ်လတံ့။
ဣတိ။ ဤသို့။ကနိဋ္ဌပုတ္တမှိ။သားငယ်၌၊ အာလယပိသဏ္ဌနံပိယ။ တတ်ခြင်း
အာလယကိုဖွဲ့၏သို့။ အနာဂတေပိ။ အနာဂတ်၌လည်း။ နိဗ္ဗတ္တနကသင်္ခါ
ရာ။ဖြစ်လတံ့သောသင်္ခါရတို့သည်။ဘိဇ္ဇိဿန္တိ၊ ပျက်ကုန်လတံ့၊ ဝါ၊ချုပ်
ကုန်လတံ့။ဣတိ။ ဤသို့။ အနာဂတာနံ။ အနာဂတ်ဖြစ်သောသင်္ခါရတို့၏။
နိရောဓဒဿနံ။ချုပ်လတံ့သောဘင်ကိုရှုခြင်းကို။ ဒဋ္ဌဗ္ဗံ။မှတ်အပ်၏။ ဧဝံ။
ဤသို့၊ပဿတော၊ရှုသော။ တဿ၊ထိုယောဂီအား၊ ဧတသ္မိံ ဌာနေ၊ ထိုရှု
သောအခါ၌၊ဘယတုပဋ္ဌာနဉာဏံ။ ဘေးကိုရှုခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဘေးဟုရှုမှတ်ရာ၌၊ ရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့သည်၊ ပျက်
တိုင်းပျက်တိုင်းအထောင်မကများစွာသော။ သောကာဒုက္ခဝဋ္ဋတို့၏အ
ဖြစ်ကို။ ထိုထိုအခြင်းအရာအားဖြင့်၊ ကြောက်အင်ဧသါသဘောတရားတွေ့
ဟု၊အပြားအားဖြင့်ရှုမှတ်၍သာနေ၏၊ ၊ထို့ကြောင့်။ ပဋိသမ္ဘိဒါမဂ်၌။

## ပါဠိ၊

ဘင်္ဂေဒိဋ္ဌေဧဝံဘိဇ္ဇနသဘာဝါနံဓမ္မာနံ အနေကာသဟဿသောကာ
ဒုက္ခ ဝဋ္ဋဘာဝေနတထာတထာဗာယိတဗ္ဗပကာရသမနုပဿနဉာဏံ
ဘယဉာဏံနာမ။ ။

## အနက်၊

ဘင်္ဂေ။ ရုပ်နာမ်တို့၏အပျက်မှုကို။ ဒိဋ္ဌေ။ မြင်သည်ရှိသော်၊ ဧဝံ၊ ဤ

ကဲ့သို့၊ ဘိဇ္ဇနသဘာဝါနံ၊ ဖေ့ရာနံ။ ပျက်တတ်သောသဘောတရားတို့၏၊ အနေကာသဟာသာသောကဒုက္ခဝဏ္ဏဘာဝေန၊ အဖော်ငမကများစွာသော၊ သေါကဒုက္ခဝဏ္ဏတို့၏အဖြစ်ဖြင့်၊ တထာတထါ၊ ထိုထိုအခြင်းအရာအါးဖြင့်၊ ဗာယိတဗ္ဗပကာရာသမနုပဿနဉာဏံ။ ကြောက်အပ်သောအပြားအားဖြင့်ရှုသောဉာဏ်သည်၊ ဘယဉာဏံနာမ၊ ဘယဉာဏ်မည်၏။ ။

ဤကဲ့သို့အတိတ်အနာဂတ်။ ပစ္စုပ္ပန်ဟုဆိုအပ်သောကာလသုံးပါးတို့၌။ ဖြစ်ပျက်သမျှရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့သည်။ ဘေးကြီးပါပေတကား ဟု၊ ရှုမှတ်သောအခါ၊ ဥပမာဆိုသည်ရှိသော်။ ထိုကြောက်တတ်သောယောကျ်ားသည်၊ ထိုသားရဲရှိသောသက်ဝင်ခြင်းငှါခဲယဉ်းသောတောအုပ်စသည်တို့သို့ ရောက်လပ်၍။ ကြောက်သည်ဖြစ်၍။ ထိပ်လန့်သည်ဖြစ်၍။ ဖြစ်သောကြက်သည်းမွေးညှင်းထခြင်းရှိသည်ဖြစ်၍၊ ထက်ဝန်းကျင်မှအပြစ်ကိုသာလျှင်မြင်သကဲ့သို့၊ ဤအတူ၊ ယောဂါဝစရပုဂ္ဂိုလ်သည်၊ သင်္ခါရတို့၏ပျက်ခြင်းကိုရှုသည်၏အစွမ်းအားဖြင့်၊ အလုံးစုံသောသင်္ခါရတို့သည်။ ကြောက်အပ်သည်၏အဖြစ်ဖြင့်ထင်ကုန်သည်ရှိသော်။ ထက်ဝန်းကျင်မှပြည့်စုံခြင်းကင်းသော။ သာယာအပ်သည်၏အဖြစ်ကင်းသောအပြစ်ကိုသာလျှင်ရှုမှတ်၏။ ။ထိုကြောင့်။ပဋိသမ္ဘိဒါမဂ်၌။ ၊

ပါဠိ၊

ယထာဟိသော ပုရိသော ဓောနိသဝါဠကဝနဂဟနာဒီနိ အာဂမ္မ ဘီတော သံဝိဂ္ဂေါ လောမဟဋ္ဌဇာတော သမန္တတော အာဒီနဝမေဝပဿတိ၊ ၊

အနက်၊

ဟိတပ္ပါကဋ၊ ကရောမိ၊ ထင်အောင်ပြဦးအံ့၊ သောပုရိသော၊ ထိုကြောက်တတ်သောယောကျ်ားသည်၊ ဓောနိသဝါဠကဝနဂဟနာဒီနိ၊ ထိုသားရဲရှိသော သက်ဝင်ခြင်းငှါခဲယဉ်းသော တောအုပ်စသည်တို့သို့၊ အာဂမ္မ၊ ရောက်လစ်၍၊ ဘီတော၊ ကြောက်သည်ဖြစ်၍၊ သံဝိဂ္ဂေါ၊ ထိပ်လန့်သည်ဖြစ်၍၊ လောမဟဋ္ဌဇာတော၊ ဖြစ်သောကြက်သည်းမွေးညှင်းထခြင်းရှိသည်ဖြစ်၍၊ သမန္တတော၊ ထက်ဝန်းကျင်မှ၊ အာဒီနဝမေဝ၊ အပြစ်ကို

သာလျှင်၊ ပဿတိယထာ။မြင်၏သို့၊ ဝေမေဝ၊ ဤအတူသာလျှင်။အယံ ယောဂါဝစရော၊ အကြင်ယောဂါဝစရပုဂ္ဂိုလ်သည်၊ ဘင်္ဂါနုပဿနာ ဝသေန၊ သင်္ခါရတို့၏ပျက်ခြင်းကိုရှုသည်၏အစွမ်းဖြင့်။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသောသင်္ခါရတို့သည်၊ ဘယတော၊ ကြောက်အပ်သည့်၏အဖြစ် ဖြင့်။ဥပဋ္ဌိတေသု။ထင်ကုန်လပ်သော်၊သမန္တတော၊ထက်ဝန်းကျင်မှ၊နိရ သံ၊ပြည့်စုံခြင်းကင်းသော။နိရဿာဒံ။သာယာအပ်သည့်၏အဖြစ်ကင်း သော။အာဒီနဝမေဝ။အပြစ်ကိုသာလျှင်။ပဿတိ။ရှုမှတ်၏၊ ။

ဆယ်ပါးသောဝတ္ထုရှိသော။ တဆယ့်နှစ်ပါးသောဝါရတို့ဖြင့်၊ တန်းဆာဆင်အပ်သော။ အစဉ်နည်းလမ်းဖြင့်၊ ထိုအာဒီနဝဉာဏ်၏ပဒ ဘာဇနီကို။ ပဋိသမ္ဘိဒါ၌ဟောမူသည်အတိုင်း၊ စစ်ကိုင်းမြို့မင်းဝွန်းဇေတ ဝန်။ ကျေးဇူးရှင်သရာတော်ဘုရားကြီးသည်၊ ဝိပဿနာအစီအရင်ကိုဖြေ ဆိုရေးသားအပ်သော၊(အာရမ္ဘာဝိဓိဝိပဿနာကျမ်း)၌၊အကျယ်တဝင့် ဘွင့်ပြလေသည်။ ၊

ဤသို့သောနည်းဖြင့်ရှုပွားသော၊ ထိုယောဂါဝစရပုဂ္ဂိုလ်အား၊ လွန်မင်းစွာကြောက်ရွံ့ထိပ်လန့်ခြင်းဖြင့်။ထက်သန်အားကြီးစွာထင်မြင် ခြင်းသည်၊ကောင်းကျိုးချမ်းသာဟူ၍မဘက်၊ သက်သက်အပြစ်ဒေါသ မျိုးချည့်ပင်တည်းဟုထင်မြင်ရာ၌။အာဒီနဝဉာဏ်မည်၏။ ၊

ထို့ကြောင့်။ ၊ ပါဠိ၊

ဘယတုပဋ္ဌာနေပညာအာဒီနဝေဉာဏံ၊ ။ပဋိသမ္ဘိဒါမဂ်၊

**အနက်၊**

ဘယတုပဋ္ဌာနေ။ ကြောက်မက်ဘွယ်အမှန်ဘေးရန်ဟု၊ ထက်သန် အားကြီးစွာထင်မြင်ရာ၌။ ပညာ။ ရှုမှတ်ခြင်း၌သိသောပညာသည်။ အာဒီန ဝေ။ အကျိုးမဘက် သက်သက်အပြစ်ဟုထင်မြင်ခြင်း၌။ ဉာဏံ။ ဉာဏ်မည် ၏။ ။ဤသို့ထင်မြင်ခြင်းတို့၌ ယခုဘဝသစ်ဖြစ်ရခြင်းသည်။ဘေးရန် တည်း။ဤသို့ဘေးရန်ထင်မြင်သောပညာသည်၊ အပြစ်ထင်သောဉာဏ် မည်၏။ယခုဘဝအစမဖြစ်ရခြင်းသည်။ဘေးအေးတည်း၊ဤသို့ဘေးအေး ထင်မြင်သောပညာသည်။နိဗ္ဗာန်ထင်သောဉာဏ်မည်၏။ယခုဘဝအစဖြစ်

ရခြင်းသည်။ဘေးရန်တည်း။ယခုသဝအစမဖြစ်ရခြင်းသည်၊ ဘေးအေးတည်း၊ဤသို့ဘေးအေးထင်သောပညာသည်၊ နိဗ္ဗာန်ထင်သောဉာဏ်မည့်၏။ယခုဘဝအစမဖြစ်ရခြင်းသည်။ ဆင်းရဲဘေးတည်း၊ ဤသို့ဆင်းရဲဘေးထင်သောပညာသည်၊အဖြစ်ထင်သောဉာဏ်မည်၏။ယခုဘဝအစမဖြစ်ရခြင်းသည်။ အချမ်းသာတည်း။ဤသို့ချမ်းသာခြင်းဖြင့်၊ ဘေးအေးထင်သောပညာသည်၊နိဗ္ဗာန်ထင်သောဉာဏ်မည့်၏၊ ယခုဘဝအစမဖြစ်ရခြင်းသည်။ဆင်းရဲဘေးတည်း။ယခုဘဝအစမဖြစ်ရခြင်းသည်။ ချမ်းသာသောဘေးအေးတည်း။ဤသို့ဘေးအေးထင်သောပညာသည်၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၊ယခုဘဝအစဖြစ်ရခြင်းသည်။ဝဋ်စာဘေးတည်း၊ဤသို့ဝဋ်စာဘေးထင်သောပညာသည်။အဖြစ်ထင်သောဉာဏ်မည်၏။ယခုဘဝအစမဖြစ်ရခြင်းသည်၊ ဝဋ်စာမဟုတ်သောဘေးအေးတည်း။ ဤသို့ဝဋ်စာမဟုတ်ဘေးအေးထင်သောပညာသည်။နိဗ္ဗာန်ထင်သောဉာဏ်မည်၏၊ယခုဘဝအစမဖြစ်ရခြင်းသည်။ ဝဋ်စာဘေးတည်း။ ယခုဘဝအစမဖြစ်ရခြင်းသည်၊ ဝဋ်စာမဟုတ်ဘေးအေးတည်း၊ ဤသို့ဝဋ်စာမဟုတ်ဘေးအေးထင်သောပညာသည်။နိဗ္ဗာန်ထင်သောဉာဏ်မည်၏။ ယခုဘဝအစဖြစ်ရခြင်းသည်၊ခန္ဓာဝန်မှုပြုရသောဘေးတည်း။ ဤသို့ခန္ဓာဝန်မှုဘေးဟုထင်သောပညာသည်၊ အဖြစ်ထင်သောဉာဏ်မည်၏၊ ယခုဘဝအစမဖြစ်ရခြင်းသည်။ခန္ဓာချုပ်သိမ်းငြိမ်းရသောဘေးအေးတည်း၊ဤသို့ခန္ဓာချုပ်သိမ်းငြိမ်းခြင်းဖြင့်၊ ဘေးအေးထင်သောပညာသည်၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။ ယခုဘဝအစဖြစ်ရခြင်းသည်။ခန္ဓာဝန်မှုပြုရသောဘေးတည်း၊ယခုဘဝအစမဖြစ်ရခြင်းသည်၊ခန္ဓာချုပ်သိမ်းငြိမ်းရသောဘေးအေးတည်း၊ ဤသို့ခန္ဓာချုပ်သိမ်းငြိမ်းခြင်းဖြင့်၊ဘေးအေးထင်သောပညာသည်။နိဗ္ဗာန်ထင်သောဉာဏ်မည်၏၊ ။ထို့ကြောင့်၊ဝဋ္ဋိသန္တိဒါယကပါ ဠိတော်၌။ ၊

ပါဠိ၊

ဥပ္ပါဒေါဘယန္တိဘယတုပဋ္ဌာနေပညာအာဒီနဝေဉာဏံ။ အနုပ္ပါဒေါခေမန္တိသန္တိပဒေဉာဏံ၊ ဥပ္ပါဒေါဘယံအနုပ္ပါဒေါခေမန္တိသန္တိပဒေဉာဏံ။ ဥပ္ပါဒေါဒုက္ခန္တိဘယတုပဋ္ဌာနေပညာအာဒီနဝေဉာဏံ၊ အနုပ္ပါဒေါသုခန္တိသန္တိပဒေဉာဏံ၊ ဥပ္ပါဒေါဒုက္ခံအနုပ္ပါဒေါသုခန္တိသန္တိပဒေဉာဏံ၊ ဥပ္ပါဒေါသာမိသန္တိဘယတုပဋ္ဌာနေပညာအာဒီနဝေဉာဏံ၊ အ

နုပ္ပါဒေါ နိရာမိသန္တိ သန္တိပဒေ ဉာဏံ၊ ဥပ္ပါဒေါ သာမိသံ အနုပ္ပါဒေါ နိရာမိသန္တိ သန္တိပဒေ ဉာဏံ၊ ဥပ္ပါဒေါ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ၊ ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ၊ ။

အနက်၊

ဥပ္ပါဒေါ၊ ယခုဘဝသစ်ဖြစ်ခြင်းသည်ကား။ ဘယံ၊ ဘေးရန်တည်း။ ဣတိ။ ဤသို့။ ဘယတုပဋ္ဌာနေ ပညာ၊ ဘေးရန်ထင်သော ပညာသည်။ အာဒီနဝေ ဉာဏံ၊ အပြစ်ထင်သော ဉာဏ်မည်၏။ အနုပ္ပါဒေါ။ ယခုဘဝအစမဖြစ်ခြင်းသည်ကား။ ခေမံ၊ ဘေးအေးတည်း။ ဣတိ၊ ဤသို့ ခေမတုပဋ္ဌာနေ ပညာ၊ ဘေးအေးထင်သော ပညာသည်။ သန္တိပဒေ ဉာဏံ နိဗ္ဗာန်ထင်သော ဉာဏ်မည်၏၊ ဥပ္ပါဒေါ၊ ယခုဘဝအစဖြစ်ခြင်းသည်ကား၊ ဘယံ၊ ဘေးတည်း၊ အနုပ္ပါဒေါ၊ ယခုဘဝအစမဖြစ်ခြင်းသည်ကား။ ခေမံ၊ ဘေးအေးတည်း။ ဣတိ။ ဤသို့၊ ခေမတုပဋ္ဌာနေ ပညာ။ ဘေးအေးထင်သော ပညာသည်၊ သန္တိပဒေ ဉာဏံ။ နိဗ္ဗာန်ထင်သော ဉာဏ်မည်၏။ ဥပ္ပါဒေါ၊ ယခုဘဝအစဖြစ်ခြင်းသည်ကား၊ ဒုက္ခံ၊ ဆင်းရဲတည်း။ ဣတိ။ ဤသို့။ ဘယတုပဋ္ဌာနေ ပညာ။ ဘေးထင်သော ပညာသည်၊ အာဒီနဝေ ဉာဏံ၊ အပြစ်ထင်သော ဉာဏ်မည်၏၊ အနုပ္ပါဒေါ။ ယခုဘဝအစမဖြစ်ခြင်းသည်ကား။ သုခံ။ ချမ်းသာတည်း၊ ဣတိ၊ ဤသို့၊ ခေမတုပဋ္ဌာနေ ပညာ၊ ဘေးအေးထင်သော ပညာသည်။ သန္တိပဒေ ဉာဏံ၊ နိဗ္ဗာန်ထင်သော ဉာဏ်မည်၏ ဥပ္ပါဒေါ၊ ယခုဘဝအစဖြစ်ခြင်းသည်ကား၊ ဒုက္ခံ၊ ဆင်းရဲတည်း ၊ အနုပ္ပါဒေါ၊ ယခုဘဝအစမဖြစ်ခြင်းသည်ကား၊ သုခံ၊ ချမ်းသာတည်း ဣတိ။ ဤသို့။ ခေမတုပဋ္ဌာနေ ပညာ၊ ဘေးအေးထင်သော ပညာသည်၊ သန္တိပဒေ ဉာဏံ၊ နိဗ္ဗာန်ထင်သော ဉာဏ်မည်၏၊ ဥပ္ပါဒေါ၊ ယခုဘဝအစဖြစ်ခြင်းသည်ကား၊ သာမိသံ၊ ဝဋ်စာတည်း။ ဣတိ၊ ဤသို့၊ ဘယတုပဋ္ဌာနေ ပညာ၊ ဘေးထင်သော ပညာသည်၊ အာဒီနဝေ ဉာဏံ။ အပြစ်ထင်သော ဉာဏ်မည်၏၊ အနုပ္ပါဒေါ၊ ယခုဘဝအစမဖြစ်ခြင်းသည်ကား၊ နိရာမိသံ၊ ဝဋ်စာမဟုတ်၊ ဣတိ။ ဤသို့၊ ခေမတုပဋ္ဌာနေ ပညာ၊ ဘေးအေးထင်သော ပညာသည်၊ သန္တိပဒေ ဉာဏံ၊ နိဗ္ဗာန်ထင်သော ဉာဏ်မည်၏၊ ဥပ္ပါဒေါ။ ယခုဘဝအစဖြစ်ခြင်းသည်ကား၊ သာမိသံ၊ ဝဋ်စာတည်း၊ အနုပ္ပါဒေါ၊ ယခုဘဝအစမ

ဖြစ်ရခြင်းသည်ကား၊နိရာမိသံ၊ဝဋ္ဋစာမဟုတ်၊ဉာတိ၊ ဤသို့၊ခေမတုပဋ္ဌာနေပညာ၊ ဘေးအေးထင်သောပညာသည်၊ သင်္ခါပဒေဥာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏ ဥပ္ပါဒေါ၊ ယခုဘဝအစဖြစ်ရခြင်းသည်ကား၊ သင်္ခါရာ၊ခန္ဓာဝန်မှုပြုရခြင်းတည်း၊ ဉာတိ၊ဤသို့၊ဘယတုပဋ္ဌာနေပညာ၊ ဘေးထင်သောပညာသည်၊အာဒိနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏၊ အနုပ္ပါဒေါ၊ ယခုဘဝအစမဖြစ်ရခြင်းသည်ကား၊ နိဗ္ဗာနံ၊ ခန္ဓာချုပ်သိမ်းငြိမ်းရခြင်းတည်း၊ဉာတိ၊ဤသို့၊ခေမတုပဋ္ဌာနေပညာ၊ဘေးအေးထင်သောပညာသည်၊သင်္ခါပဒေဥာဏံ၊နိဗ္ဗာန်ထင်သောဉာဏ်မည်၏၊ဥပ္ပါဒေါ၊ယခုဘဝအစဖြစ်ရခြင်းသည်ကား၊သင်္ခါရာ၊ခန္ဓာဝန်မှုပြုရခြင်းတည်း၊အနုပ္ပါဒေါ၊ ယခုဘဝအစမဖြစ်ရခြင်းသည်ကား၊နိဗ္ဗာနံ၊ ခန္ဓာချုပ်သိမ်းငြိမ်းရခြင်းတည်း၊ဉာတိ၊ဤသို့၊ခေမတုပဋ္ဌာနေပညာ၊ ဘေးအေးထင်သောပညာသည်၊သင်္ခါပဒေဥာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏၊ ၊ဤအာဒိနဝဉာဏ်၌၊ အပြစ်ကိုထင်မြင်ခြင်းသည်၊ အာဒီနဝဉာဏ်ဟုမှတ်၊အပြစ်ကင်း၍၊နိဗ္ဗာန်ထင်မြင်ခြင်းသည်၊သင်္ခါပဒေဉာဏ်ဟုမှတ်၊ ဤသို့စသည်ဖြင့်၊ ပဋိပက္ခသန္နိကျဉ်ဘက်သဘောကိုယူ၍၊ အာဒိနဝဉာဏ်၏သဘောအထူးကိုမှတ်သားအပ်ပေသည်၊ အပြစ်ကိုထင်မြင်သောအခါ၌၊အချင်းခပ်သိမ်းကြောက်အပ်ကုန်သောထိုသင်္ခါရတရားတို့သည်၊ တပါးသောကိုးကွယ်စရာမရှိဟုမြင်၏၊ ၊ထို့ကြောင့်၊ပဋိသမ္ဘိဒါမဂ်၌၊ ၊

ပါဠိ၊

ဇေ၀ံဗာယိတဗ္ဗာနံ တေသံသဗ္ဗသော အညပဋိသရဏာဘာဝဒဿနံ အာဒီနဝဉာဏံနာမ။ ၊

အနက်၊

ဇေ၀ံ၊ဤသို့ဗာယိတဗ္ဗာနံ၊ကြောက်အပ်ကုန်သော၊တေသံ၊ထိုသင်္ခါရတရားတို့၏၊ သဗ္ဗသော၊အချင်းခပ်သိမ်း၊အညပဋိသရဏာဘာဝဒဿနံ၊တပါးသောကိုးကွယ်စရာမရှိသည်၏အပြစ်ကိုမြင်ခြင်းသည်၊ အာဒီနဝဉာဏံနာမ၊အာဒီနဝဉာဏ်မည်၏၊ ၊
ဤကားအာဒိနဝဉာဏ်သဘောတည်း၊

နိဗ္ဗိဒါဉာဏ်ဟူသည်ကား။ ။ထိုယောဂါဝစရပုဂ္ဂိုလ်သည်၊ဤသို့ အလုံးစုံသောတေဘူမကသင်္ခါရ၌၊အပြစ်အားဖြင့်ရှုသည်ဖြစ်၍။ အလုံးစုံသောဘဝယောနိဂတိဝိညာဏဋ္ဌိတိသတ္တာဝါသတို့၌၊ ဖြစ်သောပျက်စီးခြင်းသဘောနှင့်တကွ၊ဖြစ်သောသင်္ခါရ၌အတွင်းဝင်သောတေဘူမကတရားအပေါင်း၌၊ဉာဏ်နိဗ္ဗိဒါအားဖြင့်၊ငြီးငွေ့ခြင်းသို့ရောက်၏။ ။

ထို့ကြောင့်၊ဝိသုဒ္ဓိမဂ်၌။ ။

ပါဠိ၊

သောဧဝံသဗ္ဗသင်္ခါရေအာဒီနဝတောပဿန္တောသဗ္ဗဘဝယောနိဂတိဝိညာဏဋ္ဌိတိသတ္တာဝါသဂတေသဘေဒကေသင်္ခါရဂတေနိဗ္ဗိန္ဒတိ။ ။

အနက်၊

သော၊ ထိုယောဂါဝစရသည်၊ ဧဝံ၊ဤသို့၊ သဗ္ဗသင်္ခါရေ၊အလုံးစုံသောတေဘူမကသင်္ခါရ၌။ အာဒီနဝတော အပြစ်အားဖြင့်။ ပဿန္တော၊ ရှုမှတ်သည်ဖြစ်၍၊ သဗ္ဗဘဝယောနိဂတိဝိညာဏဋ္ဌိတိသတ္တာဝါသဂတေ၊ အလုံးစုံသောဘဝယောနိ၊ ဂတိဝိညာဏဋ္ဌိတိသတ္တာဝါသတို့၌ဖြစ်သော၊သဘေဒကေ။ ပျက်စီးခြင်းသဘောနှင့်တကွဖြစ်သော။ သင်္ခါရဂတေ၊ သင်္ခါရ၌အတွင်းဝင်သောတေဘူမကတရားအပေါင်း၌။ နိဗ္ဗိန္ဒတိ။ ဉာဏ်နိဗ္ဗိဒါအားဖြင့် ငြီးငွေ့ခြင်းသို့ရောက်၏။ ။ငြီးငွေ့သည်ဟုဆိုသောအဓိပ္ပါယ်မှာ-ဥပမာဆိုသည်ရှိသော်၊ ဟင်္သာမင်းသည်။ မစင်တွင်းဒွန်းစဏ္ဍားရွာတို့၌၊ လွန်မင်စွာစက်ဆုပ်ငြီးငွေ့ခြင်းဖြစ်၍။ စိတ္တကူဋ်စသောအိုင်ကြီး-၇-အိုင်တို့၌သာလျှင်၊ ပျော်ပိုက်မွေ့လျော်သကဲ့သို့၎င်း၊ကေသရာဇာခြင်္သေ့မင်းကြီးသည်၊ ရွှေချိုင့်၌ လွန်မင်းစွာ ပြင်းရ်း ငြီးငွေ့ခြင်းဖြစ်၍၊ တောသုံးထောင်၌သာလျှင် ပျော်ပိုက်မွေ့လျော်သကဲ့သို့၎င်း၊ ဆဒ္ဒန်ဆင်မင်းသည်၊ မြို့လယ်၌ လွန်မင်းစွာ ပြင်းရ်းငြီးငွေ့ခြင်းဖြစ်၍၊ ဟိမဝန္တာတောဆဒ္ဒါန်အိုင်၌သာလျှင်၊ ပျော်ပိုက်မွေ့လျော်သကဲ့သို့၎င်း၊ ထိုအတူ။ ယောဂါဝစရပုဂ္ဂိုလ်သည်၊ ရုပ်-နာမ် နှစ်ပါးသင်္ခါရတ

ရားဖြစ်ရခြင်းများတို့၌၊ လွန်မင်းစွာပြင်းပြင်းမုံးငြီးငွေ့ခြင်းဖြစ်၍၊ သန္တိပဒ ဥာဏဟုဆိုအပ်သော၊ နိဗ္ဗာန်၌သာသျှင်။ ပျော်ပိုက် မွေ့လျော်နိုင်လေ တော့သည်၊ ၊

ထို့ကြောင့်-ပဋိသင်္ခါဒါမဂ်၌၊ ၊

## ပါဠိ၊

ယောသောစ သဗ္ဗသေဋ္ဌော သတ္ထုပဋိဘာဏူပမာ ဝေဟာသင်္ဂမော ဆဒ္ဒန္တော နာဂရာဇာ နာဂရမဏ္ဍော နာဘိရမတိ ဟိမဝတိ ဆဒ္ဒန္တဒဟ ဂဟဏော ယေဝ အဘိရမတိ၊ ဧဝမယံ ယောဂိဝရ ဝါရဏော သဗ္ဗသင်္ခါရေ နာဘိရမတိ အနုပ္ပါဒေါ ခေမန္တိ အာဒိနာ နယေန ဒိဋ္ဌေ သန္တိပဒေ ယေဝ အဘိရမတိ တန္နိန္နတပ္ပေါဏတပ္ပဗ္ဘာရမာနသော ဟောတိ။ ။

## အနက်၊

